# စြထွအဋ္ဌ

အနတ္တအကျဉ်းသား



ပန်းချီ သိန်းရွှေကြည်
2009

# စိတြအဂ္ဂ

# အနတ္တအကျဉ်းသား

**စီစဉ်သူ** ဦးအောင်ရိုး(မော်လမြိုင်)


မူခွင့်ပြုချက်အမှတ် – ၅၀၀၃၄၅၀၄၁၀

အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၄၇၉၀၅၁၀

ထုတ်ဝေသူ – ဦးကိုကိုမြင့် (သိမ်းမင်းစာပေ)

အမှတ်(၆၃)၊ ဩဘာလမ်း၊ တာမွေမြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ – ဦးကျင်ရင် (၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)

အမှတ်(၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်။

ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်၊ ၂၀၁၀၊ ဧန်လ။

အုပ်ရေ/ တန်ဖိုး – ၅၀၀ အုပ်/ ၁၅၀ ကျပ်

ဖြန့်ချိရေး – **ခုနစ်စဉ်ကြယ်စာပေ**

အမှတ် ၁၇၅-ဘီ၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ဖုန်း- ၃၇၉၄၄၀

၈၉၅.၈

စိတြအဂ္ဂ

အနတ္တအကျဉ်းသား / စိတြအဂ္ဂ ။ - ရန်ကုန်၊

သိမ်းမင်းစာပေ ၊ ၂၀၁၀ ။

၂၆၂ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) အနတ္တအကျဉ်းသား

## ဒို့တာဝန်အရေး(၃)ပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့် စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# စိတ်ကြွအရူး

## အကျဉ်းသား

# အခန်း (၁)

အံ့ဖွယ်ကာယ်တင်ရှင်

ဘိုးဖြူစင်၏လမ်းညွှန်ချက်

ရှင်နှင့်လမ်းခွဲ

ချစ်သူနှစ်ဦးကို ကယ်တင်ခြင်း

မာယာညွှတ်ကွင်း

ရွှေသင်္ချိုင်းသို့

## အခန်း (၁)

## အံ့ဖွယ်ကာယ်တင်ရှင်



တစ်နေ့သ၌ ...

ရန်ကုန်မြို့၊ ပုဇွန်တောင်ဈေးရှေ့ရှိ လမ်းဘေးဆိုင်တန်းများမှ သားရေလွယ်အိတ်များ၊ လက်ဆွဲအိတ်များ၊ ကျောပိုးအိတ်များ ရောင်းချလျက်ရှိသည့် ဆိုင်လေးတစ်ဆိုင်အနီးသို့ လူငယ်လေး တစ်ဦး ရောက်ရှိလာလေ၏။

အသားဖြူကာ ပိန်သွယ်သော်လည်း ရုပ်ရည်အားဖြင့် သန့်ပြန့်သည့် ယင်းလူငယ်လေးမှာ ဆိုင်ရှေ့တွင် ရပ်လိုက်ပြီး သစ်သားခုံပေါ်၌ ခင်းကျင်းထားသော သားရေအိတ်များနှင့် တန်းတွင်ချိတ်ထားသည့် အိတ်တို့အား ကိုင်တွယ်ကြည့်ရှုလျက် ရှိလေသည်။

ထိုစဉ် ဆိုင်ရှင်ဖြစ်ဟန်တူသည့် ဂင်တိုတို ခပ်တောင့်တောင့် ကုလားဒိန်တစ်ဦးက လူငယ်လေးအနီးသို့ ချဉ်းကပ်လာကာ ...

"ညီလေး ... ဘယ်အိတ်လိုချင်လို့လဲ"

ဟု မေးလိုက်ရာ လူငယ်က အညိုရောင်သားရေအိတ်တစ်လုံးကို ကိုင်တွယ်ကြည့်ရှုနေရင်းမှ ...

"ဒီအိတ် ဘယ်လောက်လဲဗျ"

ဟု မေးလိုက်လေသည်။

"သုံးကျပ်ပါ ညီလေး"

"၁နှစ်ကျပ်ထားပါလား"

"မရဘူး ... နှစ်ကျပ်ခွဲရမယ်"

ကောင်လေးက ဆိုင်ရှင်အား တစ်ချက်မော့ကြည့်လိုက်ပြီး စောဒက ထပ်တက်လိုက်သည်။

"နှစ်ကျပ်မရဘူးလား"

"မရဘူး"

ဆိုင်ရှင် ကုလားဒိန်လူရွယ်က ယတိပြတ်ပြောလိုက်ရာ လူငယ်လေးလည်း သားရေအိတ်ကို လက်လွှတ်လိုက်ပြီး ဈေးတန်းအတိုင်း ဟိုကြည့်သည်ကြည့်ဖြင့် ဆက်လျှောက်သွားလေ၏။

နောက် သားရေအိတ်ဆိုင်တစ်ဆိုင်ကို တွေ့သည်တွင်





လူငယ်က ဈေးဝင်မေးပြန်သည်။

"ဒီအိတ် ဘယ်လောက်လဲ အစ်မ"

"သုံးကျပ်ခွဲ မောင်လေး"

"နှစ်ကျပ်ရမလား"

"မရဘူး မောင်လေး ... သုံးကျပ်တစ်မတ်ရမယ်"

ကောင်လေးက ခေါင်းယမ်းကာထွက်သွားပြီး နောက်ဆိုင်တစ်ဆိုင်တွင် ဈေးမေးပြန်၏။

"ဒီအိတ် ဘယ်လောက်လဲဗျ"

"သုံးကျပ်ခွဲ"

"မလျှော့ဘူးလား"

"ဈေးဦးပေါက်မို့ ပေးလိုက်မယ် ... သုံးကျပ်နဲ့ ယူသွား"

"ထပ်လျှော့ပါဦး"

"ဟင့်အင်း ... အဲဒါ ဈေးရင်းအတိုင်းပေးတာ"

ကောင်လေးက ခေါင်းကိုယမ်းကာ သုံးလေးလှမ်းလျှောက်သွားပြီးမှ နောက်ကြောင်းပြန်လှည့် လျှောက်လာသည်။

ခဏအကြာတွင် ပထမဦးဆုံး ဈေးဆစ်ခဲ့သည့် ဆိုင်ရှေ့သို့ ပြန်ရောက်လာ၏။

သူက ဆိုင်ရှင်ကုလားဒိန်လူရွယ်ပြောသည့် ဈေးအတိုင်းဝယ်ရန် ဆုံးဖြတ်ပြီးဖြစ်သဖြင့် သူ့သဘောကျလျက်ရှိသော

သားရေအိတ်ညိုလေးကို လှမ်းယူလိုက်စဉ် ...

ဆိုင်ရှင်ကုလားဒိန်လူရွယ်က အနီးသို့ရောက်လာပြီး လူငယ်လေး၏လက်ထဲမှ သားရေအိတ်ကို ခပ်ဆတ်ဆတ် ဆွဲယူလိုက်သည်။

''ဟေ့ကောင် ... မကိုင်နဲ့၊ အဲဒီအိတ် မရောင်းနိုင်တော့ဘူး''

လူငယ်လေးက လွန်စွာအံ့အားသင့်သောမျက်နှာဖြင့် ဆိုင်ရှင်ကို မော့ကြည့်လိုက်၏။

''ဟာ ... ဘာဖြစ်လို့လဲဗျ၊ စောစောက ခင်ဗျားပဲ နှစ်ကျပ်ခွဲနဲ့ ပေးမယ်ဆို၊ ကျွန်တော် နှစ်ကျပ်ခွဲပေးမှာပါ''

''အေး ... စောစောက ပေးပေမယ့် ခု အဲဒီဈေးနဲ့ မပေးနိုင်တော့ဘူး၊ မင်းက ငါ ဈေးလျှော့ပေးတာကို မယူဘဲ အခြားဆိုင်တွေ လိုက်မေးပြီးမှ သူတို့က ငါ့လောက်မလျှော့လို့ ငါ့ဆိုင်ပြန်လာတာ မဟုတ်လား၊ မင်းလိုကောင်မျိုးကို မရောင်းဘူး''

''ဟာ ... ဘာဆိုင်လို့လဲဗျာ၊ ရောင်းသူနဲ့ ဝယ်သူပဲ၊ ဒီလိုမျိုး ဟိုဆိုင်ဒီဆိုင် ဈေးမေးဆစ်ကြည့်တာမျိုး ရှိမှာပေါ့ဗျ ပြီးမှ ဈေးအသက်သာဆုံးဆိုင်ဆီ ပြန်ဝယ်တာကို စိတ်မဆိုးသင့်ပါဘူး''

''ဟေ့ကောင် ... လျှာရှည်မနေနဲ့၊ မင်းကို မရောင်းချင်





လို့ မရောင်းတာကွာ ... ဘာဖြစ်လဲ၊ သွား သွား ... မင်း ငါ့ဆိုင်ရှေ့က ထွက်သွားစမ်း''

ဆိုင်ရှင်က စိတ်မရှည်ဟန်ဖြင့် ရင်ဘတ်ကို ဆောင့်တွန်းလိုက်ရာ လူငယ်လေးမှာ နောက်သို့ ခြေနှစ်လှမ်းခန့် ဆုတ်ကာ ယိုင်သွားရှာလေ၏။

လူငယ်လေး၏မျက်နှာမှာ ဒေါသကြောင့် ရဲခနဲ ဖြစ်သွားသည်။

''ဟာ ... ဟေ့လူ ... ခင်ဗျား ဘာဖြစ်လို့ လူကို တွန်းတာလဲဗျ''

ကုလားဒိန်လူရွယ်က ခါးထောက်ကာ မိုက်ကြည့်ကြည့်လိုက်ပြီး ...

''တွန်းတော့ ဘာဖြစ်လဲဟေ့ကောင် ... မင်းက ဘာဖြစ်ချင်လို့လဲ''

ဟု ခပ်ရင့်ရင့်ပြောကာ ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်လေ၏။

အခြေအနေကား ချက်ချင်း တင်းမာသွားချေပြီ။

''သွေးတိုးလာမစမ်းနဲ့ ... ခွေးမသားလေး''

''ဟာ ... ခင်ဗျား ရိုင်းလှချည်လား''

ကောင်လေး၏မျက်နှာသည် ရှက်ခြင်း၊ ဒေါသဖြစ်ခြင်းတို့ကြောင့် ရဲရဲတွတ်သွားတော့သည်။ အနီးဝန်းကျင်မှ ရောင်းဝယ်

ဖောက်ကားနေသူများနှင့် လမ်းသွားလမ်းလာတို့ကလည်း ရန်ပွဲဖြစ်တော့မည်ဟူသော အသိဖြင့် စိတ်ဝင်စားစွာ ဝိုင်းကြည့်နေကြ၏။

ကုလားဒိန်၏ ဆိုင်နီးချင်း ကုလားဒိန်လေးငါးယောက်ကလည်း ရန်လိုတင်းမာသောမျက်နှာများဖြင့် ကောင်လေးကို ဝိုင်းလာကြပြီ။ ပွဲက လှုပနိုင်စရာ မရှိတော့။ ယုန်ငယ်တစ်ကောင်ကို ခွေးအ,လေးငါးကောင် ဝိုင်းပြီးအမဲဖျက်မည့်အသွင်မျိုး ဖြစ်နေသည်။

"ကဲ ဟေ့ကောင် ... ပြောလေ ... မင်းက ဘာဖြစ်ချင်လဲ၊ ဘာလုပ်ချင်သလဲ"

ဆိုင်ရှင်ကုလားဒိန်က ကောင်လေး၏ရင်ဘတ်ကို ခပ်ပြင်းပြင်း ဆောင့်တွန်းလိုက်ပြန်ရာ ကောင်လေးက ကုလားဒိန်၏လက်ကို ညာဘက်လက်ဖြင့် ပုတ်ထုတ်လိုက်၏။

'ဖောင်း'

"ဩော် ... မင်းက ဒီလိုလား"

"ကဲကွာ"

ဆိုင်ရှင်ကုလားဒိန်က ကောင်လေးကို ရုတ်တရက် ထိုးချလိုက်သည်။

'ခွပ်'

"အ"





မြန်ဆန်ပြင်းထန်လှသည့် လက်သီးချက်ကြောင့် ကောင်လေးမှာ အငိုက်မိကာ နောက်သို့ ဖင်ထိုင်လျက်လဲကျသွားရှာသည်။

"ဟား ဟား ဟား ... အလကားကောင်၊ သွေးမရှိဘဲ လာကျယ်တဲ့ကောင်၊ ခုလိုတော့လည်း သနားစရာပါလား ... ဟား ဟား ဟား"

ကုလားဒိန်အုပ်စုက ဟားတိုက်ကာ ဝိုင်းရယ်လိုက်စဉ်မှာပင် လူငယ်လေးက လူးလဲထပြီး ဆိုင်ရှင်ကုလားဒိန်ကို လက်သီးဖြင့် ပြေးထိုးသည်။

"ကဲဟာ"

"ဘယ်ရမလဲ"

ဆိုင်ရှင်ကုလားဒိန်က ကောင်လေး၏ လက်သီးချက်ကို ခေါင်းငုံ့ကာ သာသာလေးရှောင်လိုက်ပြီး ကောင်လေး၏ရင်ဝသို့ ပင့်လက်သီးနှစ်ချက် ဆက်တိုက် ပစ်သွင်းလိုက်လေ၏။

'ဖောင်း'

'ဖောင်း'

"အင့် အီး"

ကောင်လေး အသက်ရှူရပ်သလိုဖြစ်ကာ ရှေ့သို့ ကိုင်းကျသွားသည်။

"ကဲကွာ ... မှတ်ထား ... ရေကျော်ရွှေစင်တဲ့ကွ"

‘ဖောင်း’

ကောင်လေးမှာ ဖက်ပိုးအအုပ်ခံလိုက်ရသဖြင့် ရှေ့သို့ ငိုက်ကျသွားစဉ် ရေကျော်ရွှေစင်က ကောင်လေး၏မျက်နှာကို ဒူးဖြင့် ပင့်တိုက်လိုက်ပြန်သည်။

‘ခွပ်’

“အ”

“ဟား ဟား ဟား”

ကောင်လေး သွေးသံရဲရဲဖြင့် အလူးအလဲခံနေရသည်ကို ရွှေစင်၏ ဘက်သားများက သဘောကျစွာ ဟားတိုက် ဝိုင်းရယ်လိုက်ကြ၏။ ရွှေစင်တို့က အုပ်စုတောင့်သဖြင့် အခြားဆိုင်ရှင်များ၊ ဈေးဝယ်သူများနှင့် လမ်းသွားလမ်းလာတို့မှာလည်း ဝင်ရောက်ဟန့်တားခြင်း မပြုဝံ့ကြချေ။

ကောင်လေးမှာ ရွှေစင်၏လက်ထဲတွင် ပြုသမျှနုရတော့မည့်ဘဝ ရောက်နေချေပြီ။ သို့တိုင် သတ္တိသေးလှပုံမရသော လူငယ်က ခေါင်းကိုပြန်မတ်လိုက်ကာ ရွှေစင်ကို လျှပ်တစ်ပြက် လှမ်းထိုးလိုက်ပြန်သည်။

‘ဝှီး’

သို့သော် အထိနာထားသည့် လူငယ်၏လက်သီးချက်က မြန်ဆန်အားပါခြင်း မရှိသဖြင့် ရွှေစင်က ရှောင်ပင်မရှောင်ဘဲ လူငယ်၏လက်ကို ပြုတ်တူနှယ် သန်မာသောလက်ဖြင့် ဖမ်းဆုပ်





ညှစ်လိုက်ကာ လိမ်လိုက်ပြီး ကောင်လေး၏ တံတောင်ဆစ်နောက်ဘက်သို့ လက်ဝါးစောင်းဖြင့် အားပါးတရခုတ်ချရန် လက်ကိုမြှောက်လိုက်တော့၏။

“အို ... ကောင်လေး လက်ကျိုးတော့မှာပဲ”

“ကောင်လေးတော့ ဒုက္ခပဲ”

ခပ်လှမ်းလှမ်းမှ ဝိုင်းကြည့်နေကြသူများက စိုးရိမ်စိတ်ဖြင့် အာမေဋိတ်သံများပြုကာ ခပ်တိုးတိုး ရေရွတ်လိုက်ကြသော်လည်း ဟန့်တားမည့်သူ မရှိ။

ထိုစဉ် ခပ်လှမ်းလှမ်း လူကြားထဲတွင် ရပ်ကြည့်နေသည့် ဝတ်ဖြူစင်ကြယ်ဝတ် အသားဖြူဖြူ၊ အရပ်ပုပု၊ ခပ်ပိန်ပိန် အဘိုးအိုတစ်ဦးက မမြင်ရက်စရာမြင်ကွင်းကို ဆက်လက်မကြည့်ရက်နိုင်တော့သည့်အလား ဦးခေါင်းယမ်းလိုက်ပြီးနောက် တောင်ဝှေးကိုထောက်ကာ လူကြားထဲမှ ထိုးထွက်လိုက်လေသည်။

ထိုစဉ် ရွှေစင်က လူငယ်လေး၏ တံတောင်ဆစ်နေရာအား လက်ဝါးစောင်းဖြင့် အားပါးတရ ခုတ်ချလိုက်စဉ် ...

“ကဲကွာ”

ဝတ်စုံဖြူဝတ် အဘိုးအိုက တောင်ဝှေးအဖျားဖြင့် ပလက်ဖောင်းအစပ်မှ ကျောက်ခဲတစ်လုံးအား ဆတ်ခနဲ ခတ်လိုက်သည်တွင် ကျောက်ခဲလေးသည် လေကို မြားတစ်စင်းနှယ် ခွင်းသွားပြီး

‘ရွှီး’

ရွှေစင်၏ မျက်လုံးတစ်လုံးကို ထိမှန်သွားတော့၏။

'ဖောက်'

"အား"

ရွှေစင်မှာ အသည်းခိုက်အောင် နာသွားသဖြင့် ရုတ်တရက် အော်လိုက်ရင်း သူ၏လက်ဝါးစောင်းက လေထဲမှာပင် ရပ်တန့်သွားကာ ယင်းလက်ဝါးဖြင့်ပင် မျက်လုံးကို ကပျာကသီ အုပ်လိုက်ရလေ၏။

"အား လား လား ... တောက် ... ဘယ်သူလဲကွ ငါ့ကို ခဲနဲ့ပစ်တာ"

ရွှေစင်တင်မက သူ့အဖော်တစ်စုကပါ ခဲလာရာ လမ်းကြောင်းကို ဒေါသကြီးစွာ လှည့်ကြည့်လိုက်ကြရာ လူအုပ်ရှေ့မှ ဝတ်ဖြူစင်ကြယ်နှင့် အဘိုးအိုက တောင်ဝှေးကိုထောက်လျက် သူတို့ကို ရပ်ကြည့်နေကြောင်း တွေ့ရလေသည်။

"အေး ... ခဲနဲ့ပစ်လိုက်တာ ငါပဲကွ၊ မင်းတို့ ဒီကောင်လေးကို မတရားလုပ်နေလို့ ငါဝင်ပါရတာပဲ"

"ဩော် ... အဘိုးကြီးက နာချင်ပြီထင်တယ်"

ဒေါသအမျက် ခြောင်းခြောင်းထွက်သွားကာ ရွှေစင်မှာ လူငယ်၏လက်ကို လွှတ်လိုက်ပြီး အဘိုးအိုဆီသို့ တစ်ဟုန်ထိုး ပြေးသွားကာ သူ၏ ပြင်းထန်လှသော ဘယ်ညာလက်သီးတွဲဖြင့် တစ်ဟုန်ထိုး ထိုးချလိုက်တော့သည်။





'ဝှီး'

'ဝှီး'

ရွှေစင်၏ထိုးချက်များက ဒေါသကြောင့် အားပါကာ လျင်မြန်လှသည့်တိုင် ခေါင်းကိုငုံ့ကာ ကိုယ်ကိုန္တဲ့လျက် လှပစွာ ရှောင်တိမ်းလိုက်သော အဘိုးအိုအား ပွတ်ကာသီကာပင် မထိဘဲ လေကိုသာ ထိုးမိနေတော့၏။

"ရွှေစင် ... ရော့"

ရွှေစင်မှာ ဒေါသစိတ်ဖြင့် မှုန်ထူသွားပြီး သူ့အဖော်တစ်ဦးကမ်းပေးသော နှစ်,တစ်လက်မ ပျဉ်းကတိုးတုတ်ကို ယူလိုက်ကာ အဘိုးအိုကို လွှဲရိုက်ချလိုက်တော့သည်။

"တောက် ... ဒီလောက်ဖြစ်လှတာ ... ကဲကွာ"

'ဝှီး'

အဘိုးအိုကလည်း လျင်မြန်စွာ ခေါင်းငုံ့တိမ်းရှောင်လိုက်ပြီး တောင်ဝှေးအဖျားဖြင့် ရှေ့သို့ပိုက်ကျလာသော ရွှေစင်၏နဖူးကို ဆတ်ခနဲ ခပ်ပြင်းပြင်း လှမ်းထောက်လိုက်လေသည်။

'ဒုတ်'

"အ"

ရွှေစင်၏နဖူးမှ သွေးတို့ ဖြာခနဲ ထွက်သွားပြီး ခေါင်းမူးကာ ကယိမ်းကယိုင်ဖြစ်သွားစဉ် ...

"တောက် ... တော်တော်လူပါးဝတဲ့ အဘိုးကြီးပါလား၊

သေဖို့သာ ပြင်ပေတော့"

ရွှေစင်၏အဖော်များက ဒေါသတကြီး ကြိမ်းဝါးကာ သစ်သားတုတ်များ၊ သံတုတ်များဖြင့် အဘိုးအိုကို ဝိုင်းရိုက်ကြတော့၏။

"ကဲကွာ ...သေစမ်း"

'ဒိုး'

'ဝုစ်'

'ဝုစ်'

သို့သော် အဘိုးအိုသည် လေ့၏လျင်မြန်ခြင်းမျိုးဖြင့် ရှောင်ထွက်ကာ တောင်ဝှေးဖြင့် ခုခံတားဆီးရင်း လျှပ်တစ်ပြက် ပြန်လည်တိုက်ခိုက်တော့ရာ ...

'ဝုစ်'

'ဖြောင်း'

'ဖောင်း'

"အား"

ကုလားဒိန်များမှ အဘိုးအို၏ တောင်ဝှေးစာမိပြီး နှာခေါင်းမှ သွေးထွက်သူထွက်၊ ပလက်ဖောင်းပေါ် ဒူးထောက်ကျသူကျ၊ ညိုသကျည်း ညိုမည်းသွားသဖြင့် ပလက်ဖောင်းပေါ် ဖင်ထိုင်ကျပြီး ခြေထောက်ကိုနှိပ်ကာ ညည်းတွားသူညည်းတွား ဖြစ်ကုန်ကြတော့၏။





"အေး ...အဲဒါမှတ်ထား။ ဘိုးဖြူစင်က မတရားတာကို မကြိုက်ဘူး။ စောစောကတည်းက ငါကြည့်နေတာ ... ဈေးဝယ်သူနဲ့ ဈေးရောင်းသူ စိတ်ရှည်သည်းခံမှုမရှိဘဲ အနိုင်ကျင့်ဖို့ ကြိုးစားတဲ့ကောင်တွေ ...နောက်ကို အဲဒီလိုလုပ်ရင် အဲဒီလိုပဲ ခံစားရမယ်မှတ်၊ ငါဆုံးမတာကို မကျေနပ်ရင် ရွှေဘုန်းပွင့်ဘုရားဝင်းထဲမှာ ငါ အမြဲရှိတယ် ...လာခဲ့ကြ"

ဘိုးဖြူစင်ဟူသော အဘိုးအိုက ပြတ်သားစွာ ပြောလိုက်ပြီးနောက် ...

"ကဲ ကောင်လေး ...မင်း အဘိုးနောက်လိုက်ခဲ့"

ဟု ခေါ်ကာ ရွှေဘုန်းပွင့်စေတီဘက်သို့ ခြေလှမ်းမှန်မှန်ဖြင့် ဦးတည်လျှောက်လှမ်းသွားရာ လူငယ်လည်း သူ၏ကာယိတင်ရှင်အဘိုးအိုကို ကြည်ညိုစွာကြည့်ရင်း နောက်မှ လိုက်ပါသွားတော့၏။

ကုလားဒိန်ရွှေစင်တို့အုပ်စုမှာ တောက်တခေါက်ခေါက်၊ အံတကြိတ်ကြိတ်ဖြင့် ကျန်ရစ်ခဲ့ကြသော်လည်း နောက်မှ လိုက်မသွားရဲသဖြင့် မိမိတို့၏ နှုတ်ခမ်း၊ ပါးစပ်၊ နှာဝတို့မှ ထွက်ကျနေသည့် သွေးတို့ကိုသာသုတ်ရင်း ပုဆိုးခြုံထဲမှ လက်သီးပြကာ ကျန်ရစ်ခဲ့ကြလေသည်။

"တွေ့မယ် ...နောက်တစ်ခါဆို တွေ့မယ်၊ ရွှေစင်ကို ဘာမှတ်လို့လဲ ...ဟင်း"

"တော်ပါသေးရဲ့ဟယ် ... အဘိုးအို ဝင်ကယ်ပေလို့"

"အဲဒီအဘိုးရဲ့နာမည်က ဘိုးဖြူစင်တဲ့ဟဲ့"

"ဟုတ်တယ် ... ရွှေဘုန်းပွင့်ဘုရားဝင်းထဲမှာ အဲဒီအဘိုးအိုကို မြင်ဖူးတယ်"

"သူက အဲဒီဘုရားဝင်းထဲမှာ နေတာလား"


"မဟုတ်ဘူး ထင်တယ် ... အခြားမှာနေတာ ဖြစ်မယ်၊ ရွှေဘုန်းပွင့်စေတီမှာ ပုတီးစိပ်, တရားထိုင်ဖို့ တစ်ခါတလေလာတာ ဖြစ်မယ်၊ အဲဒီအဘိုးကို အခါကြီးရက်ကြီးတွေမှာမှ တွေ့ရတာ"

"ဘာပဲဖြစ်ဖြစ် ကောင်လေး . လက်အချိုးမခံရတာဘဲ ဝမ်းသာလှပါပြီအေ"

ဈေးသည် ဈေးဝယ် လမ်းသွားလမ်းလာတို့လည်း ခုမှ သက်ပြင်းချကာ စိတ်အေးရလေတော့၏။

❀ ❀ ❀





ဘိုးဖြူစင်၏ လမ်းညွှန်ချက်

လူငယ်လေးမှာ ဝတ်ဖြူစင်ကြယ်ဝတ် အဘိုးအို၏ နောက်သို့ ယောင်ချာချာဖြင့်လိုက်ပါသွားရာ မကြာမီ ရွှေဘုန်းပွင့် စေတီဝင်းထဲသို့ ရောက်ရှိသွားတော့၏။

တစ်ခေါင်းလုံး ဆံပင်များဖွေးဖွေးဖြူနေကာ ဦးခေါင်း ထိပ်၌ သျှောင်ထုံးလေးထုံးထားသော အဘိုးအိုက ဇရပ်တစ် ဆောင်ထဲသို့ ဝင်သွားပြီး အေးဆေးစွာထိုင်ကာ စေတီကို ဦးချ ရှိခိုးရာ လူငယ်လည်း အဘိုးအို၏နံဘေးတွင် ထိုင်ကာ ရှိခိုးဦးချ လိုက်လေသည်။

ပြီးမှ အဘိုးအိုသည် လူငယ်၏ဘက်သို့လှည့်ကာ တင် ပျဉ်ခွေထိုင်လိုက်ပြီး မုတ်ဆိတ်မွေးဖြူဖြူတို့ကို လက်ယာဘက်

လက်ချောင်းလေးများဖြင့် ခပ်ဖြည်းဖြည်းဆွဲရင်း လူငယ်အား နူးညံ့သည့် မျက်လုံးများဖြင့် ကြည့်လိုက်လေ၏။

"လူလေး ...မင်းရဲ့နာမည် ဘယ်သူလဲ"

"လူရဲပါ အဘိုး"

"ဘယ်လိုကွယ့် ...မင်းရဲ့နာမည်က လူရဲ ... ဟုတ်လား"

"ဟုတ်ပါတယ် အဘိုး"

အဘိုးအိုက ပြုံးလိုက်လေသည်။

"အေး ...နာမည်နဲ့လူ လိုက်ပါ့ကွယ်၊ လူရဲဆိုတဲ့အတိုင်း သတ္တိကတော့မခေပါဘူး။ ပညတ်နဲ့ ဓာတ် ဟပ်လို့ပါလား"

"ဒါထက် လူလေးက သားရေအိတ်ကို ဘာအတွက် ဝယ်ချင်တာလဲကွယ့်"

"ခရီးဝေးထွက်စရာ ရှိလို့ပါအဘိုး။ ကျွန်တော့်မှာ အိတ်ကောင်းကောင်း မရှိဘူး။ ငွေကလည်း သိပ်ရှိလှတာမဟုတ်ဘူး။ ဒါကြောင့် ရသလောက် ဆစ်ဝယ်မိတာနဲ့ ပြဿနာဖြစ်ရတာပါ"

ဤတွင် အဘိုးဖြူစင်က သူ၏မုတ်ဆိတ်မွေးတို့ကို ခပ်ဖြည်းဖြည်းဆွဲရင်း ခေါင်းကို တညိတ်ညိတ်လုပ်လိုက်ကာ ...

"အေးကွယ့် ...ပြဿနာဆိုတာကတော့ နေရာတိုင်းမှာ တွေ့တတ်တာပဲလေ၊ လူတွေဟာ မွေးဖွားလာကတည်းက ပြဿနာတွေနဲ့ စပြီးရင်ဆိုင်ခဲ့ရတာပါပဲ၊ ငယ်စဉ်အခါ ကြုံတွေ့





ရတဲ့ ပြဿနာတွေကိုတော့ အုပ်ထိန်းသူမိဘတွေက ရှေ့ကနေ ရင်ဆိုင်ဖြေရှင်းပေးလေ့ရှိတာပေါ့ကွယ် ...၊

အေး ...အရွယ်ရောက်လာချိန်ကစပြီးတော့ ကိုယ့်ပြဿနာ ကိုယ့်ဘာသာ ရှင်းရတော့တာပဲကွယ့်၊ ယောက်ျားလေးဖြစ်ဖြစ်, မိန်းကလေးဖြစ်ဖြစ် ကိုယ့်ပြဿနာကိုယ်ရှင်းရတာပဲ၊

အဲဒီလို ပြဿနာတွေကို ရင်ဆိုင်ဖြေရှင်းတဲ့အခါ ကိုယ့်မှာ အရည်အချင်းရှိရင် ရှိသလောက် နိုင်နိုင်နင်းနင်း ရှင်းနိုင်တယ်ကွယ့်၊ အရည်အချင်းမရှိရင်တော့ ပြဿနာဖြေရှင်းရာမှာ မနိုင်မနင်းဖြစ်ပြီး ဒုက္ခရောက်ရစမြဲပေါ့ကွယ်၊ ဒီတော့ ဘာပဲဖြစ်ဖြစ် လူဟာ အရည်အချင်း ပြည့်ဝနေဖို့လိုတယ်"

"ဟုတ်တယ်နော် အဘိုး။ စောစောကဆို ကျွန်တော်က သတ်တဲ့ပုတ်တဲ့နေရာမှာ အရည်အချင်းမရှိဘူး။ ကျွန်တော်က ရန်တောင် သေသေချာချာ ဖြစ်ဖူးတာမဟုတ်ဘူး အဘိုးရဲ့၊ အဲဒီ ရွှေစင်ဆိုတဲ့ ကုလားဒိန်ကောင် ထိုးတာနဲ့ ကျွန်တော်သေမှာ၊ အဘိုး ဝင်ကာယ်ပေးလို့ပဲ၊ အဘိုးကျတော့ တိုက်ခိုက်တဲ့နေရာမှာ အရည်အချင်းရှိလို့ ပြဿနာကို ပိုင်ပိုင်နိုင်နိုင်ကြီး ဖြေရှင်းလိုက်နိုင်တယ်နော်၊ ကျွန်တော် အားကျလိုက်တာ အဘိုးရယ်"

"အေး ... ဒါကြောင့် ပြောတာပေါ့ကွယ့်၊ ပြဿနာတွေကို ရင်ဆိုင်ဖြေရှင်းနိုင်ဖို့ ကိုယ့်မှာ အရည်အချင်း ရှိရမယ်လို့၊ မင်းဟာ သတ္တိကတော့ မခေပါဘူး။ ဒါပေမဲ့ အရည်အချင်းပိုင်းမှာ

အင်မတန် အားနည်းသေးတယ်ကွယ့်၊ ကြုံလာတဲ့ အန္တရာယ် ရန်စွယ်ပြဿနာတွေကို ဖြေရှင်းနိုင်ဖို့ မင်း အများကြီး ကြိုးစား ရမယ်၊ အဲဒီလို မကြိုးစားနိုင်ဘူးဆိုရင်တော့ ပြဿနာမဖြစ် အောင် ရှောင်ပေတော့''

''ကျွန်တော် ကြိုးစားချင်ပါတယ် အဘိုး''

''ဒါထက် လူလေးရဲ့အသက် ဘယ်လောက်ရှိပြီလဲ ကွယ်''

''ဆယ့်ခြောက်နှစ်ပါ အဘိုး''

''အင်း ...ငယ်လှသေးပါလား။ ဒါထက် ဘယ်ကို ခရီးထွက်မလို့လဲကွယ့်၊ ဘယ်သူတွေနဲ့ ခရီးသွားမှာလဲ''

''ကျွန်တော်သွားရမှာက ယွန်းစလင်းမြစ်ဖျားပိုင်း ဖာပွန် ရဲ့အထက်ဘက်မှာရှိတဲ့ မော်ပိုင်ဆိုတဲ့ နယ်စပ်မြို့လေးကိုပါ အဘိုး။ တစ်ခါမှ မရောက်ဖူးပါဘူး။ သွားမှာကလည်း ကျွန်တော် တစ်ယောက်တည်းပါ''

''ခရီးဝေးကြီးပါလား၊ ဘာကိစ္စအတွက် သွားမှာလဲ ကွယ်၊ အဲဒီဘက်မှာ သောင်းကျန်းသူတွေ လွှမ်းမိုးနေတာကွယ့်၊ အဘိုးတို့တိုင်းပြည်ကလည်း လွတ်လပ်ရေးရစမှာ နယ်ချဲ့တို့ရဲ့ သွေးထိုးမှုကြောင့် ရောင်စုံသောင်းကျန်းသူတွေရဲ့ရန် ဝိုင်းနေလေ တော့ လူလေးသွားမယ့် မော်ပိုင်ဒေသလို နယ်စပ်တွေအထိ အုပ်ချုပ်ရေးကောင်းကောင်း မစည်းကြပ်နိုင်တော့ဘူးကွယ့်၊ အဲဒီ





တော့ အဲဒီလိုနယ်စပ်ဒေသတွေမှာ သူတစ်လူ ငါတစ်မင်းနဲ့ မင်းမဲ့စရိုက်ဆန်ဆန် ဖြစ်နေတာပေါ့ကွယ်၊ လူလေးက ငယ်သေး တယ်၊ အန္တရာယ်များလှတယ်၊ မသွားဘဲနေလို့ရရင် မသွားပါနဲ့ လား လူလေး''

''မသွားလို့တော့ မဖြစ်ဘူး အဘိုးရဲ့၊ အဲဒီနယ်စပ်ဒေသ မှာ ကျွန်တော့်ရဲ့အမေကို သွားရှာရမှာမို့ပါ''

''အလို ...အမေကို ရှာဖို့ ...ဟုတ်လား။ ဘာဖြစ်လို့ ရှာမှာလဲ၊ မင်းအမေက ပျောက်သွားလို့လား''

''ပြောရရင်တော့ အဘိုးရယ် ...ကျွန်တော် သုံးနှစ် သားလောက်မှာ အမေ့ကို အဲဒီဒေသက လူဆိုးကြီးတစ်ယောက် က ဖမ်းသွားတယ်၊ အဖေနဲ့ ကျွန်တော့်ကိုလည်း လူဆိုးကြီးက မောင်းထုတ်ခဲ့တယ်၊ သူက အမေ့ကို သိမ်းပိုက်လိုက်တယ်၊ အဖေဟာ ကျွန်တော့်ကိုချီပြီး အဲဒီဒေသက ထွက်ခဲ့ရတယ်၊ အဲဒီအချိန်ကစပြီး အမေနဲ့ အဆက်အသွယ်ပြတ်သွားတာ အဘိုး ရဲ့ အခု အဖေသေခါနီးမှ ဒါတွေဖွင့်ပြောလို့ ကျွန်တော်သိပြီး အမေ့ကို သွားရှာမလို့''

''ဩော် ...ဒီလိုလား၊ လူလေးတို့ မိသားစုအဖြစ်က ဆိုးလှပါလား''

အဘိုးဖြူစင်က အတန်ကြာ ဆိတ်ငြိမ်စွာ ထိုင်နေကာ တစ်စုံတစ်ရာကို စဉ်းစားဟန်ဖြင့် သူ၏ မုတ်ဆိတ်ဖြူဖြူတို့အား

လက်ချောင်းလေးများနှင့် ဆွဲသပ်လျက်ရှိလေ၏။ လူရဲလည်း ငြိမ်သက်စွာ ထိုင်နေရာမှ စေတီတော်ကြီး၏ထီးတော်ဆီသို့ မော့်ဖူးကြည့်နေစဉ် လေအဝှေ့ဝယ် ထီးတော်မှ ခေါင်းလောင်းလေးများ လွင့်ခတ်သွားရာ စေတီဝင်းအတွင်းရှိ ကြည်လင်သာယာသော ခေါင်းလောင်းသံလေးများ စီညံသွားတော့၏။

"လူလေး ... မင်းက သုံးနှစ်သားလောက်ကတည်းက မအေနဲ့ကွဲခဲ့တာဆိုတော့ မင်းအမေကို မင်းမှတ်မိလို့လား"

"မမှတ်မိပါဘူး အဘိုး"

"မမှတ်မိဘဲ ဘယ်လိုရှာမှာလဲကွယ့်"

"အမေ့ရဲ့ဓာတ်ပုံလေးတစ်ပုံ ကျွန်တော့်မှာ ရှိပါတယ် အဘိုး။ အဲဒီဓာတ်ပုံနဲ့ပဲ သွားရှာရမှာပါ"

ဘိုးဖြူစင်က ခေါင်းတညိတ်ညိတ်လုပ်နေလိုက်သည်။

"ဟုတ်ပြီ၊ ဒါပေမဲ့ မင်းအမေကို ရှာရမယ့်ဒေသက တကယ် အန္တရာယ်တွေ ထူပြောတဲ့ဒေသကွယ့်၊ ပြီးတော့ မင်းအမေကို သိမ်းပိုက်သွားတဲ့လူဆိုးကြီးကလည်း အခု ဘယ်လို အခြေအနေရှိမှန်း မသိနိုင်ဘူး၊ သူ့ရဲ့အန္တရာယ်ကလည်း ရှိသေးတယ် မဟုတ်လား၊ အဲဒီတော့ ဒီလောက်အန္တရာယ်များတဲ့ နေရာကို မင်းဘက်က ဘာမှပြင်ဆင်မှုမရှိဘဲ မသွားသင့်ဘူး"

"ဘယ်လိုပြင်ဆင်မှုလဲ အဘိုး"

"မင်း လမ်းခရီးမှာ ကြုံတွေ့ရမယ့်ပြဿနာတွေ၊





အခက်အခဲတွေ၊ ရန်စွယ်တွေကို ရင်ဆိုင်ဖြေရှင်းနိုင်ဖို့ ကြိုတင်ပြင်ဆင်သွားရမှာပေါ့ကွယ်၊ အဲဒီမှာ အန္တရာယ်တွေ၊ ပြဿနာတွေ၊ အခက်အခဲတွေနဲ့ ကြုံဆုံလာရရင် မင်းကို ကူညီမယ့်သူ ရှိမှာမဟုတ်ဘူး။ မင်းအစွမ်းမင်းအစနဲ့ပဲ ရင်ဆိုင်ဖြေရှင်းရမှာ"

"အဲဒီလို ပြဿနာတွေ၊ အန္တရာယ်တွေကို ရင်ဆိုင်ဖြေရှင်းနိုင်ဖို့ မင်းဘက်က ဘာမှပြင်ဆင်မှုမရှိရင် မင်း ဒုက္ခလှလှတွေ့သွားမှာပေါ့ လူလေးရဲ့"

"ဒီ ... ဒီလိုဆို ကျွန်တော် ဘယ်လိုလုပ်ရမလဲ အဘိုး"

"မင်း ယောကျ်ားကောင်းတစ်ယောက်ဖြစ်အောင် အရင်ကြိုးစားရမယ်"

"ယောကျ်ားကောင်းတစ်ယောက်ဖြစ်အောင် ... ဟုတ်လား၊ ဘယ်လိုကြိုးစားရမှာလဲ အဘိုး"

"မင်းဟာ ဆရာကောင်းတစ်ဦးဦးဆီမှာ တပည့်ခံပြီး ကိုယ်လုံပညာတွေ သင်ယူရမယ်၊ ကိုယ့်ကိုယ်ကိုယ် ကြံ့ခိုင်အောင် တည်ဆောက်ရမယ်၊ တစ်ချိန်တည်းမှာပဲ စိတ်ဓာတ်တည်ငြိမ်အောင်၊ စိတ်ရဲ့စွမ်းအင် ထက်မြက်အောင် လေ့ကျင့်ရမယ်၊ အဲဒီလိုနဲ့ နှစ်နှစ်၊ သုံးနှစ်လောက် ကျားကုတ်ကျားခဲ ကြိုးစားလိုက်ရင် ကြံ့ခိုင်ပြီး အရည်အချင်းပြည့်ဝတဲ့ အရွယ်ရောက်သူ ယောကျ်ားကောင်းတစ်ယောက် ဖြစ်လာမယ် ...၊

ကြံ့ခိုင်တဲ့ ယောကျ်ားကောင်းတစ်ယောက်ဖြစ်မှ ကြုံ

လာတဲ့ အန္တရာယ်ရန်စွယ်တွေကို ရင်ဆိုင်နိုင်မှာဖြစ်တယ်''

''ဟုတ်ကဲ့ ... သဘောပေါက်ပါတယ် အဘိုး၊ ဒါ ... ဒါပေမဲ့ ကျွန်တော် ဘယ်ဆရာဆီမှာ သင်ရမှာလဲ အဘိုး''

''အေး ... မင်းသွားမယ့် ခရီးလမ်းကြားမှာ ဘီးလင်းဆိုတဲ့မြို့လေး ရှိတယ်ကွယ့်၊ အဲဒီ ဘီးလင်းမြို့ရဲ့အရှေ့ဘက်မှာ စီးဆင်းနေတဲ့ ဘီးလင်းချောင်းနံဘေးတစ်နေရာမှာ သူတော်မျက်ရှင်ဆိုတဲ့ အဘိုးရဲ့ညီ ရှိတယ်''

''သူတော်မျက်ရှင် ... ဟုတ်လား အဘိုး''

''ဟုတ်တယ်ကွယ့်၊ သူတော်မျက်ရှင်ဟာ ဘီးလင်းမှာပဲ အခြေချနေတာ ကြာပြီ၊ ဘီးလင်းချောင်းနံဘေးမှာ ဆီးခြံစိုက်ပြီး လူပျိုကြီး တစ်ကိုယ်တည်းနေနေသူကွယ့်၊ သူ့ဆီကို မင်းသွား။ အဘိုး စာရေးပေးလိုက်မယ်၊ သူဟာ မင်းကို နှစ်နှစ်သုံးနှစ်အတွင်း ယောကျ်ားကောင်းတစ်ယောက်ဖြစ်အောင် ပျိုးထောင်ပေးလိမ့်မယ်''

''သူ ... သူက ဘာလဲအဘိုး''

''သူက သိုင်းဆရာကြီးတစ်ဦးပဲကွယ့်၊ အဘိုးတို့ရဲ့အဖေဟာ ဘီးလင်းဇာတိသား၊ တော်လှန်ရေးမျိုးချစ်ပုဂ္ဂိုလ်ကြီးပဲကွယ့်၊ နာမည်က ဗိုလ်ကျောက်ဆူးတဲ့၊ ဗိုလ်ကျောက်ဆူးဟာ တပ်မှူး ဗိုလ်ဗိုင်းရဲ့တပည့်ပါ၊ နာမည်ကျော် တပ်မှူးဗိုလ်ဗိုင်းဟာ သီပေါမင်းလက်ထက်က မြန်မာ့တပ်မတော်ရဲ့ တပ်မှူးတစ်ဦးဖြစ်ပြီး





မြန်မာနိုင်ငံကို နယ်ချဲ့တွေသိမ်းပိုက်သွားကတည်းက မျိုးချစ်စိတ်အပြည့်နဲ့ နယ်ချဲ့ကိုတော်လှန်ခဲ့သူပဲကွယ့်''

''ဗိုလ်ဗိုင်းဟာ ဘီးလင်းဒေသက မျိုးချစ်တွေကို စုစည်းတော့ အဘိုးတို့ရဲ့အဖေ ဗိုလ်ကျောက်ဆူးလည်း မျိုးချစ်တပ်ရဲ့ ဗိုလ်တစ်ဦးအဖြစ် ပါဝင်ခဲ့တာပေါ့၊ ဗိုလ်ဗိုင်းဟာ မြန်မာ့ဓားတစ်လက် ဗိုင်းထွက်ပညာမှာ သူမတူအောင်ထူးချွန်တဲ့ ပညာရှင်တစ်ဦးပါပဲ၊ အဘိုးတို့ရဲ့အဖေဟာ ဗိုလ်ဗိုင်းဆီက မြန်မာ့သိုင်းပညာတွေ ရရှိခဲ့တယ်၊ နောက်တော့ ဗိုလ်ဗိုင်းဦးဆောင်ပြီး ဘီးလင်းမြို့မှာတပ်စွဲထားတဲ့ မျက်နှာဖြူတပ်ကို ဝင်စီးရာက လက်နက်ချင်းမမျှလို့ တပ်ပျက်ပြီး ဗိုလ်ဗိုင်းဟာ ရှမ်းပြည်နယ်ဘက် တက်သွားတော့ အဘိုးတို့ရဲ့အဖေဟာ ဘီးလင်းမှာပဲ မထင်မရှား ချန်နေရစ်ခဲ့တယ်၊ ပြီးတော့ ဘီးလင်းသူ အမေနဲ့ အိမ်ထောင်ကျခဲ့တယ်၊ အဘိုးတို့ညီအစ်ကိုဟာ အဖေ့ဆီက ပညာအမွေတော့ ရခဲ့တာပေါ့ ...၊

အဘိုးကတော့ လောကီရေးရာတွေ စွန့်လွှတ်ပြီး လောကုတ္တရာကိစ္စတွေပဲ လုပ်ဖို့ ဆုံးဖြတ်ထားသူမို့ လူလေးကို သိုင်းပညာတွေ မသင်ပေးနိုင်တော့ဘူး။ ဒါကြောင့် အဘိုးရဲ့ညီ သူတော်မျက်ရှင်ဆီပဲ သွားပေတော့ လူလေး''

လူရဲမှာ သူ့အပေါ် စေတနာမေတ္တာများစွာဖြင့် လမ်းညွှန်ပေးသော အဘိုးဖြူစင်အား လေးစားကျေးဇူးတင်စွာ မော့

ကြည့်ကာ ကတိပေးလိုက်လေ၏။

"ဟုတ်ကဲ့ပါ အဘိုး . . . ကျွန်တော် ဆရာကြီးသူတော် မျက်ရှင်ဆီ သွားပြီး ယောကျ်ားကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားပါ့မယ်ခင်ဗျ"

✿

ရန်ကုန်–မော်လမြိုင်ရထားကြီးပေါ်၌ တတိယတန်း အတွဲမှ ခုံတစ်လုံးပေါ်တွင် လိုက်ပါလာသည့် လူရဲမှာ ရထား ပြတင်းပေါက်မှ လှမ်းမြင်နေရသော အပြောကျယ်လှသည့် လယ်ကွင်းပြင်များ၊ အဝေးရှိ တောတန်းတောင်တန်းများကို ငေးကြည့်ရင်း ကွယ်လွန်သွားခဲ့ပြီဖြစ်သော ကျေးဇူးရှင်ဖခင်ကြီးကို သတိရလျက် ရှိလေသည်။

လွန်ခဲ့သည့် (၁၀) ရက်ခန့်က ကွယ်လွန်သွားခဲ့သော ဖခင်ကြီးကို သတိရခြင်းနှင့်အတူ သူ့မမှတ်မိတော့သည့် မိခင်ကြီးကိုပါ သတိရလာသဖြင့် သားရေလွယ်အိတ်ထဲမှ ကော်ဘူးလေးတစ်ဘူးကို ထုတ်ယူလိုက်လေ၏။

လူရဲက ကော်ဘူးလေး၏အဖုံးကို ဖွင့်လိုက်ရာ ဘူးလေးထဲ၌ အသည်းပုံငွေဆွဲပြားလေးပါသည့် ငွေဆွဲကြိုးလေးကို တွေ့





ရလေသည်။

ငွေဆွဲကြိုးလေးကို ထုတ်ယူလိုက်ပြီး အတန်ငယ်ထူသည့် ငွေဆွဲပြားလေး၏ခလုတ်ကို ဖွင့်လိုက်ရာ ဆွဲပြားလေး၏အဖုံးမှာ ပွင့်သွားလေတော့၏။

အဖုံးလေးအတွင်း၌ အဖြူအမည်းဓာတ်ပုံလေးတစ်ပုံ ရှိနေပြီး ဓာတ်ပုံရှင်အမျိုးသမီးမှာ ဦးခေါင်းထက်တွင် ဆံထုံးပုံ့ပုံ့လေး ထုံးထားကာ ဆံထုံးပတ်ပတ်လည်၌ စံပယ်ပန်းကဲ့သို့ ပန်းဖြူဖြူလေးများ ရစ်ခွေပန်ထားလျက် ဖြူဝင်းရှင်းသန့်သည့် မျက်နှာလေးမှာ ကြည်လင်လှပလို့နေသည်။

"အဲဒါ မင်းရဲ့အမေ မယဉ်မွန်ပဲ သား၊ အဖေနဲ့ မင်္ဂလာဆောင်တုန်းက ရိုက်ထားတဲ့ဓာတ်ပုံလေးကို ထပ်ကူး ကတ်ကြေးနဲ့ညှပ်ပြီး ဒီလော့ကတ်ပြားလေးထဲမှာ ထည့်ထားတာ၊ အဖေ့ရဲ့ဓာတ်ပုံကိုလည်း အဲဒီလိုပဲ အသည်းပုံ ငွေဆွဲပြားလေး ပြုလုပ်ပြီး အဖေ့ရဲ့ဓာတ်ပုံထည့်လို့ မင်းအမေကို ပေးထားတယ်၊ မင်းအမေဓာတ်ပုံပါတဲ့ အဲဒီငွေဆွဲပြားလေးကို အဖေ တစ်သက်လုံး မြတ်မြတ်နိုးနိုး သိမ်းထားခဲ့တာ၊ သားကို အမွေအနှစ်အဖြစ် ပေးမယ် . . . ရော့"

ထိုသို့ပြောပြီး အဖေပေးခဲ့သည့် ငွေဆွဲပြားလေးကို သူက မြတ်မြတ်နိုးနိုး လက်ခံယူခဲ့ကာ . . .

သူ့အမေဓာတ်ပုံကို စူးစူးနစ်နစ် လှမ်းမျှော်ကာ ကြည့်နေ

မိခဲ့သည်။

"အဖေ အလုပ်ကြမ်းတွေ လုပ်ရတဲ့အခါတော့ ဆွဲကြိုးလေးပြတ်သွားမှာစိုးလို့ ကော်ဘူးလေးထဲ ထည့်သိမ်းထားတာပေါ့၊ ကျန်တဲ့အချိန်မှာတော့ ဆွဲပြားလေးကို ဆွဲထားမိတာပါပဲ သားရယ်၊ မင်းအမေကို အလွမ်းပြေပေါ့ကွယ်"

"အဖေရယ် ... အဲဒီအကြောင်းတွေ အစက ဘာဖြစ်လို့ သားကိုမပြောခဲ့တာလဲဗျာ၊ ငယ်ငယ်ကတည်းက သားမေးတော့ အမေသေပြီဆို"


"ဟုတ် ... ဟုတ်တယ်သား။ အဖေနဲ့ မင်းအမေတို့ရဲ့ ရင်နင့်ကြေကွဲစရာအကြောင်းကို သိပြီး ငါ့သားလေး ငယ်ငယ်ရွယ်ရွယ် နှလုံးသားနုနုနယ်နယ်လေးမှာ စိတ်မထိခိုက်သွားစေချင်လို့ အဖေ အဲဒီလို လိမ်ညာပြောခဲ့ရတာပါ သားရယ်၊ ခုတော့ ဖွင့်ပြောရမယ့်အချိန် ရောက်ခဲ့ပြီလေ၊ အဖေ့ရဲ့ရောဂါက ကျွမ်းနေပြီ သား။ ဒီတောင်က ကျော်နိုင်မှာမဟုတ်တော့ပါဘူးကွယ်၊ ဒါကြောင့် အဖေမသေခင် သားလေးသိသင့်သိထိုက်တာကို ပြောခဲ့မှဖြစ်မှာမို့ ခုလို ဖွင့်ပြောရတာပါပဲကွယ်"

ထို့နောက် ဖခင်ကြီးဦးသက္ကက သူတို့ဇနီးမောင်နှံ၏ကြေကွဲဖွယ်အဖြစ်အပျက်ကို ဝေဒနာကြားမှ အားယူကာပြောပြခဲ့ပါ၏။

❀ ❀ ❀



ရင်နင့်လမ်းခွဲ



ကိုသက္ကမှာ ကော့ကူဗိုးရွာသားတစ်ဦးဖြစ်ပြီး ရွာ၏ လုပ်ငန်းကိုင်ငန်း မကောင်းသဖြင့် ဝင်ငွေပိုကောင်းသောအလုပ်အကိုင် ရှာဖွေရန်အတွက် ဖာပွန်ဘက်သို့သွားဖို့ ဆုံးဖြတ်ခဲ့လေသည်။

"သား ရွာမှာပဲ ကြိုးသလို လုပ်ကိုင်စားသောက်ပါလားကွယ်၊ ဖာပွန်ဘက်မှာ ဂျပန်တွေက သိမ်ဆိုးနေတယ်လို့ သတင်းတွေ ကြားရတယ်"

"အို ... အဘရာ ... ရွာမှာဆို လူမွေးသူမွေးတောင် ပြောင်မှာမဟုတ်ဘူး။ ကျုပ်တော့ ဖာပွန်မှာပဲ အလုပ်သွားရှာတော့မယ်ဗျာ"

ဖခင်ဖြစ်သူ တားသည့်ကြားမှ လူကြုံနှင့်အတူ ဖာပွန်သို့ လိုက်သွားခဲ့သည်။

အချိန်ကာလက ဗြိတိသျှနယ်ချဲ့တို့ကို တိုက်ထုတ်ပြီး ဂျပန်တို့ ဝင်ရောက်ကြီးစိုးနေချိန်ဖြစ်၏။ မြန်မာနိုင်ငံအား ရွှေရည်စိမ်လွတ်လပ်ရေး အတုအယောင်ပေးပြီး နေရာတိုင်းတွင် ဂျပန်ကင်ပေတိုင်တို့ ဗိုလ်ကျရက်စက်နေချိန်ဖြစ်၏။

မြန်မာတိုင်းရင်းသားအများစုတို့မှာ ဖက်ဆစ်ဂျပန်တို့၏ ရက်စက်မှု၊ အနိုင်ကျင့်မှု ခံနေရသော်လည်း ဂျပန်ကင်ပေတိုင်တို့ကို အလွမ်းသင့်အောင်ပေါင်းကာ ကပ်ဖားယပ်ဖား ပြုလုပ်သူ ဂျပန်အလိုတော်ရိတို့မှာမူ စိန်နားကပ်အရောင်ကြောင့် ပါးပြောင်နေချိန် ဖြစ်သည်။

"သက္က ... နယ်စပ်ကို ကုန်ပစ္စည်းပို့စရာရှိတယ်၊ မင်းလိုက်ခဲ့မလား။ ပြီးရင် နယ်စပ်ကနေ ပစ္စည်းတွေ ပြန်သယ်လာရမယ်၊ နယ်စပ်ကုန်သွယ်ရေးပေါ့ကွာ"

"ဘာပစ္စည်းတွေလဲဗျ"

"ဘာပစ္စည်းတွေပဲ ဖြစ်ဖြစ်ပေါ့ကွာ၊ ငါတို့က သယ်ပို့ပေးရုံပဲဟာ၊ ငွေမြတ်မြတ်လေးရမှာ၊ မင်း လိုက်မလား"

ငွေမြတ်မြတ်လေးရမည်ဆိုသဖြင့် အဖော်ကောင်းသောကြောင့် သက္က နယ်စပ်ဘက်သို့ လိုက်ပါသွားသည်။

တောတောင်လျှိုမြောင်များကို ကျော်ဖြတ်ပြီး ဂျပန်စစ်





စခန်းများအား ရှောင်ကွင်းကာ တောလမ်းခရီးမှဖြတ်လျက် မော်ပိုင်မြို့လေးသို့ ရောက်ရှိခဲ့သည်တွင် သက္ကတို့၏အဖွဲ့ခေါင်းဆောင်က ပါလာသောကုန်စည်များကို ကုန်သည်၏လက်သို့ အပ်ပြီး မော်ပိုင်မြို့လေးမှာပင် ပြန်သယ်ရမယ့်ကုန်ကို စောင့်ရင်း တစ်ပတ်ခန့် နားကြရလေ၏။

နယ်စပ်မြို့လေးဖြစ်သော မော်ပိုင်သည်ကား ရောင်းဝယ်ဖောက်ကားသူများ၊ ကုန်သည်များနှင့် စည်ကားသလောက် အုပ်ချုပ်ရေး လက်လှမ်းမမီသလိုဖြစ်နေသော နယ်စွန်နယ်ဖျားဒေသလေး ဖြစ်ပေ၏။

ထို့ကြောင့်လည်း မော်ပိုင်တွင် လူဆိုးအုပ်စုများ ကြီးစိုးနေကာ တစ်ဖက်နိုင်ငံမှ သေနတ်လက်နက်တို့ကို အလွယ်တကူဝယ်ယူရရှိနေသဖြင့် မကြာခဏ သေနတ်ပစ်မှုများ၊ လူသတ်မှုများ ဖြစ်ပွားလျက်ရှိလေ၏။

ကုန်သည်ကြီးများနှင့် ငွေကြေးကြွယ်ဝသူများသည် စားသောက်ဆိုင်ကြီးများ၊ လောင်းကစားဝိုင်းများ၊ ဘိန်းခန်းများ၊ ဇိမ်ခန်းများ ထူထောင်ထားပြီး သူတို့ ခါးပိုက်ဆောင်မွေးမြူထားသည့် လူဆိုးဂိုဏ်းတို့က သူတို့၏အကျိုးစီးပွားကို ဥပဒေမဲ့ အကာအကွယ်ပေးလျက် ရှိလေ၏။

ယင်းသို့လျှင် ဓုစရိုက်မှုထူပြောရာ မော်ပိုင်၌ မယဉ်မွန်ဆိုသော မိန်းမချောလေးမှာ အဒေါ်ဖြစ်သူ၏ထမင်းဆိုင်တွင်

ဆိုင်အကူအဖြစ် ဝိုင်းဝန်းကူညီ ရောင်းချလုပ်ကိုင်နေလျက် ရှိလေသည်။

မွေးချင်းမရှိသော မယဉ်မွှန်မှာ အသက် (၁၀) နှစ်ခန့်တွင် မိဘနှစ်ပါးစလုံး ဆုံးပါးသွားသဖြင့် အဒေါ်ဖြစ်သူ အပျိုကြီးဒေါ်သူနိုင်ထံတွင် မှီခိုနေထိုင်ခဲ့ရရှာသူ ဖြစ်၏။

မယဉ်မွှန်သည် ဒေါ်သူနိုင်၏ဆိုင်တွင် (၁၀) နှစ်သမီးမှစ၍ ဝိုင်းကူရောင်းပေးခဲ့သော်လည်း ထိုစဉ်က မည်းမည်းခြောက်ခြောက်၊ ပိန်ပိန်လှီလှီလေးမို့ မည်သူကမျှ သူမကို အရေးမထားမိချေ။ သို့သော် နောက် (၅) နှစ် (၆) နှစ်ခန့်အကြာတွင်မူ မယဉ်မွှန်မှာ အပျိုဖြစ်လာပြီး တစ်သွေးတစ်မွေး ဖြစ်လာခဲ့သည်။

သူမသည် အသားအရေ ပြည့်တင်းဖြူစင်လာသလို နှာတံပေါ်ပေါ်၊ မျက်ခုံးတန်းတန်း၊ နှုတ်ခမ်းပါးပါးလေးနှင့် အလှတွင် အယဉ်ဆင့်သူလေး ဖြစ်လာရာ သူမတို့ဆိုင်သို့ ထမင်းလာရောက်စားသောက်သော လုလင်ပျိုတို့မှာ အညီရှိရာ ယင်အုံဆိုသကဲ့သို့ သူမကို ဝိုင်းဝန်းပိုးပန်းလာကြတော့၏

သို့နှယ် ကာလသားထရှုန်းရှုန်းဖြစ်နေသည့် 'လမင်းဖြူ' ထမင်းဆိုင်လေး၌ လာရောက်စားသောက်သော လုလင်ပျိုတို့အထဲတွင် သက္ကလည်း ပါဝင်ခဲ့ပါသည်။

သက္ကမှာ အဖော်များနှင့်အတူ 'လမင်းဖြူ' ထမင်းဆိုင်တွင် လာရောက်စားသောက်သည်မှာ မော်ပိုင်သို့ ရောက်သည့်





အခါတိုင်း ဖြစ်၏။

သက္ကသည် လှပသောမိန်းမပျိုလေးတို့ကို နှစ်သက်သဘောကျလေ့ရှိသော လုလင်ပျိုတို့၏သဘာဝအတိုင်း လှပချောမောသည့် မယဉ်မွှန်အား မျက်စိအကျကြီး ကျခဲ့သလို မယဉ်မွှန်ကလည်း အခြားသောလုလင်ပျိုတို့ထက် ရုပ်ရည်ပိုမိုသန့်ပြန့်သည့် သက္ကအား ပိုမိုအရေးပေးကာ ဟင်းကောင်းဟင်းညွန့်လေးများဆိုလျှင် သက္ကအတွက် သီးသန့်ချန်ထားလေ့ ရှိလေ၏။

သက္ကကလည်း မယဉ်မွှန်၏စေတနာကို အသိအမှတ်ပြုကာ တုံ့ပြန်သည့်အနေဖြင့် နယ်စပ်မှဝင်လာသည့် မိန်းကလေးသုံး အလှပြင်ပစ္စည်း၊ အဝတ်အထည် စသည်တို့ မကြာခဏဝယ်ယူလာကာ လက်ဆောင်ပေးလေ့ရှိလေ၏။

သို့ဖြင့် မကြာမီလပိုင်းအတွင်းမှာပင် သက္ကနှင့်မယဉ်မွှန်တို့မှာ သမီးရည်းစားအဖြစ်သို့ ရောက်ရှိသွားလေတော့၏။

ယင်းအချိန်မှာပင် မယဉ်မွှန်၏အလှကို ကျားစီးဖားစီးသဘောအကျကြီးကျနေသူတစ်ဦး ပေါ်ပေါက်လာတော့သည်။

ထိုသူ၏အမည်မှာ စောမင်းဖြစ်ပြီး မော်ပိုင်ဒေသဝန်းကျင်ရှိ လူမိုက်လောကတွင် လွန်စွာလက်ရဲဇက်ရဲနိုင်သူ၊ လက်ယဉ်လွန်းသူဖြစ်သဖြင့် လက်မရွံ့စောမင်းဟု ကျော်ကြားသူ ဖြစ်၏။

စောမင်းသည် အရပ်မြင့်မားထွားကျိုင်းကာ ပါးမြိုင်းမွေး

စိမ်းစိမ်း၊ နှုတ်ခမ်းမွေးသဲ့သဲ့နှင့် လူမိုက်ဆိုသော်လည်း ရုပ်ရည်မဆိုးလှဘဲ တည်ကြည်ချောမောသူ ဖြစ်သည်။

သူသည် နယ်စပ်ကို ဖြတ်ကျော်ကုန်သွယ်သည့် ကုန်သည်ကြီးစောဘုမ္မာ၏ ဝန်တင်လားအုပ်စုကို စောင့်ကြပ်ရသူ လုံခြုံရေးတာဝန်ခံဖြစ်ရာ မော်ပိုင်၌ အနေနည်းပြီး ခရီးချည်းထွက်နေရသဖြင့် မယဉ်မွန်၏အလှကို အတွေ့နောက်ကျခဲ့လေ၏။

မယဉ်မွန်၏ ဖူးစပန်းအလှကို သူသတိမူမိတော့ မယဉ်မွန်တွင် ချစ်သူရည်းစား သက္ကာက ရှိနေနှင့်ပြီ ဖြစ်ပါသည်။

တစ်နေ့သောညနေစောင်းဝယ် ဒေါင်ချာစိုင်းအောင် မှူးနေသည့် စောမင်းနှင့် သူ့တပည့်နှစ်ဦးတို့သည် လမင်းဖြူထမင်းဆိုင်ထဲသို့ ဝင်လာကြလေသည်။

"ဒေါ်လေး ဒေါ်သူနိုင်၊ ...ဒေါ်လေး ဒေါ်သူနိုင်"

"ဟဲ့ ...ဘာလဲကွယ့် မောင်စောမင်း"

စောမင်းက ခြေထောက်တစ်ဖက်ကို ကုလားထိုင် တစ်လုံးပေါ်တင်ကာ အနီးရှိ စားပွဲကို လက်တစ်ဖက်ထောက်ရင်း ဆိုင်အနှံ့သို့ မျက်စိဝေ့ကြည့်သည်။

ဆိုင်ထဲ၌ အခြားစားသောက်နေကြသူ လေးငါးဦးရှိ၏။

"ဒီမှာ ဒေါ်လေးဒေါ်သူနိုင် ...ယဉ်မွန်ရော၊ ယဉ်မွန် ဘယ်မှာလဲ"

ခု နှစ် စဉ် ကြယ် တာ ပေ



"သူ့တာဝန်ပြီးလို့ ရေသွားချိုးနေတယ် မောင်စောမင်း။ ဘာဖြစ်လို့ ယဉ်မွန်ကို မေးတာလဲကွယ့်၊ မင်းတို့ ထမင်းစားမလို့လား။ ထမင်းစားမယ်ဆို ဒေါ်လေး ခူးလိုက်မယ်လေ"

အရက်အတော်မူးနေဟန်တူသည့် စောမင်းကို အကဲခတ်ရင်း ဒေါ်သူနိုင်က လေပြေထိုးကာ ပြောလိုက်သည်။ စောမင်းမှာ မော်ပိုင်၌ နာမည်တစ်လုံးနှင့်နေသူမို့ သူ့ကို ဒေါ်သူနိုင်က မာမာတင်းတင်း မပြောလိုပေ။

စောမင်းက ခါးတွင်ချိတ်ထားသော ခြောက်လုံးပြူးသေနတ်ဒင်အပေါ် လက်တင်လိုက်ပြီး မျက်မှောင်ကုတ်ကာ ဒေါ်သူနိုင်ကို ကြည့်သည်။

"ဒီမှာဒေါ်လေး ...ကျုပ် ယဉ်မွန်ကို မေတ္တာရှိနေတယ်၊ သူ့ကို လက်ထပ်ယူချင်တယ်၊ အဲဒီအတွက် အခု လာနားဖောက်တာပဲ"

တဲ့တိုးပြောလာသည့် စောမင်းကို အံ့သြထိတ်လန့်စွာကြည့်ရင်း မည်သို့တုံ့ပြန်ပြောရမည်နည်းဟု ဒေါ်သူနိုင် လျင်မြန်စွာ စဉ်းစားလိုက်သည်။

စောမင်း၏စကားကို ဆိုင်ထပ်ခိုးပေါ်မှ မယဉ်မွန်ကလည်း ကြားသည်။

သူမတို့တူဝရီးနှစ်ယောက်စလုံး ရင်တထိတ်ထိတ် ခုန်လျက်ရှိ၏။

ခု နှစ် စဉ် ကြယ် တာ ပေ

''ဘယ်လိုလဲ ဒေါ်လေး''

''အေး ...အေးပါကွယ်၊ တူ ...တူမလေးရဲ့သဘော ကို မေးလိုက်ပါဦးမယ်''

''ဟာဗျာ ...မေးဖို့လိုသေးလို့လား၊ ယဉ်မွန်က ခင် ဗျားတူမပဲ၊ ခင်ဗျားက သေဆိုသေ, ရှင်ဆိုရှင် ဖြစ်နေရမှာပေါ့''

''ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ မောင်စောမင်းရယ်၊ အိမ်ထောင်ရေးဆိုတာ ကြည်ဖြူပြီးပေါင်းမှ ကောင်းတာမဟုတ် လား ...ပြီးတော့''

''ပြီးတော့ ဘာဖြစ်လဲ ...ခင်ဗျားတူမမှာ ရည်းစားရှိနေ ပြီလို့ ပြောမလို့မဟုတ်လား။ ဒီမှာ ကျုပ်လိုချင်ရင် ရည်းစားမက လို့ ဘယ်လိုအဆီးအတားပဲရှိရှိ ရအောင်ကိုယူမှာဗျ ...သိလား ...အေ့''

''အေးပါကွယ် အေးပါ ...ဒေါ်လေး ကြည့်ပြောထားပါ့ မယ်''

''ဒီမှာ ဒေါ်လေး ...ယဉ်မွန်ရဲ့သဘောကို အခုသိချင် တယ်ဗျာ ...အေ့''

''ဒီလိုကိစ္စမျိုးဆိုတာ လူလယ်ကောင်မှာ မေးလို့ကောင်း တာမျိုး မဟုတ်ဘူးကွယ့်၊ ဒီည ဒေါ်လေး မေးထားလိုက်ပါ့မယ် ကွယ်''

''ကောင်းပြီ ...ဒါဆို ဒီတစ်ည ကျုပ်စောင့်မယ်၊





မနက်ဖြန်ညနေမှာ ကျုပ် အဖြေလိုချင်တယ် ...အေ့''

''အေးပါကွယ် ...အေးပါ''

''အေ့ ...ကောင်းပြီ ...ဒါဆို ကျုပ်တို့ပြန်မယ်၊ ဟေ့ကောင်တွေ လာ ...ပြန်ကြမယ်''

စောမင်းတို့အုပ်စု ဒယိမ်းဒယိုင်ဖြင့် ထွက်သွားမှ ဒေါ်သူ ခိုင်မှာ သက်ပြင်းချလိုက်နိုင်၏။ သို့တိုင် သူမအနေဖြင့် ရင်မအေး ရသေးပါ။

တကယ်တော့ သူမက သူမ၏တူမလေး ယဉ်မွန်ကို ရိုးသားအေးချမ်းသည့် သတ္တနှင့် သဘောတူပြီးဖြစ်၏။ သတ္တ ကလည်း ငွေအတန်ငယ် စုဆောင်းထားပြီးပြီမို့ ဝါကျွတ်သည်နှင့် ယဉ်မွန်အား လက်ထပ်ခွင့်ပြုပါရန် သူမထံ ခွင့်တောင်းပြီး ဖြစ်သည်။

ဒေါ်သူခိုင်က သူမ၏တူမချောလေးကို လူမိုက်လူတေ စောမင်းနှင့်မူ လုံးဝသဘောမတူနိုင်ပါချေ။

''မဖြစ်ဘူး။ ဒီကိစ္စမှာ စောမင်း အနိုင်မကျင့်နိုင်အောင် ငါ ကိုဘုမ္မာကို သွားပြောမယ်''

စောမင်း၏အလုပ်ရှင် ကုန်သည်ကြီးစောဘုမ္မာမှာ ဒေါ် သူခိုင်၏ ငယ်သူငယ်ချင်းဖြစ်၏။ ငယ်စဉ်က တစ်ရွာတည်းသား ချင်း ပြောမနာဆိုမနာ ခင်မင်ခဲ့ကြသူများမို့ သူ့တပည့်ကို သူ ထိန်းရန် ပြောဖို့ သူမ ဆုံးဖြတ်လိုက်သည်။

သို့ကြောင့် နောက်တစ်နေ့နံနက်စောစောမှာပင် ဒေါ်သူနိုင်သည် မော်ပိုင်မြို့လယ်ရှိ ဦးစောဘုမ္မာ၏တိုက်သို့ သွားရောက်ခဲ့ပါတော့၏။

✿

ဒေါ်သူနိုင်၏ ကျိုးကြောင်းဆီလျော်စွာ တင်ပြချက်ကို နားထောင်ပြီးနောက် ဦးစောဘုမ္မာက ခေါင်းညိတ်သည်။

သူက ဆိုဖာညိုညိုကြီးထက်တွင် မိန့်မိန့်ကြီးထိုင်ရင်း ဒန်းပေါးလ်ဆေးတံကြီးကို ခပ်မှုန်းမှုန်းဖွာနေရာမှ ဆေးတံကို ပါးစပ်မှချွတ်လိုက်ပြီး လိုက်လျောမှုစကားဆို၏။

"ကောင်းပြီ မနိုင်၊ စောမင်း မနှောင့်ယှက်နိုင်အောင် ဒီကောင့်ကို ဒီနေ့လယ်မှာပဲ နယ်စပ်ကိုဖြတ်ပြီး ကုန်ပို့ခိုင်းလိုက်မယ်၊ သူ့ရဲ့ အသွားအပြန်ခရီးက ဆယ်ရက်ကျော်လောက်ကြာမယ်၊ အဲဒီကာလအတွင်းမှာ နင့်တူမကိစ္စကို ပြတ်အောင်လုပ်လိုက်ပေါ့"

"အေး အေး ... ကျေးဇူးပဲ ဘုမ္မာရယ်၊ နင်က သူဌေးကြီးဖြစ်နေတာတောင် ငါ့အပေါ် စိတ်မပြောင်းဘဲ ခုလို သူငယ်ချင်းချင်း စာနာမှုနဲ့ကူညီတာကို ငါသိပ်ဝမ်းသာတာပဲ၊ ကျေးဇူးလည်း တင်ပါတယ်ဟာ၊ ဘာပဲဖြစ်ဖြစ် ငါ့တူမ ရိုးရိုးအေးအေး





လေးကို စောမင်းလိုလူမျိုးရဲ့လက်ထဲမှာ အစတေး မခံချင်ဘူးဟာ"

"အေးပါ ... နင့်ကို ငါ အတတ်နိုင်ဆုံး ကူညီမှာပါ မနိုင်၊ ဒါပေမဲ့ စောမင်းကို လျှော့တော့မတွက်နဲ့နော်၊ သူက ဖွဲ့ရှိတယ်၊ စိတ်မာန်ကြီးတယ်၊ တစ်ဖွတ်ထိုးနိုင်တယ်၊ ရက်စက်တဲ့နေရာမှာလည်း ကမ်းကုန်ပဲ၊ နင့်တူမကို သူ့ချစ်သူနဲ့အတူ လွတ်အောင်သာ ပြေးခိုင်းပေတော့"

"အင်းပါဟယ် အင်းပါ"

"ကဲ အပျိုကြီး ... နင်က သူများအတွက်ပဲ တွက်ချက်နေရာချထားပေးနေ၊ နင့်ကိုယ်တိုင်အတွက်လည်း လုပ်ဦးလေ၊ ငါ့တပည့်တွေထဲက ကြိုက်ရာရွေး၊ စောမင်းထက်သာတဲ့ကောင်တွေ ရှိပါတယ်ဟဲ့"

"တော်စမ်းပါဟယ်"

ပြုံးပြုံးကြီးဖြင့် စနေသော ဦးစောဘုမ္မာကို ဒေါ်သူနိုင် မျက်စောင်းထိုးလိုက်ပြီး ခဏအကြာ၌ နှုတ်ဆက်စကားဆိုကာ ဝမ်းသာအားရ ပြန်လာခဲ့သည်။

✿

'လမင်းဖြူ' ထမင်းဆိုင်သို့ပြန်ရောက်သည်နှင့် ယဉ်မွန်အား အကျိုးအကြောင်း ပြောပြရ၏။

"ယဉ် .. ယဉ်မွန်တို့က တစ်နယ်တစ်ကျေး ထွက်သွားရမယ်ဆိုတော့ ဖေါ်လေးရော ယဉ်မွန်တို့နဲ့အတူ လိုက်မှလားဟင်"

"မလိုက်ပါဘူးကွယ်၊ ဖေါ်လေးက ဒီမှာ စီးပွားရေးရော့, နေရာထိုင်ခင်းပါ အခြေကျနေပြီပဲ၊ တူမလေးတို့သာ လက်ထပ်ပြီး လွတ်ရာကျွတ်ရာ ပြေးပေတော့၊ စောမင်းရဲ့ရန် အေးသွားမှ မော်ပိုင်ကို ပြန်လာချင်ပြန်လာပေါ့ကွယ်"

သို့ဖြင့် နောက်သုံးရက်အကြာတွင် သက္ကနှင့်မယဉ်မွန်တို့၏ လက်ထပ်မင်္ဂလာပွဲလေးကို 'လမင်းဖြူ'ထမင်းဆိုင်၌ပင် အကျဉ်းရုံး ကျင်းပလိုက်ကြသည်။

လက်ထပ်ပြီး လေးရက်အကြာတွင် သက္ကက အသည်းပုံဆွဲပြားလေးများပါသည့် ငွေဆွဲကြိုးလေးနှစ်ကုံး ပြုလုပ်ပြီး သူ့ဓာတ်ပုံနှင့် မယဉ်မွန်၏ ဓာတ်ပုံတစ်ပုံစီထည့်ကာ သူ့ဓာတ်ပုံပါသည့် ဆွဲကြိုးလေးကို မယဉ်မွန်၏လည်ပင်းဝယ် သူကိုယ်တိုင်ဆွဲပေးလေ၏။

"ယဉ်မွန် ... ကိုယ်ဟာ မင်းနဲ့ အမြဲမခွဲစတမ်း ရှိနေတယ်ဆိုတဲ့သဘောနဲ့ ဒီဆွဲပြားလေးကို မင်းရဲ့လည်ပင်းမှာ ထာဝရ ဆွဲထားပါနော်"

မယဉ်မွန်ကလည်း သူမဓာတ်ပုံပါသည့် ဆွဲကြိုးလေးကို





သက္က၏လည်ပင်း၌ ဆွဲပေးသည်။

"ယဉ်မွန်လည်း အစ်ကိုနဲ့အတူ အမြဲရှိနေတယ်လို့ မှတ်ယူပြီး ဒီဆွဲကြိုးလေးကို အစ်ကို အမြဲဆွဲထား ... သိလား"

ထို့နောက် မင်္ဂလာဦးဇနီးမောင်နှံတို့မှာ မင်္ဂလာဦးရက်များကို ရင်ခုန်ကြည်နူးစွာ စိတ်အေးလက်အေး မကျော်ဖြတ်နိုင်ဘဲ မော်ပိုင်သို့ မကြာမီရက်ပိုင်းအတွင်း ပြန်လည်ရောက်ရှိလာတော့မည့် စောမင်း၏ရန်မှ လွတ်ရန် ခြေကုန်သုတ်ပြေးဖို့ ချက်ချင်း စီစဉ်ရတော့၏။

သို့ဖြင့် သံလွင်မြစ်ကမ်းပါး ဒါးကွင်းမြို့လေးအနီးရှိ ဘော်ဟိုရွာလေးသို့ တောင်တောင်လျှိုမြောင်များ၊ ကွင်းပြင်များကို ဖြတ်လျက် မြင်းတစ်စီးဖြင့် နှစ်ရက်လုံးလုံး ခရီးနှင်ကာ လင်မယားနှစ်ယောက် ပြေးခဲ့ရလေသည်။

ဘော်ဟိုရွာလေး၏ အစွန်ရှိ သံလွင်မြစ်ကမ်းပါးတွင် အခြေချကာ သစ်လုံးအိမ်လေးဆောက်ပြီး သာယာချမ်းမြေ့သော အိမ်ထောင်သည်ဘဝလေးကို သူတို့နှစ်ဦး ထူထောင်ခဲ့ကြလေ၏။

သက္ကက တောထဲတွင် သစ်ခုတ်သည့်အပြင် ဆေးဖက်ဝင်သော သစ်မြစ်သစ်ဥများ ရှာဖွေကာ ရသည့်သစ်နှင့် သစ်တောထွက်ပစ္စည်းတို့ကို ဒါးကွင်းရှိ ကုန်သည်များထံ သွားသွင်းလျက် လင်မယားနှစ်ယောက် အေးချမ်းစွာ ရှာဖွေစားသောက်နေလာခဲ့သည်မှာ တစ်နှစ်ကျော်ခန့်အကြာတွင် လူရဲကို မွေးဖွားခဲ့

လေသည်။ သို့သော် ထိုစဉ်က လူရဲ၏အမည်မှာ ဖိုးဖိုးကွက် ဖြစ်၏။

ဖိုးဖိုးကွက် သုံးနှစ်သားအရွယ်သို့ အရောက်တွင်မူ သစ်လုံးအိမ်လေး၏အပြင်ဘက် မြက်ခင်းပြင်၌ လူရဲတစ်ဦးတည်း ထန်းပလက်မြင်းလေးစီးကာ ဆော့ကစားလျက် ရှိစဉ် ...

'ခွပ် ခွပ် ခွပ် ခွပ်'

"ဖေ ... မြင်း ... မြင်းတွေ"

မြင်းစီးသမား ဆယ်ဦးခန့် မြင်းများကိုဖုံးစိုင်းကာ ရွာဘက်မှ ထွက်လာသည်ကို တွေ့ရသဖြင့် ဖိုးဖိုးကွက်လေးမှာ လန့်ဖျပ်သွားပြီး ဖခင်ကိုအော်ပြောလျက် သစ်လုံးအိမ်လေးထဲသို့ ဝင်ပြေးတော့၏။

'ဒိုင်း ဒိုင်း ဒိုင်း ဒိုင်း'

မြင်းစီးသမားတို့က မိုးပေါ်သို့ထောင်ကာ သေနတ်များကို ပစ်ဖောက်လိုက်ရာ သေနတ်သံများ၊ မြင်းခွာသံများကြောင့် သက္ကနှင့်မယဉ်မွန်တို့မှာ သစ်လုံးအိမ်လေးထဲမှ အူယားဖားယား အထိတ်တလန့် ပြေးထွက်လာကြတော့၏။

"ဟား ဟား ဟား ... မယဉ်မွန် ... မင်း ပုန်းလို့လွတ်သေးရဲ့လားကွ ဟေ ... ဟား ဟား ဟား"

"အို ... ကို ... ကိုစောမင်း"

"ဟား ဟား ဟား ... မင်းက ငါ့ကို မှတ်မိသားပဲ





မင်း ပျောက်သွားကတည်းက မင်းရဲ့သတင်းကို အမြဲထောက်လှမ်းပြီး ရှာဖွေနေခဲ့တာ၊ ပြီးခဲ့တဲ့နှစ်ရက်သုံးရက်လောက်ကမှ ဒီဘော်ဟိုရွာမှာ ရောက်နေတာကို သိရပြီး ချက်ချင်းလိုက်လာတာကွ ... သိရဲ့လား။ ဟဲ ဟဲ ဟဲ ... ဥစ္စာရင်းမှန်တော့ ပြန်ရတော့မှာပေါ့ကွာ ... မဟုတ်ဘူးလား တပည့်တို့ရေ ... ဟား ဟား ဟား"

"ဟား ဟား ဟား ... ဟုတ်ပါ့ အာစရိရာ ... ဟုတ်ပါ့"

လက်မရွံ့စောမင်းက မြင်းထက်မှ ဆင်းလာပြီး ...

မယဉ်မွန်၏လက်မောင်းအိုးတစ်ဖက်ကို လက်ကြမ်းကြီးဖြင့် ဆုပ်ကိုင်လိုက်ကာ သစ်လုံးအိမ်ထဲသို့ ဆွဲသွင်းတော့၏။

"အို ... ရှင် ... ရှင် ဘာလုပ်တာလဲ"

"စကားမများနဲ့"

"ဟေ့လူ"

သက္ကက စောမင်းထံ ပြေးသွားမည်ပြုစဉ် စောမင်း၏တပည့် ငမန်းက ပြောင်းရှည်သေနတ်ပြောင်းဖြင့် သက္က၏လည်ပင်းကို ထောက်ကာ ဟန့်တားလိုက်၏။

"ရှင် ... ရှင် ကျွန်မတို့ကို မနှောင့်ယှက်ပါနဲ့၊ ကျွန်မမှာလည်း ကိုယ့်အိမ်ထောင်နဲ့ကိုယ် ဖြစ်နေပါပြီရှင်"

"ဘာအိမ်ထောင်လဲ ... ဘာအိမ်ထောင်မှ မလိုချင်ဘူး။

မင်းဘာသာ လင်ဘယ်နှယောက်ရရ …ငါ စွဲစွဲလမ်းလမ်း ချစ်မိတဲ့ မင်းကို သိမ်းပိုက်ရမှာပဲ''

''အို …မဟုတ်တာ၊ ရှင် …ရှင် ကာမေသုမိစ္ဆာစာရ ကံကို ကျူးလွန်မလို့လား။ ငရဲကို မကြောက်ဘူးလား''

''ဟား ဟား ဟား …ငရဲမြေကိုနင်းပြီး ပြာပူအိုးကို ခေါင်းပေါ်တင်ထားရမယ်ဆိုလည်း ငါက မှုမယ့်ကောင်မဟုတ်ဘူး ကွ …သိရဲ့လား။ ငါက ဘာကိုမှ ဂရုစိုက်တဲ့ကောင် မဟုတ်ဘူး။ မင်းကို ရယူနိုင်ဖို့ဆိုရင် ငရဲကြီးရှစ်ထပ်ကို ကျော်ဖြတ်ဖို့လည်း ဝန်မလေးဘူးကွ …သိရဲ့လား ယဉ်မွန်''

ပြောပြောဆိုဆိုဖြင့် မယဉ်မွန်၏ ခါးကျဉ်ကျဉ်လေးကို ဆွဲဖက်လိုက်သည်။

''အို''

''ဟော့ကောင် လူယုတ်မာ …ငါ့မိန်းမကို လွှတ်စမ်း''

သက္ကမှာ မယားထိ မားကြည့်ဆိုသလို သူ့မယားကို သူ့မျက်စိရှေ့မှာပင် စောမင်းက ဆွဲဖက်လိုက်သဖြင့် မျက်လုံးထဲ မီးဝင်းဝင်းတောက်သွားပြီး ငမန်း၏သေနတ်ပြောင်းကို လက်ဖြင့် တွန်းဖယ်ကာ စောမင်းဆီသို့ တစ်ဟုန်ထိုး ပြေးသွားတော့သည်။

'ဒိုင်း'

''အ''

ကော်ဒိုက်ယမ်းအား၏ ပေါက်ကွဲသံနှင့်အတူ စောမင်း၏





လက်ထဲမှ ခြောက်လုံးပြူးပြောင်းထိပ်ဝယ် မီးပွင့်သွားပြီး သက္က၏ ဝဲဘက်နားရွက်အောက်နား စုတ်ပြတ်သွားတော့၏။

''အား''

''အို …အစ်ကို''

''ဟား ဟား ဟား …နောက်တစ်ခါဆို နားရွက်တစ်ခု လုံး ပြတ်သွားမယ်မှတ်၊ သက္က …ယဉ်မွန်နဲ့ပတ်သက်ပြီး မင်းရဲ့ ကဏ္ဍ ပြီးဆုံးသွားပြီလို့ မှတ်လိုက်ပေတော့၊ ယဉ်မွန်နဲ့မင်းရဲ့ နှစ်ပါးသွားခွင်ဟာ ဒီမှာတင် တစ်ခန်းရပ်သွားပြီပေါ့ကွာ … နားလည်လား …ဟဲ ဟဲ ဟဲ …ခုအချိန်ကစပြီး ငါက မင်းသားနေရာမှာ တာဝန်ယူလို့ ယဉ်မွန်လေးနဲ့ နှစ်ပါးသွားဆက် ကမှာကွ …သိပြီလား …ဟား ဟား ဟား''

''မင်း …မင်း လူယုတ်မာ …အ အား''

''ဖေ …ဖေကြီး''

သက္ကက သွေးတစက်စက်ကျနေသောနားရွက်ကို လက် ဖြင့်အုပ်ကာ ညည်းတွားလျက်ရှိစဉ် ဖိုးဖီးကွက်လေးက ဖခင်ကြီး ကို ပြေးဖက်လိုက်သည်။

စောမင်းက သေနတ်ပြောင်းဖြင့် သက္ကတို့သားအဖအား ချိန်လိုက်ပြီး လေသံခက်မာစွာ ပြောသည်။

''ဒီမှာ ဟော့ကောင်သက္က …မင်း အခုချက်ချင်း ဒီရွာက နေ ထွက်သွားရမယ်၊ မင်းရဲ့သားကိုပါ ခေါ်သွား။ ယဉ်မွန်ကို

ခုအချိန်ကစပြီး ငါသိမ်းပိုက်လိုက်ပြီ၊ မင်းရဲ့မျက်နှာကို မမြင်ချင်တော့ဘူး။ ဒီတော့ မင်းတို့သားအဖ အသက်မသေချင်ရင် ငါပြောတဲ့စကားကို အတိအကျလိုက်နာပါ''

''ငမန်း ... သူတို့သားအဖကို ခေါ်သွားတော့၊ ရော့ ... ဟောဒီငွေတွေ ပေးလိုက်၊ ဒီဒေသနဲ့ အဝေးဆုံးနေရာမှာ ရင်းနှီးလုပ်ကိုင်စားသောက်ဖို့ အဲဒီငွေကိုပေးတာပဲ''

''ကို ကိုစောမင်းရယ် ... ဒီ ဒီလိုတော့ မလုပ်ပါနဲ့ရှင်''

''ပါးစပ်ပိတ်ထားစမ်း ယဉ်မွန်၊ မင်းရဲ့လင်နဲ့သားကို ငါ အခုသတ်ပစ်လိုက်လို့ရတယ် ... သိလား။ ဒါပေမဲ့ ငါက မင်းလေးရဲ့မျက်နှာထောက်ပြီး သင်းတို့သားအဖကို လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်တာပဲ၊ ငါ့ရဲ့ သဘောထားကြီးကြီးနဲ့ လိုက်လျောမှုကို မင်းတို့ ကျေးဇူးတောင်တင်ရဦးမယ် ... ဟား ဟား ဟား''

စောမင်းက အောက်ကလိအာသံကြီးဖြင့် အော်ရယ်လိုက်ပြီးနောက် မယဉ်မွန်၏ခါးကို ရုတ်တရက် ဆွဲဖက်လိုက်ပြန်ရာ ...

မယဉ်မွန်မှာ ရုတ်တရက်မို့ ဇွေ့ခနဲ ပါသွားသည်တွင် စောမင်းက မယဉ်မွန်၏ပါးတစ်ဖက်ကို ရှုပ်ခနဲနမ်းလိုက်လေ၏။

''အို ... လူ ... လူယုတ်မာ''

''တောက် ... လူယုတ်မာ ခွေးတိရစ္ဆာန်ကောင်''





သက္ကမှာ သူ့မျက်စိရှေ့မှာပင် မိမိအသက်မကချစ်သော ဇနီးမယားကို စော်ကားလွန်ကျူးသည့် စောမင်း၏ ရိုင်းစိုင်းသော အပြုအမူကြောင့် လွန်စွာဒေါသထွက်သွားပြီး နားရွက်အနားကိုပင် ဂရုမမူနိုင်တော့ဘဲ စောမင်းအား ခုန်အုပ်တိုက်ခိုက်ရန် တစ်ဟုန်ထိုး ပြေးလာတော့သည်။

''အောင်မာ ... မင်းကလား''

'ဒိုင်း'

သည်တစ်ခါတော့ စောမင်း၏သေနတ်ကျည်က သက္က၏ ဝဲဘက်ပေါင်သားကို ဖောက်ထွက်သွားရာ သက္ကမှာ မြေပြင်ပေါ်သို့ ခွေခနဲ လဲကျသွားတော့၏။

''အား''

သို့တိုင် စောမင်းအပေါ် အခဲမကြေဖြစ်လျက်ရှိသော သက္ကမှာ လဲကျနေရာမှ လူးလဲထရန် ကြိုးစားသော်လည်း သေနတ်မှန်သည့် ခြေတစ်ဖက်ကို ကောင်းစွာမထောက်နိုင်ဖြစ်ကာ မြေကြီးပေါ် ပြန်လည်ခွေကျသွားရပြန်သည်။

''ဟား ဟား ဟား ... ဖားတုလို့ခုန်ရင် အိုင်ပျက်ရုံရှိမှာပေါ့ သက္ကရဲ့၊ ဒီမှာဟေ့ကောင် ... ဒီတစ်ခါ ငါ့ကို ရန်ပြုဖို့ ကြိုးစားရင် မင်းရော ဟောဒီ မင်းရဲ့သားပါ ယောယုဝကို သွားရမယ် မှတ်၊ ငါ ညှာနေလို့ အကောင်းမမှတ်နဲ့''

စောမင်းမှာ ပြောရင်း ဒေါသထွက်လာကာ ...

"တွေ့လား ဟော့ကောင် ... မင်းရဲ့သားကို မင်းရဲ့ရှေ့မှာ အရှင်သတ်ပြလိုက်မယ်"

စောမင်းက ပြောပြောဆိုဆိုဖြင့် ဖိုးဖီးကွက်လေး၏နဖူးကို သေနတ်ပြောင်းဝနှင့် တေ့လိုက်တော့၏။

"အို ... ကို ... ကိုစောမင်း ... သား ... သားလေး ဖိုးဖီးကွက်ကိုတော့ မလုပ်ပါနဲ့ရှင်"

"အေး ... နင့်သား တစ်ခုခု မဖြစ်စေချင်ရင် နင့်လင်ကြီးကို ငြိမ်ငြိမ်နေခိုင်းလိုက်၊ ငါ စိတ်ရိုင်းပိုဝင်လာရင် သူတို့သားအဖနှစ်ယောက်စလုံး မသာပေါ်ကုန်မယ် ... ဟင်း"

စောမင်းက ဒေါသတကြီးဖြင့် တရှူးရှူး တရှဲရှဲ ဖြစ်လျက်ရှိရာ သက္ကလည်း မလှုပ်ဝံ့တော့ချေ။

သူက သူ့အသက်အတွက် မစိုးရွံ့သော်လည်း လူမမယ်သားလေး ရက်ရက်စက်စက် အသတ်ခံရမည်စိုးသောကြောင့် ငြိမ်နေလိုက်ရကာ သူ၏ပေါင်နှင့်နားရွက်မှ ဒဏ်ရာများကိုသာ လက်တစ်ဖက်စီဖြင့် အုပ်ရင်း အံကိုတင်းတင်းကြိတ်နေရလေ၏။

"ကဲ ... လာ အချစ်ကလေး"

စောမင်းက ယဉ်မွန်ကို အိမ်ကလေးအတွင်းသို့ အတင်းဆွဲခေါ်လိုက်တော့သည်။

"ယဉ် ... ယဉ်မွန်"

"အစ် ... အစ်ကိုရေ ကယ်ပါဦး"





ဖနီးဖြစ်သူအား တုန်တုန်ခိုက်ခိုက် လှမ်းခေါ်နေသည့် သက္ကကိုရော ဖိုးဖီးကွက်ကိုပါ ငမန်းတို့လူစုက အိမ်ကလေးနှင့် ဝေးရာသို့ တရွတ်တိုက် ဆွဲခေါ်သွားကြတော့၏။

"ယဉ် ... ယဉ်မွန်"

"မေမေ ... မေ ... မေ"

မယဉ်မွန်ကား ငရဲခန်းသို့ ကျရောက်ရသည့်နှယ် ...

"အို ... လွှတ် ... လွှတ် ... ရှင် မယုတ်မာနဲ့"

"ဟီး ဟီး ဟီး ... ယုတ်မာတာမဟုတ်ပါဘူး ... ချစ်တာပါကွယ် ယဉ်မွန်လေးရယ်၊ ဟီး ဟီး ... မင်းလေးကို ဒီလိုမျိုး ချစ်ရဖို့ ကျုပ် နှစ်နဲ့ချီပြီး အခွင့်ကောင်းစောင့်ခဲ့ရတာ ... သိရဲ့လား ... ဟီး ဟီး ဟီး"

"အို ... လွှတ် လွှတ် ... လူယုတ်မာ လူယုတ်မာ၊ အစ်ကိုရေ ကယ်ပါဦး ... ဟင့် ဟင့်"

ချစ်ဇနီးသည်၏ အော်ဟစ်ငိုရှိုက်သံကို ရင်နင့်ကြေကွဲစွာ ကြားနေရရာမှ ထိုအသံလေးတို့နှင့် တဖြည်းဖြည်း ဝေး၍ဝေးကာ သွားရချေပြီတည်း။

❀

သက္ကတို့သားအဖမှာ လွန်စွာ ရေစီးသန်လှသော သံလွင်

မြစ်ကြောင်းအတိုင်း ဝါးဖောင်ပေါ်တင်ကာ မျှောချလိုက်ခြင်း ခံရတော့သည်။

ဖောင်ပေါ်တွင် ထိုးဝါးမပါသဖြင့် ကမ်းကပ်၍မရ၊ ဒဏ်ရာများကြောင့် အားအင်ဆုတ်ယုတ်နေသဖြင့် ကမ်းသို့ လက်ပစ်ကူးဖို့ရာလည်း မဖြစ်နိုင်။ ယင်းသို့ ကူးခတ်နိုင်သည့်တိုင် လူမမယ် သားငယ်လေးအား ဖောင်ပေါ် တစ်ဦးတည်း တင်လွှတ်လိုက်ဖို့ရာလည်း စိတ်ပင်မကူးရဲ။

သည်တော့ သက္ကမှာ မြစ်ရေစီးအတိုင်း လူးလူးလိမ့်လိမ့် မျောပါနေသည့်ဖောင်ပေါ်တွင် သားငယ်လေးကို ထွေးပွေ့လျက် ကြေကွဲဆို့နစ်စွာ လိုက်ပါရင်း ...

သူတို့မိသားစုလေး ပျော်ရွှင်ချမ်းမြေ့စွာ သုံးနှစ်သုံးမိုး နေထိုင်ခဲ့ရာ သစ်လုံးအိမ်ကလေးဆီ မျက်ရည်များကြားမှ လှမ်းမျှော်ကြည့်လိုက်ရာ အိမ်ကလေးမှာ မီးဟုန်းဟုန်းတောက်လောင်လျက် ရှိသည်ကို တွေ့ရလေ၏။

"အို ... အိမ်လေးကို သူတို့ မီးတင်ရှို့လိုက်ကြပါလား။ ယဉ်မွန် ... ယဉ်မွန်တစ်ယောက် ဘေးမှကင်းပါ့မလား"

"ယဉ် ... ယဉ်မွန်ရယ် ... အစ်ကိုတို့ရဲ့ကမ္ဘာလေး ပျက်ရပြီပေါ့၊ အစ်ကို့ရဲ့အသည်း ကွဲရပါပြီ ယဉ်မွန်ရယ်"

❀





"အဲဒီနောက် အဖေတို့သားအဖဟာ ကမမောင်းအရောက်မှာ မော်တော်တစ်စီးကို ပြောင်းစီးပြီး မော်လမြိုင်အထိ ခုန်ဆင်းခဲ့တယ် သား ...၊

အဲဒီအချိန်မှာ ဂျပန်ဖက်ဆစ်တော်လှန်ရေး စစ်ပွဲကြီးလည်း ပြီးသွားလို့ မြို့ရွာအတော်အတန် ငြိမ်းချမ်းသွားပြီလေ၊ မျက်နှာဖြူအရာရှိတွေလည်း ပြန်ရောက်တဲ့သူ ရောက်လာပြီး အုပ်ချုပ်ရေးယန္တရား ပြန်စပြီဆိုပါတော့ ...၊

မော်လမြိုင်မှာ အဖေဟာ သုံးနှစ်လောက်နေပြီး မော်ဝိုင်ကို ပြန်သွားချင်ပေမယ့် သားလေးကလည်း လူမမယ်အရွယ်မို့ သားကို သူစိမ်းတွေလက်ထဲ အပ်နှံထားပြီး သွားလို့လည်းမဖြစ်, သားကိုခေါ်သွားဖို့လည်း မဖြစ်နိုင်နဲ့မို့ မော်ဝိုင်ကို ပြန်သွားဖို့ကိစ္စ အဖေလက်လျှော့လိုက်ရတယ် ...၊


အဲဒီနောက် အဖေ့အလုပ်လုပ်နေတဲ့ သစ်စက်ပိုင်ရှင်က ရန်ကုန်ပြောင်းပြီး အထပ်သားစက်ရုံ တည်ဆောက်ဖို့ စီစဉ်တော့ အဖေ့ကို အလုပ်ရှင်ခေါ်တာနဲ့ သားနဲ့အတူ ရန်ကုန်ကို လိုက်သွားခဲ့တယ်၊ အဲဒီလိုနဲ့ ရန်ကုန်မှာ အခြေချနေထိုင်ခဲ့ရတော့တာပါပဲကွယ်၊ သားရဲ့ငယ်နာမည်က ဖိုးဖီးကွက်၊ ရန်ကုန်ရောက်မှ အဖေက လူရဲလို့ နာမည်ပေးခဲ့တာပါ ...၊

ငါ့သားကိုတော့ အသက်ငယ်ရွယ်ချိန်မှာ စိတ်မကောင်းဖြစ်ပြီး အားငယ်သွားမှာစိုးလို့ အဖေ အဲဒီအကြောင်းတွေ မပြောခဲ့တာပါကွယ်၊ ခု . . . ခုတော့ အဖေ့ရောဂါကလည်း ကျွမ်းနေပြီမို့ အဖေမသေခင် ငါ့သားလေး သိသင့်သိထိုက်တာ ပြောခဲ့မှ ဖြစ်မယ်ဆိုပြီး ခုလို ပြောပြရတာပါပဲကွယ်''

ဟု ဖခင်ကြီးဦးသက္ကသည် မကွယ်လွန်မီ ရက်ပိုင်းအလိုက လူရဲကို ပြောပြသွားခဲ့လေ၏။

❀ ❀ ❀





## ချစ်သူ့နှစ်ဦးကို ကယ်တင်ခြင်း

လူရဲသည် ရထားခရီးစဉ်တစ်လျှောက်လုံး မှေးခနဲ အိပ်ပျော်သွားလိုက်၊ အတိတ်ဖြစ်ရပ်များကို စဉ်းစားလိုက်ဖြင့် လိုက်ပါလာခဲ့ရာ နေ့လယ်အချိန်ဝယ် နှင်းပုလဲဘူတာသို့ ရောက်ရှိရာ ရထားပေါ်မှ ဆင်းသက်ခဲ့လေ၏။

နှင်းပုလဲမှနေ၍ မြင်းလှည်းငှားကာ ဘီးလင်းမြို့သို့ လာခဲ့ပြီး ဘိုးဖြူစင် ညွှန်ပြခဲ့သည့်အတိုင်း ဘီးလင်းချောင်းစပ်သို့ လျှောက်ခဲ့လျက် ဆရာကြီးသူတော်မျက်ရှင်ကို စုံစမ်းရှာဖွေခဲ့လေ၏။

''ဆရာကြီးသူတော်မျက်ရှင်ဟာ ကျုပ်တို့ဘီးလင်းကနာမည်ကျော် သိုင်းဆရာကြီးပဲ ငါ့ညီရဲ့၊ သူ့ရဲ့အိမ်ဆို မသိသူ

မရှိဘူး။ ဟောဟိုက ဆီးခြုံတွေရဲ့အစွန်မှာ သူ့ရဲ့အိမ်ရှိတယ်"

ဘီးလင်းသားတစ်ဦး၏ ညွှန်ပြမှုဖြင့် ဆရာကြီး သူတော်မျက်ရှင်၏အိမ်သို့ လူရဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားတော့၏။

ဆရာကြီး သူတော်မျက်ရှင်က ဘိုးဖြူစင်ပေးလိုက်သည့် စာကိုဖတ်ပြီးနောက် လူရဲကို စေ့စေ့ကြည့်ကာ ...

"အင်း ... မင်းကို သုံးနှစ်အတွင်း ကြံ့ခိုင်ပြီး တိုက်ခိုက်မှုစွမ်းရည် ထက်မြက်ပြည့်ဝတဲ့ ယောကျ်ားကောင်းတစ်ယောက်ဖြစ်အောင် ကျုပ်က မြူစုပျိုးထောင် သင်ကြားလေ့ကျင့်ပေးရမယ်လို့ ကျုပ်ရဲ့အစ်ကိုက မှာကြားလိုက်ပါလားကွယ့်"

"ဟုတ်ပါတယ် ဆရာကြီး"

"အိမ်း ... လောကမှာ ဘယ်အရာမဆို လိုချင်ရင် ရတယ်ကွယ့်၊ ဘယ်အတတ်ပညာမဆို သင်ချင်ရင် တတ်တယ်ကွယ့်၊ ကိုယ်ကိုယ်တိုင်က လိုချင်စိတ်အပြည့်နဲ့ ကြိုးစားလေ့ကျင့်ဖို့ပဲ လိုတယ်မောင်လူရဲ"

"ဟုတ်ကဲ့ ဆရာကြီး"

"မောင်လူရဲဘက်က ကျုပ်ရဲ့ညွှန်ကြားပြသမှုကို အတိအကျ လိုက်နာသင်ယူဖို့တော့ လိုတယ်ကွယ့် ... ဘယ့်နှယ်လဲ သင်ယူနိုင်ပါ့မလား"

"ကျွန်တော် ကြိုးစားပါ့မယ် ဆရာကြီး"





"ကောင်းပြီ ... ဒါဆို မနက်ဖြန်မနက်ကစပြီး သင်ကြားမယ်"

"ဟုတ်ကဲ့ ဆရာကြီး"

သို့ဖြင့် နောက်တစ်နေ့နံနက်မှစတင်ကာ လူရဲမှာ ဆရာကြီး သူတော်မျက်ရှင်ထံမှ ကိုယ်ရန်ကာပညာရပ်များကို စတင်သင်ကြားရတော့၏။

❀

လူရဲသည် ဆရာကြီးသူတော်မျက်ရှင်ထံမှ လက်နက်မဲ့ တိုက်ခိုက်သည့် ဗန်တိုပညာရပ်ကိုလည်းကောင်း၊ တုတ် ဓားလှံ စသည့်လက်နက်များဖြင့် တိုက်ခိုက်ရသည့် ဗန်ရှည်ပညာရပ်များကိုလည်းကောင်း နေ့စဉ်နေ့တိုင်း ကျားကုတ်ကျားခဲ သင်ယူရသလို ခန္ဓာကိုယ်ကြံ့ခိုင်ရေးအတွက်လည်း ပင်ပန်းခြင်းကြီးစွာ လေ့ကျင့်ရလေ၏။

လူရဲမှာ ရပ်ဝေးမှ လာရောက်သင်ကြားသည့် သင်တန်းသားအချို့နှင့်အတူ ဆရာကြီးသူတော်မျက်ရှင်၏ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးအောက်ထပ်တွင် နေထိုင်ရပြီး ဆရာကြီးကမူ အိမ်ပေါ်ထပ်တွင် နေထိုင်လေ၏။

ဆရာကြီးသူတော်မျက်ရှင်သည်လည်း သူ၏အစ်ကို

ဘိုးဖြူစင်ကဲ့သို့ပင် အိမ်ရာတည်ထောင်ခြင်း မပြုခဲ့သူဖြစ်ရာ အိမ်ပေါ်ထပ်တွင် သူတစ်ဦးတည်း နေထိုင်လေ၏။

လူရဲတို့ ကျောင်းအိပ်ကျောင်းစား သင်တန်းသားတို့မှာ ဆရာကြီး၏ ဆီးခြံလုပ်ငန်း၌ ဝိုင်းကူလုပ်ကိုင်ပေးရသလို ဆရာကြီး၏ ဝေယျာဝစ္စနှင့် ချက်ရေးပြုတ်ရေးကိုလည်း အလှည့်ကျစနစ်ဖြင့် တာဝန်ယူလုပ်ကိုင်ရလေ၏။

ထိုသို့လျှင် ဘီးလင်းချောင်းနံဘေးတွင် ကျင်လည်ရင်း လူရဲမှာ ဆရာကြီးသူတော်မျက်ရှင်ထံမှ မြန်မာ့သိုင်းပညာရပ်များကို သုံးနှစ်သုံးမိုး ထဲထဲဝင်ဝင် သင်ယူဆည်းပူးခွင့် ရခဲ့ပါတော့သတည်း။

❀

ကိုယ်ခန္ဓာ ကြံ့ခိုင်ရေးနှင့် ကိုယ်ရန်ကာပညာများ သင်ကြားပေးရာတွင် ဆရာကြီးသူတော်မျက်ရှင်မှာ သင်တန်းသားများအပေါ် ညှာတာလျှော့ပေါ့ခြင်း လုံးဝမရှိဘဲ ပြင်းထန်စွာ သင်ကြားပေးလေ့ရှိသဖြင့် လူရဲ၏ သင်တန်းတက်ရသည့် ကာလမှာ တိုတောင်းသော်လည်း လွန်စွာ ကြမ်းတမ်းလှပေသည်။

သို့သော် ယင်းသို့ ကြမ်းတမ်းထိရောက်စွာ သင်ကြားပေးမှုကြောင့်လည်း လူရဲလေးမှာ အချိန်တိုအတွင်း ကြံ့ခိုင်မှုရရှိလာ





သလို ကိုယ်ရန်ကာပညာရပ်များကို ကျွမ်းကျင်ပိုင်နိုင်လာခဲ့လေသည်။ ဆရာကြီးသူတော်မျက်ရှင်ကလည်း လူရဲကို သီးသန့်ခေါ်ပေးပြီး အထူးသင်ကြားပေးလေ၏။

ယင်းသို့ဖြင့် လူရဲသည် ဆရာကြီးသူတော်မျက်ရှင်ထံတွင် နှစ်နှစ်တိတိ ပညာသင်ကြားပြီးနောက် အသက်ကလည်း (၁၀) နှစ်တင်းတင်းပြည့်ခဲ့ပြီးဖြစ်ကာ ကိုယ်ရန်ကာပညာများနှင့် သေနတ်ပစ်၊ မြင်းစီးပညာရပ်များကိုပါ ကျွမ်းကျင်စွာ တတ်မြောက်ခဲ့ပြီ ဖြစ်ပါ၏။

ခန္ဓာကိုယ်မှာလည်း ထွားကျိုင်းကာ ကြံ့ခိုင်တောင့်တင်းလာခဲ့ပြီဖြစ်ရာ ဘီးလင်းသို့ရောက်စကလို ဖြူဖြူနွဲ့နွဲ့လေး မဟုတ်တော့ချေ။

သို့ဖြင့် နှစ်နှစ်ဆိုသောကာလ ပြည့်မြောက်ပြီးချိန်တွင် လူရဲသည် ဆရာကြီးသူတော်မျက်ရှင်ထံ ခွင့်ပန်ကာ မော်ပိုင်ဒေသသို့ ခရီးနှင်ရန် ဆိုင်းပြင်ရတော့၏။

''ငါ့တပည့် လမ်းခရီးအတွက်သုံးဖို့ ယူထားဦးကွယ့်. . . ရော့''

ဆရာကြီးသူတော်မျက်ရှင်က သူ၏ဆီးခြံများတွင် လုပ်အားအပြည့်ပေးခဲ့သူ လူရဲအား အသုံးစရိတ်ငွေ ထုတ်ပေးပြီးနောက် ဆောင်ရန်ရှောင်ရန်များကိုပါ အချိန်အတော်ကြာ ညွှန်ကြား ဆုံးမပြောဆိုခြင်း ပြုလေ၏။

ထို့နောက် လူရဲက ဆရာကြီးသူတော်မျက်ရှင်အား ရှိခိုး ကန်တော့ နှုတ်ဆက်ကာ ဘီးလင်းမှ ထွက်ခွာခဲ့တော့သည်။

လူရဲသည် ရန်ကုန်–မုတ္တမ စာပို့ရထားကြီးဖြင့် နှင်းပုလဲ ဘူတာမှ စီးနင်းလိုက်ပါလာပြီးနောက် မုတ္တမသို့ အရောက်ဝယ် ရောဝတီကုမ္ပဏီပိုင် ကူးတို့သင်္ဘောဖြင့် မော်လမြိုင်ဘက်ကမ်းသို့ ကူးခဲ့ပြီး မော်လမြိုင်မှတစ်ဆင့် သံလွင်မြစ်ကို ကူးတို့မော်တော် ဖြင့် ဆန်တက်လာခဲ့တော့၏။

ရေလမ်းကြောင်းအတိုင်း ဘားအံ၊ ရွှေဂွန်း၊ ကမမောင်း တို့ကို ကျော်ဖြတ်ခဲ့ပြီးနောက် ယွန်းစလင်းမြစ်အတိုင်း လာခဲ့ရာ ဖာပွန်သို့အရောက်ဝယ် မော်ပိုင်သို့ ခရီးဆက်ရန် မော်တော်သမား တို့ကို မေးမြန်းစုံစမ်းကြည့်ရာ . . .

"ဒီဖာပွန်ကနေ မော်ပိုင်အထိ မြင်းနဲ့သွားရင်တောင် လေးငါးရက်လောက် ကြာမယ် ညီလေး၊ ခြေလျင်သွားရင်တော့ ဆယ်ရက်ကျော်ကျော်လောက် ကြာမယ်၊ လမ်းမှာတော့ ရွာတွေ ရှိတာပေါ့၊ ဒီကနေ အထက်ဘက်ကို ရေစီးကြမ်းလို့ ဘယ် မော်တော်မှ မထွက်ဘူးကွယ့်"

"ဟုတ်ကဲ့ . . . ကျွန်တော် ခြေလျင်ပဲ သွားမှာပါ"

သို့ဖြင့် လူရဲမှာ ဖာပွန်မှနေ၍ ခြေလျင်ခရီး ဆက်ခဲ့ရ တော့၏။





လူရဲသည် လမ်းခရီး၌ တွေ့ရသည့်ရွာများမှ ရွာသူရွာ သားတို့အား မေးမြန်းကာ မော်ပိုင်သို့ ဦးတည်ခရီးနှင်ခဲ့သည်မှာ ဆယ်ရက်နီးပါးခန့် ကြာသည့်၌ တောင်ခြေရွာလေးတစ်ရွာအနီး ရောက်ရှိလာတော့၏။

မှောင်ရိပ်သန်းလာပြီဖြစ်သဖြင့် သူသည် ရွာထဲသို့မဝင် မိ ရွာနှင့်ခပ်လှမ်းလှမ်း၌ တွေ့ရသော ဇရပ်အိုတွင် နားနေအိပ် စက်ရန် ဆုံးဖြတ်လိုက်လေ၏။

သုံးရက်လ ခုံးမျက်စ ဆိုသလိုပင် မျက်ခုံးသဏ္ဍာန် လခြမ်းကွေးကွေးလေးမှာ နက်မှောင်သောကောင်းကင်ယံထဲဝယ် မှိန်ဖျော့ဖျော့သာ လင်းလက်နေသဖြင့် ဇရပ်ဝန်းကျင်၌ လရောင် မှုန်ဝါးဝါးသာ ဖြာကျလျက် ရှိလေသည်။

ဆောင်းဦးလေပြည်ကမူ တသုန်သုန်တိုက်ခတ်လျက် ရှိရာ လေပြည်ထဲ၌ မျောလွင့်ပါလာသည့် ညမွှေးပန်း၏ရနံ့ကို ရှူရှိုက်ရင်း ဇရပ်တိုင်တစ်တိုင်အား မှီထိုင်ကာ ငိုက်မျဉ်းနေစဉ် မှာပင် ပြေးလွှားလာသည့် ခြေသံအချို့ကို ကြားလိုက်ရရာ လူရဲ ခေါင်းထောင်ကြည့်မိတော့၏။

ခြေသံမှာ ကိုင်းညွတ်နေသည့် ကောက်နှံပင်တို့နှင့် ကိုင်း မြက်တောအကြားရှိ လှည်းလမ်းကြောင်းဘက်မှ ကြားရခြင်း ဖြစ်သဖြင့် နားစွင့်ကာ စူးစိုက်ကြည့်လိုက်စဉ် လုလင်ပျိုတစ်ဦး နှင့် လုံမပျိုတစ်ဦးတို့ တစ်ဦးလက်ကိုတစ်ဦးဆွဲကာ သုတ်ခြေတင်

မြေပြေးလွှားလာနေသည်ကို တွေ့လိုက်ရတော့သည်။

"သူတို့ကိုကြည့်ရတာ စိတ်အေးလက်အေး ပြေးလာကြပုံ မပေါ်ဘူး။ နောက်က အန္တရာယ်တစ်ခုခုလိုက်လာလို့ အူယားဖားယား ပြေးလာကြပုံပဲ"

မှုန်ဝါးဝါးလရောင်အောက်မှ စုံတွဲကို လူရဲ ငေးကြည့်နေစဉ်မှာပင် နောက်ထပ်ခြေသံများ ကြားရပြီး မီးတုတ်မီးရောင်များနှင့်အတူ ဓား၊ လှံကိုင်လူတစ်စု အော်ဟစ်ပြေးလိုက်လာသည်ကို တွေ့ရလေ၏။

"ဟော့ ... စောဝေသာနဲ့ ခင်နန်းရီ ... မပြေးနဲ့"

မပြေးနဲ့ဟု အော်ဟစ်သံများ ထွက်ပေါ်လာမှ လုလင်ပျိုနှင့် လုံမပျိုတို့က တစ်ဦးလက်ကို တစ်ဦးဆွဲကာ ခြေကုန်ပြေးရာ ဝိန်းကလေးမှာ မြေကမူတစ်ခုကို ခလုတ်တိုက်ပြီး ဝမ်းလျားထိုးပစ်လဲတော့၏။

"အောင်မယ်လေး"

'ဘိုင်း'

"ဟာ ... နန်းရီ နန်းရီ ... ထ ထ"

ကောင်လေးက ကောင်မလေးကို အတင်းဆွဲထူနေစဉ်မှာပင် နောက်မှ ပြေးလိုက်လာသူတို့က မီလာပြီး ဝိုင်းထားလိုက်ကြတော့သည်။

"ဟား ဟား ဟား ... ပြေးလို့လွတ်သေးရဲ့လား ...





ကဲကွာ"

'ခွပ်'

"အား"

ဝိုင်းလိုက်လာသူတို့က လုလင်ပျိုအား လက်သီးဖြင့်ထိုးသူထိုး၊ ဓားနှောင့်ဖြင့် ထုသူထု၊ ခြေဖြင့်ကန်သူကန်ကာ ရက်ရက်စက်စက် ဝိုင်းဝန်းထုထောင်း ရိုက်နှက်ကြတော့၏။

"အို ... ကိုဝေ့ကို မလုပ်ပါနဲ့ ... မလုပ်ပါနဲ့"

"ဟား ဟား ဟား ... လုပ်ရုံတင်မကဘူး၊ နင့်ရဲ့ရည်းစားကောင်ကို သတ်ကိုပစ်မှာ ... သိလား နန်းရီ၊ ငါက နင့်ကို ချစ်မြတ်နိုးလို့ နင်နဲ့လက်ထပ်ဖို့ နတ်ဆရာကတစ်ဆင့် နင့်မိဘတွေကို ပြောထားပြီးသား၊ ဒါကို နင်က နင့်အကောင်နဲ့ လိုက်ပြေးဖို့ ကြိုးစားတယ်ဆိုတော့ နင့်အကောင်ကို သတ်ပစ်မှအေးတော့ မယ်"

"စောဒိုး ... နင် ... နင် ဒီလိုမလုပ်ပါနဲ့ဟာ၊ ငါတို့ရဲ့ ချစ်ခြင်းကိုလည်း မခွဲပါနဲ့ဟယ်"

"ဟား ဟား ဟား ... နင်တို့ရဲ့ ချစ်ခြင်းကို မခွဲပါဘူး၊ နင့်ရည်းစားကောင်ကို သတ်ရုံသတ်မှာပါဟ ... ဟား ဟား ဟား"

စောဒိုးဆိုသူက ဟားတိုက်ရယ်မောရင်းမှ ခြောက်လုံးပြူးသေနတ်ပြောင်းဝကို စောဝေသာ၏နဖူးတွင် တေ့လိုက်တော့

၏။

"အို ... စောဒိုး ... မလုပ် ... မလုပ်ပါနဲ့"

မြင်ကွင်းက မြင်မကောင်းတော့။

ဇရပ်ပေါ်မှ ဇရပ်တိုင်ကိုကွယ်ကာ မှောင်ရိပ်ခိုရင်း စောင့်ကြည့်လျက်ရှိသည့် လူရဲမှာ သူ၏ မိခင် ဖခင်တို့ လွန်ခဲ့သော ဆယ့်ငါးနှစ်ခန့်က မော်ပိုင်၌ဖြစ်ပျက်ခဲ့သည့် ဖြစ်ရပ်ဆိုးကို ပြန်လည်သတိရလျက်ရှိတော့၏။

"အင်း ... ငါ့အဖေနဲ့အမေတို့ ဖနီးမောင်နှံကိုလည်း ဒီလိုပဲ လူဆိုးတွေက အနိုင်ကျင့်ပြီး ချစ်ကြသူချင်း ရှင်ကွဲကွဲအောင် လုပ်ခဲ့ကြတယ်၊ ခုလည်း ချစ်သူမောင်နှံကို လူဆိုးကောင်တွေက လက်နက်အားကိုး၊ အုပ်စုအားကိုးနဲ့ အနိုင်ကျင့်နေကြပါလား၊ သိပ်မုန်းတယ်၊ အဲဒီလို အနိုင်ကျင့်တဲ့ကောင်တွေကို ငါသိပ်မုန်းတယ်၊ တွေ့ကြသေးတာပေါ့ကွာ"

အနိုင်ကျင့်မှုကို မကြည့်ရက်တော့သည့် လူရဲမှာ ဝရန်တာကို ကျော်ပြီး ဇရပ်ပေါ်မှ ခုန်ချလိုက်တော့၏။

လရောင်မှုန်ဝါးဝါးအောက်တွင် မိုးပေါ်မှကျသလို ရုတ်တရက် ရောက်ရှိလာသည့် လူရဲအား စောဒိုးတို့လူစု ကြောင်ကြည့်နေရာမှ စောဒိုးက လူရဲဘက်သို့ သေနတ်လှည့်ချိန်လိုက်တော့၏။

"ဟော့ ... ဟော့ကောင် ... မင်း ... မင်း ဘယ်သူလဲ"





"ငါ့နာမည် လူရဲ"

"ဒီနေရာမှာ ငါတို့ကိစ္စ ရှိနေတယ်၊ မင်း ဒီနေရာက ခုချက်ချင်း ထွက်သွားစမ်း"

"မင်းတို့ရဲ့အနိုင်ကျင့်မှုကို ဖယ်ရှားပြီးမှ ငါထွက်သွားနိုင်မယ်"

"ဘာ"

စောဒိုးမှာ ဒေါသဖြစ်သွားပြီး သေနတ်မောင်းခလုတ်ကို လက်မဖြင့် တင်လိုက်စဉ်မှာပင် ...

'ဂုစ်'

လူရဲ၏လက်ထဲမှ ဓားမြှောင်ငယ်လေးက လေကိုခွင်းသွားပြီး စောဒိုး၏သေနတ်ကိုင်လက်ကို ပြေးစိုက်တော့၏။

'ဒုတ်'

"အား"

လက်ထဲမှ သေနတ်လွတ်ကျသွားသည့် စောဒိုးက လက်ယာလက်ခုံ၌ စိုက်ဝင်နေသော ဓားမြှောင်အား လက်ဝဲလက်ဖြင့် ဆွဲနှုတ်နေစဉ် စောဒိုး၏ လူနှစ်ယောက်က လူရဲကို ဓားရှည်များဖြင့် နှစ်ဖက်ညှပ်ကာ ဝိုင်းခုတ်လိုက်ကြလေသည်။

"ကဲကွာ ... သေစမ်း"

"မဆိုင်ဘဲ ဝင်ရှုပ်တဲ့ကောင် ... သေစမ်းကွာ ... ကဲ"

'ဂုစ်'

'ဝှစ်'

'ဖောင်း'

လူရဲ လှပစွာ နောက်ဆုတ်ခုန်ရှောင်လိုက်ပြီး လက်ယာဘက်မှ ဓားသမားအား ခြေကန်ချက်ဖြင့် တုံ့ပြန်လိုက်တော့၏။ ထို့နောက် ဝဲဘက်မှ ဝိုက်ခုတ်လိုက်သည့် ဓားချက်အား ငုံ့ရှောင်ရင်း အတွင်းသို့ ညာခြေတစ်လှမ်းဝင်ကာ ရန်သူ၏ ဓားကိုင်လက်ကို လက်နှစ်ဖက်ဖြင့် ဖမ်းဆုပ်ကိုင်လိုက်ပြီး ထိုသူ၏ဆီးခုံကို လက်ဝဲဒူးဖြင့်ပင် တိုက်ထည့်လိုက်တော့၏။

'ဒုတ်'

''အား''

ရန်သူ၏ လွှတ်ကျသွားသော ဓားကို ကောက်ယူလိုက်ပြီးနောက် သူ့ဆီပြေးဝင်လာကြသည့် လှံသမားနှစ်ဦး၏ လှံချက်တို့ကို သွက်လက်စွာ ခုခံကာ စလွယ်သိုင်း ခုတ်ချလိုက်လေ၏။

'ရွှပ်'

'ရွှပ်'

''အား''

''အီး''

ထိုရန်သူနှစ်ဦးစလုံး ပုံလျက်သား လဲကျသွားရာ ကျန်ရန်သူနှစ်ဦးမှာ လန့်ဖျပ်သွားကြပြီး လရောင်လှဲ့လှဲ့အောက်တွင် လူရဲ၏ဓားသွား လက်ခနဲဖြစ်သွားသည်နှင့် နောက်သို့ ကြောက်





အားလန့်အား ခုန်ဆုတ်လိုက်လျက် ချာခနဲလှည့်ပြေးကြတော့သည်။

စောဒိုးလည်း သူ၏သေနတ်ကိုပင် မကောက်အားဘဲ သူ့လူများနောက်မှ ဒယီးဒယိုင်ဖြင့် ပြေးလိုက်သွားတော့၏။

''ကျေး ...ကျေးဇူးတင်လိုက်တာဗျာ''

''ဟုတ် ...ဟုတ်ပါတယ်ရှင်၊ နန်းရီ သိပ်ကို ကျေးဇူးတင်ပါတယ်ရှင်''

ချစ်သူနှစ်ဦးက လူရဲကို လှိုက်လှဲစွာ ကျေးဇူးတင်စကားဆိုသည်။

''ကဲ ကဲ ...ကျေးဇူးအထူးတင်စရာ မလိုပါဘူးလေ၊ အဲဒီလူတွေရဲ့လက်ကနေ မင်းတို့လွတ်ဖို့ပဲ အရေးကြီးတယ်၊ ဒီတော့ ဒီနေရာကနေ အဝေးဆုံးကို အမြန်ဆုံးသွားကြပေတော့''

''ဟုတ် ...ဟုတ်ကဲ့''

''ဟုတ်ကဲ့ပါရှင်''

ခဏအတွင်းမှာပင် ချစ်သူနှစ်ဦးမှာ လူရဲအား နှုတ်ဆက်ပြီး ထိုနေရာမှ အဝေးသို့ထွက်ခွာသွားသလို လူရဲသည်လည်း ယင်းရွာအနီး၌ နေရန်မဖြစ်တော့သဖြင့် ညဥ့်အမှောင်ထဲမှာပင် ခရီးဆက်ထွက်ခဲ့ရပါတော့သတည်း။

❀ ❀ ❀

## မာယာညွှတ်ကွင်း

လူရဲမှာ ခရီးလမ်းပန်း ကျွမ်းသူမဟုတ်သဖြင့် ကွေ့ကွေ့
ကောက်ကောက် လမ်းဖုံဖုံအတိုင်း လရောင်လှဲ့လှဲ့ကိုအားပြု
ခရီးဆက်ထွက်ခဲ့ရာ ကိုင်းတောများရှိသည့် ဖုန်းဆိုးမြေပြင်
ညဉ့်ဝက်နီးပါးခန့် ဖြတ်သန်းလာခဲ့ရလေ၏။

သူသည် ယင်းသို့ ဖုန်းဆိုးမြေထဲ ဖြတ်သန်းလျက်ရှိ
နားထဲ၌ မြင်းခွာသံသဲ့သဲ့လိုလို ကြားရသဖြင့် လမ်းလျှောက်ခြ
ကို ရပ်တန့်ပြီး ရှေ့နောက်ဝဲယာသို့ လှည့်ပတ်ကြည့်သော်လည်
မည်သည့်အရိပ်အယောင်မျှ မတွေ့ရဘဲ မြင်းခွာသံကိုပါ မကြ
ရတော့ချေ။

"အင်း ... မြင်းခွာသံဟာ ဟိုးဘက်တောင်ကြော





ဘက်က လေသင့်လို့ ဒီဘက်ကို လေနဲ့လွင့်ပါလာပြီး ခပ်သဲ့သဲ့
ကြားရတာပဲဖြစ်မယ်"

မည်သို့ဖြစ်စေ သူ ဖုန်းဆိုးမြေထဲ လျှောက်လာစဉ်
မြင်းခွာသံသဲ့သဲ့ကို မကြာခဏ ကြားနေရသည်မှာ ထူးခြားသလို
င်း။ သို့သော် ယင်းမြင်းခွာသံမှာ တရွေ့ရွေ့ဝေးကာ ခဏ
အကြာတွင် လုံးဝပျောက်ကွယ်သွားတတ်၏။

လူရဲမှာ လျှောက်ရင်း အိပ်ငိုက်လာသလို ဗိုက်ကလည်း
ာလာလေ၏။

"ဟူး ... အိမ်တောင်အိပ်ချင်လာပြီ၊ နားခိုစရာ ဇရပ်
ို့ ဘုန်းတော်ကြီးကျောင်းတို့လည်း မတွေ့ရပါလား"

သို့သော် သူသည် ဖွဲကြီးသူပီပီ လမ်းဖုံဖုံလေးအတိုင်း
ဆက်လျှောက်လာခဲ့ရာ မမျှော်လင့်ဘဲ မြစ်ကမ်းခြေတစ်ခုသို့
ရောက်ရှိသွားကာ ကမ်းခြေ၌ တဲအိမ်ငယ်တစ်ခုကို တွေ့ရပြီး
င်းတဲအိမ်လေးထဲမှ မီးရောင်လှဲ့လှဲ့ကိုပါ တွေ့ရသဖြင့် အား
က်သွားတော့၏။

"ဟော ... ရှေ့မှာတဲအိမ်လေးပါလား၊ ငါ့အတွက် ဒီည
ို့ တည်းခိုစရာတော့ တွေ့ပြီ၊ အစားအသောက်လေးပါရရင်
ောင်းမှာပဲ"

သူက ဆိတ်ငြိမ်လျက်ရှိသော ကုတို့ဆိပ်မှ တဲအိမ်လေး
နီးသို့ ချဉ်းကပ်လာရာ ယင်းတဲအိမ်လေး၏အဝမှ ဆိုင်းဘုတ်ကို

လရောင်မှုန်ဝါးဝါးဖြင့် မြင်တွေ့ရလေသည်။

"အဲ ... သံလွင်နဒီထမင်းဆိုင် ဆိုပါလား"

လူရဲက သံလွင်မြစ်ကြီး၏ ကမ်းပါးယံမှ ထမင်းဆိုင်လေးအား သဘောကျသွားပြီး ဆိုင်တံခါးကို ခေါက်လိုက်လေ၏။

'ဒေါက် ဒေါက် ဒေါက်'

"ဆိုင်ရှင်တို့ ဆိုင်ရှင်တို့ ... တံခါးဖွင့်ပါဦး"

'ဒေါက် ဒေါက် ဒေါက်'

တံခါးကို နောက်တစ်ကြိမ် ထပ်ခေါက်လိုက်မှ ဆိုင်အတွင်းမှ ခြေသံတစ်ခုကို ကြားရပြီး ဆိုင်ရှေ့တံခါး မင်းတုပ်ဖြုတ်သံ ကြားရလေသည်။

ထို့နောက် ဆိုင်ရှေ့တံခါးပွင့်သွားရာ ဆိုင်တံခါးဝတွင် မီးရောင်နောက်ခံနှင့် လှပသော ဣတ္ထိယကောက်ကြောင်းတစ်ခုကို တွေ့လိုက်ရတော့၏။

တံခါးဝမှ အမျိုးသမီးမှာ ဆံပင်ဖားလျားချထားပြီး အဝတ်အစား ဖိုသီဖတ်သီနှင့် အိပ်ရာမှ ထလာရဟန်ရှိကာ အိပ်ချင်မူးတူး ဖြစ်နေပုံရလေသည်။

"ညဥ့်နက်လှပြီပဲ ... ဆိုင်ပိတ်ပြီးပြီရှင့်"

အမျိုးသမီးက သူ့ကို လက်ခံလိုဟန် မရှိချေ။

လူရဲမှာ မောပန်းလျက်ရှိပြီး ဗိုက်ကလည်းဆာ၊ အိပ်လည်း အိပ်ချင်နေသဖြင့် အမျိုးသမီးကို တောင်းပန်လိုက်သည်





"ကျွန်တော် ခရီးသွားတစ်ယောက်ပါဗျာ၊ ဒီထမင်းဆိုင်မှာ ဒီတစ်ညတော့ တည်းခိုပါရစေ၊ တည်းခိုခလည်း ပေးပါ့မယ်၊ ပြီးတော့ ကျွန်တော် ဗိုက်သိပ်ဆာနေလို့ ထမင်းဖြစ်ဖြစ်, စားစရာတစ်ခုခု ကျွေးပါဗျာ"

"အင်း ... ခက်တာပါလား၊ ကဲ ကဲ ... ဝင် ဝင်"

အမျိုးသမီးက ညည်းညူရင်း ခေါင်းကုတ်လျက် တံခါးပေါက်ဝမှ ဖယ်ရှားပေးလိုက်ရာ လူရဲမှာ ဆိုင်ထဲသို့ အားရဝမ်းသာ လှမ်းဝင်လိုက်တော့၏။

ထမင်းဆိုင်လေးထဲတွင် မှန်အိမ်တစ်လုံး ထွန်းထားပြီး မှန်အိမ်မီးစာကို မြှင့်ထားသဖြင့် လင်းလျက်ရှိလေသည်။

မြေစိုက်ဆိုင်လေး၏ ရှေ့ပိုင်းတွင် စားပွဲသုံးလေးလုံးနှင့် ကုလားထိုင်ဟောင်းများ ခင်းကျင်းထားပြီး အတွင်းဘက်ကောင်တာ၌ ထမင်းအိုးဟင်းအိုးအချို့ကို တွေ့ရလျက် လိုက်ကာကာထားသည့်အတွင်းခန်းနှင့် ထပ်ခိုးကိုပါ တွေ့ရလေ၏။

လူရဲက ထပ်ခိုးပေါ်၌ထောင်ထားသည့် ခြင်ထောင်အား မော့ကြည့်လိုက်ကာ ...

"ဒီဆိုင်မှာ မင်းတစ်ယောက်တည်းတော့ မဟုတ်ပါဘူးနော်"

"ဒီလိုနေရာမှာ မိန်းကလေးတစ်ယောက်တည်းနေရင် ဒုက္ခတွေ့သွားမှာပေါ့ရှင်၊ ထပ်ခိုးပေါ်မှာ အဖေရှိတယ်၊ အဖေက

အိပ်နေပြီ၊ ရှင် တည်းခိုအိပ်စက်ချင်တယ်ဆိုရင်တော့ ဒီရှေ့က စားပွဲတွေပေါ်မှာပဲ အိပ်ရမယ်၊ ခြင်ထောင်အပိုတော့ မရှိဘူး''

''ရပါတယ် ... တည်းခွင့်ရတာပဲ ကျေးဇူးတင်လှပါပြီ၊ လောလောဆယ် ဗိုက်ဆာတာက ခက်တယ်''

မိန်းမပျိုလေးက လှပသောနှုတ်ခမ်းလေးကို မဲ့လိုက်ပြန်ကာ ...

''ယမကာရော မှီဝဲဦးမလား''

''ဟင့်အင်း ... အဲဒါတွေ မသောက်တတ်ပါဘူး''

သည်တစ်ခါ သူ့ကို ဝဲခနဲကြည့်လိုက်သည့် အမျိုးသမီး၏မျက်ဝန်းများထဲတွင် ကရုဏာရိပ်ကို လှစ်ခနဲ တွေ့လိုက်ရသလိုပင်။

လူရဲက ထမင်းနှင့်ဟင်းကို စားရင်း အမျိုးသမီး၏ အကြောင်းကို စဉ်းစားနေမိသည်။

''ဒီအမျိုးသမီးက တော်တော်လှတာပဲ၊ ဒီလိုခေါင်တဲ့နေရာမှာ ဒီလောက်လှတဲ့ မိန်းမချောမျိုး ရှိနေတာ အံ့သြစရာပဲ''

''သူ့နာမည်က ဘယ်သူလဲ မသိဘူး''

အမျိုးသမီးက မလှမ်းမကမ်းမှ ကုလားထိုင်တစ်လုံးတွင် ထိုင်ရင်း သူ့ကို တစေ့တစောင်း ကြည့်နေ၏။

ဆာဆာနှင့် အေးစက်စက်ထမင်းဟင်းတို့ကို ပလုတ်ပလောင်းစားရင်း အိပ်ချင်စိတ်က တားမနိုင်ဆီးမရ လွှမ်းမိုးလာတော့သည်။

''သူ့နာမည် ဘယ်လိုခေါ်သလဲ မသိဘူး''

သူက အမျိုးသမီးကို မေးကြည့်ရန် စဉ်းစားလိုက်စဉ်မှာပင် မျက်ခွံများ လေးလံလာပြီး ခေါင်းက ရီဝေလာလျက် မျက်စိအမြင်တို့ မှုန်ဝါးလာတော့သည်။

''နာ ... နာမည်''

ထို့နောက် လူရဲမှာ စားပွဲပေါ်သို့ ခေါင်းဒိုက်စိုက်ကျသွားပါတော့၏။

သို့သော် သူအိပ်ပျော်သလိုလို၊ သတိလစ်သလိုလို ဖြစ်သွားစဉ်မှာပင် လျောင်းသံပါသော ရယ်မောသံတစ်ခုကို အိပ်မက်မက်သည့်နှယ် ကြားလိုက်ရပါတော့သတည်း။

''ဟား ဟား ဟား ဟား ဟား''

❀ ❀ ❀



## ရွှေသချိုင်းညို့

'ဗွမ်း'

ရေပုံးဖြင့် မျက်နှာကို အပက်ခံလိုက်ရသောကြောင့် အိပ်မောကျနေရာမှ လူရဲ လန့်ဖျပ်နိုးလာတော့၏။ နံနက်နေခြည်က သူ့မျက်နှာပေါ် ဖြတ်ကျလျက်ပင်ရှိချေပြီ။

"ဟား ဟား ဟား ... ထတော့ ဟော့ကောင် ... ထစမ်း"

လူးလဲထရန် ဟန်ပြင်လိုက်တော့မှ သူ့အား လက်ပြန်ကြိုးတုပ်ထားသည်ကို သတိမူမိတော့သည်။

လက်ရှိအခြေအနေအတွက် ထိတ်လန့်သွားသည့် လူရဲမှာ သူ့ရှေ့မှ ရယ်မောပြောဆိုနေသူကို ဝေဝေဝါးဝါး မျက်လုံး





များဖြင့် မော့ကြည့်လိုက်သည်။

"ဟာ ... စောဒိုးပါလား"

"ဟား ဟား ဟား ... ဟုတ်တယ်၊ ငါဟာ စောဒိုးပဲ၊ မင်းကရော ဘယ်သူလဲ၊ မင်းကို ဒီနားက ရွာနီးချုပ်စပ်မှာ မတွေ့ဖူးပါဘူး"

"ကျုပ်နာမည် လူရဲ"

"ဩော် ... လူရဲတဲ့လား။ ဒီနေရာဒေသကို မင်း ဘာဖြစ်လို့ ရောက်လာတာလဲ၊ ဘာလာလုပ်တာလဲ၊ ပြီးတော့ ဘယ်ဒေသက လာတာလဲ"

"ကျုပ် မော်လမြိုင်ကလာတာ၊ မော်ပိုင်ကို သွားမလို့၊ လာတဲ့ကိစ္စကတော့ အလုပ်ရှာဖို့ပဲ"

"ဩော် ဩော် ... ဟား ဟား ဟား ... ကျလည်းကျတဲ့ကောင်ကွာ၊ အလုပ်ရှာဖို့ နယ်စပ်ဒေသကို လာတဲ့ကောင်ကသူများကိစ္စမှာ ဝင်ရှုပ်ရတယ်လို့၊ မင်းကြောင့် ခင်နန်းရီကို ငါ လက်လွှတ်လိုက်ရပြီကွ ... သိလား"

လူရဲက လက်ပြန်ကြိုးတုပ်ထားခံရလျက်မှ စားပွဲတစ်လုံး၏ခြေထောက်ကို မှီထိုင်လိုက်ကာ ဝန်းကျင်ကို ဝေ့ကြည့်လိုက်သည်။

စောဒိုးက လက်ဝဲလက်ထဲတွင် ခြောက်လုံးပြူးတစ်လက် ကိုင်ထားကာ သေနတ်ပြောင်းဝက သူ့ရင်ဘတ်တည့်တည့်

သို့ ချိန်ထားပြီး ခါးထောက်ထားသည့် စောဒိုး၏ လက်ယာဘက်လက်၌ ပတ်တီးအဖွေးသားကို တွေ့ရလေ၏။

ခါးထောက်ရပ်နေသည့် စောဒိုး၏နံဘေး ခပ်လှမ်းလှမ်းရှိ စားပွဲတစ်လုံးတွင် တစ်ချက်တစ်ချက် ချောင်းဆိုးလျက်ရှိသည့် ခပ်ပိန်ပိန် အသက်ကြီးကြီး လူကြီးတစ်ဦးကို တွေ့ရလေသည်။

ထမင်းဆိုင်ငယ်လေး၏ အတွင်းခန်းတံခါးဝ၌မူ ခန်းဆီးလိုက်ကာကို လက်တစ်ဖက်ဖြင့် မ,တင်ကာ တံခါးပေါင်ကို မှီနွဲ့ရပ်နေသည့် မိန်းမချောကို တွေ့ရလေ၏။

လူရဲက အမျိုးသမီးကို စူးစူးဝါးဝါးကြည့်လိုက်ပြီး ...

"မင်း ...မင်းက ကျုပ်စားတဲ့ထမင်းနဲ့ ဟင်းထဲ အိပ်ဆေးထည့်လိုက်တယ် မဟုတ်လား"

ဟု အော်ဟစ်မေးလိုက်ရာ သူမက ခွန်းတုံ့မပြန်ဘဲ သူ့ကို မျက်နှာလွှဲထားသော်လည်း သူမ၏မျက်နှာက တင်းမာခက်ထန်ခြင်း မရှိဘဲ သိသိသာသာညိုးငယ်လျက် ရှိလေသည်။

စောဒိုးက မခံချိမခံသာဖြစ်နေသည့် လူရဲနှင့် အမျိုးသမီးကို တစ်လှည့်စီကြည့်လိုက်ပြီး သဘောကျစွာ ဟားတိုက်ရယ်မောလိုက်လေ၏။

"ဟား ဟား ဟား ...သိပ်ဟုတ်တာပေါ့ လူရဲရာ"

ငါ့ရဲ့ညီမ နန်းမြာက ငါ့ရဲ့ကြိုတင်ညွှန်ကြားထားချက်အရ မင်းစားမယ့်ထမင်းဟင်းတွေထဲ အိပ်ဆေးခပ်ထားခဲ့တာပဲ





ကွ ...ဟား ဟား ဟား"

"ခင် ...ခင်ဗျားက ဘယ်လိုကြိုတင် ညွှန်ကြားတာလဲဗျ"

"ဟား ဟား ဟား ...ငါဟာ မင်းကြောင့် ခင်နန်းရီကို လက်လွှတ်သွားရတာ မကျေမနပ်ဖြစ်ပြီး မင်းရဲ့နောက်က မြင်းနဲ့ နောက်ယောင်ခံလိုက်လာခဲ့တာကွ ...သိလား၊ ခင်နန်းရီနဲ့ စောဝေသာတို့ဟာ ဒေသကျွမ်းနေတော့ တောထဲကိုဝင်ပြီး ခြေရာဖျောက်သွားနိုင်တယ်၊ ဒါကြောင့် ငါက ညကြီးမင်းကြီးမှာ သူတို့ရဲ့နောက် ခြေရာခံ လိုက်မသွားနိုင်ဘူး၊ မင်းကတော့ ကွင်းပြင်ကြီးထဲမှာ လျှောက်သွားနေတော့ ငါက တောင်ခြေဘက်က ပတ်လိုက်နိုင်ပြီး ဒီကို နာရီဝက်လောက် ကြိုရောက်နေတာလေကွာ ...ဟား ဟား ဟား"

လူရဲမှာ ယခုမှ သူ လှည့်ကွက်မိခဲ့ကြောင်း သိရသဖြင့် မခံချိမခံသာဖြစ်ကာ နန်းမြာကို မကျေမနပ် လှမ်းကြည့်လိုက်ရာ နန်းမြာမှာ သူ့ကို လုံးဝပြန်မကြည့်ဘဲ မျက်နှာလွှဲလျက်ရှိနေမြဲပင်။

"ကဲ ဟေ့ကောင် ...မင်းကြောင့် ငါဟာ ခင်နန်းရီကို လက်လွှတ်ခဲ့ရတယ်၊ မင်းကြောင့် ငါ့ရဲ့တပည့်တွေ သေကောင်ပေါင်းလဲ ဒဏ်ရာတွေရခဲ့တယ်၊ ဒါကြောင့် မင်းကို ဒဏ်ပြန်ခတ်ရမယ်၊ ထ ...မင်း ငါ့နောက် လိုက်ခဲ့၊ ကလန်ကဆန်လုပ်ရင်

တော့ ကျည်ဆန်စာကျွေးပစ်မယ် မှတ် ...ထလေကွာ''

'ဖုံး'

စောဒိုးက ပြောလည်းပြော လူရဲ၏နံဘေးကိုလည်း ခြေထောက်ဖြင့် ပိတ်ကန်လိုက်ရာ လူရဲမှာ ထိုင်ရာမှ ခပ်ဖြည်းဖြည်း ထလိုက်ရတော့၏။

စောဒိုးက ခြောက်လုံးပြူးသေနတ်ဖြင့် လူရဲကိုချိန်ကာ အမိန့်ပေးသည်။

''ဆိုင်အပြင်ကို ထွက်''

ဆိုင်အပြင်ရောက်တော့ စောဒိုးက မြင်းပေါ်တက်လိုက်ပြီး လက်ပြန်ကြိုးတုပ်ထားသည့် လူရဲကို ရှေ့မှသွားစေသည်။

''အဲဒီ မြောက်ဘက်စူးစူးက တောင်ထွဋ်ဆီ ဦးတည်ပြီး သွားစမ်း''

နေက အတော်မြင့်လျက်ရှိပြီ။ ရွာငယ်လေးတစ်ရွာ၏ ခပ်လှမ်းလှမ်းမှပတ်ကာ ဖုန်းဆိုးမြေကိုဖြတ်ပြီး အဝေးမှ တောင်တန်းဆီ ဦးတည်လျက် လူရဲ ခရီးနှင်ရပြီ။ သူ့ကို သေနတ်ဖြင့် ချိန်ရင်း စောဒိုးက မြင်းစီးလျက် လိုက်ပါလာ၏။

သို့ဖြင့် အရိပ်အာဝါသ ကင်းမဲ့လှသော ချုံပုတ်နှင့် မြက်ခင်းတို့သာရှိသည့် ဖုန်းဆိုးမြေထဲတွင် နေပြင်းပြင်းအောက် ခရီးနှင်ခဲ့ရသည်မှာ သုံးလေးနာရီခန့် ရှိပေပြီ။

နေကလည်း မွန်းတည့်ချေပြီ။ ဆောင်းဦးကာလ ဖြစ်





သော်လည်း တိမ်ထုကင်းစင်သဖြင့် ပြင်းရှသော နေ၏အပူရှိန်က လူရဲ၏ကိုယ်ပေါ်သို့ တိုက်ရိုက်ကျရောက်လျက် ရှိသည်။ လူတစ်ကိုယ်လုံး ချွေးပြိုက်ပြိုက်ကျလျက်ရှိပြီး လူရဲသည် လွန်စွာဆာလောင်လာကာ ရေငတ်လှပေပြီ။ စောဒိုးက မြင်းပေါ်မှ ဆင်းလာပြီး လူရဲအား တုပ်နှောင်ထားသည့်ကြိုးကို ဖြည်ပေးလိုက်သည်။

ရုပ်အင်္ကျီအပေါ်မှ ထပ်ဝတ်ထားသော ကုတ်အင်္ကျီကို ချွတ်လိုက်ပြီးနောက် စောဒိုးက သက္ကလတ်ဦးထုပ်ကို နေရောင်ဒဏ်မှကာကွယ်နိုင်ရန် ခပ်ငိုက်ငိုက်ဆောင်းလိုက်လေ၏။

ပြီးတော့ မြင်းကုန်းနှီးနံဘေးတွင် ချိတ်ထားသော အင်္ဂလိပ်စစ်တပ်သုံး ရေဘူးအပြားကို ဖြုတ်ယူလိုက်ကာ ရေကို မော့သောက်လိုက်သည်။

လွန်စွာ ရေငတ်နေသည့်လူရဲက သူ့ကို လှည့်ကြည့်ပြီး

''ရေ ...ရေငတ်လိုက်တာဗျာ၊ ကျုပ် ...ကျုပ်ကို ရေ ...ရေတိုက်ပါ''

ဟု တောင်းဆိုလိုက်ရာ စောဒိုးက ရေဘူးအား အဖုံးကို ပြန်ပိတ်လိုက်ပြီး သရော်ရယ် ရယ်လိုက်လေ၏။

''ဟား ဟား ဟား ...ဘာဖြစ်လို့ တိုက်ရမှာလဲကွ၊ ဒီရေတွေက ငါသောက်ဖို့ ...မင်းသောက်ဖို့ မဟုတ်ဘူး ... ဟား ဟား ဟား''

စောဒိုး သူ့ကိုညစ်ပြီမှန်း လူရဲသိသည်။ သူက အံကြိတ်လိုက်ပြီး ထပ်မံတောင်းဆိုခြင်း၊ တောင်းပန်ခြင်း မပြုတော့ဘဲ မာနဖြင့်အားတင်းကာ ဆက်လျှောက်သည်။ စောဒိုးမှာ မြင်းပေါ် ပြန်တက်ကာ လူရဲ၏နောက်မှ ခပ်ခွာခွာ လိုက်လာ၏။

နေ့ခင်းနှစ်ချက်တီးအချိန်ကို ကျော်လာခဲ့ပြီ။ ဆာလောင်ခြင်း၊ ရေငတ်ခြင်း၊ ပင်ပန်းခြင်းဒဏ်တို့ကြောင့် လူရဲမှာ ချုံပုတ်တစ်ခုခု၏နံဘေးတွင် ခွေလှဲချင်စိတ်ပင် ဖြစ်ပေါ်လာ၏။

သို့သော် ချုံပုတ်တစ်ခုဆီသို့ ယိုင်သွားတိုင်း စောဒိုးက မြင်းပေါ်မှနေ၍ ကျာပွတ်ဖြင့် လူရဲ၏ကျောပြင်ကို လှမ်းလှမ်းရိုက်လေသည်။

'ရွှမ်း'

'ရွှမ်း'

"တည့်တည့်သွားစမ်း"

"မင်း အခုသွားနေတာက ရိုးမတောအစပ်က လောင်တူရွာကိုကွ ...သိရဲ့လား၊ အဲဒီရွာမှာ မင်း ကယ်တင်ရှင်လုပ်ပြီး လွှတ်လိုက်တဲ့ စောဝေသာနဲ့ ခင်နန်းရီတို့ ရှိနေတယ်လို့ ငါ မနက်ကပဲ သတင်းရထားပြီးသား၊ မင်းကို သူတို့ရှေ့ရောက်အောင် ခေါ်သွားမယ်၊ ပြီးတော့ သူတို့ရဲ့ရှေ့မှာ နှိပ်စက်ပြမယ် အဲ ...မင်းနဲ့ စောဝေသာရဲ့ကံကြမ္မာ ဘယ်လိုလာမလဲဆိုတာ တော့ ဘိုင်စကုပ်ပိတ်ကားပေါ်မှာ စောင့်ကြည့်ပါပေါ့ကွာ ...

ခု နစ် စဥ် ကြယ် တာ ပေ



ဟုတ်လား ...ဟား ဟား ဟား"

ကောက်ညှင်းထုပ်တစ်ထုပ်ပြီး တစ်ထုပ်စားပြီးနောက် စောဒိုးက ရေကို မော့သောက်လိုက်ပြန်၏။

သို့ဖြင့် မွန်းလွဲ (၃) နာရီခန့် ရောက်ရှိလာသည့်တွင် တောအုပ်တစ်ခုကို ဖြတ်သန်းစဉ် ရှေ့ဆီမှ စမ်းရေစီးသံကို ကြားရရာ လူရဲမှာ ဝမ်းသာအားရဖြင့် ရေစီးသံကြားရာသို့ ဒယီး ဒယိုင် လှမ်းသွားလိုက်သည်။

'ဗိုး'

'ရွှပ်'

စောဒိုး၏ ကျာပွတ်အဖျားက လူရဲ၏ ခြေကျင်းဝတ်တစ်ဖက်ကို ရစ်ပတ်သွားကာ ဆောင့်ဆွဲလိုက်သည်၌ လူရဲမှာ တုံ့ခနဲဖြစ်သွားပြီး ကျောက်စရစ်ကုန်းမာမာပေါ်သို့ ဒူးထောက်လဲကျသွားရတော့၏။

"ဟား ဟား ဟား ...စမ်းရေစီးသံ ကြားရတာနဲ့ ရေသွားသောက်မလို့ပေါ့လေ ...ဟုတ်လား၊ စမ်းချောင်းကို ငါမြင်နေရပြီ၊ ရေလေးကို ကြည်စိမ်းနေပါလားကွ၊ ခုနေ သောက်လိုက်ရလို့ကတော့ ရင်ထဲမှာ အေးစိမ့်သွားမှာပဲ ...ဟဲ ဟဲ ဟဲ ...ဒါပေမဲ့ မင်းမှာ သောက်ခွင့်မရှိတာကိုတော့ ဝမ်းနည်းပါ တယ်ကွာ ...သိလား ...ဟား ဟား ဟား"

စောဒိုးက ဟားတိုက်ရယ်လိုက်ပြီးနောက် မြင်းပေါ်မှ

ခု နစ် စဥ် ကြယ် တာ ပေ

ဆင်းကာ သူ့လက်ထဲရှိ ရေဘူးထဲမှ ရေကို ကုန်အောင် တစ်ရှိန်ထိုး မော့သောက်လိုက်တော့၏။

"စမ်းချောင်းထဲက ရေအသစ်ခပ်နိုင်ပြီပဲ၊ ဒီရေကုန်အောင် သောက်ပစ်လိုက်ရမယ် ...ဟဲ ဟဲ ဟဲ"

လူရဲမှာမူ ရေဆာလွန်းသဖြင့် အားပါးတရ မော့သောက်နေသော စောဒိုးကို ငေးကြည့်ကာသာ သူ၏ ခြောက်သွေ့လျက်ရှိသည့် နှုတ်ခမ်းများကို လျှာဖြင့် သိမ်းသပ်လိုက်ရလေ၏။

ထိုစဉ် သူတို့၏အနီးအနားမှ ညည်းညူသံတစ်ခုကို မမျှော်လင့်ဘဲ ကြားလိုက်ရရာ လူရဲရော စောဒိုးပါ အံ့အားသင့်သွားရလေသည်။

"အင်း ဟင်း ဟင်း ဟင်း"

"ဟာ ...ဘယ်က ညည်းသံပါလိမ့်"

စောဒိုးက ဘေးဘီသို့ ကပျာကသီလှည့်ပတ်ကာ မြူးတူးပြဲတဲ ရှာဖွေကြည့်ရှုလိုက်ပြီးနောက် ...

"အင်း ဟင်း ဟင်း ဟင်း"

ထပ်ပေါ်လာသည့် ညည်းညူသံအား နားစွင့်ရင်း ပိစ်ချုံကြီးကို ကွေ့ပတ်ကာ ခြေလေးငါးလှမ်းခန့် လျှောက်သွားကြည့်လိုက်သည်တွင် ...

"ဟာ ...လူတစ်ယောက်ပါလား"

ကြီးမားသော ကျောက်တုံးကြီးတစ်လုံးနှင့် ဆူးရစ်ချုံကြီး





၏ ကြားထဲတွင် သွေးသံရဲရဲဖြင့် လဲလျောင်းငြိမ်သက်နေသည့် လူရွယ်တစ်ယောက်ကို အံ့အားတသင့် တွေ့ရလေ၏။

ရင်ဘတ်နှင့် ဝမ်းဗိုက်တို့တွင် ဒဏ်ရာပြင်းထန်စွာ ရနေသူမှာ ဘောင်းဘီရှည်နှင့် ဂျာကင်လက်ပြတ်တို့ကို ဝတ်ထားပြီး ကြမ်းတမ်းသောမျက်နှာဝယ် မုတ်ဆိတ်ကျင်စွယ်၊ နှုတ်ခမ်းမွေးတို့ တင်းကျမ်းပေါက်နေကာ ခါး၌လည်း ကျည်ခါးပတ် ပတ်ထားသဖြင့် လူကောင်းတစ်ယောက်မဟုတ်သည်မှာ ထင်ရှားလေသည်။

ထိုလူနှင့် သုံးလေးပေခန့်အကွာတွင်လည်း မြင်းရထားပျက်တစ်ခုကို တွေ့ရပြီး မြင်းကြီးတစ်ကောင် လဲကျသေဆုံးနေသည်ကိုပါ တွေ့ရလေ၏။

စောဒိုးက ဒဏ်ရာရထားသူကို ပြေးပွေ့ထူလိုက်လေသည်။

"ခင် ...ခင်ဗျား ဘယ်သူလဲ၊ ဒီမှာ ဘာတွေ ဖြစ်နေတာလဲ"

အသက်ကို ခက်ခက်ခဲခဲ ရှူနေရသူက မျက်လုံးတို့ကို အားယူဖွင့်ကာ စောဒိုး၏မျက်နှာအား မော့ကြည့်ရင်း တိုးလျှတုန်လှိုက်စွာ ပြောသည်။

"ကျုပ် ...ကျုပ်တို့က 'လဝန်းနက်'အဖွဲ့ကပါ"

လဝန်းနက်အဖွဲ့မှာ ဤဒေသဝန်းကျင်တွင် နာမည်ကြီး

သည့် ဓားပြအဖွဲ့တစ်ခုပင်ဖြစ်၏။

"ဩော် ... ခင်ဗျားက လဝန်းနက်အဖွဲ့ကလား။ ဒါ ဆက် ဒီမှာ ဘယ်လိုဖြစ်တာလဲဗျ။ ခင်ဗျားတို့အဖွဲ့သားတွေရော မပါဘူးလား"

ထိုလူက လျှို့ထဲသို့ လက်ညှိုးညွှန်ပြသည်။

"သူ ... သူတို့ စမ်းချောင်းနားမှာ သေကုန်ကြပြီ၊ သူ ... သူတို့က ထွက်ပြေးလို့ မြ ... မြပဝါတို့က လိုက်ပစ်သတ် လိုက်တာ"

"ဩော် ... ဒီလိုလား၊ မြပဝါတို့က ခင်ဗျားတို့ကို ဘာဖြစ်လို့ လိုက်ပြီးတိုက်ခိုက်ရတာလဲဗျ"

'မြပဝါ' မှာ နာမည်ကျော် ဓားပြဂိုဏ်းကြီး၏ ခေါင်းဆောင်ဖြစ်ပြီး လဝန်းနက်ကဲ့သို့ ဓားပြအဖွဲ့များနှင့် ဆက်နွယ်ပတ်သက်လေ့ ရှိသူမဟုတ်ချေ။

"ဒီ ... ဒီလိုဗျာ ... မြ ... မြပဝါတို့အဖွဲ့က နယ်ခြားကနေ လက်နက်တွေဝယ်ဖို့ ရွှေ ... ရွှေချောင်းတွေယူလာတယ်၊ သံသေတ္တာလေးနဲ့ အပြည့်ပဲ၊ အဲ ... အဲဒါကို လင်းဆွဲတောင်ကြားလမ်းမှာ ကျုပ် ... ကျုပ်တို့က တိုက်ပြီး ရွှေ ... ရွှေတွေကို လုယူလိုက်တယ်"

"ဟာ ... ဟုတ်ပြီ၊ ကျုပ် အဲဒီသတင်းကို ကြားတယ်၊ လွန်ခဲ့တဲ့ လေးငါးရက်လောက်က မြပဝါတို့အဖွဲ့ရဲ့ ရွှေသေတ္တာ





ကို ဓားပြအဖွဲ့တစ်ဖွဲ့က တိုက်ယူသွားတယ်လို့ သတင်းကြားတယ်ဗျ၊ လက်စသတ်တော့ အဲဒီဓားပြအဖွဲ့ဟာ ခင်ဗျားတို့ကိုး"

"ဟုတ် ... ဟုတ်ပါတယ်ဗျာ"

"ဒါ ... ဒါဆို ရွှေ ... ရွှေသေတ္တာရော ဘယ်မှာလဲဗျ၊ ခင်ဗျားတို့နဲ့အတူ ပါလာသလား"

စောဒိုးမှာ ရွှေသေတ္တာ၏အနံ့ ရလိုက်သဖြင့် လောဘဇောတက်လာကာ အငမ်းမရမေးသည်။

"ကျုပ် ... ကျုပ်တို့နဲ့အတူ ယူလာလို့ မ ... မဖြစ်ဘူးဗျ၊ ကျုပ် ... ကျုပ်တို့ရဲ့နောက်ကို မြပဝါအဖွဲ့က သဲကြီးမဲကြီး လိုက်နေတာ၊ ဒါ ... ဒါကြောင့် ရွှေသေတ္တာကို တစ်နေရာမှာ မြှုပ် ... မြှုပ်ထားလိုက်တယ်"

"ဟာ ... ဟုတ်လား၊ ဘယ် ... ဘယ်နေရာမှာလဲဗျ၊ ပြော ... ပြောပါဦး"

"အင်း ဟင်း ဟင်း ... ရေဆာလိုက်တာဗျာ၊ ရွှေ ... ရွှေသေတ္တာကို သင်း ... သင်္ချိုင်းတစ်ခုက မြေ ... မြေပုံတစ်ခုထဲမှာ တူး ... တူးပြီး မြှုပ် ... မြှုပ်ထားခဲ့တယ်ဗျ ... အင်း ဟင်း ဟင်း"

"အဲ ... ဟုတ်ပြီ၊ ပြော ... ပြောပါဦးဗျ၊ ဘယ်သင်္ချိုင်း ဘယ်မြေပုံမှာ မြှုပ်တာလဲ"

စောဒိုးက ဒဏ်ရာရထားသူအား အတင်းလှုပ်ကာ

အငဲမရ မေးမြန်းသည်။

"ပြော ... ပြောပါ့မယ်ဗျာ၊ ကျုပ် ရေ ... ရေဆာလွန်းလို့ဗျာ၊ ရေ ... ရေသောက်ချင်တယ်၊ ရေ ... ရေအရင်တိုက်ပါဗျာ"

"အဲ ... ဟုတ်ပြီ ... ရတယ် ရတယ်၊ နေဦး ... ကျုပ်ရေဘူးထဲက ရေကုန်သွားပြီဗျ၊ စမ်းချောင်းထဲမှာ ရေသွားခပ်လိုက်ဦးမယ်၊ ခဏလေးစောင့် ခဏလေးစောင့် ... ရေသောက်ပြီးရင်တော့ ပြောရမယ်နော်"

စောဒိုးမှာ ရွှေသေတ္တာမြှုပ်နှံသည့်နေရာကို သိရတော့မည်ဖြစ်သဖြင့် ဝမ်းသာအယ်လဲဖြစ်ကာ ထိုသူ့ကို မွေ့ထားရာမှ မြေပြင်ပေါ် အသာပြန်ချလိုက်ပြီး ရေဘူးကိုယူလျက် လျှိုထဲသို့ ပြေးဆင်းသွားတော့၏။

ဝါးနှစ်ပြန်ခန့်နက်သည့် လျှိုထဲတွင် လဝန်းနက်ဓားပြဂိုဏ်းသားသုံးဦးနှင့် လျှိုစောင်းဝယ် မြင်းတစ်ကောင်တို့ လဲကျသေဆုံးနေကြသည်ကို တွေ့ရလေ၏။

"အင်း ...လဝန်းနက်အဖွဲ့နဲ့အတူ ရွှေသေတ္တာပါလာမှာပဲလို့ ထင်ပြီး မြပဝါကတို့အဖွဲ့က တိုက်ခိုက်သတ်ဖြတ်ပစ်လိုက်တာပဲ ဖြစ်မယ်၊ ဟိုလူကိုလည်း သေပြီဆိုပြီး ထားပစ်ခဲ့ကြတာဖြစ်မယ် ...၊

ဘာပဲဖြစ်ဖြစ် ဟိုဓားပြကောင် မသေခင် ဘယ်သချိုင်း





ဘယ်မြေပုံမှာ ရွှေသေတ္တာမြှုပ်ထားခဲ့သလဲဆိုတာ မရ,ရအောင် မေးရမယ်"

စောဒိုးမှာ စမ်းချောင်းရေထဲသို့ ရေဘူးကို ထိုးနှစ်ခပ်ရင်း သူ့အတွေးနှင့်သူ အူမြူးလျက် ရှိတော့သည်။

"အဟား ...ငါတော့ ရွှေသေတ္တာကို မကြာခင် ပိုင်ပိုင်ကြီး ရတော့မယ်၊ ငါ့ရဲ့ဇာတာစန်းလင် တက်လာပြီထင်တယ်၊ ရွှေသေတ္တာရရင်တော့ ငါ သူဌေးဖြစ်ပြီ၊ မရွယ်ဘဲ စော်ကဲမင်းဖြစ်ပြီ ဟင်း ဟင်း ...အဲဒီ ရွှေသေတ္တာသာရရင်တော့ ဓားပြအလုပ်ကို တစ်ခါတည်းစွန့်လွှတ်လို့ ဖာပွန်တို့ မော်လမြိုင်တို့ဘက်သွားပြီး မြို့တွေ့တိုက်တွေဝယ် အခြေချရမယ် ...ပွပြီ ပွပြီ ... ဟီး ဟီး ဟီး"

စောဒိုးမှာ ပီတိဖြစ်စွာ တဟီးဟီးရယ်ရင်း လျှိုထဲမှ ပြန်လည်ပြေးတက်ခဲ့ကာ လဝန်းနက်ဂိုဏ်းသားထံ အပြေးလာခဲ့သည်တွင် ...

လဝန်းနက်ဂိုဏ်းသားမှာ ဖက်ကျိုးကျကာ သေဆုံးလျက်ရှိပြီး သူ၏အနီးတွင် မြေပြင်ပေါ်သို့ လက်တစ်ဖက်ထောက်ကာ ဦးခေါင်းကိုငိုက်စိုက်ဖြင့် ထိုင်နေသည့်လူရဲကို တွေ့ရတော့၏။

"ဟာ ...ဒီ ...ဒီကောင် တော်တော်ရှုပ်ပါလား ...ဖယ်စမ်းကွာ"

စောဒိုက လူရဲ၏ပခုံးကို ဝိတ်ကန်ထည့်လိုက်ရာ လူရဲမှာ

မြေပြင်သို့ နှစ်ပတ်ခန့် လိမ့်ထွက်သွားတော့၏။

"ဟော့လူ ဟော့လူ ...ဒီမှာ ရေ ...ရေရပြီ ... သောက် ... သောက်လေ"

စောဒိုးမှာ လဝန်းနက်ဂိုဏ်းသားအား အတင်းမွေ့မကာ သူ့နှုတ်ခမ်း၌ ရေဘူးအဝကို တေ့ပြီး လောင်းချတော့၏။

"ရော့ ... သောက် ... သောက်လေဗျာ၊ ပြီးရင် ပြော ပြော"

သို့သော် အသေကောင်ကား လုံးဝ မလှုပ်တော့။

"တောက် ...မသာကောင်က သေပြီပဲ၊ ဖြစ်မှဖြစ်ရ လေကွာ"

မချင့်မရဲဖြစ်ကာ မျောက်မီးခဲ ဖင်ခုထိုင်သလို ဖြစ်သွားသည့် စောဒိုးမှာ လူသေကောင်ကို လွှတ်ချလိုက်ပြီးနောက် မြေပြင်ပေါ်၌ ပက်လက်ဖြစ်နေသော လူရဲအား ပြေးပွေ့လိုက်ပြန်၏။

"ဟော့ကောင် လူရဲ ...မင်း ...မင်းကို ဟိုခေါးပြောကောင် တစ်ခုခု ပြော ...ပြောသွားသေးသလားကွ ...ဟေ"

"ဘာ ဘာပြောရမှာလဲဗျ"

"ရွှေသေတ္တာကို ဘယ်သချိုင်းမှာ မြှုပ်ခဲ့သလဲဆိုတာကိုလေ"

"မော်ပိုင်သချိုင်းမှာတဲ့ဗျ"





"ဟာ ...ဟုတ်ပြီ၊ သချိုင်းတော့သိရပြီ၊ ဘယ် ... ဘယ်မြေပုံမှာ မြှုပ်ခဲ့တာတဲ့လဲကွ၊ အဲဒီသချိုင်းမှာ ဂူတွေ့ မြေပုံတွေက အများကြီးရယ်၊ ပြော ...ပြောပါဦး ...ဘယ်မြေပုံမှာတဲ့လဲ"

"ရေ ...ရေအရင်တိုက်"

"ဘာကွ"

"ကျုပ် ...ကျုပ်ကို ရေအရင်တိုက်မှ ပြောမယ်"

"တောက် ...မင်းကလည်း ကပ်နေပြန်ပြီ"

စောဒိုးမှာ ကျွဲမြီးတိုသွားသော်လည်း မနေသာ။

ထို့ကြောင့် သူ့ရေဘူးထဲမှရေကို လူရဲ၏ပါးစပ်မှာ တေ့ကာ အနည်းငယ် လောင်းချပေးလိုက်ရသည်။

လူရဲကား ရေကို တစ်ကျိုက် နှစ်ကျိုက် သောက်လိုက်ရသဖြင့် လည်ချောင်းမှသည် ရင်ထဲအထိ တောက်လျှောက်အေးမြသွားကာ လူသည်လည်း အတော်လန်းဆန်းသွားတော့၏။

ထို့နောက် သူသည် လက်နှစ်ဖက်ဖြင့် ရေဘူးကိုကိုင်လိုက်ကာ သူ့ဘာသာ အားပါးတရ မော့သောက်တော့သည်။

"အား ဟား ...ခုမှ ရေငတ်ပြေတော့တယ်ဗျာ"

"အေး ...ရေငတ်ပြေရင်လည်း ပြောကွာ၊ မော်ပိုင်သချိုင်းက ဘယ်မြေပုံမှာ လဝန်းနက်တွေက ရွှေသေတ္တာကို မြှုပ်ထားတာတဲ့လဲ"

"ဗိုက် အရမ်းဆာနေတယ်ဗျာ ... တစ်ခုခု ကျွေးဗျာ၊ ပြီးရင်ပြောတာပေါ့"

"အာ ... မင်း စျေးကိုင်ပြန်ပြီကွာ၊ ငါ သတ်လိုက်ရ"

စောဒိုးမှာ ဒေါသကို မထိန်းနိုင်တော့ဘဲ ခါးမှဓားမြှောင်အား ဆွဲထုတ်ကာ လူရဲ၏လည်မျိုကို တေ့ထားလိုက်တော့၏။

သို့သော် သူ့ကို လူရဲက မမှုချေ။

"ကျုပ်သေသွားရင် ခင်ဗျား ဒီတစ်သက် ရွှေတွေ ရတော့မှာမဟုတ်ဘူး အရှုံးရဲ့"

"ဟာ ... ဟုတ်သားပဲ"

ခုမှ စောဒိုးမှာ အိမ်မြှောင်အမြီးပြတ်သလို ဆွေ့ဆွေ့ခုန်သွားကာ ဘာလုပ်၍ဘာကိုင်ရမှန်းမသိ ဖြစ်သွားတော့၏။

နောက်ဆုံးတော့ လူရဲ၏ တောင်းဆိုချက်ကို သူ လိုက်လျောရတော့သည်။

"ခွေးမသား ... မျိုပြီးဆို့ပြီးလို့ မပြောရင်တော့ အသေပဲ"

စောဒိုးမှာ ပွစိပွစိရေရွတ်ရင်း သူ့မြင်းဆီသို့ ပြေးသွားကာ မြင်းကုန်းနှီးနံဘေး၌ ချိတ်ဆွဲထားသည့် သားရေအိတ်ထဲမှ ကောက်ညှင်းထုပ်နှစ်ထုပ်ကို ယူလိုက်ရလေ၏။

ထို့နောက် လူရဲထံသို့ ပြန်ပြေးလာပြီး ကောက်ညှင်းတစ်ထုပ်မှ ဖက်တို့ကို ခပ်မြန်မြန်ခွာကာ လူရဲ၏လက်ထဲ ခပ်





ဆောင့်ဆောင့် ထည့်ပေးလေသည်။

"ကဲ ကဲ ကိုယ်တော်ချော ... မျိုကွာ ဆို့ကွာ၊ စားမြန်မြန် ... ပြီးရင် ပြောစရာရှိတာပြော"

လူရဲလည်း ဆာလောင်မွတ်သိပ်လှပြီဖြစ်သဖြင့် ကောက်ညှင်းထုပ်နှစ်ထုပ်စလုံးကို ပလုတ်ပလောင်း စားလိုက်တော့၏။

"အားပါး ... ခုမှ နေသာထိုင်သာ ရှိသွားတော့တယ်ဗျာ၊ ဒါထက် စီးကရက်ရှိရင် တစ်လိပ်လောက်ပေးစမ်းပါဦး"

လူရဲက ကျောက်တုံးကြီးတစ်လုံးကို ကျောမှီထိုင်လိုက်ရင်း စီးကရက်တောင်းလိုက်ရာ စောဒိုးမှာ မျက်လုံးပြူး အံကြိတ်လိုက်ပြီး တောက်ခေါက်လိုက်လေ၏။ နောက်မှ သူ့စိတ်သူထိန်းကာ သက်ပြင်းကြီး ဟင်းခနဲချလိုက်ပြီး အင်္ကျီအိတ်ကပ်ထဲမှ စီးကရက်ဘူးကို ထုတ်လိုက်ရတော့သည်။

လူရဲသည် စောဒိုး မသထာရေစာ ကမ်းပေးသော ဂိုးလ်ဖရိတ်စီးကရက်ကို နှုတ်ခမ်းထောင့်၌ စတိုင်လ်ပါပါ ခဲလိုက်ကာ လက်ချောင်းလေးများဖြင့် မီးခြစ်ခြစ်သည့်ဟန် ပြုလုပ်ပြလိုက်ပြန်ရာ စောဒိုးက မျက်စောင်းခဲလိုက်ပြီး ဘောင်းဘီအိတ်ထဲမှ နတ်သမီးသစ်သားယမ်းမီးခြစ်ကို ထုတ်လျက် ရှဲခနဲ ခြစ်ပေးလိုက်လေ၏။

ခဏအကြာတွင် စီးကရက်ကို ဖိမ်ခံဖွာနေသော လူရဲအား စိတ်မရှည်တော့ဟန်ဖြင့် စောဒိုးက ခပ်ဆတ်ဆတ် လော

ဆော်ပြန်သည်။

"ဟော့ကောင် ...မင်းကိုယ်မင်း ရန်ကုန်က ဘုရင်မ ပန်းခြံ (ယခု မဟာဗန္ဓုလပန်းခြံ) ထဲမှာ လေညင်းခံနေတယ်လို့ မထင်နဲ့၊ ဇပြာမှာ ပြောစမ်း ...လဝန်းနက်ဂိုဏ်းသားတွေဟာ သူတို့လုယက်လာတဲ့ ရွှေချောင်းတွေကို မော်ပိုင်သချိုင်းထဲက ဘယ်သူ့မြေပုံမှာ မြှုပ်နှံထားတာလဲ၊ ပြော ...အခုပြော"

လူရဲက စီးကရက်ပြာကို လက်ညှိုးလေးနှင့် တောက်ချွေ လိုက်ကာ အေးအေးဆေးဆေး လှည့်ကြည့်ပြီး ပြောသည်။

"ဖြည်းဖြည်းပေါ့ဗျာ၊ အခုနေ ပြောလိုက်ရင် ပြောပြီးတာ နဲ့ ခင်ဗျားက ကျုပ်ကိုသတ်မှာမဟုတ်လား။ ဒါကြောင့် ပြော လို့မဖြစ်သေးဘူးဗျ"

"ဟာ ...ဘာကွ ...မင်း စကားကို ဗလောင်းဗလဲ ပြောလှချည်လား။ စောစောကပြောတော့ စားပြီးသောက်ပြီးရင် ပြောမယ်ဆို"

"ခင်ဗျားဟာ ကတိမတည်မှာ သေချာလို့ ကျုပ်က လည်း ဗလောင်းဗလဲ ပြောရတာပေါ့ဗျာ၊ ကျုပ်ဖွင့်ပြောပြီးတာနဲ့ ခင်ဗျားက ကျုပ်ကို မသတ်ပါဘူးလို့ ကတိပေးမလား ...ဟင်း ဟင်း ...အဲဒီလို ကတိပေးလည်း ခင်ဗျားဟာ ကတိတည်မယ့် သူ မဟုတ်မှာ သေချာတယ်ဗျ၊ ဓားပြပါဆိုမှ ဘုရားဒကာမှ မဟုတ်ဘဲ ...ဟုတ်တယ်မဟုတ်လား"





"ဟော့ကောင် ...မင်း တော်တော်လျှာရှည်နေပါလား။ ငါကွာ သတ်လိုက်ရရင်တော့"

စောဒိုးမှာ ဒေါသကြောင့် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ကာ ခါးမြှောင်တပြင်ပြင်၊ သေနတ်တပြင်ပြင် ဖြစ်လျက် ရှိတော့သည်။

"စောဒိုးရယ် ...ခင်ဗျား ကျုပ်ကို သတ်ပစ်လောက် အောင် မမိုက်မဲဘူးဆိုတာ ကျုပ်သိပါတယ်၊ ကဲ ကဲ ...အဲဒီရွှေ တွေရဖို့ အပေးအယူ လုပ်ရအောင်ဗျာ"

"ဘာအပေးအယူလဲကွ"

"ရွှေချောင်းတွေကို ခင်ဗျားနဲ့ကျုပ် တစ်ယောက်တစ် ဝက်စီ ခွဲယူလိုက်ရအောင်ဗျာ"

"ဘာ ...ဘာပြောတယ်ကွ၊ ငါပဲ အကုန်ယူမှာပေါ့၊ မင်းကို ဘာဖြစ်လို့ တစ်ဝက်ခွဲပေးရမှာလဲ"

"ခင်ဗျားဗျာ ဒီလောက်ပဲ လောဘသဏ္ဍာရ မကြီးစမ်းပါ နဲ့၊ တစ်ဝက်မဟုတ်တောင် သုံးပုံတစ်ပုံတော့ ပေးသင့်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ရွှေသေတ္တာမြှုပ်နှံထားတဲ့နေရာကို သိသူ က ကျုပ်လေဗျာ"

"တောက် ...မင်း တော်တော်လူပါးဝပါလားကွ ဟေ၊ ငါက ညှာနေလို့ အကောင်းမှတ်နေတယ်ပေါ့ ...ဟုတ်လား၊ ဒီမှာ ငါ ရက်စက်ချင်ရင် မင်း မပြောဘဲမနေနိုင်အောင် မင်းကို

နှိပ်စက်ပြီး မေးလို့ရတယ်ကွ ...သိလား"

"အဲဒီလို ကျုပ်ကိုနှိပ်စက်ရင် ကျုပ်ရဲ့လျှာကို ကျုပ်ကိုက်ဖြတ်ပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်မှာပေါ့ဗျာ၊ ဒါဆိုခင်ဗျားနဲ့ ရွှေတွေ ရာသက်ပန်ဝေးရောပေါ့ ...မဟုတ်ဘူးလား ...ဟင်း ဟင်း"

ပြောသည့်အတိုင်း တကယ်လုပ်မည့်ဟန် ပေါ်နေသည့်လူရဲအား ငေးကြောင်ကြည့်ရင်း စောဒိုး ဇဝေဇဝါဖြစ်သွားသည်။ အတန်ကြာ တွေဝေစဉ်းစားနေရာမှ သက်ပြင်းကြီးချကာ ...

"အေးကွာ ...အေး အေး၊ မင်းကို ရွှေတွေရဲ့ သုံးပုံတစ်ပုံ ခွဲပေးမယ်ကွာ၊ ဘယ်သူ့မြေပုံမှာ ရှိသလဲဆိုတာသာ ပြော"

"ဒီလိုပြောလို့ မဖြစ်ဘူးလေဗျာ၊ ရွှေသေတ္တာမြှုပ်နှံထားတဲ့နေရာကို ကျုပ်တို့နှစ်ယောက်စလုံး အတူတူသွားပြီး ရွှေတွေကို တူးဖော်ယူကြမယ်လေဗျာ"

စောဒိုးမှာ ခေတ္တစဉ်းစားပြီးနောက် သက်ပြင်းချလိုက်ကာ ...

"ကဲ ...ကောင်းပြီ၊ မင်းကိုပါ မော်ပိုင်သချိုင်းဆီခေါ်သွားမယ်၊ ဟိုရောက်မှ ယီးတီးယားတားလုပ်ရင်တော့ ရွှေတွေ မရတော့မယ့်အတူတူ မင်းကို အဲဒီသချိုင်းထဲမှာပဲ ပစ်သတ်ပြီး တစ်ခါတည်းမြှုပ်လိုက်မယ် ...သိလား"





"ကောင်းပါပြီ၊ ကျုပ်ဘက်က အတိအကျ ညွှန်ပြနိုင်မှာပါ၊ ဒါပေမဲ့ မော်ပိုင်ကိုသွားရမယ့်ခရီးက အတော်ဝေးသေးတယ်မဟုတ်လား။ ကျုပ် ပင်ပန်းနေလို့ လမ်းမလျှောက်နိုင်တော့ဘူးဗျ၊ ကျုပ်ကို မြင်းစီးခွင့်ပြုမှ ဖြစ်မှာဗျ"

သို့ဖြင့် စောဒိုးမှာ လူရဲအား မြင်းစီးခွင့်ပြုလိုက်ရကာ မြင်းကျောပေါ်သို့ သူ့ရှေ့မှ တက်ထိုင်စေလျက် မော်ပိုင်ဒေသဘက်သို့ ဦးတည်ခရီးနှင်ခဲ့ပါတော့၏။

သူတို့သည် တောင်ကြောကြီးတစ်ခု၏နံဘေးမှ ဖုန်းဆိုးမြေကိုဖြတ်ကာ ခရီးနှင်လာကြခြင်း ဖြစ်လေသည်။

သူတို့ အမြဲစိမ်းသစ်တောအုပ်တစ်အုပ်ကို ဖြတ်လာပြီးနောက်မှာမူ သံလွင်မြစ်ကမ်းမှ လွင်ပြင်တစ်ခုကို တွေ့ရသည်။ ယင်းလွင်ပြင်ဝယ် အုတ်ဂူဖြူဖြူတို့နှင့် မြေပုံမို့မို့များ၊ မှတ်တိုင်များကို တွေ့ရလေတော့၏။

စောဒိုးက ဝမ်းသာအားရ ကြွေးကြော်လိုက်သည်။

"ငါတို့ မော်ပိုင်သချိုင်းကို ရောက်ပြီကွ ...ဟား ဟားသူဌေးဖြစ်တော့မယ်"


❀ ❀ ❀

# အခန်း (၂)

ခေါင်းတုံးပေါ်ထိပ်ကွက်

မြပဝါအတွက် လက်ဆောင်ထုပ်

စိန်ခေါ်ပွဲများ



## အခန်း ( ၂ )

### ခေါင်းတုံးပေါ်ထိပ်ကွက်

"ဒါထက် နေပါဦးဗျ ... ဒီ မော်ပိုင်ဒေသမှာ စောမင်း ဆိုတဲ့လူကို ခင်ဗျားသိသလား"

"သိသားပဲ၊ စောမင်းဆိုတာ အရင်ကတော့ ဒီမော်ပိုင် ဒေသရဲ့ နာမည်ကြီးဓားပြ လက်မရွံ့စောမင်းပေါ့ကွာ၊ ခုတော့ သူက ရောမဓားပြဂိုဏ်းခေါင်းဆောင်ကြီး လုပ်နေတယ်၊ မြပဝါ ဆိုတာ သူ့ပဲပေါ့"

စောဒိုး၏စကားကြောင့် လူရဲမှာ လွန်စွာ အံ့ဩသွား တော့သည်။

"ဗျာ ... မြပဝါဆိုတာ စောမင်း ... ဟုတ်လား"

"အေး ... ဟုတ်တယ် ဟုတ်တယ်၊ အခု ငါတို့ ဒီ

မော်ပိုင်သချိုင်းမြေထဲက တူးဖော်ယူမယ့် ရွှေသေတ္တာရဲ့ပိုင်ရှင် မြပဝါဆိုတာ လက်မရှိ့တော့မင်းပဲ''

ဤတွင် လူရဲမှာ အောက်ဖော်ပြပါအတိုင်း တွေးဆဆင်ခြင်မိတော့၏။

''မြပဝါဆိုတာ ငါ သိပ်တွေ့ချင်နေတဲ့ စောမင်းဆိုသူပါလား။ စောမင်းကိုတွေ့ရရင် ငါ့ရဲ့အမေ ဒေါ်ယဉ်မွန်ကိုလည်း တွေ့ရနိုင်တယ်၊ အင်း ... အမေ မသေသေးဘူးဆိုရင်ပေါ့လေ။

ဘာပဲဖြစ်ဖြစ် မြပဝါကို ငါတွေ့နိုင်အောင် ကြိုးစားရမယ်၊ အဲဒီလို မြပဝါနဲ့နီးစပ်ဖို့ ကြိုးစားရာမှာ အကောင်းဆုံးနည်းကတော့ မြပဝါတို့ရဲ့ ရွှေသေတ္တာကို မြပဝါရဲ့လက်ထဲ ပြန်အပ်လိုက်ဖို့ပဲ ...၊

အဲဒီရွှေသေတ္တာကိုသာ ဓားပြအဖွဲ့တွေရဲ့လက်ထဲကနေ ပြန်ရယူပြီး မြပဝါရဲ့လက်ထဲ အပ်နိုင်ရင် မြပဝါဟာ ငါ့ကို ယုံကြည်ကိုးစားပြီး သူ့အဖွဲ့ထဲမှာ လက်ခံထားမှာပဲ ...၊

သူ့အဖွဲ့ထဲရောက်မှ ငါ့အမေရဲ့အကြောင်းကို စုံစမ်းထောက်လှမ်းနိုင်မှာဖြစ်တဲ့အပြင် အဲဒီ မြပဝါဆိုတဲ့ သောင်းကျန်းသူ လူဆိုးလူယုတ်မာကြီးကို ငါတို့မိသားစုအတွက် သွေးကြွေးဆပ်နိုင်မှာပဲ ...၊

ဒီတော့ တူးဖော်မယ့်ရွှေသေတ္တာကို စောဒိုးအတွက် ခွဲပေးလို့ မဖြစ်တော့ဘူး။ သင်းကိုခွဲမပေးရအောင် ကြံဆောင်





လေမှုပဲ''

လူရဲသည် ယိုင်နဲ့နဲ့မှတ်တိုင်တို့ စိုက်ထူထားသည့် မြေပုံနှိမ့်များနှင့် အုတ်ဂူဟောင်းတို့အကြားတွင် လျှောက်လှမ်းဝင်သွားရင်း အုတ်ဂူတို့အပေါ်မှ ကမ္ပည်းစာသားများကို ခပ်မြန်မြန် ဖတ်ရှုသွားလေ၏။

စောဒိုးက စီးကရက်တစ်လိပ်ကို နှုတ်ခမ်းမှာခဲရင်း လူရဲအား သေနတ်ဖြင့်ချိန်လျက် နောက်နားခပ်ခွာခွာမှ တစ်လှမ်းချင်း လျှောက်ကာ လိုက်ပါလာသည်။

ကမ္ပည်းစာသားတို့မှာ အတော်မှေးမှိန်လျက်ရှိရာ တချို့ကမ္ပည်းစာသားများကို အပေါ်မှ ဖုန်မှုန့်တို့အား ပွတ်သပ်ဖယ်ရှား ဖတ်ရှုရလေ၏။

| |
|---|
| ပွဲစားကြီး ဦးဘအုန်း<br>အသက် (၆၇) နှစ် |

| |
|---|
| ဘုရားဒကာ ဦးချစ်တင်<br>အသက် (၈၂) နှစ် |

| |
|---|
| ဇရပ်၊ သိမ် ဒါယိကာမကြီး ဒေါ်မွန်<br>အသက် (၅၄) နှစ် |

## မောင်ပေါက်တူ
## အသက် (၃၂) နှစ်။

သချိုင်းဟောင်းကြီး၏ တစ်ဝက်ကျော် ရောက်လာသည့်တိုင် လူရဲရှာနေသော ဂူကို မတွေ့သေးသဖြင့် စောဒိုးမှာ သက်ာမကင်းဖြစ်လာသလို စိတ်ပါတိုလာတော့သည်။

"ဟေ့ကောင် ... မင်းဥစ္စာ ဟုတ်မှဟုတ်ရဲ့လား။ ဘယ်သူ့ဂူမှာ မြှုပ်ထားတာလဲ ... ပြောစမ်းပါဦး။ ဒါမှ ငါပါ ကူရှာပေးနိုင်မှာပေါ့၊ မင်းတစ်ယောက်တည်း ရှာနေလို့ တော်ရုံနဲ့တွေ့မှာမဟုတ်ဘူး"

လူရဲက စောဒိုးကို လှည့်ကြည့်ပြီး နှုတ်ခမ်းမဲ့ပြလိုက်၏။

"ခင်ဗျားကိုပြောလို့ ဖြစ်မလားဗျ၊ ပြောလိုက်တာနဲ့ ခင်ဗျားက ကျုပ်ကို ပစ်သတ်လိုက်ရင် ဘယ်လိုလုပ်မလဲ"

"မသတ်ပါဘူး။ ငါ ကတိပေးတယ် ... ပြောစမ်းပါကွာ"

"နိုး နိုး ... ခင်ဗျားတို့ရဲ့ လူမိုက်ကတိကို ယုံနိုင်စရာမရှိဘူး"

"တောက် ... မင်း အတော်လူပါးဝနေပါလား၊ ကဲ ... ရှာ ... ရှာကွာ၊ ကြာတယ် ... ဒီသချိုင်းဟောင်းကြီးထဲမှာ





အရိပ်အာဝါသရှိတဲ့ သစ်ပင်လည်း မတွေ့ရ၊ ဇရပ်ဟောင်းလေးတစ်ဆောင်တောင် မရှိနဲ့ ... နေကပူလွန်းတယ်၊ ရှာ ရှာ ... မြန်မြန်ရှာ"

လူရဲက ခနိုးခနဲ့ ပြုံးလိုက်သည်။

"ကျောပူတာထက် ဝမ်းမပူဖို့က ပိုအရေးကြီးပါတယ်ဗျ၊ ဝမ်းမပူစေဖို့ ရွှေချောင်းတွေတွေ့မှ ဖြစ်မယ်လေ၊ ဖြည်းဖြည်းပေါ့ဗျာ၊ ဒီသချိုင်းကြီးထဲတောင် ရောက်လာမှပဲ၊ တွေ့ဖို့ရာ လက်တစ်ကမ်းပဲ လိုပါတော့တယ်ဗျ"

"မိကျောင်းသားက လျှာရှည်နေပြန်ပြီကွာ ... ရှာမှာရှာစမ်းပါ"

"ရှာတာက ဟုတ်တယ်ဗျ၊ ခင်ဗျားကို တစ်ခုတော့ ပြောထားရဦးမယ်"

"ဘာလဲ"

"ဟိုလူမသေခင် ကျုပ်ကိုပြောသွားတာက လေသံလေးနဲ့ ခပ်တိုးတိုးလေးမို့ ကျုပ် သိပ်ပြီး သဲသဲကွဲကွဲ မကြားလိုက်ရဘူးဗျ၊ ဒီတော့ ကျုပ်ကြားလိုက်ရတဲ့ နာမည်ဟာ ဟုတ်ချင်မှ ဟုတ်မယ်၊ အုတ်ဂူကို ဖြိုဖွဲ့ကြည့်မှ သိရမှာပဲဗျ"

"တောက် ... မင်းကတော့ ယီးတီးယားတား လုပ်လာပြီ၊ အေး ... ဘာပဲဖြစ်ဖြစ် ဒီနေရာရောက်ပြီးမှ ရွှေချောင်းတွေ မရလို့ကတော့ မင်း သေပြီသာမှတ်"

"ဘာဖြစ်လို့ မရရမှာလဲ ... ရမှာပါဗျ ဒါပေမဲ့ တစ်ခုရှိတာက ကျုပ်ကြားခဲ့ရတာ မသဲကွဲလှတာမို့ အုတ်ဂူကိုတွေ့ရင် ဖြိုခွဲကြည့်ပြီးမှ ရွှေချောင်းတွေ သိုဝှက်ထားရာဂူဟာ အဲဒီဂူ ဟုတ်,မဟုတ် သေချာပြောနိုင်မှာဗျ ...၊

ဟော ... ပြောရင်းဆိုရင် ကျုပ်ရှာနေတဲ့ဂူတော့ တွေ့ပြီဗျို့"

လူရဲက ဝမ်းမြောက်ဝမ်းသာပြောရင်း အတော်ယိုယွင်းနေပြီဖြစ်သည့် အုတ်ဂူဟောင်းကြီးတစ်လုံး၏အနီးသို့ ချဉ်းကပ်သွားတော့သည်။

စောဗိုး၏မျက်လုံးများမှာ တောက်လက်လာပြီး ယင်းဂူမှ ကမ္ပည်းစာအား ပြူးတူးပြဲတဲကြည့်ကာ ဖတ်ရှုလိုက်တော့၏။

ဦးဗျူဟစိန်
အသက် (၇၅) နှစ်

"ဒီဂူဆိုတာ သေချာလို့လားကွ"

"ထင်တာပဲဗျ"

"ဘာထင်တာလဲ"

"ဦးဗျူဟစိန်လား, ဦးစက္ကစိန်လား, ဦးသက္ကစိန်လား မသိဘူးဗျ၊ ဘာပဲဖြစ်ဖြစ် ဒီဂူကို ဖြိုကြည့်ရမှာပဲ"





"ရော့ ..., ဒီရဲတင်းနဲ့ ဖွဲ့ထုတ်စမ်း"

စောဗိုးက မြင်းကုန်းနှီးတွင် ချိတ်ဆွဲထားသော ရဲတင်းကို ဖြုတ်ပြီး လှမ်းပေးလိုက်ရာ လူရဲက လှမ်းယူလိုက်ကာ အင်္ဂတေကွာကျနေသည့် အုတ်ဂူနံရံမှ အုတ်ဆွေးအုတ်ဟောင်းတို့ကို သေချာစွာ စစ်ဆေးကြည့်လိုက်လေ၏။

"အင်း ... ဒီအုတ်တွေက နှဲ့ဖြုတ်လို့ ရတာပဲ"

လူရဲက ဂူနံရံအား ကာထားသည့် အုတ်ဟောင်းတို့ကို နှဲ့ကာ တစ်လုံးချင်း ဆွဲဖြုတ်ထုတ်လိုက်တော့သည်။

"ကြာတယ်ကွာ ... ရဲတင်းနဲ့ ထုဖြိုလိုက်စမ်းပါကွ"

လူရဲလည်း ရဲတင်းဖြင့် ထုဖြိုရင်း အပေါက်ကို ချဲ့လိုက်လေ၏။

'ဒုတ် ဒုတ် ဒုတ်'

'ဘုတ် ဘုတ်'

အုတ်ဆွေးအုတ်ဟောင်း အတော်များများ ပြိုကွဲလွင့်ကျကုန်သည်တွင် တစ်တောင်ပတ်လည်ခန့် အပေါက်ကြီး ဖြစ်သွားတော့သည်။

ဂူထဲသို့ အပေါက်ဝမှကြည့်ရာ သစ်သားခေါင်းတလားတစ်ခု၏ နံရံကို တွေ့ရ၏။

လူရဲက ဂူပေါက်ထဲသို့ လက်နှိုက်ပြီး ဂူကြမ်းပြင်ဘက်ဝမ်းကြည့်ရာ ဂူနံရံနှင့် သစ်သားခေါင်းတလားကြားတွင် အေး

စက်မှာကျောသော အရာတစ်ခုကို လက်ဖျားများဖြင့် ထိတွေ့မိရာ အသည်းအေးခနဲ ဖြစ်သွားလျက် ရင်ဒိန်းခနဲ ခုန်သွားရတော့သည်။

"ဘယ်လိုလဲ ...တွေ့လားကွ ဟောကောင်"

ကလစ်ခနဲ သေနတ်မောင်းတင်သံနှင့်အတူ စောဒိုး၏ မေးသံကို ကြားရသဖြင့် လူရဲက နောက်ကျောဘက်သို့ လည်ပြန်ကြည့်လိုက်ပြီး ခေါင်းယမ်းပြလိုက်၏။

"ဘာမှ မတွေ့ဘူးဗျ ...ဒီဂူမဟုတ်ဘူးနဲ့ တူတယ်"

"ဘာ"

"ကျုပ် သေသေချာချာ လက်နဲ့လိုက်စမ်းကြည့်တာပဲဗျ၊ ဒီအထဲမှာ အခေါင်းကြီးပဲ ရှိတယ်၊ ရတနာသေတ္တာ မရှိဘူး"

စောဒိုးက မသင်္ကာသောမျက်လုံးများဖြင့် လူရဲကို စူးစူးရဲရဲ ကြည့်သည်။

"ဟုတ်ရဲ့လားကွ ...မင်း မလိမ်နဲ့နော်"

"ဩော် မယုံရင် ခင်ဗျားကိုယ်တိုင် လာစမ်းကြည့်ဗျာ"

လူရဲက ပြောရင်း ဂူပေါက်ဝမှ အသာဖယ်ပေးလိုက်ရာ စောဒိုးမှာ ရှေ့သို့တိုးလာပြီး အုတ်ဂူခြေရင်း၌ ဒူးထောက်ထိုင်ချလိုက်လျက် ဂူပေါက်ဝထဲသို့ ဝဲဘက်လက်ဖြင့် နှိုက်စမ်းကြည့်သည်။

စောဒိုးက လက်ယာဘက်လက်ထဲတွင် ကိုင်ထားသော





သေနတ်ဖြင့် လူရဲကို ချိန်ထားရင်းမှ ထိုသို့ စမ်းသပ်ကြည့်နေခြင်း ဖြစ်ရာ ...

သူ၏လက်ဝဲလက်ချောင်းများက အုတ်ဂူထဲမှသံသေတ္တာအား စမ်းမိသွားဟန်တူ၏။

"ဟာ ...ဒီ ...ဒီအထဲမှာ သံ ...သံသေတ္တာတစ်လုံးပါလား"

ဝမ်းသာအားရဖြစ်သွားသော စောဒိုး၏အာရုံက သံသေတ္တာဆီသို့ ရောက်ရှိသွားသည်တွင် လောဘဇောကြောင့် လူရဲကို သတိထားရန် မေ့လျော့သွားပုံရသည်။

"ဟုတ် ဟုတ်တယ် ...ဒါ ...ဒါက ရွှေချောင်းသေတ္တာနဲ့ တူတယ်"

သူ့ထံမှ စောဒိုး အာရုံပြောင်းသွားချိန်ကို စောင့်စားလျက်ရှိသော လူရဲက ရဲဒင်းအနှောင့်ဖြင့် စောဒိုး၏ သေနတ်ကိုင်လက်ကို ထုချလိုက်တော့၏။

'ဒုတ်'

"အား"

စောဒိုးမှာ နာကျင်စွာအော်လိုက်ရင်း လက်ထဲမှသေနတ် လွတ်ကျသွားရာမှ လန့်ဖျပ်ဒေါသဖြစ်စွာ လူရဲအား လှည့်ကြည့်လိုက်လေသည်။

'ခွပ်'

“အ”

လူရဲက ရဲဒင်းအနောင့်ဖြင့် စောဒိုး၏နဖူးကို ခပ်ဆတ်ဆတ် ထုထည့်လိုက်ရာ နဖူးမှသွေးတို့ ဖြာခနဲ ထွက်သွားသည့် စောဒိုးသည် မူးဝေသွားပြီး မျက်ဖြူလန်လျက် နံဘေးသို့ ဘုံးခနဲ ပစ်လဲကျကာ သတိလစ်သွားတော့၏။

လူရဲ၏လက်ဆကား ကွက်တိပင်။

“ဝမ်းနည်းပါတယ် စောဒိုး။ ရွှေချောင်းတွေ မင်းကို တစ်ဝက်ခွဲ မပေးနိုင်တော့ဘူး၊ ဒါတွေကို ငါ အကုန်ယူသွားပြီး လူဆိုးခေါင်းဆောင်ကြီး မြပဝါရဲ့လက်ထဲ အပ်ရလိမ့်မယ်၊ ဒါမှ ငါဟာ မြပဝါရဲ့အနီးအနားကို ကပ်ခွင့်ရပြီး ငါ့အမေရဲ့သတင်းကို စုံစမ်းလို့ရမှာ၊ ခုလို ခေါင်းတုံးပေါ် ထိပ်ကွက်ရတာတော့ စိတ်မကောင်းပါဘူးကွာ ...ဟဲ ဟဲ”

သတိလစ်လဲကျနေသည့် စောဒိုးအား သရော်ပြုံးနှင့် ကြည့်ရင်း ခပ်တိုးတိုးပြောလိုက်ပြီးနောက် လူရဲက စောဒိုး၏ ခြောက်လုံးပြူးသေနတ်ကို ကောက်ယူလျက် ခါးကြား၌ ထိုးလိုက်လေသည်။

ပြီးနောက် အုတ်ဂူထဲသို့ လက်နှိုက်ကာ သံသေတ္တာငယ်ကို ခဲရာခဲဆစ် ထုတ်ယူလိုက်၏။

“အတော်လေးပါလား”

အလျားတစ်ပေကျော်ကျော်၊ အနံ (၈) လက်မခန့်နှင့်





အမြင့် (၆) လက်မနီးပါးရှိသော သံသေတ္တာအား မြေပြင်ပေါ် ချလိုက်ပြီးနောက် သေတ္တာအဖုံး၏ မျောက်လက်၌ ခတ်ထားသည့်သော့ခလောက်ကို လက်ဖြင့် ကိုင်စမ်းကြည့်လိုက်လေသည်။

“ဒီသော့ခလောက်ကို ဖျက်ပြီး ဖွင့်ကြည့်ချင်လိုက်တာ၊ ဒါပေမဲ့ ဒါကို ဖွင့်ကြည့်လိုက်ရင် ခြေရာလက်ရာပျက်သွားမယ်၊ မြပဝါက သူ့ရဲ့ရွှေချောင်းသေတ္တာ ခြေရာလက်ရာပျက်တာကို ကြိုက်မှာမဟုတ်ဘူး။ ဘာပဲဖြစ်ဖြစ် ဒီသံသေတ္တာဟာ ရတနာသေတ္တာဖြစ်တာ သေချာပါတယ်လေ၊ ဖွင့်ကြည့်နေစရာ မလိုပါဘူး။ ဒီအတိုင်း ခြေရာလက်ရာမပျက် ယူသွားမယ်”

လူရဲသည် ဆုံးဖြတ်ချက်ချပြီးသည်နှင့် သံသေတ္တာလေးအား ပွေ့ယူပြီး မြင်းကုန်းနှီး၌ ချိတ်ထားသော ပတ္တူအိတ်ကြီးထဲ ထည့်လိုက်လေ၏။ ပြီးမှ သူသည် သတိလစ်နေဆဲဖြစ်သည့် စောဒိုးကို ခပ်ပြုံးပြုံး ငုံ့ကြည့်လိုက်ရင်း ...

“ကဲ စောဒိုးရေ ... ဒီသင်္ချိုင်းကြီးထဲမှာ အေးအေးချမ်းချမ်းနဲ့ နေရစ်တော့ဟေ့၊ ငါတော့ သွားပြီ ... တာ့တာ၊ ရွှေယောက်ဖရေ တာ့တာ”

ဟု နှုတ်ဆက်လိုက်ပြီးနောက် မြင်းကို အသော့နှင်ကာ ဖုန်းဆိုးမြေ သင်္ချိုင်းဟောင်းကြီးထဲမှ ထွက်ခွာခဲ့ပါတော့သတည်း။

❀ ❀ ❀



## မြပဂါအတွက် လက်ဆောင်ထူး

လူရဲသည် ယွန်းစလင်းမြစ်များပိုင်းရှိ မော်ပိုင်နယ်စပ်မြို့လေးရှိရာသို့ ဦးတည်ကာ ခရီးနှင်ခဲ့ရာ လမ်းခရီးအကြားရှိ အုန်းနဲ၊ သပွန်း၊ ညောင်ခါး၊ ကျုံနားရွာတို့ကို ဖြတ်သန်းခဲ့ပြီး အချို့ရွာတို့၌ တစ်ညတာ ညအိပ်ခိုနားခဲ့လေသည်။

သို့ဖြင့် သုံးရက်မြောက်သောနေ့၏ နေ့ခင်းအချိန်တွင် မော်ပိုင်မြို့လေးရှိရာသို့ ရောက်ရှိလာရာ မြို့လယ်လမ်းအတိုင်း မြင်းကို ခွာချက်မှန်မှန်စီးရင်း ဟိုကြည့်သည်ကြည့်ဖြင့် လေ့လာစူးစမ်းလျက် ဝင်ရောက်လာတော့၏။

မော်ပိုင်မြို့လေးသည်ကား ဥပဒေနှင့်အလှမ်းဝေးရာ နယ်စပ်မြို့လေးဖြစ်ပြီး လူမျိုးပေါင်းစုံ ကျက်စားရာဒေသဖြစ်သ





ဖြင့် ဒုစရိုက်လုပ်ငန်းပေါင်းစုံရှိသလို လူသူလည်း စည်ကားလှကြောင်း လူရဲ အကဲခတ်မိလေသည်။

မြို့လယ်လမ်းပေါ်တွင် မြင်းလှည်းတို့သည်လည်းကောင်း၊ ကုန်သည်အုပ်စုများနှင့် အတူပါလာသော လားတို့သည်လည်းကောင်း၊ မြင်းစီးယောက်ျားအချို့သည်လည်းကောင်း သွားလာလျက်ရှိကြကာ မြို့လယ်ပိုင်းတွင် စားသောက်ဆိုင်များကို တန်းစီလျက် တွေ့ရလေ၏။

လူရဲသည်လည်း ဗိုက်အတန်ဆာနေပြီဖြစ်သဖြင့် မြို့လယ်ပိုင်းမှ စားသောက်ဆိုင်တစ်ဆိုင်ရှေ့တွင် မြင်းကိုရပ်လိုက်ပြီး ဆိုင်ရှေ့ရှိ မြင်းချည်တိုင်တစ်ခု၌ မြင်းဇက်ကြိုးကို ချည်ထားလိုက်လေသည်။

သူသည် ရွှေသေတ္တာအား စိတ်မချသဖြင့် သေတ္တာထည့်ထားသည့် ပတ္တူအိတ်ကြီးကို မြင်းကုန်းနှီးမှဖြုတ်ယူကာ ပခုံးတစ်ဖက်တွင် သိုင်းလွယ်လိုက်ပြီးနောက် ဆိုင်ထဲသို့ ဝင်ရောက်လာခဲ့လေ၏။

ဆိုင်ထဲရှိ ဝိုင်းသုံးလေးဝိုင်း၌ အရက်ပုလင်းများကို စားပွဲအလယ်တွင်ထောင်ကာ အော်ကျယ်ဟစ်ကျယ် ပြောဆိုရယ်မောစားသောက်နေကြသူများသည် မျက်နှာစိမ်းဖြစ်သူ ဆိုင်ထဲဝင်လာသည်ကို သတိပြုမိဟန်ဖြင့် ပြောလက်စစကားတို့ကို ရုတ်တရက် ရပ်လိုက်ကြပြီး လူရဲအား မျက်လုံးစိမ်းများနှင့် အကဲခတ်

ကြည့်ရှုကြလေသည်။

လူရဲကမူ ရင်းနှီးလိုသောအမူအရာဖြင့် အားလုံးကို ခပ်ပြုံးပြုံးမျက်နှာနှင့် ဝေ့ကြည့်လိုက်ပြီးနောက် ဆိုင်ထောင့်တစ်ထောင့်မှ စားပွဲလွတ်တွင် ဝင်ထိုင်လိုက်လေ၏။

"ညီလေး ...ဘာမှာမလဲ"

ဆိုင်ရှင်ဖြစ်ဟန်တူသည့် အသားဖြူဖြူ ခပ်ဝဝလူရွယ်က လာမေးရာ လူရဲက ထိုသူ့ကို ပြုံးပြလိုက်ပြီး ...

"ထမင်းစားချင်လို့ အစ်ကို ...ဘာဟင်းတွေရမလဲ"

ဟု မေးလိုက်ရာ ဆိုင်ရှင်က ရရှိနိုင်သည့် အသားဟင်း၊ အသားကင်၊ အသီးအရွက်ကြော် အမည်နာမတို့ကို ခပ်သွက်သွက် ရွတ်ပြလိုက်လေသည်။

"ဂျုံးမြစ်သုတ်နဲ့ ဆိတ်သားဟင်းသာပေးပါ အစ်ကို"

"ယမကာရော ...ဘာယူမလဲ ညီလေး။ ကောက်ညှင်းအရက်ရော၊ နိုင်ငံခြားအရက်မျိုးစုံပါ ရှိတယ်"

"ကျွန်တော် အဲဒါတွေ မသောက်ပါဘူး အစ်ကို"

ဆိုင်ရှင်က အံ့ဩသလိုဖြစ်သွားလေ၏။

"ညီလေးဆိုလိုတာက"

"ကျွန်တော် အရက်မသောက်ဘူးလို့ ပြောတာပါခင်ဗျ"

"ဩော်"

ဆိုင်ရှင်က ပိုမိုအံ့ဩသွားဟန်ရှိသလို အခြားဝိုင်းမှ လူ





များကလည်း လူရဲအား အထူးအဆန်းသတ္တဝါနှယ် ခေါင်းငုံ့ကြည့်ကြလေသည်။

"ညီလေးက ဒီမော်ပိုင်ကို တစ်ခါမှ မရောက်ဖူးဘူးထင်တယ်"

"ဟုတ်ပါတယ် ...ဘာဖြစ်လို့လဲခင်ဗျ"

"ဟင်း ဟင်း ...မော်ပိုင်မှာနေတဲ့သူတွေရော, ကုန်ကူးသန်းရောင်းဝယ်ဖို့ ရောက်လာသူတွေပါ အရက်မသောက်တဲ့သူ, မော်ပိုင်က ကစားဝိုင်းတွေ ဖိမ်ခန်းတွေ ဘိန်းခန်းတွေဆီ မသွားတဲ့သူ မရှိဘူးကွ၊ ညီလေးကတော့ အဆန်းပါလား"

"ကျွန်တော် အဲဒါတွေ ဝါသနာမပါ ...ပါဘူး"

ဤတွင် လူရဲနှင့်ဆိုင်ရှင်တို့ အပြန်အလှန်ပြောနေကြသည့်စကားအား နားစွင့်ထောင်နေသည့် နံဘေးဝိုင်းမှ ရုပ်ကြမ်းကြမ်းနှင့်လူရွယ်တစ်ဦးက လူရဲအား မဲ့ရွဲ့ကြည့်လိုက်ပြီး ...

"ဘုရားဖြစ်မယ့် အုတ်နီခဲပါလားကွ ဟေ၊ မော်ပိုင်မှာနေတဲ့သူ, မော်ပိုင်ကို ရောက်လာသူမှန်သမျှ သောက်သောက်စားစား လူမင်းသားချည်းပဲ၊ မော်ပိုင်မှာ ရောင်းဝယ်ဖောက်ကားပြီး ငွေရှာမယ်၊ ပြီးရင် အဲဒီငွေတွေနဲ့ ပျော်စရာမျိုးစုံရှာပြီး အပန်းဖြေမယ်၊ မင်းလေးက အဲဒါတွေ မလုပ်ဘူးပေါ့ ...ဟုတ်လားကွ ...ဟေ ...အေ့"

"ဟုတ်တယ်၊ ကျွန်တော်က အဲဒါတွေလုပ်ဖို့ မော်ပိုင်ကို

ရောက်လာတာမဟုတ်ဘူး''

''ဘာကွ ... ဒါဆို မင်းက ဘာလုပ်ဖို့ ရောက်လာတာလဲ''

လူရဲ့ထံမှ အဖြေစကားကို ဆိုင်အတွင်းရှိ လူများအားလုံးက စိတ်ဝင်စားစွာ နားစွင့်နေကြလေ၏။

''မြပဝါနဲ့ တွေ့ဖို့လာခဲ့တာပါ''

''ဟေ!''

''အဲ''

ဆိုင်ထဲရှိလူများအားလုံးမှာ မျက်နှာပျက်သွားကြကာ မျက်လုံးပြူးသူက ပြူး၊ ပခုံးတွန့်သူက တွန့် ဖြစ်သွားကြပြီး ဆိုင်ရှင်မှာ မျက်နှာဝယ် သွေးဆုတ်သလို ဖွေးခနဲဖြစ်သွားရှာလေ၏။

လူရဲ့ကမူ သူ့စကားထဲတွင် ထိတ်လန့်ချောက်ချားစရာ မပါပါဘဲ ဆိုင်ရှင်အပါအဝင် ဆိုင်ထဲရှိလူများအားလုံး မျက်နှာအပျက်ပျက်ဖြစ်သွားရသည်ကို နားမလည်နိုင်အောင် ရှိတော့သည်။

ရုပ်ကြမ်းကြမ်းနှင့်လူမှာလည်း ဘာမျှဆက်မပြောတော့ဘဲ တစ်ဖက်သို့ ပြန်လှည့်သွားကာ တုန်ယင်သောလက်ဖြင့် အရက်ခွက်ကို ကမန်းကတန်း မော့လိုက်လေ၏။ အခြားသူတို့သည်လည်း လူရဲ့ကို မကြည့်ကြတော့ဘဲ မျက်နှာလွှဲသွားကြတော့





သည်။

ဆိုင်ရှင်က သက်ပြင်းရှိုက်လိုက်ပြီး ဆိုင်နောက်ဘက်သို့ ခပ်သုတ်သုတ်ဝင်သွားကာ ခဏအကြာမှာပင် ထမင်းပွဲဟင်းပွဲတို့ကို အကူကောင်လေးတစ်ယောက်နှင့်အတူ သယ်ယူလာလေ၏။

ထမင်းပွဲ ဟင်းပွဲတို့ကို စားပွဲပေါ်သို့ချရင်း ဆိုင်ရှင်က ဦးခေါင်းကိုရှေ့သို့ငုံ့ကိုင်းကာ လူရဲ့အား တိုးတိုးပြောသည်။

''ညီ ... ညီလေး ...'မင်းက ဆရာကြီးမြပဝါကို ဘာဖြစ်လို့ တွေ့ချင်ရတာလဲ၊ ဒီမော်ပိုင်မှာ ဆရာကြီးမြပဝါကို ဘယ်သူမှ တွေ့ချင်တယ်လို့ မပြောခဲ့ကြဘူး။ အထူးသဖြင့် အခုလို ဒိုးမီးလောင်နေချိန်မှာပေါ့''

''အခု ဘာတွေဖြစ်နေလို့လဲဗျ''

''ဘာတွေဖြစ်ရမှာလဲ ညီလေးရဲ့ ... ဆရာကြီးမြပဝါတို့အဖွဲ့ကို အမြဲအံတုနေတဲ့ လဝန်းနက်ဓားပြဂိုဏ်းဟာ လင်းခွဲတောင်ကြားမှာ ဆရာကြီးမြပဝါရဲ့တပည့်အချို့ကို ချုံခိုတိုက်ခိုက်သတ်ဖြတ်ပြီး ဆရာကြီးမြပဝါတို့အဖွဲ့ရဲ့ရွှေသေတ္တာကို လုယူပြေးခဲ့ကြတယ်ကွ ...၊

အဲဒါ ဆယ်ရက်လောက်ရှိပြီ၊ ဆရာကြီးမြပဝါလည်း ဒေါသအိုးပေါက်ကွဲနေလို့ သူ့လူတွေ အကုန်လွှတ်ပြီး လဝန်းနက်ဂိုဏ်းသားမှန်သမျှ တွေ့ရာသချိုင်း ဓားမဆိုင်းစတမ်း သတ်ဖြတ်

ပစ်နေတယ်ကွ၊ ဒါပေမဲ့ ရွှေသေတ္တာကိုတော့ ပြန်မရသေးဘူးလို့ သိရတယ် ...။

ဒါကြောင့် ဒီမော်ပိုင်မြို့ပေါ်မှာ ခိုကပ်နေတဲ့ လဝန်းနက်ဂိုဏ်းသားတွေကို ဆရာကြီးမြပဝါရဲ့လူတွေက အရဖော်ထုတ်ပြီး နေ့တိုင်း သတ်ဖြတ်နေတာမို့ မော်ပိုင်မြို့သားတွေဟာ ကျီးလန့်စာစားဖြစ်နေကြပြီး နားရွက်တောင် မလှုပ်ရဲဘူးဖြစ်နေကြတယ်ကွ ...။

ခုချိန်မှာ ဆရာကြီးမြပဝါနဲ့ ဆန့်ကျင်တဲ့သူ, လဝန်းနက်ဂိုဏ်းသားလို့ လက်ညှိုးထိုးခံရသူဟာ နာရီပိုင်းအတွင်း မရဏလမ်းကို မြန်းကြရတာမို့ ဆရာကြီးမြပဝါနဲ့ ပတ်သက်လို့ဖြစ်ဖြစ်, လဝန်းနက်ဂိုဏ်းနဲ့ ပတ်သက်လို့ဖြစ်ဖြစ် လေသံတောင် မဟရဲကြဘူးကွ ...။

ဒီလိုအချိန်မျိုးမှာ ငါ့ညီက ဆရာကြီးမြပဝါနဲ့တွေ့ဖို့ လာတာဆိုတော့ မရဏသေမင်းနဲ့တွေ့ဖို့ လာသလိုဖြစ်နေတယ် ငါ့ညီရဲ့"

ဆိုင်ရှင်က လေသံကိုနှိမ့်ကာပြောရင်း မျက်လုံးကလည်း ဆိုင်ဝန်းကျင်ကို ကျီးကြည့်ကြောင်ကြည့်ဖြစ်နေလေ၏။

လူရဲကမူ အသာပြုံးလိုက်မိရင်း ...

"ဟင်း ဟင်း ... မြပဝါဟာ ကျုပ်ရဲ့သေမင်းမဟုတ်ဘူးဗျ၊ ကျုပ်ကသာ မြပဝါရဲ့ သေမင်း ... သိရဲ့လား ... ဟင်း"

ဟု စိတ်ထဲမှပြောကာ ရယ်သွမ်းသွေးလိုက်မိလေ၏။

ယင်းအချိန်မှာပင် အင်္ကျီကြောင်ကြောင်ကြားကြားဝတ်ထားသူ လူညွက်ညွက်တစ်ဦးသည် ဆိုင်ထဲမှ ကုပ်ချောင်းချောင်းဖြင့် ထွက်သွားတော့၏။

လူရဲကမူ ဘာကိုမျှ အရေးမထားသလို ထမင်းနှင့်ဟင်းကိုသာ ဆာဆာဖြင့် အပြတ်လွေးလျက်ရှိတော့သည်။

ထမင်းကို ဆာဆာဖြင့် ခပ်မြန်မြန်စားပြီး လက်ဆေးဇလုံထဲနှိုက်ကာ လူရဲ လက်ဆေးနေစဉ်မှာပင် မြင်းခွာသံများကြားရလျက် ခဏအကြာမှာပင် ဆိုင်ရှေ့သို့ မြင်းသုံးစီး ဆိုက်ရောက်လာတော့၏။

ဆိုင်ရှေ့ရောက်ရှိလာသည့် မြင်းစီးသမားတို့ကို လှမ်းကြည့်ရင်း ဆိုင်ရှင်၏မျက်နှာမှာ သွေးဆုတ်သွားကာ လူရဲ၏အနီးသို့ ချဉ်းကပ်လိုက်လျက် ခပ်တိုးတိုး သတိပေးပြောကြားလိုက်သည်။

"ငါ့ညီ ... ဆရာကြီးမြပဝါရဲ့သား နေသြဇာတော့ လိုက်လာပြီကွ ... သတိသာထားတော့၊ မြှောင် သွားသတင်းပေးလိုက်တာပဲ"

လူရဲ၏မျက်နှာက အံ့အားသင့်သလို ဖြစ်သွားသည်။ ထိုစဉ် ဆိုင်ရှေ့မှလူများ မြင်းပေါ်မှဆင်းလိုက်ကြပြီ ...





ဝု နှစ် စဉ် ကြယ် စာ ပေ

"ဗျာ ... မြပဝါရဲ့သား ဟုတ်လား။ မြပဝါရဲ့ဘယ်မိန်းမက မွေးတဲ့သားလဲဗျ"

"အာ ... ဆရာကြီးမြပဝါက လူဆိုးခေါင်းဆောင်ကြီးဆိုပေမယ့် မယားအများကြီး မယူထားဘူးကွ ... မယားတစ်ယောက်ပဲရှိတယ်၊ နာမည်က ဒေါ်ယဉ်မွန်တဲ့"

"ဗျာ ... ဒေါ်ယဉ်မွန် ... ဟုတ်လား။ ဒါဆို နေသြဇာ ဟာ ဒေါ်ယဉ်မွန်ရဲ့သားပေါ့ ... ဟုတ်လား"

"ဟုတ်တယ် ဟုတ်တယ် ... သူတို့ရဲ့တစ်ဦးတည်းသောသား ... ဆိုးမှဆိုး။ သတိသာထားပေတော့ ငါ့ညီ"

ဆိုင်ရှင်က ခပ်တိုးတိုး အသံတုန်တုန်နှင့် ပြောနေစဉ်မှာပင် သက္ကလတ်ဦးထုပ်ပျော့၊ သားရေဂျက်ကက်၊ သက္ကလတ်ဘောင်းဘီရှည်၊ မြင်းစီးလည်ရှည်သားရေဖိနပ်တို့ကို အနောက်တိုင်းဘိုင်စကုတ်ကားများထဲမှ ကောင်းဘွိုင်မင်းသားများနှယ် စတိုင်ကျကျ ဝတ်စားထားသော နုပျိုချောမောသည့် လူငယ်တစ်ဦးသည် လက်နှစ်ဖက်ကို ခပ်ကားကားထားရင်း မျက်နှာထားတင်းတင်းဖြင့် ဆိုင်ထဲသို့ ရှေ့ဆုံးမှ ဦးဆောင်ဝင်လာရာ သူ့ကဲ့သို့ပင် ဝတ်စားထားကြသည့် သူ၏နောက်လိုက်ဖြစ်ဟန်တူသူ ရုပ်ကြမ်းကြမ်းလူနှစ်ဦးနှင့် ငမြှောင်တို့ပါ ဝင်လိုက်လာကြတော့၏။

နေသြဇာက ဆိုင်အလယ်ခန့်အရောက်တွင် ခါးထောက်ရပ်ကာ ခက်ထန်သောမျက်လုံးများဖြင့် တစ်စားပွဲပြီး တစ်စားပွဲသို့





ဝေ့ကြည့်လိုက်ရာ ဆိုင်ထောင့်မှစားပွဲတွင်ထိုင်နေသည့် လူရဲ တစ်ဦးတည်းကသာ သူ့ကို စူးစူးစိုက်စိုက်ပြန်ကြည့်လျက်ရှိပြီး ကျန်ဝိုင်းများမှ လူတို့မှာမူ မီးကိုရေနှင့်သတ်ထားသလို ဆိတ်ငြိမ်လျက် မျက်နှာကြီးများ အောက်ငုံ့ထားကြလေသည်။

"သူ ... သူပဲ ... အစ်ကိုလေး"

ငမြှောင်က မျက်နှာလိုအားရဖြင့် လူရဲအား လက်ညှိုးညွှန်ပြလိုက်တော့၏။

နေသြဇာသည် လူရဲအား မီးထွက်လုမတတ်မျက်လုံးများဖြင့် စိုက်ကြည့်လိုက်ပြီးမှ လူရဲထိုင်နေရာစားပွဲဆီသို့ တစ်လှမ်းချင်းလှမ်းလာကာ ကုလားထိုင်တစ်လုံးပေါ်သို့ မြင်းစီးဖိနပ်စီးထားသော ခြေတစ်ဖက် တင်လိုက်လေသည်။

သူ၏လက်တစ်ဖက်က ခါးထောက်ထားပြီး ကျန်လက်တစ်ဖက်က ခါးတွင်ချိတ်ဆွဲထားသော ခြောက်လုံးပြူးသေနတ်ခင်ပေါ် တင်ထားကာ လူရဲကို အနီးကပ်စိုက်ကြည့်လိုက်၏။

"ဒီမှာ မောင်ရင်က ကျုပ်အဖေကို တွေ့ချင်လို့ဆို"

"ဟုတ်တယ် ညီလေး"

လူရဲက သူ၏ မအေတူဖအေကွဲညီအား သံယောဇဉ်မျက်ဝန်းများဖြင့် အေးဆေးစွာမော့ကြည့်ရင်း ဖြေလိုက်ရာ လူရဲ၏ လွန်စွာအေးဆေးသောဟန်ပန်ကြောင့် နေသြဇာကိုယ်တိုင်ရော၊ သူ့လူနှစ်ယောက်ပါ အံ့သြသလို ဖြစ်သွားကြလေသည်။

နေသြဇာ၏မျက်နှာကမူ ပိုမိုတင်းမာသွားပြီး ...

"မောင်ရင့်ရဲ့နာမည်က ဘာလဲ၊ ဘယ်ကလာတာလဲ၊ ကျုပ်အဖေကို ဘာကိစ္စ တွေ့ချင်ရတာလဲ"

"ကိုယ့်နာမည်က လူရဲ၊ ရန်ကုန်က လာတာ"

"ဘာ ... ရန်ကုန်က ... ဟုတ်လား"

နေသြဇာရော၊ သူ့လူများပါ ပိုလို့အံ့အားသင့်သွားကြသည်။

နယ်စပ်ဒေသမှာသာ မွေးဖွားကြီးပြင်းခဲ့ရသည့် နေသြဇာတို့မှာ ရန်ကုန်ရွှေမြို့တော်ကြီး၏ နာမည်ဂုဏ်သတင်းကိုသာ ကြားဖူးပြီး တစ်ခေါက်တစ်ကျင်းမျှ မရောက်ဖူးသည်က တစ်ကြောင်း။ မော်ပိုင်ကဲ့သို့ နယ်စွန်နယ်ဖျား ချောင်ကျလှသည့်ဒေသသို့ ရန်ကုန်လိုမြို့ကြီးမှလူများ ဆယ်နှစ်မှာတစ်ခေါက် မရောက်လာဖူးသောကြောင့် တစ်ကြောင်း အံ့ဩလျက်ရှိကာ လူရဲအား အထူးအဆန်းသတ္တဝါနှယ် မျက်လုံးပြူးကြည့်နေကြလေ၏။

"ဟုတ်တယ် ... ရန်ကုန်က လာခဲ့တာပါ"

"ဘာကိစ္စလာတာလဲ၊ အရောင်းအဝယ်အတွက်နဲ့တော့ ဟုတ်ဟန်မတူဘူး"

"ငါ့ညီရဲ့အဖေ ဆရာကြီးမြပဝါကို တွေ့ချင်လို့ပါ"

"ဘာကိစ္စလဲ"

"သူ့ကို လက်ဆောင်တစ်ခုပေးချင်လို့"





နေသြဇာက မယုံသင်္ကာသလို လူရဲကို မျက်မှောင်ကြုတ်ကြည့်လိုက်လေ၏။

"ဘာလက်ဆောင်လဲ ... ဘယ်မှာလဲ လက်ဆောင်"

"လက်ဆောင်က ကိုယ်နဲ့အတူ ပါလာပါတယ်၊ သူနဲ့တွေ့ရမှ လက်ဆောင်ကိုပြပြီး တစ်ခါတည်းပေးပါရစေ"

နေသြဇာက မယုံသင်္ကာသလို လူရဲအား စိုက်ကြည့်လျက် ရှိသော်လည်း လူရဲ၏မျက်နှာကိုကြည့်ရင်း သူ့စိတ်ထဲတွင် တစ်မျိုးတစ်မည် ခံစားနေရလေ၏။ တကယ်တော့ သူက ဖခင်၏ သွေး ပါသူပီပီ စကားကို ရှည်ရှည်ပြောတတ်သူမဟုတ်။ တိုတိုပြောကာ ပြတ်ပြတ်လုပ်တတ်သူဖြစ်သည်။

ယခု လူရဲဆိုသူက သူ့ကို ဇဝေလည်လည်လုပ်နေဟန်ရှိသော်လည်း သူက လူရဲအား ပြတ်ပြတ်သားသားလုပ်ရန် ဘာကြောင့်မှန်းမသိ ဝန်လေးလျက်ရှိလေ၏။ သူ့တပည့် ညိုလုံးနှင့် မိုးကြီးတို့ကပင် သူတို့၏ဆရာသမားဖြစ်သူကို အားမလိုအားမရဖြစ်လျက် ရှိလေသည်။

"ကောင်းပြီလေ ... ဒါဆို မောင်ရင် အခုလိုက်ခဲ့"

"ငါ့ညီရဲ့အဖေဆီကိုလား"

"ဟုတ်တယ်"

လူရဲ ဘာမျှမပြောတော့ဘဲ ထိုင်ရာမှထကာ စားပွဲပေါ်တင်ထားသည့် ပစ္စူအိတ်ကြီးကို ပခုံးထက်မှကောက်လွယ်လိုက်

တော့၏။

နေသြဇာလည်း ဆိုင်ထဲမှ ခြေလှမ်းကျဲကြီးများဖြင့် ပြန်ထွက်သွားရာ သူ့လူနှစ်ယောက်ပါ နောက်မှလိုက်ပါသွားတော့သည်။ ဆိုင်ထဲမှ လူအားလုံးက သူတို့ကို အံ့သြစွာ ငေးကြည့်နေကြ၏။

လူရဲက ထမင်းဖိုးငွေကို ရှင်းပေးလိုက်ပြီးနောက် ဆိုင်ထဲမှ ထွက်လိုက်လာလျက် ပတ္တူအိတ်ကြီးအား မြင်းကုန်းနှီးတွင် ချိတ်လိုက်လေ၏။

ပြီးနောက် ချည်တိုင်မှ မြင်းဇက်ကြိုးကို ဖြုတ်လိုက်ကာ မြင်းပေါ် လွှားခနဲတက်လိုက်တော့သည်။

နေသြဇာက မြင်းကို ခွာချက်မှန်မှန်ဖြင့် အသားကျစီးရင်း မြို့လယ်လမ်းအတိုင်း ရှေ့မှဦးဆောင်သွားရာ လူရဲက သူ့နောက်မှလိုက်ပါသွားပြီး ညိုလုံးနှင့်မိုးကြိုးတို့ လူရဲအား ဘေးတစ်ဖက်တစ်ချက်မှ ညှပ်လျက် လိုက်ပါလာလေ၏။

မြို့လယ်လမ်းပေါ်တွင် သွားလာနေကြသူများသည် နေသြဇာတို့လာသည်ကိုမြင်သည်နှင့် လမ်းဘေးသို့ ရှဲပေးကြလေသည်။ လူအများစုသည်ကား နေသြဇာအား မကြည့်ဝံ့ကြသည့်နှယ် မျက်နှာတို့ကို မသိမသာငုံ့လျှိုးလျက်ရှိကြပြီး သူတို့အုပ်စု လွန်သွားမှ လိုက်ကြည့်ကြသည်ကို လူရဲ သတိပြုမိလေ၏။

"ဒီမော်ပိုင်မှာ မြပဝါကို ဖယ်ထားလို့ ... သူ့ရဲ့သား





နေသြဇာကိုတောင် လူတွေ အတော်လန့်ကြတာပါလား"

စောမင်း (ခေါ်) မြပဝါ၏အရှိန်အဝါက သူမျှော်လင့်ထားသည်ထက် ပို၍ကြီးမားနေပါကလား။ ။

❀

မော်ပိုင်မြို့၏မြောက်ဘက်မြို့စွန် သံလွင်မြစ်ကမ်းနံဘေးရှိ ကျောက်ကမ်းပါးမြင့်ကြီးပေါ်တွင် အုတ်တံတိုင်းမြင့်မြင့် ပတ်လည်ကာရံထားသည့် ခြံကြီးတစ်ခြံရှိပြီး ပေနှစ်ရာပတ်လည်ခန့်ကျယ်ပြန့်သည့် ယင်းခြံကြီး၏နောက်ဘက် ကျောက်ကမ်းပါးယံအနီးတွင် အုတ်ကျောက်များဖြင့် ဆောက်လုပ်ထားသော ကျောက်သားတိုက်အိမ်မြင့်ကြီးကို တွေ့ရလေ၏။

ယင်းကျောက်သားတိုက်အိမ်မြင့်ကြီးမှာ လေးထောင့်စပ်စပ်ပုံသဏ္ဌာန်မျိုးရှိရာ ရုတ်တရက်ကြည့်လျှင် လူနေအိမ်ခြေတိုက်တာနှင့်မတူဘဲ အကျဉ်းထောင်ကြီးလား ထင်မှတ်မှားရလေ၏။

အမှန်တွင်လည်း ယင်းကျောက်သားတိုက်ကြီးမှာ အကျဉ်းသားအချို့ကို ချုပ်နှောင်ထားရာ၊ နှိပ်စက်ညှဉ်းပန်းရာ၊ သတ်ဖြတ်ပစ်ရာ ကြောက်မက်ဖွယ် အဆောက်အအုံကြီးပင်ဖြစ်

ပြီး မော်ပိုင်သားအချို့က ကျောက်ဖြူထောင်ကြီးဟု ခေါ်ဝေါ်ကြလေသည်။

တကယ်တော့ အဆိုပါ ကျောက်သားတိုက်ကြီးမှာ မြပဝါလူဆိုးဂိုဏ်းအဖွဲ့ကြီး၏ ဌာနချုပ်လည်းဖြစ်သလို မြပဝါလူဆိုးဂိုဏ်းခေါင်းဆောင်ကြီး စောမင်း (ခေါ်) မြပဝါနှင့် ဇနီးသည် ဒေါ်ယဉ်မွန်၊ တစ်ဦးတည်းသောသား နေညြဖာတို့နေထိုင်ရာ အိမ်ကြီးလည်းဖြစ်ပါ၏။

ကျောက်သားတိုက်ကြီးမှာ မြေပေါ်တွင် နှစ်ထပ်ရှိရာ မြေညီထပ်၌ ဧည့်ခန်းဆောင်၊ ထမင်းစားခန်း၊ မီးဖိုဆောင်နှင့် စည်းဝေးခန်းမတို့ ရှိကာ စံအိမ်ကြီး၏နောက်ဘက်ပိုင်းတွင် လက်ရုံးတပည့်များ၊ သက်တော်စောင့်များ၊ လုံခြုံရေးဝန်ထမ်းများ နေထိုင်ရာ အခန်းအတော်များများ ရှိလေသည်။

အပေါ်ထပ်တွင်မူ လူဆိုးဂိုဏ်းခေါင်းဆောင်ကြီးမြပဝါတို့ မိသားစု နေထိုင်ပြီး အိမ်ဖော်မိန်းကလေးများမှလွဲ၍ အခြားမည်သူမျှ မြပဝါမိသားစုဝင်များမှ မခေါ်ဘဲ အိမ်ပေါ်ထပ်သို့ တက်ခွင့်မရှိချေ။

နေညြဖာတို့အဖွဲ့သည် မော်ပိုင်မြို့စွန်မှ မြင်းများကို အသားကျစီးကာ ထွက်လာခဲ့ကြပြီး ကျောက်ခင်းလမ်းကလေးအတိုင်း ကွင်းပြင်နိမ့်ကိုဖြတ်သန်းပြီးမှ သံလွင်မြစ်ကမ်းပါးကျောက်ကုန်းမြင့်ပေါ်သို့ ဦးမော့တက်ခဲ့ကြလေ၏။





ကျောက်ခင်းလမ်းကလေး၏ ဝဲယာတွင် လေအသွဲ့၌ တနွဲ့နွဲ့ဖြစ်နေသော မြက်ရိုင်းလွင်ပြင်များရှိနေပြီး ကျောက်ခင်းလမ်း၏အဆုံးတွင် ကျောက်ဖြူစံအိမ်ဝင်းကြီး၏ မုခ်တံခါးပေါက်ရှိနေပါသည်။

နေညြဖာတို့လူစု မြင်းခွာသံတဖြောင်းဖြောင်းနှင့် လာသည်ကို မုခ်ပေါက်တွင်စောင့်ကြပ်နေကြသော လုံခြုံရေးဝန်ထမ်းတို့က တွေ့သည်နှင့် ဝင်းခြံတံခါးကြီးအား အသင့်ဖွင့်ပေးထားလေ၏။

"အင်း ...ငါ့ဘာသာ ဒီအတိုင်းလာရင် ဒီခြံဝင်းတံတိုင်းကို နီးကြောင်နီးဝက် ကျော်လွှားနိုးဝင်မှ ရမှာ၊ ခုတော့ ဘယ်နေရာကျပါလား"

မြင်းများအားလုံး ခြံဝင်းထဲရောက်သွားသည်နှင့် ခြံစောင့်တို့က ခြံတံခါးကြီးကိုပိတ်ကာ မင်းတုပ်တို့ ထိုးလိုက်ကြတော့သည်။

နေညြဖာသည် ခြံကြီးအတွင်းရှိ ကျောက်သားလမ်းအတိုင်း မြင်းကို အသားကျစီးလာရာမှ ကြီးမားလှသည့် ဆင်ဝင်ကြီးအောက်အရောက်တွင် မြင်းပေါ်မှ ဆင်းလိုက်တော့၏။ သူမြင်းပေါ်မှဆင်းသည်နှင့် အသင့်စောင့်နေကြသော မြင်းထိန်းနှစ်ဦးက မြင်းဇက်ကြိုးတို့ကိုကိုင်ကာ ခြံဝင်းဝဲဘက်ဘေးရှိ မြင်းဇောင်းရှိရာသို့ မြင်းကို ဆွဲခေါ်သွားကြတော့၏။

"သူမြင်းကိုပါ မြင်းဖောင်းဘေးမှာ သီးခြားထားလိုက်"

လူရဲ မြင်းပေါ်မှဆင်းသည်နှင့် နေညြဖာက သူတပည့်တို့ကို အမိန့်ပေးလိုက်လေသည်။

လူရဲလည်း မြင်းအောက်ရောက်သည်နှင့် မြင်းကုန်းနှီးတွင် ချိတ်ဆွဲထားသော ပတ္တူအိတ်ကြီးကို ဖြုတ်ယူကာ ပခုံးတစ်ဖက်တွင် သိုင်းလွယ်လိုက်တော့၏။

"လူရဲ ... လာ"

ဟု နေညြဖာကခေါ်ကာ ကျောက်သားလှေကားထစ်များအတိုင်း တက်သွားလေလျှင် လူရဲလည်း နောက်မှလိုက်တက်ခဲ့ရာ ညိုလုံးနှင့်မိုးကြီးတို့က လူရဲ၏ဘေးတစ်ဖက်တစ်ချက်မှ ညှပ်လျက် လိုက်ပါလာခဲ့လေ၏။

ကျောက်ဖြူစံအိမ်ကြီး၏ ဖွင့်ထားသော ရွှေတံခါးပေါက်ကြီးမှ ဝင်ရောက်လာခဲ့ကြသည်တွင် ကျောက်သားကြမ်းပြင်ပေါ်၌ မွေးပွကော်ဇောကြီးခင်းထားသည့် ညှော်ခန်းမကျယ်ကြီးထဲသို့ ရောက်ရှိသွားပြီး ညှော်ခန်းမကြီး၏တစ်ဖက်ထိပ်ရှိ ကျွန်းကနုတ်နောက်မှီပါ ကုလားထိုင်ကြီးဝယ် လူတစ်ဦးထိုင်နေသည်ကို တွေ့ရလေသည်။

အသားလတ်လတ်၊ ကိုယ်လုံးတောင့်တောင့်၊ အရပ်မြင့်မြင့်နှင့် အသက် (၅၀) ကျော်ခန့်ရှိ ထိုသူသည် နီညိုရောင်ဖဲပွင့်ရင်ဖုံး၊ ခါးရှည်လက်ပွအင်္ကျီကြီးကို ရှမ်းဘောင်းဘီအညိုရင့်ရောင်





နှင့် တွဲဖက်ဝတ်ဆင်ထားပြီး ကတ္တီပါနောက်ပိတ်ဖိနပ်စီးထားသည့် သူ၏ခြေနှစ်ဖက်အား ကုလားထိုင်ရှေ့၌ ခင်းထားသော ကျားကောင်လုံးသားရေချပ်ကြီးပေါ်တွင် ခပ်ကားကား ချထားလေ၏။

ဆံပင်ရှည်ရှည်ကို နောက်သို့လှန်ဖြီးထားသဖြင့် ထိုလူ၏နဖူးသည် ထင်ရှားကျယ်ဝန်းစွာ ပေါ်လွင်နေကာ မျက်ခုံးထူထူတန်းတန်း၊ နှာရောင်မြင့်မြင့်၊ နှုတ်ခမ်းမွေးကုပ်ကုပ်ရှိသော ဥပဓိရုပ်က ကြမ်းတမ်းဟန်ရှိသည့်တိုင် ခန့်ညားမှုအပြည့်လည်း ရှိနေပါသည်။

စီးကရက်တစ်လိပ်ကို ဆင်စွယ်ဂိုးတပ်လျက် ဖွာရှိုက်နေသော ထိုလူကြီးမှာ ဤမော်ပိုင်ဒေသအား အရှင်သခင်တစ်ပါးနှယ် လွှမ်းမိုးထားသည့် မြပဝါပင် ဖြစ်ပါလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် ထိုလူကြီး၏ စူးလက်သော မျက်လုံးများ၊ ထူထူတန်းတန်းမျက်ခုံးများနှင့် ပါးလွှာကာစေ့နေသည့် နှုတ်ခမ်းများ၊ ခပ်ကားကားမေးရိုးများက နေညြဖာနှင့် တစ်ထပ်တည်း တူနေခြင်းကြောင့်ပင်။

မြပဝါက သူ့သားနေညြဖာကိုတစ်လှည့်၊ လူရဲကိုတစ်လှည့် မျက်မှောင်ကုတ်ကြည့်နေရာ သူ့သားက လူရဲလို သူစိမ်းတစ်ဦးအား ခေါ်လာသည်ကို နားမလည်ဟန်, သဘောမကျဟန် အရိပ်အယောင်များ သူ့မျက်နှာပေါ်တွင် ဖြစ်ပေါ်လျက်ရှိလေ၏။

မြပဝါ၏ ဝဲဘက်ဘေးနှင့်လက်ယာဘေး တစ်လံခန့် အကွာတို့တွင် ကျွန်းကုလားထိုင်တစ်လုံးစီရှိနေပြီး ကောင်းဘို့င် အဝတ်အစားများ ဝတ်ဆင်ထားသူ လေးငါးဦးက ခန်းမကြီး၏ လက်ယာဘက်နံရံအနီးတွင် ဆိတ်ငြိမ်စွာရပ်လျက် လူရဲတို့ကို စောင့်ကြည့်နေကြလေသည်။

နေညြဇာက သူ့ဖခင်၏နံဘေးမှခုံတွင် ဝင်ထိုင်လိုက်သော်လည်း လူရဲကိုမူ လွတ်နေသောခုံတွင်ထိုင်ရန် မညွှန်ပြသဖြင့် လူရဲက မြပဝါ၏ရှေ့တည့်တည့် နှစ်လံအကွာခန့်တွင် ခြေစုံရပ်နေလိုက်တော့၏။

"အဖေ ... သူ့နာမည်က လူရဲတဲ့၊ ရန်ကုန်ကလာတာလို့ ပြောတယ်၊ သူက အဖေ့ကိုတွေ့ပြီး လက်ဆောင်ပေးစရာရှိတယ်ဆိုလို့ ကျုပ်ခေါ်လာတာပဲ"

လူဆိုး၏သားပီပီ နေညြဇာက ဖခင်ကိုပြောသည့်စကားသံသည်ပင် ခပ်ပြတ်ပြတ် ခပ်မာမာဖြစ်နေ၏။

မြပဝါက မျက်မှောင်ကိုကုတ်လိုက်ပြီး စူးလက်သောမျက်လုံးတို့ဖြင့် လူရဲ၏ရင်ထဲ ဖောက်ထွက်သွားမတတ် စိုက်ကြည့်လိုက်တော့သည်။

"မင်းကို ငါ မသိပါလား။ ရန်ကုန်ကလာတာ ... ဟုတ်လား။ ရန်ကုန်မှာလည်း ငါ့အသိ မရှိပါဘူး။ မင်းက ဘာလက်ဆောင်ပေးချင်တာလဲ ... ပြောပါဦး"





မြပဝါက အံ့အားသင့်ဟန်၊ မယုံသင်္ကာဟန်ဖြင့် လူရဲအား စိုက်ကြည့်ရင်းမေးလိုက်ရာ လူရဲက သူတို့မိသားစုအပေါ် လူမဆန်စွာ အနိုင်ကျင့်ရက်စက်ယုတ်မာခဲ့လေသော စောမင်း (ခေါ်) မြပဝါအား မုန်းတီးနာကျင်သည့်မျက်လုံးများဖြင့် မကြည့်မိအောင် သတိထားရင်း ပခုံးတစ်ဖက်တွင် သိုင်းလွယ်ထားသောပတ္တူအိတ်ကြီးကို ကြမ်းပြင်ပေါ်သို့ ချလိုက်လေ၏။

ပြီးနောက် သူက ကြမ်းပြင်ပေါ်တွင် ဒူးတစ်ဖက်ထောက်ထိုင်လိုက်ပြီး ပတ္တူအိတ်ကိုဖွင့်ကာ အထဲမှ သံသေတ္တာငယ်အားမ,ယူထုတ်လိုက်ရာ သံသေတ္တာလေးအား မြင်သည်နှင့် မြပဝါသည် လွန်စွာအံ့ဩလျက် မျက်လုံးအစုံတို့ တောက်လက်သွားရင်းထိုင်ရာမှ ရုတ်ခနဲ ကြွလိုက်မိလေသည်။

"ဟင် ... ငါ့ရဲ့ရွှေသေတ္တာလေးပါလား"

လူရဲက အတော်အတန်လေးလံသည့် သံသေတ္တာအားလက်နှစ်ဖက်ဖြင့် စုံကိုင်ထားလျက်မှ ထ,ရပ်လိုက်၏။

"ဟုတ်ပါတယ်၊ လဝန်းနက်မားပြဂိုဏ်းကလူတွေ လျှို့ဝှက်မြှုပ်နှံထားတဲ့ သချိုင်းဟောင်းထဲက တူးဖော်ပြီး ကျွန်တော်ယူလာတာပါ။ ဒီသေတ္တာကို လက်ဆောင်အဖြစ် ပိုင်ရှင်ရဲ့လက်ထဲပြန်ပေးချင်လို့ ကျွန်တော် မော်ပိုင်ကို လာခဲ့တာပါ"

"ဩော် ... ကဲ ကဲ ... ဒီစားပွဲပေါ်မှာ ချစမ်း ... ချစမ်း"

လူရဲက သံသေတ္တာကို မြပဝါ၏ဝဲဘက်နံဘေး ရှေ့နားရှိ စားပွဲပုလေးပေါ်သို့ အသာတင်ပေးလိုက်လေသည်။

"သော့ကောပါလား"

"သော့တော့ မပါ,ပါဘူး"

"ရတယ်လေ ... ကဲ ... သား ... သော့ကို သေနတ်နဲ့ ပစ်ဖျက်လိုက်စမ်း"

မြပဝါ၏အမိန့်အရ နေညြဇာသည် ကျည်ခါးပတ်အိတ်ထဲမှ ခြောက်လုံးပြူးကိုထုတ်လိုက်ပြီး မောင်းတင်ကာ သံသေတ္တာမျောက်လက်မှ သော့ခလောက်အား တေ့ပစ်လိုက်တော့၏။

'ဒိုင်း'

ညှော်ခန်းမကြီးထဲတွင် ကော်ဒိုက်ယမ်းအား၏ပေါက်ကွဲသံကြီး မြည်ဟည်းသွားကာ ယမ်းခိုးငွေ့တို့လည်း ထောင်းထောင်းထသွားတော့သည်။

သေတ္တာသော့ခလောက်မှာမူ ပြုတ်ထွက်ပျက်စီးသွားရာ နေညြဇာက သော့ခလောက်ကိုဆွဲဖြုတ်လိုက်ပြီး သေတ္တာအဖုံးကို ဖွင့်လိုက်လေ၏။

သေတ္တာထဲတွင်ကား ရွှေချောင်းငယ်များက အပြည့်။

မြပဝါရော နေညြဇာပါ သေတ္တာထဲမှ ရွှေချောင်းများကို အံ့သြဝမ်းသာစွာ ကြည့်လိုက်ကြပြီး မြပဝါက နှစ်ထောင်းအားရသံကြီးဖြင့် ပြောလိုက်တော့သည်။





"ဟာ ... နေရာကျသပေါ့၊ ငါ့ရွှေချောင်းတွေ မဆုံးရှုံးတော့ဘူး၊ အားလုံးပြန်ရပြီပဲ"

ထို့နောက် လူရဲအား စူးစူးရဲရဲကြည့်လိုက်ပြီး မေးခွန်းထုတ်တော့သည်။

"နေစမ်းပါဦး ... ဒါတွေကို မင်း ဘယ်လိုရခဲ့တာလဲ၊ ...င်းကိုကြည့်ရတာ သူတောင်းစားဓားပြအဖွဲ့ လဝန်းနက်တို့ရဲ့ ...ိုဏ်းကတော့ ဖြစ်ဟန်မတူပါဘူး"

"ကျွန်တော်က လဝန်းနက်အဖွဲ့က မဟုတ်ပါဘူး၊ ဒီရတနာသေတ္တာကို ရခဲ့တာကတော့ ဒီလိုပါ"

လူရဲက ဖြစ်ကြောင်းကုန်စင်ပြောမည်ပြုလိုက်စဉ်မှာပင် ညှော်ခန်းမကြီး၏ ဝဲဘက်နံရံအနီးရှိ ကျွန်းလှေကားကြီးပေါ်မှ တစ်စုံတစ်ဦးဆင်းလာသည်ကို မျက်လုံးထောင့်စွန်းဖြင့် တွေ့လိုက်ရသဖြင့် လူရဲက ခေါင်းငှဲ့ကြည့်လိုက်မိလေသည်။

ကျွန်းလှေကားကြီးပေါ်မှ တစ်လှမ်းချင်းဆင်းလာသူမှာ ...မိန်းမချောကြီးတစ်ဦးဖြစ်ပြီး ရှည်လျားသော ပိတုန်းရောင်ဆံပင်များကို တစ်ပတ်လျှိုထုံးထားကာ အနက်ရောင်နိုင်လွန်အင်္ကျီလက်...ကအား ဘရိုကိတ်ပွင့်ရိုက်ထားသောဘော်ငွေရောင်နှင့် တွဲဝတ်ထား...လျက် မျက်နှာတွင်လည်း သနပ်ခါးကို မှုန်နေအောင် လိမ်းထား...လေ၏။

နိုင်လွန်အင်္ကျီအနက်ရောင်အောက်မှ ဇာဘော်လီအဖြူ

ရောင်ကို ထင်ရှားစွာမြင်နေရပြီး အချိုးအဆက်ကျဆဲ ကိုယ်လုံး ကိုယ်ထည်၊ နုပျိုလန်းဆတ်ဆဲ လှပချောမောသည့်မျက်နှာ၊ ဝင်းပါစိုပြည်ဆဲ အသားအရေပိုင်ရှင် အနှိုမိန်းမချောကြီးသည်ကား သူ၏မိခင် ဒေါ်ယဉ်မွန်ပင်ဖြစ်ကြောင်း လှုရဲ တန်းခနဲသိပါသည်။

သူက လည်ပင်းတွင် ထာဝရဆွဲထားသော အသည်းပုံ ရွှေဆွဲပြားလေးထဲမှ သူ့မိခင်၏ဓာတ်ပုံလေးကို အကြိမ်ပေါင်းများစွာ ကြည့်ဖူးထားသဖြင့် အသက်လေးဆယ်ခန့်ရှိပြီဖြစ်သည့်တိုင် နုပျိုလှပဆဲမိခင်ဖြစ်သူအား ကောင်းစွာမှတ်မိလျက် ရှိတော့၏။

မိခင်ဖခင်မေတ္တာ ငတ်မွတ်လျက်ရှိသော လှုရဲသည် သူ၏မိခင်အား စိတ်အားထက်သန်စွာ ငေးကြည့်မှင်တက်မိနေစဉ် ဒေါ်ယဉ်မွန်က ဝေ့ဝဲနေဆဲ ယမ်းငွေ့တို့ကို လက်လေးတစ်ဖက်ဖြင့် ယမ်းခါလိုက်ရင်း သူတို့ရှိရာသို့ လျှောက်လာကာ မြပဝါ၏လက်ယာဘက်နံဘေးမှ ကျွန်းကုလားထိုင်တွင် ဝင်ထိုင်လိုက်တော့သည်။ သူမသည် ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်အထိ လှုရဲအား ကောင်းစွာသတိထားကြည့်မိခြင်းမရှိသေးချေ။

''ဘာတွေဖြစ်နေတာလဲ အစ်ကို၊ သေနတ်သံကြားလို့ ယဉ်မွန် ဆင်းလာကြည့်တာ''

မိခင်၏ ကြည်လင်သာယာသောအသံလေးကို မြတ်နိုးစွာ နားဆင်လိုက်ရသဖြင့် လှုရဲ ကျေနပ်ပီတိဖြစ်သွားရသော်လည်း သူတို့မိသားစု၏ရန်သူတော်လှုယုတ်မာကြီး စောမင်း





(ခေါ်) မြပဝါအား သူ့မိခင်က နူးညံ့ချိုသာစွာ အစ်ကိုဟုခေါ်လိုက်သည်ကိုမူ စိတ်ထဲဝယ် အတော်ဘဝင်မကျဖြစ်သွားရတော့၏။

မြပဝါက ဒေါ်ယဉ်မွန်အား ပြုံးရွှင်စွာကြည့်လိုက်ပြီး

''ဒီမှာလေ ယဉ်မွန် . . . ကိုယ်တို့ လုယက်ခံလိုက်ရတဲ့ ရတနာသေတ္တာကို ပြန်ရလို့ သော့မပါလာတာနဲ့ သော့ခလောက်ကို သေနတ်နဲ့ ပစ်ဖွင့်ရတာ''

ဟုပြောရင်း သံသေတ္တာလေးအား လက်တစ်ဖက်ဖြင့် ညွှန်ပြလိုက်လေသည်။

''အို . . . ဟုတ်လား၊ ရတနာသေတ္တာပြန်ရပြီလား၊ လဝန်းနက်တွေရဲ့လက်ထဲကနေ ဘယ်လိုပြန်ရခဲ့တာလဲ အစ်ကို''

''အဲဒါ . . . အခုသိချင်လို့ သူ့ကိုမေးနေတာပေါ့''

မြပဝါက လှုရဲကို မေးဆတ်ပြလိုက်ရာ ဒေါ်ယဉ်မွန်က လှုရဲအား ယခုမှ သေချာစွာ ကြည့်လိုက်မိတော့၏။

သားအမိနှစ်ယောက် မျက်လုံးချင်းဆုံသွားရသည်တွင် ဒေါ်ယဉ်မွန်က မည်သို့မျှ လှုပ်ရှားခံစားရပုံမပေါ်ဘဲ လှုရဲ၏ရင်ထဲတွင်မူ လှိုက်ခနဲ တုန်လှုပ်ခံစားလိုက်မိရတော့သည်။

''သူက ဘယ်သူလဲ . . . အစ်ကို့တပည့် လူသစ်လေးလား''

''မဟုတ်ဘူး၊ သူ့နာမည်က လှုရဲတဲ့၊ ရန်ကုန်ကလာတာလို့ ပြောတယ်''

"ရှင် ... ရန်ကုန်က ဟုတ်လား"

ဒေါ်ယဉ်မွန်သည်လည်း ရန်ကုန်မရောက်ဖူးသူမို့ ရန်ကုန်မှလာသည်ဆိုသော လူရဲအား အထူးအဆန်းသဖွယ် အံ့ဩစွာ မျက်လုံးအဝိုင်းသားဖြင့် ကြည့်လိုက်သည်။

ထိုရောအခါ အမိပွာယ်ဖော်ရခက်လှသည့် လွန်စွာနူးညံ့သော မျက်လုံးလက်လက်များဖြင့် သူမကို စိုက်ငေးကြည့်နေသည့် လူငယ်ချောလေး၏မျက်ဝန်းအကြည့်တို့ကို တွေ့ရသည်၌ သူမ၏ရင်ထဲတွင် တစ်ခါမျှ မခံစားဖူးသော ခံစားမှုတစ်ခု ခံစားလိုက်ရတော့၏။

မည်သည့်အကြောင်းကြောင့်မှန်း မသိ ... လူရဲဆိုသော လူငယ်လေး၏ မျက်လုံးအကြည့်များက သူမ၏စိတ်နှလုံးကို လှုပ်ရှားသွားစေသည်။

"လဝန်းနက်တွေ ကိုယ့်လူတွေဆီက လုယက်သွားပြီး သချိုင်းဟောင်းတစ်ခုထဲမှာ လျှို့ဝှက်မြှုပ်နှံထားတဲ့ ဒီရွှေသေတ္တာကို သူ ယူလာတယ်လို့ပြောတာပဲ၊ ဘယ်လိုယူလာသလဲဆိုတာ အခုမေးနေတာ"

မြပဝါက ဒေါ်ယဉ်မွန်ကိုရှင်းပြပြီးနောက် လူရဲဘက်သို့ လှည့်ကြည့်ကာ တိုက်တွန်းလိုက်သည်။

"ကဲ ... ပြောပါဦး လူရဲ ... ဒီရွှေသေတ္တာရရှိခဲ့ပုံ"

"ဟုတ်ကဲ့ ... ဒီလိုပါ ...၊





ယွန်းစလင်းမြစ် မြစ်ဖျားပိုင်းမှာ ကျွန်တော့်ရဲ့အမေရှိပါတယ်၊ အဖေနဲ့အမေဟာ ကျွန်တော် ငယ်ငယ်ကတည်းက ကွဲခဲ့ကြတာပါ၊ အခု အဖေသေသွားတော့မှ အဖေနဲ့အတူနေထိုင်တဲ့ ရန်ကုန်ကနေ ကျွန်တော် ထွက်လာခဲ့ပြီး အမေ့ကို လာရှာတာပါ၊ အဲဒီလိုရှာဖွေရင်းနဲ့"

ဤတွင် လူရဲက စောဝေသာနှင့် ခင်နန်းရီတို့ ချစ်သူနှစ်ဦးကိစ္စကို ဝင်ရှင်းရင်းဖြင့် စောဒိုးတို့နှင့်ပြဿနာဖြစ်ပြီး သံလွင်နဒီထမင်းဆိုင်၌ လှည့်ဖြားခံရပုံ၊ စောဒိုး၏အကျဉ်းသား ဖြစ်ခဲ့ရာမှ လဝန်းနက်ဓားပြအဖွဲ့ကို ဒဏ်ရာဒဏ်ချက်များဖြင့် သေနေသည်၊ သေလုမျောပါးဖြစ်နေသည်တို့ကို တွေ့ရပုံ၊ နောက်ဆုံးငွေ့ရွှေသေတ္တာသတင်းကိုရခဲ့ပြီး သချိုင်းဟောင်းထဲ၌ သွားရောက်တူးဖော်ရာမှ စောဒိုးကို သူရိုက်နှက်ကာ ရွှေသေတ္တာရယူခဲ့ပုံတို့ကို ပြောပြလိုက်လေ၏။

လူရဲပြောပြသမျှကို မြပဝါ၊ ဒေါ်ယဉ်မွန်နှင့် နေသြဇာတို့က ဆိတ်ငြိမ်စွာ အာရုံစိုက်နားထောင်လျက်ရှိပြီး လူရဲ၏စကားအဆုံးတွင် မြပဝါက မေးခွန်းထုတ်လေသည်။

"ဒီရွှေသေတ္တာကိုရတဲ့အခါ မင်း ယူသွားလို့ရတာပဲ၊ ဘာဖြစ်လို့ ဒီလိုယူမသွားဘဲ ငါ့ဆီ လာပို့ရတာလဲ"

"ကျွန်တော် သူတစ်ပါးရဲ့ပစ္စည်းဥစ္စာကို မလိုချင်ပါဘူး။ စောဒိုးကို ထုရိုက်ခဲ့ရတာလည်း ကောက်ကျစ်စဉ်းလဲတဲ့ စောဒိုးက

ရတနာတွေရတာနဲ့ ကျွန်တော့်ကို သတ်မှာစိုးလို့ပါ၊ ကျွန်တော် ရန်ကုန်က ထွက်လာတာဟာ ကြီးပွားချမ်းသာဖို့ မဟုတ်ပါဘူး။ အမေ့ကို တွေ့ချင်လို့ပါ''

လူရဲက နောက်ဆုံးစကားကို ပြောသည့်အခါတွင် ဒေါ်ယဉ်မွန်၏မျက်နှာအား စိုက်ကြည့်ကာ ပြောလိုက်ခြင်းဖြစ်၏။

ဒေါ်ယဉ်မွန်က မိမဲ့ဖမဲ့ဖြစ်နေသည်ဆိုသော လူရဲအား ငေးကြည့်ရင်း ဒီသူငယ်လေးကို တစ်နေရာရာမှာ တွေ့ဖူးသလိုပဲ၊ ဘယ်မှာတွေ့ဖူးပါလိမ့်ဟု စဉ်းစားလျက်ရှိတော့သည်။

''ကောင်းပြီ လူရဲ ...မင်းဟာ ငါ့ရဲ့ဆုံးရှုံးသွားပြီလို့ ယူဆထားရတဲ့ ရတနာတွေကို ရယူပေးခဲ့တဲ့အတွက် မင်းကို ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ ရွှေချောင်းအချို့ ပေးလိုက်မယ် ... ဟုတ်ပြီလား''

''ကျွန်တော် ရွှေချောင်းတွေ မလိုချင်ပါဘူး၊ အလုပ်ပဲ လိုချင်ပါတယ်''

''ဘယ်လို''

''ဒီလိုပါ ...ရွှေချောင်းတွေရသွားလည်း လဝန်းနက်တွေက စောဒိုးကတစ်ဆင့် ကျွန်တော့်အကြောင်းသိသွားရင် ကျွန်တော့်အတွက် လုံခြုံမှာမဟုတ်တော့ပါဘူး၊ ကျွန်တော်က လည်း ဒီဒေသဝန်းကျင်နဲ့ဝေးရာဆီ မသွားနိုင်သေးပါဘူး၊ ဒါကြောင့် ကျွန်တော့်အမေကိုရှာရင်း အလုပ်တစ်ခု လုပ်လိုပါ





တယ်၊ အထူးသဖြင့် ဆရာကြီးဆီမှာ အလုပ်တစ်ခုခုရရင် လုပ်ချင်ပါတယ် ခင်ဗျ''

မြပဝါက လူရဲအား ခြေဆုံးခေါင်းဆုံးကြည့်ရင်း စဉ်းစားတွေးဆလျက်ရှိလေ၏။ အတန်ကြာမှ စကားပြန်သည်။

''ကောင်းပြီလေ၊ ငါ့ရဲ့အဖွဲ့ထဲမှာလည်း အစွမ်းအစရှိတဲ့ သူငယ်တွေ လိုအပ်နေပါတယ်၊ ကဲ ...ဒါဆို မင်း ဒီမှာပဲ နေနေဦး၊ ဒီတစ်ရက်နှစ်ရက်အတွင်း မင်းကို တာဝန်တစ်ခုခုပေးပြီး ငါ အလုပ်ခန့်မယ်''

''မိုးကြီးနဲ့ ညိုလုံး''

''ခင်ဗျာ ဆရာကြီး''

''လူရဲကို မင်းတို့ခေါ်သွားပြီး အခန်းလွတ်တစ်ခုမှာ နေရာချထားပေးလိုက်၊ မင်းတို့နေသလို နေပါစေ၊ မင်းတို့ စားသလို စားပါစေ ...ကြားလား''

''ဟုတ်ကဲ့ ဆရာကြီး''

''ကဲ လူရဲ ...မင်း သူတို့နဲ့လိုက်သွားပေတော့၊ လိုအပ်တာရှိ သူတို့ကိုပြော''

''ဟုတ်ကဲ့''

''ကဲ ...လူရဲ လာ''

မိုးကြီးတို့က ခေါ်နေသဖြင့် လူရဲမှာ ဒေါ်ယဉ်မွန်အား တစ်ချက်ကြည့်ပြီးနောက် မိုးကြီးတို့၏နောက်သို့ လိုက်ပါသွားရ

တော့၏။

လူရဲထွက်သွားမှ မြပဝါက သားဖြစ်သူအား လှည့်ပြော

သည်။

"ဒီကောင်ပြောခဲ့တဲ့စကားတွေအားလုံး မှန်,မမှန် မ စုံစမ်းစမ်း၊ ဒီကောင်ပြောတာတွေဟာ အားလုံး အမှန်တွေလည်း ဖြစ်နိုင်သလို, လဝန်းနက်တွေဘက်က သူလျှို, အစိုးရဘက်က သူလျှိုလည်း ဖြစ်နိုင်တယ်၊ ငါတို့အတွက် မှုမမှန်တဲ့ကောင်ဖြစ် လို့ကတော့ မြေအောက်ခန်းထဲ ခေါ်သွားပြီး ရှင်းပစ်လိုက် ... ကြားလား"


"ဟုတ်ကဲ့ အမေ"

မြပဝါထံမှ ရှင်းပစ်လိုက်ဟူသောစကားလုံးကို ယ အခါများက ကြားရဖန်များသဖြင့် ရိုးနေပြီဖြစ်သော်လည်း ယ ကြားရခြင်းကိုမူ ဘာကြောင့်မှန်းမသိ ဒေါ်ယည်မွှန်၏ရင်ဝယ် ဖြ စွာ တုန်လှုပ်စိုးရိမ်သွားရပါတော့သတည်း။

❀ ❀ ❀



## စိန်ခေါ်ပွဲများ



လူရဲကို မိုးကြီးတို့က စံအိမ်ကြီးအောက်ထပ် နောက်ဘက်ဆုံး မီးဖိုခန်းနှင့်ကပ်လျက်အခန်းလေးမှာ နေရာချထားပေးသည်။ သူ့အခန်းနှင့်ကပ်လျက်တွင် စတိုခန်းကြီးသာ ရှိ၏။

လူရဲမှာ ဤစံအိမ်ကြီး၌ မြေအောက်ခန်းရှိမှန်း မသိချေ။ ယင်းအပြင် မြေအောက်ခန်းသို့ဆင်းသည့် လှေကားအပေါက်မှာ စတိုခန်းကြီးထဲမှာရှိကြောင်းလည်း မသိချေ။

သူ့အတွက်ပေးထားသော ဆယ်ပေခြောက်ပေခန့်ရှိသည့် အခန်းထဲတွင် ကွပ်ပျစ်တစ်လုံးရှိပြီး ယင်းကွပ်ပျစ်ပေါ်၌ အိပ်ရာလိပ်တစ်ခုကို လိပ်တင်ထား၏။

အဝတ်စုတ်တစ်စဖြင့် ကွပ်ပျစ်ကို ဖုန်သုတ်ကာ လူရဲက

အိပ်ရာလိပ်ကို ဖြည်လိုက်ရာ အိပ်ရာလိပ်ထဲမှ ဖွမ်းကပ်တစ်ခုနှင့် ခေါင်းအုံးတစ်လုံး ထွက်လာသည်။ အခန်းထဲတွင် ထိုအရာများမှ လွဲ၍ ဘာမျှမရှိ။ အဝင်အထွက်တံခါးပေါက်သာ ရှိပြီး အမိုးမျက်နှာကြက်ကလည်း အပိတ်၊ နံရံလေးဖက်လေးတန်ကလည်း အုတ်နံရံများမို့ အခန်းက အကျဉ်းခန်းနှင့်တူနေ၏။

လူရဲသည် စိတ်ကျဉ်းကျပ်ဖွယ်အခန်းထဲ၌ နေရသော်လည်း ဤစံအိမ်ကြီး၏တစ်နေရာတွင် မိခင်ရှိနေသည်ဟူသော အသိစိတ်ကြောင့် ပျော်ရွှင်လန်းဆန်းပီတိဝေဖြာဖြစ်လျက် ရှိလေသည်။

သူက မွေ့ရာကိုခင်းကာ သက်သောင့်သက်သာဖြင့် ပက်လက်လှန်လဲလျောင်းလိုက်ပြီးနောက် နဖူးပေါ်လက်တင်လျက်မှ စဉ်းစားရင်း ကျေနပ်စွာပြုံးလိုက်၏။

"ဟင်း ဟင်း ... ငါ သိပ်တွေ့ချင်နေတဲ့ အမေ့ကိုတွေ့ရပြီ၊ ငါ ဘယ်လိုပဲနေရ၊ စားရ၊ ဘာပဲလုပ်ရလုပ်ရ အမေ့ကို တွေ့ရရင် ကျေနပ်ပြီ၊ အင်း ... အမေ့ကိုတွေ့ချင်တဲ့ ငါ့ရဲ့ ပထမရည်မှန်းချက်ကတော့ အောင်မြင်သွားပြီ ...၊

ငါ့ရဲ့ဒုတိယရည်မှန်းချက်ဖြစ်တဲ့ မြပဝါကို လက်စားချေဖို့ပဲ ကျန်တော့တယ်၊ သင်းကြောင့် ငါတို့မိသားစုဘဝလေး ပြိုကွဲခဲ့ရတယ်၊ အဖေဟာ အမေ့ကိုချစ်လျက် ခွဲခွာခဲ့ရပြီး တစ်သက်လုံး အသည်းကွဲ အထီးကျန်ခဲ့ရရှာတယ်၊ အမေဟာလည်း ချစ်လင်နဲ့





ရှင်ကွဲကွဲရပြီး လင်တကွဲသားတကွဲဖြစ်ခဲ့ရတယ်၊ မချစ်မနှစ်သက်သူရဲ့အမွေသိမ်းပိုက်တာ ခံခဲ့ရတယ်၊ အဲဒီလို ငါ့မိဘတွေကို အနိုင်ကျင့်ပြီး ငါတို့မိသားစုပြိုကွဲအောင်လုပ်ခဲ့တဲ့ စောမင်းတစ်ဖြစ်လဲ မြပဝါကို ငါလက်စားချေရမှ ကျေနပ်နိုင်မယ်"

လူရဲမှာ ကျောက်ဖြူစံအိမ်ကြီးသို့ ရောက်စနှစ်ရက်သုံးရက်တွင် အခြားသူတို့နှင့်လည်း ရင်းနှီးမှုမရှိသေးဘဲ ထမင်းစားချိန်တွင် ထမင်းစားခန်းကြီးဘက်မှ မောင်းထုသံကြားပါက သွားစားခြင်း၊ ရေချိုးလိုက စံအိမ်ခြံဝင်းဘေး မလှမ်းမကမ်းပေါက်မှထွက်ကာ သံလွင်မြစ်ကမ်းခြေတွင် ရေကူးခြင်းတို့ကို ပြုလုပ်ပြီး ကျန်အချိန်များ၌မူ သူ၏အခန်းထဲမှာသာ အောင်းနေရလေ၏။

ထိုရက်များအတွင်းတွင် စံအိမ်ကြီးထဲမှာရော ခြံဝင်းထဲမှာပါ မြပဝါနှင့် မိခင်ဒေါ်ယဉ်မွန်တို့ကို အရိပ်အယောင်မျှပင် မတွေ့မြင်ရချေ။

နေညှဲအာကိုမှ ညိုလုံး၊ မိုးကြိုးတို့နှင့် မြင်းစီးကာ ခြံဝင်းကြီးထဲမှ ထွက်သွားလိုက်ကြ၊ ပြန်ဝင်လိုက်ကြ လုပ်နေသည်ကို တွေ့ရ၏။

လူရဲ သတိပြုမိသလောက်ဆိုလျှင် ဤကျောက်ဖြူစံအိမ်ကြီး၏အောက်ထပ်၌ သူကဲ့သို့ပင် အခန်းလေးများဖြင့် နေထိုင်ရသူ လုံခြုံရေးဝန်ထမ်း သက်တော်စောင့်တပည့်များမှာ (၈) ဦးခန့်ရှိရာ အားလုံးမှာ စကားနည်းကြပြီး လူရဲကို ခပ်တည်တည်

သာ ဆက်ဆံကြလေသည်။ အခေါ်အပြော သိပ်မလုပ်ကြချေ။

အမှန်တော့ ထိုရက်များအတွင်းတွင် နေညြဇာက လူရဲ၏ပြောကြားချက်မှန်,မမှန် စုံစမ်းနေဆဲမို့ သက်တော်စောင့်၊ လုံခြုံရေးဝန်ထမ်းအားလုံးမှာ လူရဲအား သူတို့၏အဖွဲ့သားအဖြစ် အသိအမှတ်မပြုသေးဘဲ ရှိနေသဖြင့် ခပ်တန်းတန်းဆက်ဆံနေကြခြင်းဖြစ်ပေ၏။

❀

ကျောက်ဖြူစံအိမ်သို့ လူရဲရောက်ရှိလာပြီး လေးရက်မြောက်သောနေ့နံနက်တွင် ညိုလုံးက လူရဲ၏အခန်းတွင် လာခေါ်သည်။

"လူရဲ ... မင်းကို ဆရာကြီးခေါ်နေတယ်"

လူရဲ ညိုလုံးနောက်ကို လိုက်သွားရာ ညိုလုံးက စံအိမ်ကြီး၏ လက်ယာဘေးဘက်ရှိ ခြံဝင်းထဲသို့ ခေါ်သွားလေ၏။

ယင်းခြံဝင်းမြေကွက်လပ်ထဲတွင် အကျယ် (၁၅) ပေခန့်ရှိသည့် စက်ဝိုင်းပုံတစ်ခုကို ထုံးဖြူဖြင့် ရေးဆွဲထားပြီး စက်ဝိုင်း၏ထိပ်တစ်ဖက်မှ နှစ်ကိုက်ခန့်အကွာ၌ ကျွန်းကုလားထိုင်ကြီးသုံးလုံးကို ဘေးချင်းယှဉ်ချထားကာ အလယ်ကုလားထိုင်ကြီးပေါ်တွင်





မြပဝါက ခန့်ညားစွာ ထိုင်နေလျက် သူ၏ဝဲယာရှိထိုင်ခုံများပေါ်တွင် ဒေါ်ယဉ်မွန်နှင့် နေညြဇာတို့ ထိုင်လျက်ရှိကြလေသည်။

လုံခြုံရေးဝန်ထမ်းများနှင့် သက်တော်စောင့် (၇) ဦးကမူ မြပဝါတို့နှင့် မျက်နှာချင်းဆိုင်ရှိ စက်ဝိုင်းတစ်ဖက်ထိပ်နားတွင် တစ်ဦးနှင့်တစ်ဦး တစ်ပေခန့်ခွာကာ စက်ဝိုင်းကိုပတ်လျက် ရပ်နေကြလေ၏။

ညိုလုံးက လူရဲအား စက်ဝိုင်းထဲသို့ဝင်ရန် လက်ဖြင့်ညွှန်ပြလိုက်ရာ လူရဲမှာ စက်ဝိုင်းဝိုင်းထားရာအထဲသို့ ယောင်ချာချာဖြင့် ဝင်ရောက်သွားပြီး သူ့အား စိုက်ကြည့်နေကြသည့် မြပဝါတို့မိသားစုရှေ့တွင် ရပ်လိုက်လေသည်။

အပြာရောင် ဖဲပွင့်အင်္ကျီ ရင်ဖုံးခါးရှည်ကြီးကို သက္ကလတ်သားအပြာရင့်ရောင် ဘောင်းဘီရှည်ပွပွကြီးနှင့် တွဲဖက်ဝတ်ထားကာ ရှည်လျားသောဆံပင်တို့အား နောက်လန်ဖြီးထားလျက် နောက်စေ့နားတွင် ဆံပင်ကို ဖဲကြိုးအပြာရောင်ဖြင့် စုချည်ထားသည့် မြပဝါက လူရဲကို စိုက်ကြည့်နေရာမှ ပြုံးလိုက်လေ၏။

"လူရဲ ... မင်းကို ငါ့ဆီမှာ အလုပ်ခန့်ဖို့ ဆုံးဖြတ်လိုက်ပြီ၊ ဒါပေမဲ့ မင်းဟာ ဘယ်လိုအလုပ်မျိုးနဲ့ ထိုက်တန်မလဲဆိုတာကို ဒီနေ့ အရည်အချင်းစစ်ရမယ်၊ မော်ပိုင်ဟာ ချေကြမ်းမြေကြမ်းဒေသ ဖြစ်တယ်၊ မော်ပိုင်မှာ အခြေချကျင်လည်ချင်ရင် တိုက်ရဲခိုက်ရဲ သတ်ရဲဖြတ်ရဲရမယ်၊ ငါ့ဆီမှာ အလုပ်လုပ်ရင်တော့

သတ်ခဲ့ဖြတ်ရဲ တိုက်ရဲခိုက်ရဲတဲ့အပြင် ဉာဏ်ပါရှိရမယ် ...၊

မင်းမှာ တိုက်ခိုက်နိုင်တဲ့စွမ်းရည် ဘယ်လောက်ရှိသလဲ ဆိုတာကို ကြည့်ပြီး တာဝန်ပေးအပ်မှာဖြစ်တယ်၊ လက်ရှိခန့်ထားတဲ့ စံအိမ်လုံခြုံရေးတွေထဲက တစ်ယောက်ကို လက်ရည်တူ ယှဉ်ပြိုင်ထိုက်ခိုက်နိုင်ရင် မင်းကို ဒီစံအိမ်ရဲ့လုံခြုံရေးအဖွဲ့မှာ တာဝန်ပေးခန့်ထားမယ် ...၊

လုံခြုံရေးဝန်ထမ်းအဆင့်ကို မင်းနိုင်အောင် မတိုက်ခိုက်နိုင်ရင်တော့ မင်းကို ငါ့ရဲ့ပြင်ပအဖွဲ့မှာပဲ တာဝန်ပေးမှာဖြစ်တယ်၊

လုံခြုံရေးအဆင့်ကို မင်းနိုင်အောင် တိုက်ခိုက်နိုင်ရင် ငါ့ရဲ့လက်ရွေးစင်သက်တော်စောင့်တွေထဲက တစ်ဦးနဲ့ဆက်ပြီး လက်ရည်စမ်းရမယ် ...၊

လက်ရွေးစင်သက်တော်စောင့်အဆင့်ကို မင်းလက်ရည်တူ ယှဉ်ပြိုင်နိုင်ရင် မင်းကို သက်တော်စောင့်အဖွဲ့ထဲမှာ ခန့်ထားမှာဖြစ်တယ် ...၊

ဘယ့်နှယ်လဲ ... မင်းရဲ့အရည်အချင်းကို စမ်းသပ်ခံနိုင်ပါ့မလား''

လူရဲက ခပ်ပြုံးပြုံးအမူအရာဖြင့် ခေါင်းညိတ်ပြလိုက်သည်။

''ကျွန်တော့်ကို ကြိုက်သလို စမ်းသပ်နိုင်ပါတယ် ဆရာကြီး''





''ကောင်းပြီ ... ဒီလိုသွေးမျိုးမှ ကြိုက်တယ်၊ ကဲ ... လုံခြုံရေးထဲက မင်း ယှဉ်ပြိုင်လိုသူကို ရွေးစမ်း လူရဲ''

လူရဲက ပင်နီရောင်ရှမ်းတိုက်ပုံနှင့် ရှမ်းဘောင်းဘီတို့ ဝတ်ထားသူ (၈) ဦးအား လှည့်ကြည့်လိုက်ပြီး ...

''ကျုပ် မရွေးလိုဘူး ... မောင်ရင်တို့ထဲက ကျုပ်နဲ့ ယှဉ်ပြိုင်လိုသူရှိရင် ထွက်ခဲ့ပါ''

ဟု စိန်ခေါ်လိုက်တော့၏။

အရပ်အမောင်းမြင့်မားကာ ကြံ့ခိုင်တောင့်တင်းကြသော လုံခြုံရေးဝန်ထမ်း (၈) ဦးစလုံးမှာ လှုပ်လှုပ်ရှားရှားဖြစ်သွားကြပြီးနောက် သူတို့ထဲမှ လုံခြုံရေးမှူးဗျာလက ရှေ့သို့ လှမ်းထွက်လိုက်ကာ ဝတ်ထားသောအင်္ကျီကို ချွတ်လိုက်တော့သည်။

ဤသည်မှာ လူရဲ၏စိန်ခေါ်မှုကို ဗျာလက လက်ခံကြောင်း သိစေခြင်းဖြစ်ပါ၏။

ဗျာလက အင်္ကျီကိုလုံးထွေးကာ သူ့လူတစ်ဦးထံ ပစ်ပေးလိုက်ပြီးနောက် စည်းဝိုင်းထဲသို့ ရင်ကော့ဝင်လာတော့သည်။

ညိုမောင်းသည့် သူ၏ကိုယ်အထက်ပိုင်းတွင် ဖုထစ်နေသော ကြွက်သားတို့က အံလိပ်လိပ်လှိုင်းထနေကြပြီး ဘီလူးယက္ခဂန္ဓဗပုံမျိုးစုံ ဆေးမင်ကြောင်အရုပ်များက ရင်ဘတ်နှင့် ကျောတို့တွင် နေရာကျယ်ပြန့်စွာ ယူထားလေ၏။

ဗျာလ၏ခေါင်းတုံးဆံတောက်ပုံ ဆံပင်ကြမ်းကြမ်းတို့က

ဦးခေါင်းပေါ်တွင် ထိုးထိုးထောင်ထောင်ဖြစ်နေကြသေးသည်။ ကျဉ်းမြောင်းသောနဖူး၊ တိုရှုံ့သည့် နှာခေါင်း၊ ပြူးကျယ်သော မျက်လုံးအစုံ၊ မို့မောက်သည့် မျက်ခုံးရိုးပေါ်မှ ထူထဲသောမျက်ခုံးမွေးကြမ်းကြမ်းကြီးများ၊ ခပ်ထူထူ နှုတ်ခမ်းအစုံနှင့် ကျယ်ပြန့်သည့် ပါးစပ်၊ မေးတိုတို၊ ပါရိုးကားကားတို့ဖြင့် ဖွဲ့စည်းထားသည့် ဗျာလ၏ရုပ်ဆင်းက လူ့ထက် ဘီလူးသဘက်နှင့် ပိုတူနေသည်ထင်ရ၏။

"ကဲ ... လက်နက်မဲ့ လက်ရှန်းချင်းပဲ ယှဉ်ကြ၊ အခြားစည်းကမ်းချက် မထားဘူး၊ မင်းတို့က ရန်သူနဲ့ ယှဉ်ပြိုင်ရင်ဆိုင်ရတဲ့အခါမှာ ဘယ်လိုစည်းကမ်းချက်မှ ရှိမှာမဟုတ်ဘူး၊ သူနိုင်ကိုယ်နိုင် နည်းမျိုးစုံနဲ့တိုက်ရမှာပဲ၊ ဒါကြောင့် အခု တိုက်ခိုက်ရာမှာလည်း နိုင်အောင်သာ တိုက်၊ ငါက ရပ်ဆိုရင်တော့ ရပ်ရမယ်၊ နားလည်ကြလား"

"ဟုတ်ကဲ့"

"နားလည်ပါတယ် ဆရာကြီး"

"ကောင်းပြီ ... စတိုက်တော့"

မြပဝါက တိုက်ခွင့်ပြုလိုက်သည်နှင့် ဝါရင့်တိုက်ခိုက်ရေးသမားကြီး ဗျာလက ; ...

ခြေရှေ့ကွက်များကို ဟန်ချက်ညီညီပြောင်းရင်း ဘယ်ညာလွှန်းပျံလက်သီးချက်များ အရှိန်ပြင်းစွာ အဆက်မပြတ်ပစ်





သွင်းကာ တိုက်စစ်ကိုမနားတမ်းဖွင့်တော့သည်။

ဗျာလ၏ မိုးကြိုးပစ်ခွင်းသည့်နှယ် ပြင်းထန်မြန်ဆန်သော လက်သီးချက်များကို လူရဲက ခြေအဆုတ်အတက်မြန်ဆန်စွာဖြင့် ခေါင်းကိုငုံ့၍တစ်မျိုး၊ ကိုယ်ကိုစောင်းလှည့်၍တစ်နည်း၊ ငုံ့ရှောင်ခြင်းဖြင့်တစ်သွယ် ပွတ်ကာသီကာ ရှောင်တိမ်းရင်းထောက်လက်သီး ပေါက်လက်သီးတို့ဖြင့် တစ်ချက်ကောင်း တုံ့ပြန်လိုက်ရာ ...

ဗျာလ၏လက်သီးများမှာ ရည်မှန်းရာကို မရောက်ဘဲလေထဲမှာသာ ဝီခေါ်လျက် အချည်းနှီးဖြစ်ကုန်ကြတော့၏။ လူရဲ၏တန်ပြန်တိုက်စစ်လက်သီးချက်များကမူ သူ၏ရင်ညွန့်၊ ရင်အုံ၊ အရိုက်နှင့် နံကြားတို့သို့ ထိထိမိမိကြီး ဝင်သွားရာ ဝမ်းဗိုက်အနည်းငယ် စူထွက်ဝဖြိုးနေသည့် ဗျာလမှာ တစ်မိနစ်ခွဲမျှအကြာမှာပင် မောဟိုက်ကာ တိုက်စစ်တန့်သွားရတော့၏။

ယင်းအချိန်မှာပင် လူရဲက လျှပ်တစ်ပြက်အတွင်း ညာလက်သီး၊ ဘယ်ဒူးတို့ဖြင့် စုံပစ်သွင်းပြီး တိုက်ခိုက်လိုက်ရာ ပြင်းထန်လှသည့် ပိုက်လက်သီးက ဗျာလ၏မေးရိုးကို မိမိရရကြီး တိုက်ရိုက်ပင်ထိသွားသဖြင့် ဗျာလမှာ နံဘေးသို့ ယိုင်ထွက်သွားသည့် လူရဲ၏ပင့်ဒူးက သူ၏အရိုက်ကို အသားလွတ်ဝင်သွားလေတော့သည်။

'ခွပ်'

'ဖုံး'

''အင့်''

ဗျာလမှာ အင့်ခနဲ တစ်ချက်သာ အော်နိုင်ပြီး အရှိက်ကို လက်နှစ်ဖက်ဖြင့်နှိပ်ကာ ခွေခနဲပြုတ်ကျသွားပါတော့၏။

မြပဝါအပါအဝင် နေသြစာနှင့်အားလုံးမှာ လူရဲ၏ထက်မြက်ပြတ်သားသော တိုက်ခိုက်ပုံကို မျက်ဝါးထင်ထင်တွေ့မြင်လိုက်ရရာ အံ့သြမှင်တက်မိသွားကြတော့၏။

ဗျာလမှာ မြေပြင်ပေါ် ဒူးနှစ်ဖက်ထောက်ကျလျက် ကုန်းကုန်းကြီးဖြစ်နေကာ တအင်းအင်းညည်းရင်း အသက်ရှူများသလိုခံစားနေရရာ ယင်းအချိန်မှာပင် လူရဲက ခြေဖြင့် ပင့်ခတ်လိုက်ပါက ဗျာလ၏အဖြစ်မှာ မတွေးဝံ့စရာ ဖြစ်သွားချေတော့မည်။

သို့သော် စည်းကမ်းသတ်မှတ်ချက်မထားသော ဤတိုက်ပွဲတွင် လူရဲက ရက်စက်စွာ တစ်ဖက်သတ်အနိုင်မယူလိုသဖြင့် တိုက်ခိုက်မှုကိုရပ်တန့်ပြီး မြပဝါအား လှမ်းကြည့်လိုက်လေသည်။

မထင်မှတ်လောက်အောင် ပွဲသိမ်းမြန်လှသဖြင့် အံ့အားသင့် ငေးကြောင်မိသွားရသည့်မြပဝါမှာ သတိဖျတ်ခနဲဝင်လာပြီး လက်ဖဝါးတစ်ဖက် ဖြန့်ကာလိုက်လျက် ...

''ရပ်''

ဟု အော်လိုက်တော့၏။





ထိုအခါမှ လုံခြုံရေးဝန်ထမ်းနှစ်ဦးက သူတို့၏လုံခြုံရေးမှူးကြီးကို ဝိုင်းထဲမှ တွဲထုတ်သွားကြတော့သည်။

မြပဝါက ဆင်စွယ်ရိုးတပ်ထားသည့် စီးကရက်ကို ဖွာရှိုက်လိုက်ပြီးနောက် ခေါင်းညိတ်ပြုံးလိုက်ကာ ...

''ဟုတ်ပြီ လူရဲ၊ လုံခြုံရေးအဆင့်ကိုတော့ မင်း ပြတ်ပြတ်သားသား ကျော်လွှားနိုင်ပါပြီ၊ နားချင်လည်း နားဦး။ ပြီးမှ သက်တော်စောင့်အဆင့်အတွက် စမ်းသပ်ရတာပ''

ဟု ပြောလိုက်ရာ လူရဲက ပြုံးလျက် ခေါင်းယမ်းပြလိုက်၏။

''ကျွန်တော် အနားမယူပါဘူး။ ဆက်ပြီး အစည်အချင်းစမ်းပါ''

''ဪ ... ဒီလိုလား။ ကောင်းပြီလေ ... ကျုပ်က ဒီလိုဖွဲ့မျိုး၊ သွေးမျိုးမှ ကြိုက်တာ၊ ကဲ ... ဒါဆို ကျုပ်ရဲ့သက်တော်စောင့် (၈) ဦးထဲက မင်းကြိုက်တာကို ရွေးပေတော့''

လူရဲက ဂျပ်ခုတ်အကျီလက်မောင်းပြတ်တိုနှင့် ရှမ်းဘောင်းဘီအနက်များ ဝတ်ဆင်ထားကြသည့်သက်တော်စောင့်များဘက်သို့ လှည့်ကြည့်လိုက်ပြီး ...

''ကျုပ် မရွေးလိုပါဘူး။ မောင်ရင်တို့ထဲက ကျုပ်နဲ့ယှဉ်လိုသူ ထွက်ခဲ့နိုင်ပါတယ်''

ဟု လေသံအေးအေးဖြင့် စိန်ခေါ်လိုက်ပြန်သည်။

ထိုအခါ လက်ရွေးစင်သက်တော်စောင့်တို့အထဲမှ အမြင့်မား အထွားကျိုင်းဆုံး ကျွဲပခုံးက ရှေ့သို့ထွက်လာပြီး ဂျပ်ခုတ်အင်္ကျီအနက်ကိုချွတ်ကာ လုံးထွေးလျက် သူ့လူတစ်ဦးထံသို့ ပစ်ပေးလိုက်လေ၏။

စည်းဝိုင်းထဲသို့ လက်နှစ်ဖက်ကို ခပ်ကားကားထားလျက် ခြေလှမ်းကျဲကြီးများနှင့် လှမ်းဝင်လာသည့် ကျွဲပခုံးအား လူရဲက အကဲခတ်ကြည့်လိုက်လေသည်။

ကျွဲပခုံးသည်ကား အရပ်ခြောက်ပေကျော်ခန့်အထိ မြင့်မားပြီး မာကျစ်နေသော ကြွက်သားများက လက်ရှန်းလက်မောင်းနှင့် ဝမ်းဗိုက်တို့တွင် အလိပ်လိပ်ဖြစ်ပေါ်နေကာ မည်းနက်သည့် အသားအရေပေါ်မှာ အမည်းကွက်အဆုပ်ဆုပ်ကြီးများ အပွေးထလျက်ရှိတော့၏။

ခန္ဓာကိုယ်တစ်ခုလုံးတွင် အဆီဟူ၍မရှိဘဲ ကြီးမားသော အရိုးအဆစ်၊ ဖုထစ်နေသည့် ကြွက်သားများဖြင့် အတိပြီးလျက်ရှိသော ကျွဲပခုံးမှာ နေသြဇာပြီးလျှင် မြပဝါ၏ အားအထားရဆုံး တပည့်ကျော်ကြီးပင် ဖြစ်ပါသည်။

ယခု အနီဝါရင့်အသတ်အပုတ်သမားကြီး ကျွဲပခုံးနှင့် လူရဲတို့ (၁၅) ပေပတ်လည်စည်းဝိုင်းအတွင်း၌ သွေးချင်းယှဉ်ရချေတော့မည်။

လူရဲ၏ ထက်မြက်သောတိုက်ခိုက်မှုစွမ်းရည်ကို တွေ့မြင်





ပြီးဖြစ်သော်လည်း မြပဝါက သူ၏တပည့်ကျော်ကြီး ကျွဲပခုံးကို စိတ်ချပြီးဖြစ်၏။ လူရဲ၏အသက်က နှစ်ဆယ်ခန့်သာ ရှိဦးမည်။ လူမိုက်လောကမှ လာသူ ဟုတ်ပုံမရသဖြင့် အတိုက်အခိုက်၌ ဝါရင့်ပုံမရသေးဟု မြပဝါတွက်ဆမိ၏။

''ဒီကောင်လေး ကျွဲပခုံးကိုတော့ မကျော်နိုင်ပါဘူး''

မြပဝါက စိတ်ချလက်ချတွေးရင်း ဆင်စွယ်ရိုးတပ် စီးကရက်ကို အေးအေးဆေးဆေးဖွာရှိုက်လျက် တိုက်ပွဲကို စောင့်ကြည့်ရန်ပြင်သည်။

နေသြဇာသည်လည်း ကျွဲပခုံးနှင့်အတူ အပွဲပွဲနွှဲဖူးသဖြင့် ကျွဲပခုံး၏တိုက်ခိုက်မှုစွမ်းရည်ကို ကောင်းကောင်းကြီးသိထားရာ ကျွဲပခုံး၏လက်ချက်ဖြင့် လူရဲ မည်ကဲ့သို့ အရှုံးကြီးရှုံးမည်လဲ ဆိုသည်ကို အေးအေးလူလူ စောင့်ကြည့်လျက် ရှိလေ၏။

ဒေါ်ယဉ်မွန်မှာမူ သူ့သားနေသြဇာနှင့် အသက်ချင်း သိပ်ကွာပုံမရသော လူရဲ၏ နုပျိုသည့်မျက်နှာလေးကို ငေးကြည့်နေမိရင်း လူရဲအတွက် စိုးရိမ်ပူပန်နေမိလေသည်။

''ဒီကောင်လေးက မြို့သားလေး၊ ကျွဲပခုံးလို ဘီလူးသဘက်ကြီးကို လက်ရည်တူယှဉ်ပြိုင်နိုင်မှာ မဟုတ်ဘူး၊ ဘုရား ဘုရား ...ကောင်လေး ဘာမှမဖြစ်ပါစေနဲ့''

ဒေါ်ယဉ်မွန်က စိတ်ထဲမှ ကျိတ်ဆုတောင်းမိရင်း ဘာကြောင့်မှန်းမသိ လူရဲအတွက် အစိုးရိမ်ပိုနေမိ၏။

"ကဲ … တိုက်ပွဲစတော့"

မြပဝါက တိုက်ပွဲစခွင့်ပြုလိုက်သည်နှင့် ပြင်းထန်သော ခြေကန်ချက်များဖြင့် ကျွဲပခုံးက လူရဲကို ဖိတိုက်တော့သည်။

လူရဲက ကျွဲပခုံး၏ခြေကန်ချက်များကို လွတ်အောင် ရှောင်ရင်း လက်ဝါးစောင်း၊ လက်ဖဝါးတို့ဖြင့် ကျားပုတ်ပုတ် ထုတ်လျက် ရှိသည့်အပြင် တံတောင်စွန်းဖြင့်ပါ ခံလျက်ရှိ၏။

ကျွဲပခုံးမှာ သူ၏တိုက်စစ် ထင်တိုင်းမပေါက်သည့်အခါ ဒေါကန်လာပြီး ဗျူဟာပြောင်းလျက် ဘယ်ခြေညာခြေခတ်ဟန် ပြုပြီး လူချင်းပူးလုလုတွင် လူရဲ၏နံကြောနှစ်ဖက်အား ပြင်းထန် အားပါလှသည့် ဝိုက်လက်သီးများဖြင့် ကျွဲခတ်သလို ထိုးတော့ သည်။

ထိုအခါ လူရဲက လူချင်းပူးယောင်ပြုပြီးမှ နောက်သို့ ခြေတစ်လှမ်း ဖျတ်ခနဲဆုတ်ပြီးလျှင် ကျွဲပခုံး၏ဝိုက်လက်သီးတို့ကို လွတ်ရုံလေး ရှောင်ကာ ကျွဲပခုံး၏အောက်မေးရိုးအား ခြေစောင်း ကန်ချက်ဖြင့် ကိုယ်ကိုတစောင်းလှည့်ပြီး ခတ်ထည့်လိုက်တော့၏။

'ဖြောင်း'

ပြင်းထန်သောမြည်သံကြီး ထွက်ပေါ်သွားပြီး ချက် ကောင်းမိသဖြင့် ကျွဲပခုံး ယိုင်ထွက်သွားသည်တွင် လူရဲက ကျွဲ ပခုံး၏သကောက်ခွက်ကို ခြေပတ်ကန်ချက်ဖြင့် ထပ်ကန်လိုက်ပြန် သည်။





'ဖောင်း'

'ဝုန်း'

လူရဲ၏ပြင်းထန်သော ခြေကန်ချက်ကြောင့် ကျွဲပခုံးသည် ခြေတစ်ဖက်မြောက်တက်သွားကာ ပေါင် (၂၀၀) ခန့်ရှိသည့် သူ၏ခန္ဓာကိုယ်ကြီးမှာ မြေကြီးပေါ် ဖင်ထိုင်လျက် ပြုတ်ကျသွား တော့၏။

ဝိုင်းကြည့်နေကြသူအားလုံး ရုတ်တရက် အံ့အားသင့် သွားကြစဉ် …

'ဖြောင်း … ဖြောင်း … ဖြောင်း'

လက်ခုပ်ဩဘာသံတစ်ချက် ထွက်ပေါ်လာတော့သည်။

မြပဝါက လက်ခုပ်သံထွက်ပေါ်လာရာသို့ ဒေါသဖြစ်စွာ ဖျတ်ခနဲလှည့်ကြည့်လိုက်ရာ လက်ခုပ်တီးအားပေးချီးမြှောက်လိုက် သူမှာ သူ၏ဇနီးဒေါ်ယဉ်မွန်ဖြစ်နေသဖြင့် အံ့ဩဒေါကန်သွားရ တော့၏။

ထို့ကြောင့် သူသည် တိုက်ပွဲဆီသို့ ပြန်လှည့်ကြည့်လိုက် ပြီး …

"ဆက်တိုက် … ကျွဲပခုံး ထစမ်း … ကိုယ့်သား လောက် ရှိတာလေးကိုတောင် နိုင်အောင်မတိုက်နိုင်တဲ့ကောင် … ထစမ်း … ထ ပြန်ချ"

ဟု ဒေါသတကြီး အော်ဟစ်လိုက်တော့သည်။

ကျွဲပခုံးသည် ရှက်လည်းရှက်၊ ဒေါသလည်းထွက်သွားသဖြင့် လဲနေရာမှ ပြန်ထလိုက်သော်လည်း သူ၏သကောက်ကြောမှာ အထိနာသွားသောကြောင့် ခြေထောက်ထော့နင်းထော့နင်းဖြစ်သွားရပြီး . . .

ထိုခြေထောက်ကို နောက်ထပ် ခြေကန်ချက်ထပ်ထိပါက ရပ်ပင် ရပ်နိုင်တော့မည် မဟုတ်ချေ။

'တောက်'

ကျွဲပခုံးက ခံပြင်းစွာ တက်တစ်ချက်ခေါက်လိုက်ပြီးနောက် . . .

"ဒီကောင်ကို ဓားချင်းယှဉ်မယ်"

ဟု အံကြိတ်သံကြီးဖြင့် ကြုံးဝါးပြောဆိုလိုက်တော့၏။

ကျွဲပခုံး၏ဓားစွမ်းကိုသိပြီး ယုံကြည်ပြီးဖြစ်သည့် မြပဝါက သက်တော်စောင့်မိုးကြီးအား မေးဆတ်ပြလိုက်ရာ မိုးကြီးက သူရပ်နေရာ၏နံဘေးရှိ စားပွဲပေါ်တွင်တင်ထားသည့် ဓားရှည်နှစ်လက်ကိုယူကာ ဝိုင်းထဲဝင်သွားပြီး ကျွဲပခုံးနှင့် လူရဲတို့ထံ ဓားတစ်လက်စီ ကမ်းပေးလိုက်တော့သည်။

ကျွဲပခုံးက ငှက်ကြီးတောင်ဓားအား တရွှမ်းရွှမ်းဖြင့် လေဝယ်ဝှေ့ယမ်းလိုက်လေ၏။

လူရဲကမူ မီးတိုင်ပြနည်းဖြင့် ဓားကိုရှေ့ထုတ်ထောင်ကိုင်ကာ တစ်ဖက်လူ၏ တိုက်စစ်ကိုစောင့်သည်။





ကျွဲပခုံးက လူရဲ၏မျက်နှာကို မာန်ကြီးစွာ ကြည့်လိုက်ပြီးနောက် ဘယ်ပြ ညာခြောက် အထက်ပေါက် အောက်ပင့် ဓားချက်များသုံးကာ ခပ်သွက်သွက်ဝင်လာရာ လူရဲသည် ခြေလေးကွက်ကျဲနင်းလျက် အုပ်ဓား၊ ပင့်ဓား၊ ပတ်ဓားတို့ကို သုံးကာ ကျွဲပခုံး၏တိုက်စစ်ကို အချက်ပိုင်ပိုင် ဟန့်တားနေတော့၏။

"ဟိုင်း"

ကျွဲပခုံးက အားမာန်အပြည့်ဖြင့် အော်ဟစ်လိုက်ရင်း မိုးဓားကိုသုံးပြီး ဆင့်ကာဆင့်ကာ ခုတ်လျက်ဝင်လာပြန်သည်။

လူရဲက ကွက်ပျောက်နင်းလျက် ကျွဲပခုံး၏ပြင်းထန်သော ဓားချက်များကိုပင့်ကာ ပက်ကာ ခုခံရင်းမှ ထိုးဓား၊ ဝိုက်ဓားတို့ဖြင့် တန်ပြန်တိုက်စစ်ဆင်ရာ သူတက် ကိုယ်ဆုတ်, ကိုယ်တက် သူဆုတ်နှင့် ပွဲက ကြည့်ကောင်းလှသည်။

ဓားချင်းခတ်သံ တချွင်ချွင်မြည်ဟိန်းလျက်ရှိပြီး . . . မီးတဖျပ်ဖျပ်ပွင့်သွားကာ ဓားရောင်က နေရောင်ဝယ် လက်လက်ထသွား၏။

အချိုးလေးကွက်၊ ခြောက်ကွက်၊ တစ်ဆယ့်နှစ်ကွက်စသည်ဖြင့် အကွက်များလေ ဓားချက်စိပ်လေဖြစ်ကာ ကျွဲပခုံး၏ ခုတ်ချက်တို့က ပြင်းထန်သည်ထက် ပြင်းထန်လာပြီး သူက လက်ရှည်စမ်းခြင်းအဆင့်ကိုလွန်လျက် လူရဲအား သည်စည်းဝိုင်းထဲမှာပင် အပြီးအပြတ်သုတ်သင်ရန် ကြံလာဟန်ရှိလေသည်။

မြပဝါက ကျွဲပခုံး၏ရည်ရွယ်ချက်ကို ရိပ်မိသော်လည်း မော်ပိုင်ဒေသတစ်ဝိုက်တွင် နေသြဇာပြီးလျှင် ဓားရေး၌ သြဇာအကြီးဆုံး သူ့တပည့်၊ လက်ရေး၌ ရှုံးနိမ့်ထားခြင်းကို အဖတ်ဆည်ရန် ကြိုးစားနေမှုအား ပိတ်ပင်လိုခြင်းမရှိသဖြင့် စီးကရက်အဖွာမပျက် စောင့်ကြည့်လျက်ရှိတော့၏။

နေသြဇာကမူ ဤမျှ ဓားကွက်စိပ်လှသည့် ကျွဲပခုံး၏ဓားချက်များကို လက်အကွေးအဆန့်၊ အပင့်အမြှောက်တို့ဖြင့် ဟန်ချက်ညီညီ ခုခံသွားနိုင်သည့် လူရဲကို အံ့အားတသင့် ငေးကြည့်နေလေသည်။

ဒေါ်ယဉ်မွန်ကား အန္တရာယ်များလှသည့် ကျွဲပခုံး၏ဓားချက်များကြောင့် လူရဲအတွက် အစိုးရိမ်ပိုကာ အသက်ရှူရန်ပင် မေ့လျက် မျက်တောင်မခတ်စတမ်း ငေးစိုက်ကြည့်နေမိတော့၏။

"ကျား"

ကျွဲပခုံးက အသံဝါကြီးဖြင့် မာန်သွင်းအော်ဟစ်လိုက်ရင်း တစ်ဖွေ့ခုန်ဖြင့် ရှေ့သို့ လျှပ်တစ်ပြက်ခုန်လိုက်လျက်မှ မိုးဓားခုတ်ချက်ဖြင့် အပိုင်ခုတ်ချလိုက်လေသည်။

'ချွမ်း'

အပေါ်စီးမှ တစ်ရှိန်ထိုးဝင်လာသော ဓားချက်အား လူရဲက ပင့်ဓားဖြင့်ခံလိုက်ပြီးနောက် လက်ကောက်ဝတ်ကို ကျွမ်းကျင်စွာလှည့်ကာ ဓားသွားဖြင့် နောက်ပြန်ပက်ရင်း ကျွဲပခုံး၏





ဘေးအား နောက်သို့လှန်တွန်းလိုက်သည့်တွင် ကျွဲပခုံးမှာ ဟန်ချက်ပျက်သွားပြီး နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်ရလေ၏။

တိုက်စစ်ဖရိုဖရဲဖြစ်သွားသည့် ကျွဲပခုံးအား လူရဲက ဘယ်ညာစလွယ်သိုင်းဓားချက်များဖြင့် ခြောက်ခုတ်ခုတ်လိုက်ရာ ကျွဲပခုံးမှာ ကမန်းကတန်းခုခံရင်း နောက်သို့ ကပျာကယာ ထပ်ဆုတ်လိုက်ရလေသည်။

တန်ပြန်တိုက်စစ် အသာရသွားသည့် လူရဲက လစ်ဟာသွားသည့် ကျွဲပခုံး၏ရင်ညွန့်အား ဓားဦးဖြင့် ပေါက်ခုတ် ခုတ်လိုက်ပြန်ရာ ကျွဲပခုံးမှာ ပင့်ဓားဖြင့် ကပျာကယာခံလိုက်စဉ်မှာပင် လူရဲက လက်ကောက်ဝတ်ကို လျှပ်တစ်ပြက် လှည့်ကာပတ်ကာ ဓားဖြင့် ကျွဲပခုံး၏ဓားကိုင်လက်အား ရှပ်ခုတ်လိုက်တော့သည်။ ကျွဲပခုံးက ဓားထိသွားသောကြောင့် အားခနဲအော်ကာ ဓားလွတ်ကျသွားသည့်တွင် လူရဲက စလွယ်သိုင်းဓားချက်ဖြင့် ကျွဲပခုံး၏ အကာအကွယ် လုံးဝမဲ့သွားသည့်ဇက်ပိုးကို စိုက်ခုတ်ခုတ်ချလိုက်တော့၏။

"ဟာ"

"ဟင်"

မြပဝါ အပါအဝင် ဝိုင်းကြည့်နေကြသူများက ကျွဲပခုံး တစ်ယောက် ခေါင်းတခြား ကိုယ်တခြားဖြစ်ပြီဟု ထင်လိုက်ကြကာ မျက်လုံးပြူးသွားကြသော်လည်း တစ်ရှိန်ထိုးပြေးဝင်လာ

သည့် လူရဲ၏ဓားသွားက ကျွဲပခုံး၏ဖက်နှင့် တစ်လက်မအလိုတွင် တိခနဲရပ်တန့်သွားပါတော့သည်။

အားလုံးက လွန်စွာတိကျသော ဓားထိန်းမှု (Control) ကျွမ်းကျင်လှသည့် လူရဲ၏စွမ်းရည်ကို အံ့ဩခြင်းအခါခါ ဖြစ်သွားကြတော့၏။

'ဖြောင်း ဖြောင်း ဖြောင်း'

သည့်တစ်ခါလည်း ဒေါ်ယဉ်မွန်ထံမှပင် လက်ခုပ်သြဘာသံ ထွက်ပေါ်လာရာ မြပဝါက ဇနီးသည်အား မျက်လုံးစိမ်းများနှင့် လှည့်ကြည့်လိုက်ပြန်သည်။

လူရဲကမူ သူ့ကိုအားပေးလျက်ရှိသည့် မိခင်ဖြစ်သူအား ကျေးဇူးတင်စွာလှမ်းကြည့်လိုက်ရင်း ပီတိဖြစ်နှစ်သိမ့်စွာ ပြုံးပြလိုက်ပါ၏။

မရှုမလှရှုံးသွားလျက် သွေးတစက်စက် ကျနေသည့် လက်ယာဘက်လက်ကောက်ဝတ်ကို လက်ဝဲလက်ဖြင့် ဆုပ်ကိုင်ကာ တအီးအီးညည်းနေသည့် ကျွဲပခုံးအား နေဩဇာက မျက်မှောင်ကုတ်ကြည့်လိုက်ပြီးနောက် ထိုင်ရာမှ ရုတ်ခနဲ ထ, လိုက်ရင်း သူ၏အနီ ရောင်ဖဲပွင့်အင်္ကျီကို ချွတ်လိုက်တော့သည်။

သူက အင်္ကျီကိုလုံးထွေးလျက် ကုလားထိုင်ပေါ် ပစ်တင်လိုက်ပြီးနောက် စည်းဝိုင်းထဲသို့ ကျားပျိုတစ်ကောင်နှယ် ခြေလှမ်းကျဲကြီးဖြင့် လှမ်းဝင်လိုက်ကာ ကျွဲပခုံးလွတ်ကျခဲ့သည့်





ဓားကို ကောက်ကိုင်လိုက်လေ၏။

"လာ ... မင်းနဲ့ငါ ယှဉ်မယ်"

နေဩဇာက ပြတ်သားစွာပြောရင်း ဓားကို နေရောင်ထဲတွင် လက်လက်ထသွားအောင် ဝှေ့ယမ်းရင်း လူရဲကို စိန်ခေါ်လိုက်တော့၏။

"အို ... သား"

ဒေါ်ယဉ်မွန်၏ စိုးထိတ်စွာ ဟန့်တားလိုက်သံပေါ်ထွက်လာသည်တွင် မြပဝါက ဒေါ်ယဉ်မွန်အား ဆတ်ခနဲလှည့်ကြည့်လိုက်ပြီး မာန်လိုက်လေသည်။

"ယဉ်မွန် ... အသာနေစမ်း"

"အို ... သားတဲ့၊ အဲဒီစိုးထိတ်စွာ ဟန့်တားလိုက်သံက ဘယ်သူ့အတွက်လဲ အမေ၊ အမေ့ရဲ့သား နေဩဇာအတွက်လား။ သားဟာလည်း အမေ့သားပါပဲ အမေရယ်၊ နေဩဇာနဲ့ ယှဉ်ရင်ကော အမေက သားကို အားပေးနိုင်ပါဦးမလား၊ အမေက သားကို စောစောကလို အားပေးနိုင်မှာ မဟုတ်တော့ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သားကို အမေ့ရဲ့သားမှန်း အမေက သိမှမသိဘဲလေ"

လူရဲသည် သူ့မိခင်အား ရီဝေစွာ လှမ်းကြည့်ရင်း စိတ်ထဲမှ ဆို့နင့်စွာပြောလိုက်မိသည်။

"လာလေကွာ ... ငါနဲ့ယှဉ်စမ်း လူရဲ"

လူရဲက သူ့ကို အတင်းစိန်ခေါ်နေသည့် နေသြဇာကို ကြည့်လိုက်၏။ နေသြဇာမှာ သူ့လူတွေ မရှုမလှရှုံးသွားသဖြင့် ဒေါသပြင်းစွာထွက်နေပုံရ၏။ နေသြဇာ၏ဒေါသမျက်လုံးများကို မြပဝါ၏မျက်နှာမှာလည်း မြင်ရသည်။

ကျန်လူများကတော့ တကယ့်ပွဲကြီးပွဲကောင်းကို ယခုမှ ကြည့်ရတော့မည်ဟု စိတ်လှုပ်ရှားစွာ တွေးလျက်ရှိကြ၏။

လူရဲက အားလုံးကိုဝေ့ကာ အကဲခတ်ကြည့်လိုက်ပြီးမှ မိခင်ဖြစ်သူအား စိုက်ကြည့်လိုက်သည်။

ဒေါ်ယဉ်မွန်က သူမကို လှမ်းကြည့်လိုက်သော လူရဲ၏ မျက်လုံးများကို ငေးကြည့်ရင်း ရင်ထဲဝယ် အမျိုးအမည်မဖော်ပြတတ်သည့် ဝေဒနာတစ်ရပ် ရုတ်တရက်ခံစားလိုက်ရ၏။

လူရဲ၏မျက်လုံးအကြည့်များကို စတွေ့စကတည်းက ဒေါ်ယဉ်မွန်အံ့သြနေမိခြင်းဖြစ်သည်။

အနီကောင်လေး၏မျက်လုံးအကြည့်များက မည်သည့် အတွက်ကြောင့် နူးညံ့ရိုဝေနေမှန်း သူမ မသိ။

"ကဲ လူရဲ ... ဘာပိုင်နေတာလဲ၊ လာလေကွာ ... ဒီမော်ပိုင်မှာ အဖေကလွဲရင် နေသြဇာကို ယှဉ်နိုင်သူမရှိဘူး။ နေသြဇာဆိုတာကလည်း ဒီမော်ပိုင်ဒေသရဲ့ ဥပရာဇာပဲ၊ မင်း ငါ့ကို ယှဉ်ပြိုင်အနိုင်ယူနိုင်ရင် မော်ပိုင်ရဲ့အိမ်ရှေ့အရာ မင်းကို လွှဲပေးမယ်၊ ငါနဲ့ ယှဉ်လိုက်"





သူ့ကို အစ်ကိုမှန်းမသိဘဲ ရင့်သီးစွာ စိန်ခေါ်နေသည့် အမေတူ ဖအေကွဲညီလေးအား လူရဲက ခပ်ငိုင်ငိုင်ကြည့်လိုက်ပြီးနောက် သက်ပြင်းရှိုက်လိုက်ကာ ဓားကို မြေကြီးပေါ် လွှတ်ချလိုက်လေ၏။

နေသြဇာက မျက်မှောင်ပိုကြုတ်သွားသည်။

"ဘာသဘောလဲ လူရဲ"

"ငါ့ညီကို ကိုယ် မယှဉ်ချင်ဘူး"

နေသြဇာက လှောင်ရယ်ရယ်လိုက်၏။

"ဟား ဟား ဟား ... ဘာလဲ ... သူရဲဘောကြောင် တာလား"

လူရဲက နေသြဇာကို အေးအေးဆေးဆေးကြည့်လျက် ပြောသည်။

"လူရဲရဲ့ဘဝမှာ သူရဲဘောင်ကြောင်တယ်ဆိုတာ မရှိဘူး။ ဒါပေမဲ့ ငါ့ညီကိုတော့ ကိုယ်မယှဉ်လိုပါဘူး"

"ငါ့ကို ... ငါ့ညီ ငါ့ညီနဲ့မခေါ်နဲ့၊ မင်းနဲ့ ငါ သက်တူရွယ်တူပဲ"

အမှန်လည်း လူကြမ်း၊ စိတ်ကြမ်း၊ ဘဝကြမ်းလေသည့် နေသြဇာက လူရဲထက်ပင် ရုပ်ပိုရင့်သလို ဖြစ်နေသည်။

"လူရဲ ... ငါတို့မြန်မာ့လက်ဝှေ့စိန်ခေါ်ပွဲတွေမှာ ကြောက်ရှုံး၊ ကွဲရှုံးဆိုတာရှိတယ်၊ မင်း ငါ့ကိုမယှဉ်ရဲဘူးဆိုရင်

ကြောက်ရွံ့လို့ သတ်မှတ်ရမလား''

နေဩဇာက လူရဲ မခံချင်အောင်ပြောကာ ဆွပေး၏။ သို့သော် လူရဲက တုန့်လှုပ်ခြင်းမရှိ။ သူက ညီဖြစ်သူကို ရီဝေစွာပဲ ကြည့်နေသည်။ တကယ်တော့ သူက သိတတ်စအရွယ်ကတည်းက တစ်ကောင်ကြွက်ဖြစ်ခဲ့သည်။ မိခင်မှဲ့ခဲ့သလို မွေးချင်းပေါက်ဖော်ညီအစ်ကိုနှမသားချင်းလည်း မရှိ။ သည်တော့ သူက မိခင်ဝတ်ခဲ့သလို ညီအစ်ကိုမောင်နှမလည်း ဝတ်ခဲ့ရ၏။

ယခု သူ့မှာ ရှားရှားပါးပါး ညီတစ်ယောက်ရှိနေပြီး ဖခင်ချင်းမတူသည့်တိုင် နေဩဇာ၏ခန္ဓာကိုယ်ထဲတွင် သူ့မိခင်၏ သွေးတစ်ဝက် ပါနေသည်။

သည်ညီလေးနှင့် သူ ယှဉ်ပြိုင်တိုက်ခိုက်လိုစိတ်မရှိ။

သူက အစ်ကို။

အစ်ကိုကြီး အဖအရာဆိုသလို ညီဖြစ်သူကိုပင် သူက ကာကွယ်ပေးရဦးမည်။ သည်လိုအစ်ကိုက ညီဖြစ်သူအား မည်သည့်အတွက်ကြောင့် ယှဉ်ပြိုင်တိုက်ခိုက်ရမည်နည်း။

''ကိုယ့်ကို ကြောက်ရွံ့လို့ သတ်မှတ်ချင်သတ်မှတ်နိုင်ပါတယ် နေဩဇာ၊ မင်းကိုတော့ ကိုယ်က ဘယ်တော့မှ ယှဉ်ပြိုင်မှာမဟုတ်ဘူး''

သွေးဆာနေသည့် နေဩဇာက နှုတ်ခမ်းကို မဲ့လိုက်သည်။

ခု နှစ် စဉ် ကြယ် တ ပေ



''ထို ... သူရဲဘောနည်းတဲ့ကောင်ကို ငါတို့အဖွဲ့မှာ အလိုမရှိဘူး''

နေဩဇာက အော်ဟစ်ပြောလိုက်ပြီးနောက် လက်ထဲမှ ဓားကို မြေကြီးပေါ် ပစ်စိုက်လိုက်ကာ စံအိမ်ကြီးဘက်သို့ ချာခနဲ လှည့်ထွက်သွားတော့၏။

မြပဝါက လူရဲကိုကြည့်ကာ ပြုံးနေသည်။ သူ့သားကို ယှဉ်ပွဲပုံမရသည့်တိုင် လူရဲ၏စွမ်းရည်ကို သူ နှစ်သက်အားရပြီး ဖြစ်၏။ ထို့ကြောင့် လူရဲအား အဖွဲ့၏တတိယခေါင်းဆောင်အဖြစ် ထားရှိရန် သူ ဆုံးဖြတ်ပြီးဖြစ်သည်။

❀ ❀ ❀

ခုနစ်စဉ်ကြယ်တာပေ


# အခန်း (၃)

အတိတ်မှသမုဒယ

ပက်ပင်းတွေ့သူ

ရန်သူတော်ရောက်ရှိလာခြင်း

လျှို့ဝှက်အတိတ်



## အခန်း (၃)

## အတိတ်မှသမုဒယ

မြပဝါက လူရဲ့အား သက်တော်စောင့်အဖြစ် တာဝန်ပေးအပ်ခန့်ထားလိုက်သဖြင့် မူလသက်တော်စောင့်မှူးဖြစ်သောကျွဲပခုံးမှာ ဒု-သက်တော်စောင့်မှူးဖြစ်သွားပြီး သူနေထိုင်ရာအခန်းမှ ဖယ်ရှားပေးလိုက်ရလေ၏။

အခြားအခန်းသို့ ကျွဲပခုံးပြောင်းသွားရပြီး ၎င်းနေထိုင်ရာအစည်းအဝေးခန်းဆောင်နှင့်ကပ်လျက် အခန်းတွင် လူရဲ ပြောင်းရွှေ့နေခွင့်ရလေသည်။ လူရဲ၏အခန်းနံဘေးတွင် ညိုလုံးနှင့်မိုးကြီးတို့လည်း နေထိုင်ကြကာ သူတို့က သက်တော်စောင့်အဖွဲ့တွင် မပါဝင်ဘဲ နေညဗာ၏အနီးကပ်လုံခြုံရေးလက်ရုန်းတော်များအဖြစ် တာဝန်ယူရသည်။

ထို့ကြောင့် မြပဝါနှင့်ဒေါ်ယဉ်မွန်တို့ အပြင်ဘက်သို့ သွားလာစရာရှိလျှင် လူရဲအပါအဝင် သက်တော်စောင့် (၉) ယောက်စလုံးဖြစ်စေ (၄) ယောက် (၆) ယောက်ဖြစ်စေ လိုက်ပါရပြီး နေ့ညဖောအပြင်ထွက်တိုင်းမှာမူ ညိုလုံးနှင့်မိုးကြီးတို့က အရိပ်လို လိုက်ပါရလေ့ရှိလေသည်။ လူရဲက တာဝန်စတင်ထမ်းဆောင်ရသည့်နေ့မှစပြီး မိုးကြီးထံမှ အရိပ်လိုလိုက်ပါရလေ့ရှိလေသည်။ လူရဲက တာဝန်စတင်ထမ်းဆောင်ရသည့်နေ့မှစပြီး မိုးကြီးထံမှ သေနတ်ပစ်နည်းသင်ယူကာ စံအိမ်ကြီး၏နောက်ဖက်မြစ်ကမ်းပါးယံတွင် သေနတ်ပစ်လေ့ကျင့်ခွင့်ရခဲ့သည်။

သက်တော်စောင့်မှူးဖြစ်သွားသည့် လူရဲအတွက် အထူးအခွင့်အရေးတစ်ရပ် ရရှိသည်မှာ မြပဝါတို့မိသားစုမှအပ အိမ်ဖော်မိန်းကလေးများသာ တက်ရောက်ခွင့်ရှိသော အိမ်အပေါ်ထပ်သို့ လူရဲတက်ရောက်ခွင့်ရခြင်းပင် ဖြစ်ပါ၏။

ယင်းအခွင့်အရေးမှာ လူရဲ အမျှော်လင့်ကြီး မျှော်လင့်ထားသော မဟာအခွင့်အရေးကြီးပင် ဖြစ်ပါသည်။ အိမ်ပေါ်ထပ်သို့ တက်ခွင့်ရသဖြင့် သူချစ်မြတ်နိုးသော မိခင်ကြီးအား မကြာခဏအနီးကပ်တွေ့ဆုံခွင့်ရရာ လူရဲမှာ ဝမ်းမြောက်မဆုံးခံစားနေရလေ၏။

သို့တိုင် သူသည် မိခင်ဒေါ်ယဉ်မွန်နှင့် နှစ်ဦးတည်း လွတ်လပ်စွာတွေ့ခွင့်ရသည် မဟုတ်ဘဲ မြပဝါ၏ရှေ့မှောက်မှာ





သာတွေ့ဆုံခြင်းဖြစ်ပြီး စကားပြောခွင့်လည်း ရသည်မဟုတ်ပေ။

"အင်း ‥ အမေနဲ့သာ လွတ်လွတ်လပ်လပ်နှစ်ယောက်တည်း တွေ့ခွင့်ရရင်တော့ ငါ့ရဲ့ဆွဲပြားလေးကိုထုတ်ပြပြီး ငါဟာ အမေ့ရဲ့သားပါလို့ ဖွင့်ပြောလိုက်မှာပဲ၊ ခက်တာက အမေဟာ မြပဝါရဲ့အနားမှာ အမြဲရှိနေတာပဲ၊ အမေဟာ အပြင်ကိုတောင် မြပဝါနဲ့မှ အတူထွက်ခွင့်ရတာ၊ အေးလေ … ဘာပဲဖြစ်ဖြစ် တစ်နေ့နေ့မှာတော့ ငါဟာ အမေနဲ့ လွတ်လွတ်လပ်လပ်တွေ့ခွင့်ရလာမှာပါ၊ အဲဒီလိုနေ့ကို ငါ စိတ်ရှည်ရှည်နဲ့စောင့်ရမှာပဲ"

အချိန်ကာလမှာ မြန်မာပြည်လွတ်လပ်ရေးရပြီးစ ဆယ်နှစ်ဝန်းကျင်သမယဖြစ်ပြီး ရောင်စုံသောင်းကျန်းသူများကြောင့် နိုင်ငံအနှံ့တွင် တိုက်ပွဲများဖြစ်ပွားနေကာ မြပဝါတို့လို ဓားပြအဖွဲ့များကလည်း တောမီးလောင် တောကြောင်လက်ခမောင်းခတ်ဆိုသကဲ့သို့ ဥပဒေနှင့်အလှမ်းဝေးရာဒေသတို့တွင် တစ်ကိုယ်တစ်မင်း မင်းမူလျက် ရှိလေ၏။

အုပ်ချုပ်ရေးလက်လှမ်းမမီသည့် နယ်စပ်ဒေသမြို့လေးများတွင် လူဆိုးဂိုဏ်းတို့ ဗိုလ်ကျစိုးမိုးနေလေရာ မော်ပိုင်တွင်လည်း မြပဝါအပါအဝင် လူဆိုးဓားပြဂိုဏ်း (၃) (၄) ဂိုဏ်းခန့်ရှိလေသည်။

ယင်းလူဆိုးဂိုဏ်းတို့အထဲတွင် မြပဝါသည် အင်အားအကြီးမားဆုံးဖြစ်ပြီး သူတို့အဖွဲ့က နယ်ခြားဒေသမှ ဝင်ရောက်

လာသည့် ကုန်သည်တို့အား အခကြေးငွေယူလျက်စောင့်ကြပ်ပေး ခြင်း၊ လက်နက်ခိုးသွင်းခြင်း၊ မူးယစ်ဆေးဝါးသယ်ပို့ခြင်း၊ မော်ပိုင်ရှိ လောင်းကစားဝိုင်းများ၊ ဖိမ်ခန်းများ၊ ဘိန်းခန်းများမှ ဆက်ကြေးတောင်းကာ ထိုဒုစရိုက်လုပ်ငန်းများကို အခြားလူဆိုးဂိုဏ်းတို့ရန်မှ ကာကွယ်ပေးခြင်း စသည့်လုပ်ငန်းများ လုပ်ကိုင်လေ၏။

မြပဝါ၏အဓိကပြိုင်ဘက်ဂိုဏ်းမှာ လဝန်းနက်ဂိုဏ်းဖြစ်ပြီး လဝန်းနက်တို့က မြပဝါအဖွဲ့ စိုးမိုးထားသည့် မော်ပိုင်မြို့ပေါ်တွင် အခြေမတည်နိုင်ဘဲ မော်ပိုင်နှင့်သုံးလေးမိုင်ခန့်သာဝေးသည့် နယ်ခြားဒေသ လင်းဆွဲတောင်ကြားအနီးရှိ ကျောက်တောင်များ၌ စခန်းချထားကြလေ၏။

အခြားလူဆိုးဂိုဏ်းကလေးတို့မှာ မြပဝါ၏လက်ဝေခံ သြဇာခံများသာဖြစ်ပြီး လဝန်းနက်ဂိုဏ်းတစ်ခုတည်းကသာ မြပဝါ၏လုပ်ငန်းများကို အဓိကနှောင့်ယှက်လျက်ရှိလေသည်။

"လူရဲရဲ့လုပ်ဆောင်ချက်ကြောင့် လဝန်းနက်တွေဟာ သူတို့လက်ထဲရောက်သွားတဲ့ ရတနာတွေကို ပြန်ဆုံးရှုံးသွားရတဲ့ အပြင် သူတို့ဂိုဏ်းသားအတော်များများလည်း သုတ်သင်ခံလိုက်ရတဲ့အတွက် ငါတို့မြပဝါအဖွဲ့ကို အငြိုးကြီးငြိုးနေမှာသေချာတယ်"

"အဲဒီကောင်တွေဟာ ငါတို့အဖွဲ့ကို ယှဉ်ပြိုင်တိုက်ခိုက်နိုင်စွမ်းမရှိတော့၊ ချုံခိုတိုက်တာတို့၊ သူလျှိုလွှတ်ပြီး လုပ်ကြံဖို့ ခွင်းတာတို့၊ လုပ်လာနိုင်တယ်၊ ဒါကြောင့် အခုအချိန်မှာ အခါ





တိုင်းထက် ပိုပြီး သတိရှိဖို့လိုတယ်"

"မနက်ဖြန်မှာ နယ်ခြားက ငါတို့ရဲ့ဖောက်သည် ကုန်သည်တစ်စုလာမယ်၊ သူတို့ဟာ ကျောက်ညှပ်ဘက်က လာရင် ဝေးတဲ့အတွက် လင်းဆွဲတောင်ကြားလမ်းကပဲ ဖြတ်လာမှာဖြစ်တယ်၊ အဲဒီဒေသမှာ လဝန်းနက်တွေ မင်းမူနေတဲ့အတွက် ငါတို့အဖွဲ့က သွားကြိုပြီး စောင့်ရှောက်ရမယ်၊ ဟိုတစ်ခါလို အဖြစ်မခံနိုင်တဲ့အတွက် ဒီတစ်ခါ ငါကိုယ်တိုင် သားနေသြဇာနဲ့အတူ လိုက်ပါမှာဖြစ်တယ်၊ ဒီစံအိမ်ရဲ့လုံခြုံရေးကို လူရဲက ဖျာလတို့ လုံခြုံရေးအဖွဲ့ကို ဦးဆောင်ပြီး ဂရုစိုက်ပါ ... ကြားလား"

"ဟုတ်ကဲ့ ဆရာကြီး"

တစ်ခုသောညနေတွင် အစည်းအဝေးခန်းမကြီးထဲ၌ မြပဝါက မှာကြားပြီးလျှင် နောက်တစ်နေ့နံနက်အာရုဏ်မတက်မီမှာပင် နေသြဇာ၊ ညိုလုံး၊ မိုးကြိုးတို့နှင့်အတူ လူရဲမှအပ ကျန်သက်တော်စောင့်တစ်ဖွဲ့လုံးကိုခေါ်ကာ မြင်းကိုယ်စီဖြင့် စံအိမ်ကြီးမှ ထွက်ခွာသွားတော့၏။

ကျောက်ဖြူစံအိမ်တွင် ဒေါ်ယဉ်မွန် ကျန်ရစ်ခဲ့သည့်ဖြစ်သဖြင့် စံအိမ်၏လုံခြုံရေးအတွက် မြပဝါက စိတ်မချသောကြောင့် လူရဲကို အားဖြည့်ပြီး ဖျာလတို့ လုံခြုံရေးအဖွဲ့နှင့်အတူ ထားရစ်ခဲ့ခြင်းဖြစ်သည်။

"အင်း ... ဒီစံအိမ်ကြီးထဲမှာ မြပဝါတို့သားအဖ မရှိ

တုန်း အမေနဲ့ တွေ့နိုင်အောင် ငါ ကြိုးစားရမယ်''

လူရဲသည် မြပဝါတို့အဖွဲ့ ထွက်ခွာသွားကတည်းက စံအိမ်ကြီး၏အပေါ်ထပ်သို့တက်ရန် အခွင့်အခါကို ချောင်းလျက်ရှိသော်လည်း နံနက်နေအတော်မြင့်မှ စံအိမ်အပေါ်ထပ်သို့တက်ရာ လှေကားထိပ် တံခါးပေါက်က ပွင့်လာပြီး အိမ်ဖော်မိန်းကလေး တစ်ဦး ဆင်းလာ၏။

''နော်ဖော ... ဒေါ်လေး နိုးပြီလား''

''နိုးပြီး ... နိုးနိုးချင်း ခေါင်းမူးနေလို့ မြို့ထဲက ဆေးဆရာကြီး စောကြာခိုင်ဆီမှာ သောက်နေကျဆေးတစ်ဖုံစာ ဝယ်ခိုင်းလိုက်တယ်၊ အိမ်မှာ အဲဒီဆေးကုန်နေလို့''

နော်ဖောက ပြောရင်း ပိုက်ဆံလှမ်းပေးသဖြင့် လူရဲက ယူလိုက်ပြီး စိုးရိမ်စွာမေးလိုက်သည်။

''ဒေါ်လေး တောတော်မူးနေသလား''

''နည်းနည်းလောက်ပါ၊ ဆေးသောက်လိုက်ရင် ပျောက်သွားမှာပါ၊ ဆေးဆရာကြီးရဲ့အိမ်ကို ကိုကျောက်ဒိုး သိတယ်၊ သူဝယ်နေကျပဲ. သူ့ကိုဝယ်ခိုင်းလိုက်ပေါ့''

ပြောပြီး နော်ဖောက အိမ်ပေါ်ထပ်ပြန်တက်သွား၏။

လူရဲအိမ်ထဲမှထွက်ခဲ့ပြီး ခြံရှေ့ပိုင်းမှ ကျောက်ခုံတစ်လုံးပေါ် ထိုင်နေသော ကျောက်ဒိုးကိုလှမ်းခေါ်ကာ ...

''ကိုကျောက်ဒိုး ... မြို့ထဲကိုသွားပြီး ဆေးဆရာကြီး





စောကြာခိုင်ဆီက ဆေးတစ်ဖုံစာ သွားဝယ်ဗျာ၊ ဒေါ်လေးခေါင်းမူးနေလို့ သောက်နေကျဆေးဝယ်ခဲ့၊ ခင်ဗျား ဝယ်နေကျလို့ ပြောတယ်''

''ဟုတ်တယ် လူရဲ ... ကျုပ် သွားလိုက်ပါ့မယ်''

ကျောက်ဒိုးက ပိုက်ဆံယူပြီး ခြံဘေးမှမြင်းဇောင်းဆီ လှမ်းသွားကာ ခဏအကြာတွင် စံအိမ်ဝင်းကြီးထဲမှ မြင်းစီးထွက်ခွာသွားလေသည်။

လူရဲမှာ စံအိမ်ကြီး၏ဧည့်ခန်းကြီးထဲဝယ် ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း မိခင်ဖြစ်သူအတွက် စိုးရိမ်စိတ်ပိုနေ၏။

မိနစ်နှစ်ဆယ်ခန့်အတွင်းမှာပင် ကျောက်ဒိုးပြန်ရောက်လာသည်။

လူရဲက ဆေးကို အိမ်ပေါက်ဝမှဆီးယူလိုက်ပြီး အိမ်ပေါ်ထပ်သို့ တက်ခဲ့တော့၏။ သူ့ရင်ထဲတွင် မိခင်အတွက် စိုးရိမ်စိတ်နှင့်အတူ မိခင်အား တွေ့လိုသောဆန္ဒ လွှမ်းမိုးနေသည်။

''ဆေးရခဲ့ပြီလား''

နော်ဖောက ဒေါ်ယဉ်မွန်တို့အိပ်ခန်းကြီးထဲမှ ထွက်လာသည့်တွင် လှေကားပေါက်မှ လှမ်းလာနေသည့် လူရဲကိုတွေ့သွားသဖြင့် လှမ်းမေးလိုက်၏။

''ရခဲ့တယ် ... ဒေါ်လေး ဒီအခန်းထဲမှာလား''

''ဟုတ်တယ်လေ''

လူရဲက ဆေးကို နော်ဖော လက်လှမ်းယူလိုက်ခြင်းအား ဂရုမပြုမိဟန်ဆောင်ကာ ဒေါ်ယဉ်မွန်တို့၏အိပ်ခန်းဆီသို့ ခြေလှမ်းကျဲကြီးများဖြင့် ခပ်သွက်သွက်လှမ်းသွားပြီး အခန်းထဲ မပြောမဆိုဝင်သွားရာ နော်ဖောမှာ ဟန့်တားရန်ပင် မေ့လျက် ပါးစပ်အဟောင်းသားဖြစ်ကာ အံ့အားတသင့်ငေးကြောင်ကျန်ရစ်သည်။

ပိုးဖဲကတ္တီပါလွှမ်းသော အိပ်ခန်းဆောင်ကြီး၏အလယ်တည့်တည့်တွင် ပန်းကနုတ်ပေါင်များဖော်ထားသည့် ကျွန်းခုတင်ကြီးရှိကာ ယင်းခုတင်ထက်မှ ဖဲမွေ့ရာကြီးပေါ်၌ လှပသောဂွမ်းကပ်ကြီးခြုံလျက် လဲလျောင်းနေသည့် ဒေါ်ယဉ်မွန်မှာ အိပ်ခန်းထဲသို့ လူရဲဝင်လာသည်ကို တွေ့သည်တွင် လွန်စွာအံ့အားသင့်သွားပြီး ချက်ချင်းလူးလဲထထိုင်လိုက်လေ၏။

"ဟင် ... မင်း မင်း ဘာဖြစ်လို့ ဒီအခန်းထဲ ဝင်လာရတာလဲ ... လူရဲ"

ဒေါ်ယဉ်မွန်က လူရဲအား လက်ညှိုးငေါက်ငေါက်ထိုးရင်း မေးလိုက်ရာ လူရဲက တံခါးဝသို့ လည်ပြန်ဖျတ်ခနဲလှည့်ကြည့်လိုက်သည်။

နော်ဖောဝင်လိုက်လာသည်ကို မတွေ့ရမှ ခုတင်အနီးသို့ ခပ်မြန်မြန်ချဉ်းကပ်လိုက်ကာ လေသံတိုးတိုးနှင့် သွက်သွက်ပြောလိုက်လေသည်။

"အမေ ... ကျွန်တော်ဟာ အမေ့ရဲ့သားအရင်းပါ၊





အမေ့ကိုတွေ့ချင်လွန်းလို့ မော်ပိုင်ကို မရောက်ရောက်အောင် လာခဲ့တာပါ"

ဒေါ်ယဉ်မွန်မှာ လူရဲ၏စကားကို မမျှော်လင့်ဘဲ ကြားလိုက်ရသည်တွင် ရုတ်တရက်အံ့အားကြီးသင့်ပြီး တစ်ကိုယ်လုံး ဆတ်ခနဲတုန်ကာ ငေးကြောင်နေမိစဉ် တံခါးအပေါက်ဝ၌ နော်ဖောကို တွေ့လိုက်ရတော့၏။

"ဟဲ့ နော်ဖော ... ဒီရေဖန်ချိုင့်ထဲ ရေသွားထည့်ခဲ့စမ်း၊ ငါ ဆေးသောက်တော့မလို့"

ဟု နော်ဖောကို ခပ်ကျယ်ကျယ်လှမ်းပြောလိုက်ရာ လူရဲလည်း နော်ဖောနောက်မှ လိုက်ဝင်လာမှန်းသိသဖြင့် စကားကို ရပ်ထားလိုက်လေသည်။

ဒေါ်ယဉ်မွန်မှာ လူရဲအား မယုံနိုင်ခြင်း၊ နားမလည်ခြင်းများစွာဖြင့် စူးစူးရဲရဲငေးကြောင်ကြည့်နေရင်းမှ ရေဖန်ချိုင့်ယူလျက် နော်ဖောထွက်သွားသည်တွင် ...

"မောင်လူရဲ မင်း စောစောက ဘာပြောလိုက်တာလဲ"

ဟု စိတ်ရှုပ်ထွေးစွာ မေးလိုက်လေသည်။

လူရဲက မိခင်ဖြစ်သူအား ငေးကြည့်ကာ ...

"အမေ .. ကျွန်တော်ဟာ အမေ့ရဲ့သားပါ၊ ဦးသက္ကဲ့ ဒေါ်ယဉ်မွန်တို့ရဲ့သားပါ၊ အဖေနဲ့အမေက ကျွန်တော့်ကို ငယ်ငယ်တုန်းက ဖိုးဖိုးကွက်လို့ခေါ်ခဲ့တယ်လေ"

ဟု တုန်ယင်လိုက်လှဲသောအသံဖြင့် ပြောလိုက်လေ၏။

ဒေါ်ယဉ်မွန်မှာ ရင်ဒိန်းခနဲခုန်သွားပြီး အံ့သြခြင်းကြီးစွာတုန်လှုပ်ခြင်းဖြင့်စွာဖြစ်လျက် အိပ်မက်မက်သူလို ခံစားလိုက်ရတော့သည်။

"အို ... မင်း မင်းဟာ ဖိုး ... ဖိုးဖိုးကွက်ဟုတ်လား"

"ဟုတ်ပါတယ် အမေ"

"အို ... မဟုတ်ဘူး ... မဟုတ်ဘူး။ ဖိုးဖိုးကွက်က သေပြီပဲ၊ ငါ့ရဲ့သားလေး ဖိုးဖိုးကွက်ရော၊ ကိုသတ္တပါ ကျိုင်းရ ရေတံခွန်ထဲ ထိုးကျတုန်း ဖောင်ပျက်ပြီး သေသွားကြပြီလို့ ငမန်းက ပြောခဲ့တာပဲ"

"မဟုတ်ဘူး အမေ၊ ကျွန်တော်တို့သားအဖ မသေခဲ့ပါဘူး"

ထိုစဉ် စကြံလမ်းမှ ခြေသံကြားရသဖြင့် လူရဲက ပြောလက်စ စကားကိုရပ်လိုက်ကာ ခုတင်အနီးကပ်နေရာမှ နောက်သို့ ခြေတံစ်လှမ်းဆုတ်လိုက်လေ၏။

ဒေါ်ယဉ်မွန်ကလည်း အံ့အားသင့်တုန်လှုပ်ချောက်ချား စိတ်လှုပ်ရှားနေဟန်ကို ချက်ချင်းပြင်ကာ ဘာမှမဖြစ်သလို အသွင်ဖြင့် နေလိုက်ပြီး ...

"ကဲ မောင်လူရဲ ... ဆေးထားခဲ့ပြီး မင်းသွားတော့"

ဟု လူရဲကို သွားခိုင်းလိုက်တော့သည်။





လူရဲလည်း သူပြောလိုသောစကားများ ခရေစေ့တွင်းကျ ပြောပြရန် မဖြစ်နိုင်တော့သဖြင့် ဆေးကို ခုတင်ခေါင်းရင်းအနီးရှိ စားပွဲပုလေးပေါ်သို့ တင်ထားလိုက်ပြီးနောက် အိပ်ခန်းကြီးထဲမှ ထွက်ခဲ့တော့၏။

နော်ဖောက ကျောခိုင်းထွက်သွားသော လူရဲအား မျက်စောင်းခဲကျန်ရစ်ခဲ့ရာမှ မကျေနပ်သလိုပြောသည်။

"ဘယ်လိုလူလဲမသိဘူး၊ ဆရာကြီးနဲ့ ဒေါ်လေးတို့ရဲ့ အိပ်ခန်းထဲ စွတ်ရွတ်ဝင်လာရတယ်လို့၊ ဒီအခန်းထဲ အစ်ကိုလေး ကလွဲပြီး ဘယ်ယောကျ်ားလေးမှ အဝင်မခံဘူးဆိုတာ မသိဘူးလားမသိဘူး၊ ဆရာကြီးသာ သိသွားလို့ကတော့ သင်း ... ခေါင်းပြုတ်ပြီပဲ ... ဟင်း"

"ခြော် ... နော်ဖောရယ်၊ သူက လူသစ်ဆိုတော့ ဒီစံအိမ်ကြီးရဲ့ဆောင်ဖို့ ရှောင်ဖို့ကိစ္စတွေကို ကောင်းကောင်းမသိသေးလို့ ခုလိုဝင်လာတာပါ၊ ဒါကလည်း ဒေါ်လေး ခေါင်းမူးတယ်ဆိုလို့ စိတ်ပူပြီး ဆေးပေးဖို့ စွတ်ရွတ်ဝင်လာတာပါ၊ ပြီးတော့ သတင်းလည်းမေးတာပါကွယ်၊ အဲဒါတွေ မင်းတို့ဆရာကြီးကိုရော သွားနေသြဇာကိုပါ ယောင်လို့တောင် သွားမပြောပါနဲ့ကွယ်၊ ဒေါ်လေးပြောတာ နားလည်တယ်နော်"

"ဟုတ် ... ဟုတ်ကဲ့ ဒေါ်လေး"

❀ ❀ ❀

## ပက်ပင်းတွေ့သူ

ဆေးသောက်ပြီးနောက် ခေတ္တမှိန်းနေလိုက်သည်တွင် ဒေါ်ယဉ်မွန်၏ခေါင်းမူးခြင်းဝေဒနာမှာ အတော်သက်သာသွားတော့သည်။

ဤတွင် ဒေါ်ယဉ်မွန်သည် ပက်လက်လဲလျောင်းရင်း နဖူးပေါ်လက်တင်ကာ စဉ်းစားခန်းဝင်နေမိ၏။

''လူရဲက သူဟာ ငါ့ရဲ့သားဖိုးဖိုးကွက်လို့ပြောတယ်၊ ဒါဟာ ဖြစ်နိုင်ပါ့မလား။ ငမန်းပြန်ပြောတော့ ကိုသက္ကရော သားလေး ဖိုးဖိုးကွက်ပါ ကျိုင်းရေရေတံခွန်ထဲ ပြုတ်ကျတုန်း ဖောင်ပျက်ပြီး သေကုန်ကြပြီတဲ့၊ အဲဒီတုန်းက ငါဖြင့် အစ်ကိုသက္ကနဲ့သားလေး ဖိုးဖိုးကွက်အတွက် ရင်ကွဲမတတ်ငိုလိုက်ရတာ''





''ခု ... လူရဲက သူတို့သားအဖ မသေခဲ့ဘူးလို့ဆိုတယ်၊ ဒါဟာ ဟုတ်နိုင်ပါ့မလား။ ပြီးတော့ သူက ရန်ကုန်ကလာတာလို့လည်း ပြောတယ်၊ ရန်ကုန်နဲ့ဒီဒေသဆိုတာ ဘယ်လိုမှဆက်စပ်လို့မရဘူး။ သိပ်ကိုဝေးကွာလွန်းတယ်၊ လူရဲဟာ ငါ့သားမဟုတ်ခဲ့ရင် ဘာရည်ရွယ်ချက်နဲ့ မော်ပိုင်ကိုရောက်လာတာလဲ၊ ငါတို့ရဲ့ ဒီကျောက်ဖြူစံအိမ်ကြီးထဲ ဘယ်လိုရည်ရွယ်ချက်နဲ့ဝင်လာတာလဲ၊ ဒါဟာ သိပ်ကိုစဉ်းစားသတိထားရမယ့်ကိစ္စပဲ''

''တစ်ခုရှိတာက ငါ့ကိုတွေ့စကတည်းက လူရဲရဲ့အကြည့်တွေဟာ ထူးခြားမှုရှိတယ်၊ ငါ့ကိုကြည့်တဲ့လူရဲရဲ့ မျက်လုံးတွေဟာ ရီဝေဝေနဲ့ တစ်မျိုးပဲ၊ ငါဟာလည်း သူ့ကိုမြင်တိုင်း ရင်ထဲမှာ တစ်မျိုးကြီး ခံစားရတယ်၊ အဲဒီလို ဘာကြောင့်ဖြစ်ရတာလည်းမသိဘူး''

''ဘာပဲဖြစ်ဖြစ် အဲဒီမတင်မကျဖြစ်နေတာကို ပြတ်ပြတ်သားသားဖြစ်သွားအောင် ငါ လူရဲနဲ့ထပ်တွေ့ပြီး ထပ်မေးမယ်၊ အစ်ကိုစောတို့သားအဖဟာ ညနေလောက်မှ ပြန်ရောက်မှာပဲ၊ သူတို့ပြန်မရောက်ခင် လူရဲကိုတွေ့ပြီးမေးခွင့်ရအောင်ကြံမှ''

ဒေါ်ယဉ်မွန်သည် အိပ်ရာမှထကာ မျက်နှာသစ်, ကိုယ်လက်သုတ်သင်, နံနက်အဆာပြေစားပြီးသည်နှင့် နော်ဖောအားဘုရားပန်းနှင့်တကွ လိုအပ်သောပစ္စည်းအချို့ ဈေးမှာသွားဝယ်ရန် အိမ်ဖော်မလေးဝါနုနှင့်အတူ လွှတ်လိုက်လေသည်။

နော်ဖောနှင့်ဝါနုမှာ အိမ်မှမြင်းရထားနှင့်ပင် မြို့ထဲဘက်သို့ ထွက်သွားကြလေ၏။ အိမ်တွင် အိမ်ဖော်မလေး လုသာတစ်ဦးတည်းကျန်ရစ်ရာ လုသာကိုလည်း ခြံဘေးနောက်ပိုင်းရှိ အုတ်ကန်၌ အဝတ်လျှော်ရန် စေခိုင်းလိုက်လေသည်။

"လုသာ ‥ နင် အောက်ထပ်ဆင်းသွားရင် မောင်လူရဲကို လွှတ်လိုက်စမ်း။ သူ့ကိုမေးစရာရှိလို့"

"ဟုတ်ကဲ့ ‥‥ ဒေါ်လေး"

လုသာက နော်ဖောလိုမဟုတ်။ မစပ်စုတတ်။ စကားလည်း နည်းကာ ဤစံအိမ်တွင် အလုပ်ဝင်သည်မှာလည်း မကြာသေးသဖြင့် ဝါရင့်ဝန်ထမ်းဖြစ်သော နော်ဖောလို ရဲတင်းမှုလူတွင်ကျယ်လုပ်လိုမှုမရှိ။ နှုတ်လုံကာ စိတ်ချရသူဖြစ်သည်။

လုသာ ဆင်းသွားပြီး တအောင့်သာကြာမှာပင် အိမ်ပေါ်ထပ်သို့ လူရဲ တက်လာ၏။

အိမ်ပေါ်ထပ်ရှိ သီးသန့်ဧည့်ခန်းဆောင်ထဲမှ ကျွန်းကနုတ်ပေါင်ခတ်ကုလားထိုင်တစ်လုံးတွင်ထိုင်ရင်း ဒေါ်ယဉ်မွန်က စောင့်နေသည်။

"မောင်လူရဲ အဲဒီခုံမှာထိုင်"

လူရဲက ဒေါ်ယဉ်မွန်ညွှန်ပြရာ ကုလားထိုင်၌ ထိုင်လိုက်ပြီးနောက် မျက်နှာချင်းဆိုင်မှ ဒေါ်ယဉ်မွန်အား ရီဝေဝေမျက်လုံးများဖြင့် ကြည့်နေသည်။





"မောင်လူရဲ မင်း အမှန်ကိုပြောစမ်း၊ မင်းဟာ ဘယ်သူလဲ၊ ဘယ်လိုရည်ရွယ်ချက်နဲ့ မော်ပိုင်ကိုရောက်လာတာလဲ၊ ဘယ်လိုရည်ရွယ်ချက်နဲ့ ဒီစံအိမ်ကြီးထဲ မရောက်ရောက်အောင် ဝင်လာတာလဲ၊ အဲဒါကို အမှန်အတိုင်းပြောပါ၊ တကယ်ဆို မင်းဟာ တို့တစ်တွေရဲ့ရန်သူဖြစ်နေရင်တောင် ဟိုသားအဖ ပြန်မလာခင် မင်းကို ဒီစံအိမ်ကနေ ဘေးကင်း‚ရန်ကင်းလွှတ်လိုက်မယ်၊ မင်းရဲ့ မှုမမှန်မှုကို ဟိုသားအဖသိသွားရင် မင်း သက်သာမှာမဟုတ်ဘူး။ ဒီတော့ အခု အမှန်ကိုပြောပါ"

စကားတစ်လုံးချင်း တည်ငြိမ်စွာပြောနေသည့် မိခင်ဖြစ်သူအား ငေးစိုက်ကြည့်ရင်း မိမိပြောခဲ့သောစကားတို့ကို မိခင်မှယုံကြည်လက်ခံခြင်းမရှိသေးကြောင်း လူရဲ အကဲခတ်မိလေ၏။

ထို့ကြောင့် ဘာမျှမပြောတော့ဘဲ သူမြတ်နိုးတန်ဖိုးထားစွာ ကိုယ်နှင့်မကွာ သိမ်းထားသည့် ကုတ်အင်္ကျီအတွင်းအိတ်ထဲမှ အသည်းပုံဆွဲပြားလေးအား ထုတ်ယူကာ ဒေါ်ယဉ်မွန်၏ရှေ့ရှိ ကျွန်းသားစားပွဲပုလေးအပေါ်သို့ အသာတင်ပေးလိုက်လေသည်။

ဒေါ်ယဉ်မွန်မှာ အသည်းပုံဆွဲပြားလေးအားကြည့်ကာ လွန်စွာအံ့ဩတုန်လှုပ်သွားတော့၏။

"အို"

သူမက ဆွဲပြားလေးကို ကပျာကသီကောက်ယူလိုက်ပြီး ခလုတ်နှိပ်ဖွင့်ကြည့်လိုက်သည်။

'ချောက်'

ဆွဲပြားလေးပွင့်သွားသည်တွင် ဆွဲပြားထဲ၌ သူမ၏ဓာတ်ပုံကို တွေ့ရတော့သည်။

လွန်ခဲ့သောနှစ်ပေါင်း (၁၈) နှစ်ခန့်က ရိုက်ကူးထားသည့် သူမ၏ဓာတ်ပုံလေးကို အိပ်မက်မက်သူနှယ် အငေးသားကြည့်နေမိသည်။

"ဒီ ... ဒီဆွဲပြားလေးကို မင်း ... မင်း ဘယ်ကရသလဲ"

"အဖေ့ဆီက ရတာပေါ့အမေ၊ အဖေဟာ လွန်ခဲ့တဲ့လေးနှစ်ကျော်လောက်က မသေခင်မှာမှ အမေနဲ့အဖေတို့ရဲ့ရင့်နင့်စရာအကြောင်းတွေကို ခရေစေ့တွင်းကျပြောပြပြီး အဲဒီဆွဲပြားလေး ပေးခဲ့တာပါ"

"ကျွန်တော်ဟာ အဲဒီတော့မှ အကြောင်းစုံသိခဲ့ရတယ်၊ အဖေက နယ်စွန်နယ်ဖျား မော်ပိုင်ဒေသမှာ မင်းအမေရှိလိမ့်မယ်လို့ပြောပြခဲ့လို့ အမေ့ကို တွေ့ချင်လွန်းတာနဲ့ ကျွန်တော်လာခဲ့တာပါ၊ ဒီကိုမလာခင် ဒီရေကြမ်းမြေကြမ်းဒေသက အန္တရာယ်တွေကို ရင်ဆိုင်နိုင်စေဖို့ ဘီးလင်းက သိုင်းဆရာကြီးတစ်ဦးဆီမှာ တိုက်ခိုက်ရေးပညာတွေကို လေးနှစ်လေးမိုး သင်ယူလေ့ကျင့်ခဲ့ရသေးတယ်"

ဒေါ်ယဉ်မွန်သည် လူရဲ၏စကားကို နားစိုက်ထောင်ရင်း





လူရဲ၏ထင်လင်းသောမျက်ခုံး၊ ပါးလွှာသောနှုတ်ခမ်းတို့နှင့် မျက်နှာကျမှာ သူမ၏ခင်ပွန်းဟောင်းသတ္တနှင့် အတော်တူကြောင်း သတိပြုမိလာတော့သည်။

"အင်း ... ဒါကြောင့် လူရဲကိုတွေ့စက တစ်နေရာရာမှာ တွေ့ဖူးသလို ထင်ခဲ့မိတာပါလား။ သူ ... သူလေးဟာ တကယ်ပဲ အစ်ကိုသတ္တနဲ့ငါ့ရဲ့သားလား။ ဖိုးဖီးကွက်လေးများလား"

ဖဝေဖဝါဖြစ်နေဆဲ ဒေါ်ယဉ်မွန်မှာ တစ်စုံတစ်ရာအား သတိရသွားတော့သည်။

"မင်း ... မင်းရဲ့အင်္ကျီကို ချွတ်လိုက်စမ်း။ မင်းရဲ့ကျောကုန်းကို ကြည့်ရအောင်"

လူရဲက မတ်တတ်ရပ်လိုက်ပြီး ကုတ်အင်္ကျီနှင့်ရှပ်အင်္ကျီတို့ကို ချွတ်လိုက်သည်။

ပြီးနောက် မိခင်အား ကျောလှည့်ပြလိုက်၏။

ဒေါ်ယဉ်မွန်မှာ ထိုင်ရာမှထကာ စားပွဲပုလေးကို ကွေ့ပတ်လာပြီး လူရဲ၏ကျောပြင်ကို ရင်ခုန်စွာ အသေအချာစစ်ဆေးကြည့်ရှုသည်။

ဖိုးဖီးကွက်လေးအား ရေချိုးပေးတိုင်းလိုလို သတိပြုတွေ့မြင်ခဲ့မိသော ကျောပြင်မှမှဲ့စလွယ်အား လူရဲ၏ကျောပြင်မှာ တွေ့ရရာ လွန်စွာအံ့အားသင့် ရင်ခုန်သွားရတော့၏။

"အို"

ဒေါ်ယဉ်မွန်က လူရဲ၏ပခုံးကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ရင်း သူမဘက်သို့ ဆွဲလှည့်လိုက်သည်။

ပြီး ... လူရဲ၏မျက်ရည်ရစ်ဝိုင်းနေကြသော မျက်လုံးတို့ကို တုန်ယင်လှိုက်လှဲစွာ သတိလစ်ငေးကြည့်နေမိသည်။

"သား ... မင်း ... မင်းဟာ ဖိုးဗီးကွက်လေး ဟုတ်လား"

"ဟုတ်ပါတယ် အမေ၊ ကျွန်တော်ဟာ အမေ့ရဲ့သားပါ"

"အို ... သား .. အမေ့ရဲ့သားလေး ... မင်း ... မင်းမသေခဲ့ဘူးနော်"

"မသေခဲ့ပါဘူး အမေ၊ မသေခဲ့ပါဘူး။ ကျွန်တော်ဟာ အမေ့ကို သိပ်တွေ့ချင်ခဲ့တာပါ၊ ဆွဲပြားလေးထဲက အမေ့ဓာတ်ပုံကိုပဲကြည့်ပြီး အမေ့ကို လွမ်းနေရသူပါ အမေ"

"အို ... သား ... သားလေးရယ်"

ဒေါ်ယဉ်မွန်မှာ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းတို့ကြောင့် ရင်ထဲမှာ ဆို့တက်လာပြီး သားဖြစ်သူအား တအားကြုံးဖက်လိုက်မိတော့သည်။

"သား ... အမေ့ရဲ့သားလေး သေပြီလို့ အမေထင်ခဲ့ရတဲ့သားလေး"

"အမေ ... ကျွန်တော့်ကို အမေ့ရဲ့သားဆိုတာ လက်ခံ





ပြီပေါ့နော်"

"ဒီလောက် အထောက်အထားတွေ ခိုင်လုံနေပြီပဲကွယ်၊ င်းဟာ အမေ့ရဲ့သားကလွဲလို့ ဘယ်သူဖြစ်ရဦးမှာလဲ၊ သား ... သားရဲ့ဖေဖေကတော့ ဆုံးရှာပြီနော်"

"ဟုတ်တယ် အမေ၊ အဖေဟာ အမေ့ကိုသေခါနီးအထိ ာမ်းတသွားရှာပါတယ်၊ အဖေဟာ အမေ့ကိုသိပ်ချစ်ခဲ့တာပါ၊ ောက်အိမ်ထောင်လည်း မပြုဘဲ သေတဲ့အထိ အမေ့ကို သစ္စာရှိ ချစ်သွားရှာတာပါ အမေ"

"အို ဖြစ်ရလေကွယ်"

ဒေါ်ယဉ်မွန်၏ပါးပြင်တို့ထက်သို့ မျက်ရည်များ စီးကျ ာကြသည်။ ကြေကွဲဝမ်းနည်းခြင်းများနှင့် ဝမ်းသာလှိုက်လှဲခြင်း ားမှုတို့ ရောယှက်ကာ သားဖြစ်သူကို ထွေးဖက်ထားလျက်မှ သံတိတ်ရှိုက်ငိုနေမိလေသည်။

"အမေ"

"သား ... သားရယ်"

သားအမိနှစ်ယောက်မှာ ပြင်းထန်စွာ ကြေကွဲဝမ်းနည်း င်းနှင့်ဝမ်းမြောက်ခြင်း ခံစားမှုများကြောင့် ကမ္ဘာလောကကြီး ပင် မေ့နေကြ၏။ လှေကားမှ တစ်စုံတစ်ဦးတက်လာသည်ကို ည်း သတိမမူမိကြချေ။

❀

"အို"

လှေကားမှတက်လာသူမှာ မမျှော်လင့်ဘဲတွေ့လိုက်ရ သည့်မြင်ကွင်းကြောင့် ကြက်သေသေကာ လှေကားအပေါ်ဆုံး အထစ်မှာပင် ရပ်နေလိုက်မိသည်။

ကိုယ်အထက်ပိုင်း ဗလာကျင်းထားသည့် လူရဲနှင့် ဒေါ်ယဉ်မွန်တို့ တစ်ဦးကိုတစ်ဦး ရင်ချင်းအပ်ဖက်ထားကြပုံအား ကြည့်ကာ ထိုသူသည် ဦးခေါင်းကို မိုးကြိုးပစ်ခွင်းခံလိုက်ရသည့် ခံစားလိုက်ရ၏။

ထို့နောက် ယင်းမြင်ကွင်းကိုမကြည့်ဝံ့တော့သဖြင့် ချာခနဲ လှည့်ကာ လှေကားအတိုင်း ပြန်ပြေးဆင်းလာမိတော့ရာ ကြောက် ရွံ့ထိတ်လန့်တုန်လှုပ်ခြင်းကြောင့် လှေကားထစ်များကို ကျော်လွှား ၍ပင် ဆင်းလာမိချေသည်။

'ဒုံး ‥ ဒုံး ‥ ဒုံး'

"မာင်"

လှေကားဆီမှ ခြေသံတဒုံးဒုံးကို ကြားလိုက်ရသဖြင့် ဒေါ်ယဉ်မွန်မှာ လန့်ဖျပ်သွားပြီး လူရဲနှင့်ကိုယ်ချင်းခွာလိုက်ကာ လှေကားဆီ လှမ်းကြည့်လိုက်၏။ လှေကားဆီမှခြေသံက တက် လာသော ခြေသံမဟုတ် ပြန်ဆင်းသွားသောခြေသံမှန်း သိသဖြင့်





ဒေါ်ယဉ်မွန် သက်ပြင်းရှိုက်လိုက်မိသည်။ သူမတို့သားအမိကို တစ်ဦးဦး တွေ့သွားပြီထင်သည်။ လုသာပဲ ဖြစ်မည်ထင်၏။

"ကဲ ‥‥ သား မင်း အကျီတွေပြန်ဝတ်ပြီး အောက်ထပ် ပြန်ဆင်းသွားတော့၊ ခုအချိန်မှာ မင်းဟာ အမေ့ရဲ့သားဖြစ်တာ ဒီစံအိမ်ကြီးထဲကလူတွေ သိလို့မဖြစ်သေးဘူး၊ အထူးသဖြင့် အစ်ကိုစောသိလို့ မဖြစ်ဘူး"

"အစ်ကိုစောဆိုတာ ကျွန်တော်တို့မိသားစုရဲ့ရန်သူတော် ကြီး စောမင်းလို့ခေါ်တဲ့ မြပဝါ မဟုတ်လားအမေ၊ သူ့ကြောင့် အဖေနဲ့အမေ ချစ်လျက်နဲ့ ရှင်ကွဲကွဲခဲ့ရတယ်၊ အမေနဲ့ကျွန်တော် ကွဲခဲ့ရတယ်၊ အမေ့ကို သူ မတရားသိမ်းပိုက်ခဲ့တယ်၊ သူ့ကို သွေးကြွေးဆပ်ရမှ ကျွန်တော် ကြေမယ်အမေ"

လူရဲက အံကြိတ်သံကြီးဖြင့် ပြောလိုက်ရာ ဒေါ်ယဉ်မွန် ၏မျက်နှာမှာ သွေးဆုတ်သလို ဖြူရော်သွားတော့၏။

"အို ‥‥ သား အဲဒီစကားတွေကို ဘယ်သူ့ရှေ့မှာမှ မပြောမိစေနဲ့နော်၊ သူ ‥‥ သူသာ ကြားရင် မင်းကို အရှင်ထား မှာ မဟုတ်ဘူး။ မြေ ‥‥ မြေအောက်ခန်းထဲမှာ သူ့အပေါ် သစ္စာဖောက်သူတွေကို ဘယ်လိုရက်ရက်စက်စက်သတ်ခဲ့တယ် ဆိုတာ အမေအသိဆုံး။ သူဟာ သိပ်ကြောက်စရာကောင်းတဲ့လူ"

"ကျွန်တော် ဒီကိုလာတာ အမေ့ကို အဲဒီဗိဿကြီးရဲ့ လက်ထဲက ခေါ်ထုတ်သွားဖို့ပဲ အမေ၊ သူ့ကိုသတ်ပြီး ကျွန်တော်

အမေ့ကို ဒီက ခေါ်ထုတ်သွားမယ်''

''အို ... ဒုက္ခပါပဲ''

ဒေါ်ယဉ်မွန်မှာ မျက်လုံးကိုစုံမှိတ်လိုက်မိပြီး တုန်လှုပ်ချောက်ချားစွာ ညည်းတွားလိုက်မိသည်။

''ဘယ်လိုလဲ အမေ ... အမေ ကျွန်တော်နဲ့လိုက်ခဲ့မယ် မဟုတ်လား''

''နေ ... နေပါဦး သားရယ်၊ သူတို့ရဲ့လက်က ရုတ်တရက် ထွက်နိုင်ဖို့မလွယ်ဘူး။ ခဏလေးနေပါဦး။ ကဲ ကဲ ... သား သွားတော့ သွားတော့၊ အမေတို့ ပြောဆိုနေတာတွေကို တစ်ယောက်ယောက် မြင်သွားကြားသွားရင် မလွယ်ဘူး။ မသိလိုက်မသိဘာသာနေလိုက်ပါဦးကွယ်နော် ... ကဲ ... သား သွား ... သွားတော့''

ဒေါ်ယဉ်မွန်က လူရဲကို ချော့မော့ကာ အတင်းနှင်လွှတ်လိုက်ရသည်။ ယခုပင် သူမမှာ ကြောက်ရွံ့ထိတ်လန့်မှုကြောင့် ခြေဖျားလက်ဖျားများတို့ အေးခဲလျက်ရှိပြီ မိုးမီးလောင်သွားနိုင်သည်မဟုတ်ပါလား။

❀





လှေကားမှ လူရဲဆင်းသွားပြီးသည်နှင့် ဒေါ်ယဉ်မွန်က အိပ်ခန်းပြတင်းပေါက်နားသွားကာ ခြံနောက်ပိုင်းမှ အုတ်ကန့်ဘက် ကြည့်လိုက်သည်။

လုသာမှာ လျှော်ပြီးသားအဝတ်တို့ကို အဝတ်တန်း၌လှန်းနေ၏။

ထို့နောက် ဒေါ်ယဉ်မွန်က အိမ်၏ဝဲဘက်ပြတင်းပေါက်သို့ လှမ်းသွားကာ ဝဲဘက်အခြမ်း ခြံအနောက်ပိုင်းသို့ လှမ်းငုံ့ကြည့်လိုက်သည်။

''ဟင် ... နော်ဖောတို့ ပြန်ရောက်နေပြီပဲ''

အိမ်နောက်ဘက်ပိုင်းရှိ မြင်းဇောင်းအနီးတွင် မြင်းရထားရပ်ထားကာ မြင်းကို ရထားမောင်းသမားဇောသဲလူက ရထားမှဖြုတ်လျက် ရှိနေ၏။

''နော်ဖောတို့ ဘယ်တုန်းက ပြန်ရောက်လာတာလည်း မသိဘူး၊ ရထားဝင်လာသံကို ငါ သတိမပြုမိလိုက်ဘူး။ စောစောက လှေကားကနေ တက်လာသူဟာ နော်ဖောလား၊ လုသာလား ဝါနုလား''

ဒေါ်ယဉ်မွန်မှာ စဉ်းစားရင်း အသက်ရှူကျပ်သလိုဖြစ်သွားရ၏။

ထိုစဉ် လှေကားဆီမှ စကားပြောသံများကြားရပြီး ခြေသံများပါ ကြားရရာ ဒေါ်ယဉ်မွန်က လှမ်းကြည့်နေသည်။

လှေကားထိပ်တံခါးဝမှ နော်ဖောနှင့်ဝါနုတို့ ဘုရားပန်းစည်းများနှင့် ပစ္စည်းအချို့ ပွေ့ပိုက်ပြီး ထွက်လာကြသည်ကို တွေ့ရရာ သူမတို့နှစ်ယောက်ကို ဒေါ်ယဉ်မွန်က မလုံမလဲဖြင့် စိုက်ကြည့်နေလိုက်၏။

နော်ဖောနှင့်ဝါနုတို့၏မျက်နှာများတွင် ထူးခြားမှု အရိပ်အယောင်မမြင်ရချေ။

''နော်ဖောတို့ ဘယ်တုန်းက ပြန်ရောက်သလဲ''

''ခုနကပဲ ဒေါ်လေး၊ အုတ်ကန်မှာ ဘုရားပန်းဆေးနေလို့ ကြာသွားတာပါ''

ထိုစဉ် လုသာပါ အိမ်ပေါ်ထပ်သို့ တက်လာသည်။ လုသာ၏မျက်နှာကလည်း တည်တည်ငြိမ်ငြိမ်ပင် လှုပ်ရှားထူးခြားမှု တစ်စုံတစ်ရာ မတွေ့ရချေ။

ဒေါ်ယဉ်မွန်မှာ အစဉ်းစားရကျပ်သွားတော့၏။

''နော်ဖောရော ဝါနုနဲ့လုသာတို့ပါ မျက်နှာအရိပ်အကဲ ထူးခြားမှုမရှိပါလား။ စောစောက အိမ်ပေါ်ထပ်ကိုတက်လာတာ သူတို့သုံးယောက်ထဲက တစ်ယောက်ယောက်ပဲဖြစ်နိုင်ခြေရှိပါတယ်၊ လုံခြုံရေးထဲကဆို မခေါ်ဘဲ ဘယ်သူမှအိမ်ထဲတောင် ဝင်ဝံ့ကြတာမဟုတ်ဘူး''

သူမနှင့်လူရဲတို့ ဖြစ်ပျက်ပြောဆိုသမျှကို မည်သူကြား သွား၊ မြင်သွားသည်ဖြစ်စေ ကြီးမားသော အန္တရာယ်မှ ဒေါ်ယဉ်မွန်မှာ သက်ပြင်းကိုသာ နိုးရှိုက်နေမိတော့၏။

မည်သို့ပင်ဖြစ်စေ သေပြီဟု ယူဆထားခဲ့မိသည့် သူမ၏ ရင်သွေးလေးကို ပြန်လည်တွေ့ဆုံခွင့်ရသဖြင့် ဒေါ်ယဉ်မွန်မှာ ဝမ်းသာကြည်နူးမဆုံးစွာ ခံစားနေရသည်။

ခက်သည်က သူမ၏ခင်ပွန်းဖြစ်နေသည့်အပြင် သူမအား တကယ်ပင်ချစ်မြတ်နိုးလျက်ရှိသော ဦးစောမင်း (ခေါ်) မြပဝါအပေါ်တွင် လူရဲက ပြင်းထန်စွာ နာကြည်းနေခြင်းပင်။ လူရဲက ပြောသည့်အတိုင်း တဖွတ်ထိုးလုပ်မည့်ဟန် အပြည့်ရှိသည်။


''ဟင်း ... ဒီအတိုင်းဆိုရင်တော့ ခက်ပြီ''

ရှေ့ရေးတွေးကာ ဒေါ်ယဉ်မွန်မှာ လွန်စွာရင်လေးသွားရပြီတည်း။

❀ ❀ ❀




ခုနစ်စဉ်ကြယ်စာပေ



## ရှန်သူတော်ရောက်ရှိလာခြင်း

ညနေစောင်းတွင် မြပဝါနှင့်နေဩဇာတို့လူစု မြင်းကိုယ်စီဖြင့် ပြန်ရောက်လာကြသည်။ သူတို့နှင့်အတူ တိုင်းခြားကုန်သည်တစ်စု ဧည့်သည်အဖြစ် လိုက်ပါလာ၏။

ဧည့်သည်အဖွဲ့နှင့်အတူ စကားပြန်အမျိုးသမီးချောတစ်ဦး ပါလာရာ သူတို့လူစု ကျောက်ဖြူစံအိမ်၏ဧည့်ခန်းမကြီးထဲ ဝင်ရောက်လာကြသည်ကို အခြားသက်တော်စောင့်တို့နှင့်အတူ ဧည့်ခန်းဆောင်ထောင့်မှ စောင့်ကြည့်နေသည့် လူရဲမှာ ယင်းအမျိုးသမီးချောကိုမြင်သည်နှင့် လွန်စွာအံ့အားသင့်သွားတော့သည်။

"ဟင် ... နန်းမြာပါလား"

တစ်ချိန်က သံလွင်မြစ်ကမ်းပါးတစ်နေရာရှိ သံလွင်နဒီ





ထမင်းဆိုင်တွင် သူ့ကိုလှည့်ဖြားထောင်ချောက်ဆင်ခဲ့လေသော နန်းမြာ။ စောဒိုး၏ညီမနန်းမြာသည်ကား မည်သို့လျှင် စကားပြန်အမျိုးသမီးဖြစ်ပြီး တစ်ဖက်နိုင်ငံမှ ကုန်သည်တစ်စုနှင့်လိုက်ပါလာမှန်းမသိ။

ယခုရောက်ရှိလာသော ကုန်သည်များမှ တစ်ဖက်နိုင်ငံမှ တစ်ကြိမ်တစ်ခါမျှ မလာရောက်ဖူးသော ကုန်သည်များဖြစ်ပြီး ယခုအကြိမ်သည် ပထမဦးဆုံးအကြိမ်အဖြစ် မော်ပိုင်သို့ ကုန်စည်ကူးသန်းရန် ရောက်ရှိလာခြင်းဖြစ်ကြောင်း မြပဝါက ဇနီးဖြစ်သူဒေါ်ယဉ်မွန်အား ပြောပြကာ မိတ်ဆက်ပေးလေသည်။

"အစ်ကိုတို့ရဲ့ဖောက်သည် လုလျောင်ထန်တို့နဲ့အတူ ဒီလော်ပန်တို့က လိုက်လာတာ၊ သူတို့ဟာ အရင်ကတော့ ရှမ်းဒေသဘက်ကနေ ဝင်ဖို့ပဲ၊ နောက်မှ လုလျောင်ထန်တို့ကခွယ်လို့ မော်ပိုင်ဘက်လိုက်လာတာ၊ သူတို့က လူစိမ်းတွေဆိုတော့ လုံခြုံရေးအရ ဒီမှာပဲတည်းဖို့ခေါ်လာတာ"

"ဪ ... ဟုတ်ကဲ့"

နန်းမြာက ကြားမှဘာသာပြန်ပေး၏။

"ဒါက လော်ပန်ကြီး ချန်းဝေပဲ၊ ဒါက လော်ပန်ကြီး ချန်းဝေရဲ့မန်နေဂျာ ဆုရန်နဲ့ အဝယ်တော်လုချန်းတို့ပဲ၊ သူလေးကတော့ စကားပြန်အဖြစ် ကျိုင်းသာရွာက လိုက်ပါလာတဲ့ နန်းမြာပဲ၊ လုလျောင်ထန်တို့က ထည့်ပေးလိုက်တာ"

"ဒါက ကျုပ်ရဲ့ဇနီး ဒေါ်ယဉ်မွန်ပါပဲ"

ညွှန့်သည်လူစုက ဒေါ်ယဉ်မွန်အား လေးလေးစားစား နှုတ်ခွန်းဆက်ကြ၏။

အမှောင်လွှမ်းနေပြီဖြစ်၍ စံအိမ်ကြီး၏ဧည့်ခန်းဆောင်ထဲတွင် ဖန်မီးအိမ်များ ထွန်းညှိထားရာ အခန်းထောင့်အလင်းရောင်ဖြန့်ကျက်မှု နည်းရာတွင်ရပ်နေသည့် လူရဲအား နန်းမြာက သတိမပြုမိသော်လည်း လူရဲကမူ အလင်းရောင်အောက်မှ နန်းမြာကို အထင်းသားမြင်နေရ၏။

"နန်းမြာဟာ ဘာရည်ရွယ်ချက်နဲ့ ဒီကျောက်ဖြူစံအိမ်ကြီးထဲ စကားပြန်အဖြစ် ထိုးဖောက်ဝင်ရောက်လာရတာလဲ"

ညသို့ရောက်သော် ဧည့်သည်တို့အား တည်ခင်းသည့် ညစာထမင်းဝိုင်းတွင် မြပဝါက ထူးခြားသော သတင်းစကားတစ်ခု ထုတ်ပြန်လိုက်၏။

"ကျုပ်ရဲ့ကျောက်ဖြူစံအိမ်မှာ ဧည့်သည်တွေနဲ့စည်ကားဦးမယ်ဗျို့၊ စောစောကပဲ ရေ့ပြေးအထောက်တော်တစ်ယောက်က တစ်ဆင့် အကြောင်းကြားလာတယ်၊ မနက်ဖြန်မှာ ဖားဆောင်းမြို့က ကျုပ်သားရဲ့ဇနီးလောင်းရယ်၊ ယောက္ခမလောင်းကြီးရယ်၊ အလည်ရောက်လာမယ်တဲ့၊ ကျုပ်သားရဲ့ယောက္ခမလောင်းကြီးက သူတို့မြို့မှာတော့ ကုန်သည်ကြီးတစ်ဦးပဲဗျ ...ဟဲ ဟဲ ဟဲ"

"ဝမ်းသာစရာပဲ၊ ကျုပ်တို့နဲ့လည်း မိတ်ဆက်ပေးပါဦး၊





ကုန်သည်ချင်း ရင်းနှီးမှုရတာပေါ့"

"မိတ်ဆက်ပေးရမှာပေါ့ဗျာ၊ သူတို့လည်း ကျုပ်နဲ့အမျိုးတော်မယ့်သူတွေပဲ ...ဟား ဟား ဟား ဟား"

❀

နောက်တစ်နေ့ မွန်းလွဲချိန်တွင် ရထားလုံးတစ်စင်းက ကျောက်ဖြူစံအိမ်ဝင်းရှေ့သို့ ဆိုက်ရောက်လို့လာသည်။

"ဟော .. ငါ့ရဲ့ခမည်းခမက်လောင်းကြီး ကိုပေါက်ရယ် တို့သားအဖ ရောက်လာပြီဟေ့ ...ဝင်းတံခါးဖွင့်ပေးလိုက်စမ်း"

မြပဝါက ကျောက်ဖြူစံအိမ်၏ဆင်ဝင်အောက်မှာ ခါးထောက်ရပ်နေရင်း စမ်းသာအား‌ရအသံကြီးဖြင့် ခြံစောင့်တို့ကို လှမ်းအော်ပြောလိုက်၏။

ခဏအကြာမှာပင် ရထားလုံးမှာ ဆင်ဝင်ကြီးအောက်သို့ ထိုးဆိုက်လာတော့သည်။

ဧည့်သည်သားအဖကို မြပဝါနှင့်ဒေါ်ယဉ်မွန်တို့နှစ်ဦးစလုံးက ပြုံးရွှင်စွာကြိုဆိုကာ ဧည့်ခန်းကြီးထဲ၌ အသင့်ခင်းထားသော ကျွန်းကနုတ်ပေါင်ခတ်ကုလားထိုင်ကြီးများတွင် ထိုင်ကြစေသည်။

ဧည့်ခန်းမကြီး၏နံရံတစ်ဖက်အနီးတွင် တန်းစီရပ်နေကြ

သည့် သက်တော်စောင့်လူစုထဲမှ လူရဲမှာ ညီ့သည်သားအဖကို အကဲခတ်ကြည့်လိုက်၏။

ကုလားအမျိုးသားကြီး ဦးပေါက်ရယ်က အသားလတ်လတ် ခပ်ဝဝဖြစ်ကာ ကတ္တီပါအင်္ကျီလက်ရှည်ပွပွအနီရဲရဲကြီးကို သက္ကလတ်ဘောင်းဘီရှည်အနက်ပွင့်နှင့် တွဲဝတ်ထားပြီး ဦးခေါင်းဝယ် ပိုးပဝါနီကို ပေါင်းထားလေရာ ဝတ်စားထားသည့် အဝတ်အစားနှင့် သူ့ရုပ်သွင်က လိုက်ဖက်ခန့်ညားလျက် ...

ဦးပေါက်ရယ်၏မိတဆိုးသမီးလေး လှမြာမှာ အသားဖြူဖြူချောချော မိန်းမလှလေးဖြစ်ပြီး အဖြူရောင်လက်တိုခါးရှည်အင်္ကျီလေးဝတ်ထားကာ အပေါ်မှ ကတ္တီပါအနီရဲရဲခြုံထည်ကို ခြုံလျက် ခြုံထည်၏အပေါ်အစနှစ်ဖက်ကို လည်ပင်းအောက်၌ ကြိုးနီညိုရောင်ဖဲလေးနှင့် ချည်ထားပြီး ရင်ကိုဖွင့်ထားမလေ၏။

သူမသည် အနီရောင်ဖဲသားအနားအမြိတ်ပါသည့် ပိုးပျော့ထဘီ ကန့်လန့်စင်းအနက်ကို ဝတ်ဆင်ထားရာ ဝါဝင်းသော အသားရောင်နှင့် ကယားဝတ်စုံမှာ လွန်စွာလိုက်ဖက်လှပလျက် ရှိလေသည်။

သူမဝယ် အဖော်မိန်းကလေးတစ်ဦးပါပြီး ထိုမိန်းကလေးကမူ ဂျပ်ခုတ်အင်္ကျီလက်ပွကို အနီရောင်ကန့်လန့်စင်း ဂျပ်ခုတ်ထဘီအနက်နှင့်တွဲဖက်ကာ ခပ်ရိုးရိုးဝတ်ဆင်ထားလျက် လှမြာ၏နံဘေးတွင် ခပ်ရို့ရို့လေးရပ်နေရှာ၏။





မြပဝါက သူ၏သား နေညြဖာနှင့် သဘောတူစေ့စပ်ထားသော လှမြာတို့အကြောင်းကို ညီ့သည်လော်ပန်ကြီးချန်းခေတို့အား ပြောပြရင်း မိတ်ဆက်ပေးရာ နန်းမြာက စကားပြန်လုပ်ပေးရသည်။

လူရဲမှာ ကံအားလျော်စွာ နန်းမြာကျောပေးထားရာနေရာတွင်ရှိနေသဖြင့် နန်းမြာက သူ့ကို မမြင်သေးချေ။

လူရဲသည် မြပဝါတို့မိသားစုနှင့်ညီ့သည်များ ပျော်ရွှင်စွာ စကားပြောဆိုရယ်မောနေကြသည်ကို စိတ်မဝင်စားနိုင်ဘဲ ကျောက်ဖြူစံအိမ်ကြီးသို့ သူ၏ရန်သူတော် နန်းမြာရောက်ရှိလာခြင်းကြောင့် စိတ်ရှုပ်ထွေးလျက် ရှိနေပါတော့သတည်း။

❀ ❀ ❀

လျှို့ဝှက်အဘိဓာတ်

မြပဝါက လော်ပန်ကြီးချန်းဝေတို့အဖွဲ့နှင့် ကယားကုန်သည်ကြီး ဦးပေါက်ရယ်တို့သားအဖကို အိမ်ပေါ်ထပ်မှ လွတ်နေသော အခန်းများမှာ တည်းခိုစေကာ လော်ပန်ကြီးချန်းဝေတို့နှင့် အတူပါလာသည့် အထမ်းသမား၊ လားထိန်းတွေကိုရော ဦးပေါက်ရယ်၏ရထားလုံးမောင်းသမားကိုပါ စံအိမ်ကြီး၏ဝဲဘက် ခြံနောက်ပိုင်းရှိ မြင်းဇောင်း၏အပေါ်ထပ်တွင် နေရာချထားပေးလေ၏။

နောက်နေ့နေ့လယ်ခင်းတွင် မြပဝါ၊ ဦးပေါက်ရယ်နှင့် လော်ပန်ကြီးချန်းဝေတို့မှာ နေ့လယ်စာစားပြီးနောက် အိမ်ပေါ်ထပ်မှ မိမိတို့၏အခန်းများတွင် တစ်ရေးတစ်မောအိပ်စက်အနားယူနေကြကာ နေညဘာနှင့်လုမြာတို့က မြို့ထဲပိုင်းသို့ ထွက်သွားကြလေ





သည်။

စံအိမ်ကြီး၏အောက်ထပ်လှေကားရင်းတွင် ကုလားထိုင်တစ်လုံးနှင့်ထိုင်ရင်း လူရဲက လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိပြီး အခြားသက်တော်စောင့်အဖွဲ့ဝင်နှစ်ယောက်က စံအိမ်ရှေ့ဆင်ဝင်ကြီးအောက်တွင် ကုလားထိုင်များနှင့်ထိုင်ကာ လုံခြုံရေးတာဝန်ထမ်းရွက်လျက် ရှိလေ၏။

ကျောက်ဖြူစံအိမ်ကြီးတွင် ခြံဝင်းလုံခြုံရေးအဖွဲ့က ခြံဝင်းထဲမှာပင် လုံခြုံရေးတာဝန်ထမ်းဆောင်ရပြီး လူရဲဦးဆောင်သည့်သက်တော်စောင့်အဖွဲ့မှာ ဆရာကြီးမြပဝါစံအိမ်၌ရှိနေချိန်တွင် စံအိမ်ကြီးထဲမှ လုံခြုံရေးတာဝန်ကို သုံးယောက်တစ်တွဲ အလှည့်ကျ ထမ်းရွက်ရလေသည်။

သို့ဖြင့် လှေကားရင်းတွင် လူရဲတစ်ဦးတည်း ထိုင်နေစဉ် လှေကားပေါ်မှ နန်းမြာဆင်းလာရာ သူတို့နှစ်ဦး ပက်ပင်းဆုံတော့၏။

"နန်းမြာ"

"အို ... ရှင် ... ရှင်"

နန်းမြာက လူရဲကို ကောင်းစွာမှတ်မိသဖြင့် အံ့ဩတုန်လှုပ်သွားတော့၏။

"နန်းမြာ မင်း ဘာသဘောနဲ့ ဒီကျောက်ဖြူစံအိမ်ထဲ စကားပြန်အဖြစ် မရောက်ရောက်အောင် လာရတာလဲ၊ တို့ကို

လှည့်ဖြားပြီး ဒုက္ခပေးခဲ့သလို ဒီကလူတွေကိုပါ လှည့်ဖြားဒုက္ခပေးဖို့ လာတာလား''

''အို . . . မဟုတ်ပါဘူးရှင်၊ အဖေသေသွားပြီးတဲ့နောက် အစ်ကိုစောဒိုးနဲ့ လမ်းခွဲပြီး နန်းမြာကိုယ့်ဘဝကိုယ်ကြောင်းတဲ့ အနေနဲ့ နယ်စပ်မှာ စကားပြန်လုပ်နေတာပါ''

''မင်းရဲ့အစ်ကိုစောဒိုးနဲ့ လမ်းခွဲခဲ့တယ် ဟုတ်လား''

''ဟုတ်ပါတယ်ရှင်၊ နန်းမြာဟာ တရုတ်စကားနဲ့ ယိုးဒယားစကားတို့ကိုတတ်လို့ စကားပြန်အလုပ်လုပ်ချင်နေခဲ့တာပါ။ ဒါကို အစ်ကိုစောဒိုးက ခွင့်မပြုဘဲ မိဘလက်ငုပ်လက်ရင်းဖြစ်တဲ့ သံလွင်နဒီထမင်းဆိုင်ကိုပဲ ဦးစီးလုပ်ခိုင်းခဲ့တယ်၊ သူကတော့ လက်ကြောတင်းအောင် အလုပ်လုပ်ချင်တာ မဟုတ်ဘူး။ လူဆိုးသူခိုးတွေနဲ့ပဲ ပေါင်းပြီး လောင်းကစားလုပ်၊ ဖြတ်လမ်းက စီးပွားရှာ၊ အဲဒါတွေပဲ လုပ်နေရုံမကဘူး။ တစ်ခါတလေ သူ့ရဲ့လုပ်ငန်းထဲမှာ နန်းမြာကိုပါ အတင်းအကျပ်အသုံးချသေးတယ်၊ ကိုလူရဲရဲ့ ထမင်းဟင်းတွေထဲ အိပ်ဆေးထည့်ခိုင်းခဲ့တာလည်း သူပါပဲ၊ အဲဒီကိစ္စအတွက်လည်း နန်းမြာကို နားလည်ခွင့်လွှတ်ပေးဖို့ တောင်းပန်ပါတယ် ကိုလူရဲရယ်''

''နန်းမြာဟာ လူမမာအဖေကြီးရှိနေလို့ အစ်ကိုစောဒိုးရဲ့ လောင်းရိပ်အောက်က ရုန်းမထွက်သာတာနဲ့ သူခိုင်းသမျှကို မလွှဲမရှောင်သာ လုပ်ခဲ့ရတာပါရှင်၊ ခုတော့ အဖေလည်း ဆုံးခဲ့





ပြီဖြစ်လို့ အစ်ကိုစောဒိုးနဲ့လမ်းခွဲပြီး စကားပြန်အလုပ်လုပ်ရင်း ကိုယ့်ဘဝကိုယ်ကြောင်းနေရတာပါ''

''ကောင်းပြီ နန်းမြာ၊ မင်း အမှန်တွေပြောနေတယ်လို့ တို့ ယူဆပါတယ်၊ တို့က ဆရာကြီးမြပဝါတို့ မိသားစုရဲ့သက်တော်စောင့်မှူးတာဝန်ယူထားရသူပါ၊ ဒီတော့ မင်းရဲ့ခြေလှမ်းကို စောင့်ကြည့်ရမှာပဲ၊ မင်းခြေလှမ်းမှားတာနဲ့ ဒီစံအိမ်ကြီးရဲ့မြေအောက်ခန်းထဲ ရောက်သွားရမှာပဲ၊ ဒီစံအိမ်ကြီးမှာ မြေအောက်ခန်းရှိတာ တို့ မကြာခင်ကမှ သိရတာ၊ ဆရာကြီးမြပဝါဟာ သူ့ရန်သူတွေကို ဖမ်းမိရင် အဲဒီမြေအောက်ခန်းထဲမှာ ရက်ရက်စက်စက် ညှဉ်းဆဲသတ်ဖြတ်ပစ်လေ့ရှိတယ်လို့ သိရတယ်၊ မင်းသာ အဲဒီမြေအောက်ခန်းထဲရောက်သွားရင် မလွယ်ဘူး''

''ဒါကတော့ . . . မြပဝါအဖွဲ့အပေါ် မဟုတ်တာလုပ်ရင် နန်းမြာ ပြန်ခံစားရမှာပဲပေါ့၊ နန်းမြာကို စိတ်ချပါ''

လူရဲက ပြုံးကာ ခေါင်းညိတ်လိုက်၏။

''ကောင်းပြီလေ . . . ကြည့်ရသေးတာပေါ့''

❀

မော်ပိုင်မြို့တောင်ဘက်စွန်း သံလွင်မြစ်ကမ်းပါးတစ်နေ

ရာဝယ် ဒီပါသိဒ္ဓိဟူသော ဘွဲ့အမည်ရှိ စေတီလေးတစ်ဆူရှိပြီး ယင်းစေတီလေးမှာ ဆုတောင်းပြည့်သည်ဟု မော်ပိုင်မြို့သူမြို့သားတို့က ယုံကြည်ကြသည်။

လှမြာက ယင်းဒီပါသိဒ္ဓိစေတီ၏ဂုဏ်သတင်းကို ကြားသာကြားဖူးပြီး မဖူးဘူးသဖြင့် နေညြဖာအား လိုက်ပို့ဖို့ ပူဆာသဖြင့် မော်ပိုင်မြို့ထိ လိုက်ပို့ပြီးနောက် ဒီပါသိဒ္ဓိစေတီကို သွားဖူးကြသည်။

ဘာသာတရားကိုင်းရှိုင်းသော လှမြာက စေတီဝင်းထဲမှ တစ်ခုတည်းသော တန်ဆောင်းအတွင်းဝယ် ဘုရားကို အာရုံပြု ရှိခိုးလျက်ရှိစဉ် နေညြဖာက သူမ၏နံဘေးတွင်ထိုင်ရင်း ဘေးတိုက်မြင်ရသည့် လှမြာ၏အလှကို ငေးကြည့်နေမိလေ၏။

လှမြာနှင့်သူ့ကို မိဘများ သဘောတူခြင်းဖြစ်သော်လည်း သူကိုယ်တိုင်ကလည်း လှမြာကို မြင်မြင်ချင်းမှာပင် ချစ်ခင်နှစ်သက်သဖြင့် လက်ထပ်ရန် သဘောတူခဲ့ခြင်းဖြစ်သည်။

သူသည် ဖခင်ကြီးနှင့်အတူ လှမြာရှိရာ ဖားဆောင်းမြို့သို့ သုံးလေးခေါက်ရောက်ဖူးသော်လည်း လှမြာက မော်ပိုင်သို့ မရောက်ဖူးသဖြင့် သူမ၏ဖခင်နှင့်အတူ အလည်အပတ်ရောက်ရှိလာခြင်းဖြစ်၏။

နေညြဖာမှာ စိတ်ကြမ်း၊ လူကြမ်းသမားဖြစ်သော်လည်း ပင်ကိုယ်စိတ်ရင်းကောင်းသူမို့ မစေ့စပ်ပီ နှစ်ကြိမ်သုံးကြိမ်ခန့်





တွေ့ဖူးပြီးနောက် သူမကိုယ်တိုင်က နေညြဖာအား နှစ်သက်လက်ခံခဲ့သည်။

ယခုတော့ ဇနီးလောင်း ခင်ပွန်းလောင်းဖြစ်သော သူမတို့နှစ်ဦးမှာ ချစ်သူရည်းစားများလည်းဖြစ်နေချေပြီ။

နေညြဖာက ဘေးတိုက်မြင်နေရသည့် လှမြာ၏မျက်နှာလှလှလေးကို မြတ်နိုးစွာငေးကြည့်နေစဉ်မှာပင် ဘုရားကန်တော့ပြီးသွားသဖြင့် လှမြာက သူ့ကိုလှည့်ကြည့်လိုက်၏။

"ကိုနေ ဘုရားမကန်တော့ဘူးလား"

"ကန်တော့ပြီးပြီလေ"

"ဟင် . . . ကိုနေ ကန်တော့တာလည်း ခဏလေး"

"ကိုယ်က လှမြာလို ဘုရားစာတွေမှ မရွတ်တတ်ပဲ၊ ဦးသုံးကြိမ်ပဲ ချလိုက်တာပေါ့"

"ကိုနေကတော့ လုပ်ပြီ"

လှမြာက ချစ်စရာမျက်စောင်းလေး ထိုးလိုက်သည်။

"ကိုနေ့ကို လှမြာ ပြောစရာရှိတယ်၊ ဟိုမြစ်ကမ်းစပ်မှာ သွားထိုင်ကြရအောင်၊ အဲဒီမှာ သိပ်သာယာတာပဲနော်၊ မြစ်ကမ်းစပ်မှာ အေးအေးဆေးဆေးထိုင်ရင်း ကိုနေ့ကို လှမြာပြောစရာရှိလို့"

"ကောင်းပါပြီ လှမြာ၊ အဲဒီကို သွားကြမယ်လေ"

နေညြဖာက လှမြာ၏လက်လေးကို ယုယကြင်နာစွာ

ဆွဲကာ စေတီဝင်းထဲမှထွက်ခဲ့ပြီး မြက်ခင်းစိမ်းစိမ်းလေးများရှိသည့် သံလွင်မြစ်ကမ်းစပ်သို့ လျှောက်သွားလေသည်။

နေညြဖာ၏တပည့်ကျော်ကြီးများဖြစ်ကြသော မိုးကြိုးနှင့် ညိုလုံးတို့မှာ စေတီဝင်းနှင့် ခပ်လှမ်းလှမ်းရှိ ကုက္ကိုပင်ကြီးအောက်တွင် မြင်းတို့ကိုလှန်ထားရင်း စောင့်စားနေကြ၏။

နေညြဖာနှင့်လှမြာတို့က စိမ်းမြသော မြက်ကမ္ဗလာခင်းထားသည့် မြစ်ကမ်းပါးစပ်တွင် မြစ်ဘက်သို့ မျက်နှာမူလျက် နှစ်ကိုယ်တူယှဉ်တွဲထိုင်လိုက်ကြသည်။

သံလွင်မြစ်ပြင်ကို ဖြတ်သန်းလာသော လေနုအေးအေးက ချစ်သူနှစ်ဦးအား ဝေ့တိုက်သွားကာ မြက်ခင်းစိမ်းစိမ်းတို့ကို ယိမ်းနွဲ့လှုပ်ခတ်သွားစေသည်။

လေဝယ်ဝေ့သွာသောဆံနွယ်မျှင်များကို လက်ချောင်းကလေးများဖြင့် သပ်တင်လိုက်ရင်း လှမြာက ရွှန်းလဲ့လဲ့မျက်ဝန်းများနှင့် နေညြဖာအား ကြည့်၏။

နေညြဖာကထည်း လှမြာအား မြတ်နိုးစွာ ငေးစိုက်ကြည့်သည်။

"ပြောလေ လှမြာ၊ လှမြာ ဘာပြောချင်တာလဲ"

"ဒီလိုပါ ကိုနေ၊ မော်ပိုင်ကနေ့ လှမြာတို့ ပြန်သွားပြီးတာနဲ့ ဖေဖေက လှမြာနဲ့ကိုနေ လက်ထပ်ပွဲကျင်းပဖို့ ဖားဆောင်းမှာ စီစဉ်တော့မယ်လို့ ပြောတယ်"





"ဟုတ်တယ်လေ၊ ညကပဲ လှမြာရဲ့ဖေဖေနဲ့ ကိုယ့်ဖေဖေတို့ အဲဒီအကြောင်း ပြောနေကြတာပဲ"

"လှမြာတို့လက်ထပ်ပြီးရင် ကိုနေ့ကို ဖားဆောင်းမှာပဲ လိုက်နေစေချင်တယ်၊ ဖေဖေလုပ်နေတဲ့ သစ်ကုန်သည်အလုပ်ကိုပဲ ကိုနေ့ကို လုပ်စေချင်တယ်၊ အခု ကိုနေလုပ်နေတဲ့အလုပ်တွေကို လှမြာ မကြိုက်ဘူး"

နေညြဖာက သက်ပြင်းရှိုက်လိုက်သည်။

"ကိုနေက ဘာအလုပ်တွေ လုပ်နေလို့လဲ လှမြာရဲ့"

"ကိုနေလုပ်နေတဲ့အလုပ်တွေအားလုံးကို လှမြာသိတယ်၊ လှမြာရဲ့ဖေဖေကိုယ်တိုင် လွန်ခဲ့တဲ့ဆယ်နှစ်လောက်က ကိုနေရဲ့အဖေနဲ့တွဲပြီး လုပ်ခဲ့ဖူးတယ်၊ အဲဒီတုန်းက ဖေဖေဟာ ဖားဆောင်းမှာနေတယ်လို့မရှိဘူး၊ မေမေသေပြီးမှ ဖေဖေဟာ ဖားဆောင်းကို ပြန်လာခဲ့တယ်၊ သူ့ရဲ့အလုပ်ဟောင်းတွေကို စွန့်လွှတ်ပြီး သစ်ကုန်သည်လုပ်ခဲ့တယ်၊ ဖေဖေ အဲဒီလို ဘဝလမ်းကြောင်းပြောင်းလိုက်တာကလည်း လှမြာအရွယ်ရောက်လာတော့မယ်ဆိုတာသိလို့ မေမေလည်း မရှိတော့တာမို့ လှမြာကို စောင့်ရှောက်ရင်း အေးအေးချမ်းချမ်းလုပ်ကိုင်စားသောက်နေချင်တာနဲ့ ပြောင်းလိုက်တာပါပဲ ...၊

အဲဒီလို သစ်ကုန်သည်အဖြစ် ရိုးရိုးသားသား လုပ်ကိုင်စားသောက်တော့လည်း ဖေဖေ့ရဲ့လုံ့လဝီရိယစိုက်ထုတ်ကြိုးစား

မှုကြောင့် ကြီးပွားချမ်းသာလာတာပဲလေ၊ ဓားပြလူဆိုးလုပ်မှ ကြီးပွားတာမဟုတ်ပါဘူး. ကိုနေ …၊

မှန်တာပြောရရင် ဖေဖေဟာ သစ်ကုန်သည်အလုပ် လုပ်ဖို့ အရင်းအနှီးကိုတော့ ကိုနေရဲ့ဖေဖေ ထောက်ပံ့ခဲ့လို့ ရရှိခဲ့တာပါ၊ ဒါကြောင့် ဖေဖေဟာ ကိုနေ့ဖေဖေရဲ့ကျေးဇူးရှိတယ်ဆိုပြီး ကိုနေ့ဖေဖေက သားရေးသမီးရေးကိစ္စ ကမ်းလှမ်းလာတော့ မငြင်းပယ်သာဘဲ ခေါင်းညိတ်ခဲ့ရတယ် …၊

ဒါပေမဲ့ ဖေဖေက သူ့သမက်ဖြစ်ခဲ့ရင် ကိုနေ့ကို ဒီလောကထဲက ထွက်စေချင်တယ်၊ ကိုနေ့ကို အဲဒီလောကထဲက ဆွဲထုတ်ဖို့လည်း လှမြာကို တိုက်တွန်းတယ်၊ ဒါကြောင့် လက်မထပ်ခင်ကတည်းက လှမြာ အခုလိုပြောရတာပါ ကိုနေ၊ ကိုနေတို့ရဲ့အလုပ်က ငွေကို လွယ်လွယ်ရပေမယ့် အန္တရာယ်များတယ်၊ အကုသိုလ်လည်းများတယ်၊ ဘယ်လောက်ချမ်းသာကြီးပွားပါစေ ငြိမ်းချမ်းမှုမရှိဘူး၊ ရန်သူအမြဲပတ်လည်ဝိုင်းနေတယ်၊ ဒါကြောင့် ကိုနေ့ကို အဲဒီဘဝက ထွက်စေချင်တယ် …၊

ပြီးတော့ အခုအခါမှာ အစိုးရက ရှောင်တိမ်းသောင်းကျန်းသူအဖွဲ့တွေကို ကောင်းကောင်းကြီး နှိမ်နင်းနိုင်လာပြီတဲ့ မကြာမီ နယ်စွန်နယ်ဖျားတွေအထိ အစိုးရရဲ့ဩဇာသက်ရောက်လာရင် သောင်းကျန်းသူတွေရော၊ ဓားပြတွေရော၊ လူဆိုးဂိုဏ်းတွေပါ ချုပ်ငြိမ်းရတော့မယ်တဲ့၊ ဒါကြောင့် အဲဒီအမှောင်လောကထဲက





ကိုနေကို အပြီးအပိုင် ထွက်ခဲ့စေချင်တာပါပဲ"

နေသြဇာ သက်ပြင်းရှိုက်လိုက်မိပြန်သည်။

"ကိုယ်လည်း အဲဒီအလုပ်တွေ မလုပ်ချင်တော့ပါဘူး လှမြာရယ်၊ မှန်တာပြောရရင် အရင်ကတော့ တရားတာ မတရားတာ အပထား၊ စွန့်စားတိုက်ခိုက်နေရတာကိုပဲ ကိုယ်က သဘောကျနေခဲ့တယ်၊ သူတစ်ပါးကို သတ်ဖို့ရာလည်း ဝန်မလေးဘူး၊ သေဖို့လည်း မကြောက်ဘူး၊ ခုတော့ …"

"ခုတော့ ဘာဖြစ်သလဲ ကိုနေ"

"ဟောဒီ လှမြာဆိုတဲ့ သံယောဇဉ်လေးရှိလာတော့ မှန်တာပြောရရင် ကိုယ်မသေချင်သေးဘူး လှမြာ၊ အခုလို လူဆိုးလူမိုက်တွေ၊ လူဆိုးဂိုဏ်းတွေကြားမှာ ကျင်လည်နေလို့ကတော့ တစ်နေ့နေ့တစ်ချိန်ချိန်မှာ အချိန်မရွေး သေသွားနိုင်တယ်၊ ကိုယ် သေရမှာ မကြောက်ပေမယ့် လှမြာနဲ့မခွဲချင်ဘူး"

လှမြာက နေသြဇာ၏လက်နှစ်ဖက်ကို သူမ၏နူးညံ့နွေးထွေးသောလက်ဖဝါးတို့ဖြင့် ဆုပ်ညှစ်လိုက်သည်။

"လှမြာလည်း ကိုနေ့ကိုချစ်လျက် မခွဲခွာချင်ဘူး ကိုနေရယ်၊ ဒီတော့ … လှမြာနဲ့လက်ထပ်ပြီးရင် အဲဒီအလုပ်တွေကို ထာဝရ စွန့်လွှတ်လိုက်ပါနော်"

နေသြဇာက အတန်ကြာတွေးဝေငေးမောနေပြီးမှ သက်ပြင်းချလိုက်သည်။

"ကိုယ်ကြိုးစားပါ့မယ် လှမြာ၊ အမှန်တော့ ကိုယ့်မေမေကလည်း အဲဒီအလုပ်တွေကို လုံးဝမကြိုက်ပါဘူး။ ဖေဖေ့ကိုကြောက်ရလို့သာ မပြောသာဘဲ ကြည့်နေရရှာတာပါ၊ မေမေ့ဘဝက ဖေဖေထားရာနေ၊ စေရာသွားပါပဲ၊ မေမေ့ရဲ့ပင်ကိုစိတ်ဓာတ်က အင်မတန်နူးညံ့တယ်၊ ကိုယ့်ကိုလည်း အဲဒီလိုအလုပ်တွေ မလုပ်စေချင်ပေမယ့် ကိုယ်ဟာ ဖေဖေ့ရဲ့ပုံသွင်းတာခံခဲ့ပြီးခုလို လွှပ်ရှားနေခဲ့ရတာပါ၊ မေမေဟာ သူ့ရဲ့သားကိုယ်တိုင်လူဆိုးလူမိုက်ဖြစ်နေတာကို တစ်နေ့မှ စိတ်ချမ်းသာတာ မဟုတ်ပါဘူး"

"ဩော် . . . ကိုနေပြောလို့ ခုမှသတိရတယ်"

"ဘာများလဲ လှမြာ"

"ဟိုလေ . . . လှမြာပြောရင် ကိုနေ စိတ်ဆိုးမလားမသိဘူး"

နေသြဇာက လှမြာအား ထူးဆန်းသလိုကြည့်သည်။

"ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲ လှမြာ၊ ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်းပြောပါ၊ ကိုယ်က ပွင့်လင်းတာကို ကြိုက်တယ်"

"ဒီလိုပါ ကိုနေ၊ လှမြာရဲ့မေမေ မကွယ်လွန်ခင်က လှမြာကို ပြောဖူးတယ်၊ ကိုနေရဲ့မေမေ ဒေါ်လေးဒေါ်ယဉ်မွန်မှာ ပထမအိမ်ထောင်ရှိတယ်တဲ့"

"ဘာ"





နေသြဇာမှာ သူ့တစ်သက်တာတွင် တစ်ခါမျှ မကြားဖူးသည့် စကားကို မမျှော်လင့်ဘဲ ကြားလိုက်ရသဖြင့် ဦးခေါင်းအားမိုးကြိုးပစ်ခွင်းသလို ခံစားလိုက်ရသည်။

"ဘာ . . . ဘာပြောတယ် လှမြာ"

"ကိုနေကလည်း အော်လိုက်တာ၊ လှမြာ လန့်သွားတာပဲ"

"မဟုတ်ဘူး လှမြာ၊ ကိုယ် အရမ်းအံ့သြသွားလို့ပါ၊ စောစောက စကားကိုပြန်ပြောပါဦး"

သည်တစ်ခါ သက်ပြင်းရှိုက်လိုက်ရသူက လှမြာဖြစ်၏။

"မေမေပြောပြလို့ လှမြာသိခဲ့ရတာပါ၊ ဒေါ်လေးဒေါ်ယဉ်မွန်မှာ ပထမအိမ်ထောင်နဲ့ သားလေးတစ်ယောက်ရှိတယ်တဲ့"

"သားတစ်ယောက်ပါ ရှိတယ် . . . ဟုတ်လား"

"ဟုတ်တယ် ကိုနေ၊ အဲဒါ ဒေါ်လေး ဒေါ်ယဉ်မွန်ကို ဦးလေးဦးစောမင်းက တုအားကြိုက်တာနဲ့ အဲဒီပထမအိမ်ထောင်ရဲ့လက်ထဲက အတင်းလုယူခဲ့တာတဲ့"

"ဟုတ်ရဲ့လား လှမြာရယ်"

"မေမေကတော့ အဲဒီလိုပဲပြောတယ် ကိုနေ"

"ဒါဆို မေမေ့ရဲ့အဲဒီပထမအိမ်ထောင်နဲ့ကလေးက ဘယ်ရောက်သွားသလဲ လှမြာ"

"မေမေပြောတော့ အဲဒီဦးနဲ့ကလေးလေးကို သံလွင်မြစ်

အတိုင်း ဖောင်နဲ့မျှောလွှတ်လိုက်တယ်တဲ့၊ ဘော်ဟိုရှာစွန်မြစ်ကမ်းပါးက သူတို့မိသားစုလေးရဲ့တဲလေးကိုလည်း မီးရှို့လိုက်တယ်တဲ့''

''ဩော်''

နေသြဇာက လှမြာ၏စကားကို စိတ်မချမ်းမြေ့စွာ နားထောင်ရင်း သံလွင်မြစ်ရေပြင်အား တွေငေးကြည့်နေမိသည်။

''တစ်ခုရှိတာက ဦးလေးဦးစောမင်းဟာ အဲဒီအရင်က မိန်းမမပွေသလောက် ဒေါ်လေးဒေါ်ယဉ်မွန်ကို သိမ်းပိုက်ပြီးတဲ့နောက်ပိုင်းမှာ ဘယ်မိန်းမနဲ့မှ အရှုပ်အရှင်းမရှိတော့ဘဲ ဒေါ်လေးဒေါ်ယဉ်မွန်ကိုပဲ သားမွှတ်မွှတ် မယားမှတ်မှတ်ပေါင်းခဲ့တယ်တဲ့၊ ဖေဖေက အဲဒီအကြောင်းတွေကို ခရေစေ့တွင်းကျ သိပေမယ့် မေမေက လွဲပြီး ဘယ်သူ့မှမပြောခဲ့ဘူး၊ လှမြာကိုတောင် ခုအချိန်အထိမပြောဘူး။ အဲဒီအကြောင်းတွေ လှမြာသိနေတာလည်း ဖေဖေ မသိဘူး''

''အဲဒီအကြောင်းတွေ ကိုယ့်ကို ဘာဖြစ်လို့ပြောပြရတာလဲ လှမြာ''

''လှမြာနဲ့ကိုနေဟာ မကြာခင် အကြင်လင်မယားဖြစ်ရတော့မှာလေ၊ အကြင်လင်မယား၊ ဇနီးမောင်နှံဟူသမျှဟာ တစ်ယောက်အကြောင်း တစ်ယောက်သိသင့်သလို၊ ဖုံးကွယ်ထားမှုလည်း မရှိသင့်ဘူးလို့ လှမြာ ယူဆတယ်လေ၊ ဒါကြောင့် လှမြာသိထားတာကို ပြောပြတာပါ၊ လှမြာကို ကိုနေ စိတ်မဆိုးပါဘူး





နော်''

''ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲ လှမြာ၊ ကိုယ့်ဘဝမှာ သိဝ်သိသင့်တဲ့အကြောင်းကို လှမြာပြောပြတာ ကျေးဇူးတောင်တင်ပါသေးတယ်၊ အဲဒီအကြောင်းကို ဖေဖေရော၊ မေမေပါ ကိုယ့်ကို လုံးဝပြောမပြခဲ့ဘူး။ ဒါထက် မေမေရဲ့ပထမအိမ်ထောင်နဲ့ကလေးဟာ ဘယ်ကိုရောက်ပြီး အခုဘယ်မှာရှိသလဲ လှမြာ သူတို့ရဲ့နာမည်တွေရော သိသလား''

''မေမေက နာမည်တော့မသိဘူး။ ဖောင်နဲ့မျှောလိုက်ပြီးကတည်းက သူတို့အကြောင်းလည်း မကြားတော့ဘူးတဲ့၊ သူတို့ကို ဖောင်ပေါ်တင်လွှတ်လိုက်တဲ့ ဦးငမန်းဆိုသူက ဖေဖေ့ကိုပြောပြတာတဲ့''

လှမြာ၏စကားအဆုံးတွင် နေသြဇာ သက်ပြင်းရှိုက်လိုက်မိသည်။

''အင်း . . . မေမေ့ကို အဲဒီအကြောင်းတွေ သေချာမေးကြည့်ရမယ်''

နေသြဇာမှာ စိတ်ထဲမှ တေးထားလိုက်ပြီး လှမြာ၏လက်ဖျားလေးကို ယုယစွာ ဆုပ်ကိုင်လျက် ထရပ်လိုက်ပါတော့၏။

❀ ❀ ❀

# အခန်း (၄)

သံသယအဆိပ်

မြေအောက်အကျဉ်းသား

လွတ်ရာလွတ်ကြောင်း

မာယာလှည့်ကွက်

ထာဝရရင်ခွင်ရိပ်




## အခန်း (၄)

### သံသယအဆိပ်

"ဘာ!"

မြပဝါ၏ မိုးခြိမ်းသံနှယ် ကျယ်လောင်လှသော ဒေါသတကြီး အာမေဍိတ်သံကြောင့် နော်ဖောမှာ ခန္ဓာကိုယ်လေး တုန်တက်လောက်အောင် လန့်ဖျပ်သွားရသည်။

နော်ဖောက လူအလစ်တွင် သူမ၏ဆရာကြီးမြပဝါအနီး ချဉ်းကပ်သွားပြီး ဆရာကြီးကို အရေးကြီးတဲ့လျှို့ဝှက်စကား တင်ပြစရာရှိလို့ပါဟု ပြောသဖြင့် မြပဝါက အိမ်ပေါ်ထပ်ခေါင်းရင်းဘက် အစွန်ဆုံးရှိ ဘုရားခန်းနံဘေးမှ အခန်းလွတ်ထဲသို့ နော်ဖောအား ခေါ်သွားကာ နော်ဖောတင်ပြသည့် လျှို့ဝှက်စကားကို နားထောင်ပြီးနောက် ယင်းသို့ ဒေါသတကြီး တအံ့တသြဖြစ်သွား

ရခြင်းဖြစ်၏။

"နင် ...နင်တွေ့တာ တကယ်လား နော်ဖော"

"တကယ်ပါ ဆရာကြီး၊ လူရဲက ကိုယ်အထက်ပိုင်းမှာ အင်္ကျီလုံးဝမရှိပါဘူး၊ ကျောပြောင်ကြီးနဲ့ပါ၊ သူ ...သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ဖက်လို့"

"တော် ...တော်တော့"

မြပဝါက နားနှစ်ဖက်အား လက်ဖဝါးတို့ဖြင့် ပိတ်ရင်း အော်လိုက်မိပြန်သည်။

သူတို့နှစ်ဦး စကားပြောနေသည့်အခန်းမှာ မြပဝါတို့ လင်မယား၏အိပ်ခန်းနှင့် ကြား၌ နှစ်ခန်းခြားသည့်အပြင် အခန်းတံခါးကိုပါ ပိတ်ထားသဖြင့် အခန်းထဲမှအသံများကို ယင်းအိပ်ခန်းဆီမှ သဲ့သဲ့မျှပင် မကြားနိုင်ပါ။

"နင် အဲဒီစကား ဘယ်သူ့မှမပြောနဲ့"

"ဟုတ် ...ဟုတ်ကဲ့ မပြောပါဘူး ဆရာကြီး"

"ကဲ ...နင်သွားတော့၊ ကျွဲပခုံးကို ဒီအခန်းလွှတ်လိုက်၊ သူ့ကိုလည်း တိုးတိုးပဲပြော ကြားလား"

"ဟုတ်"

နော်ဖောမှာ တုန်လှုပ်စွာဖြင့် အခန်းတံခါးကို ချက်ဖွင့်ကာ ကြေးလမ်းသို့ ကုပ်ချောင်းချောင်းဖြင့် ထွက်သွားလေ၏။

နော်ဖောသည် နံနက်ပိုင်းက ဒေါ်ယဉ်မွန် ဘုရားပန်းနှင့်





တိုလီမုတ်စများ ဝယ်နိုင်းသဖြင့် ဝါနုနှင့်အတူ မြို့ထဲပိုင်းမှ ဈေးတွင် သွားရောက်ဝယ်ပြီးနောက် ကျောက်မြူစံအိမ်သို့ ပြန်ရောက်သည့်အခါ ဝါနုအား ဘုရားပန်းဆေးခိုင်းထားလိုက်၏။ သူမက သောက်တော်ရေအိုးယူရန် အိမ်ပေါ်ထပ်သို့တက်လာရာ မမျှော်လင့်သောမြင်ကွင်းကို တွေ့ရပြီး ယင်းအကြောင်းကို သူမ၏ အလုပ်ရှင်မြပဝါအား သစ္စာရှိရှိ တာဝန်ကျေစွာ သတင်းပို့တင်ပြခဲ့ခြင်း ဖြစ်ပါသည်။

မြပဝါမှာ ရည်းစားလူလု အုန်းကျွဲခတ်သည်ထက် ပိုစွာ ရင်ထဲ၌ ပေါက်ကွဲခံစားနေရသဖြင့် ကျားနာကြီးတစ်ကောင်နှယ် ဒေါသကို မထိန်းနိုင်ဘဲ အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိတော့၏။

"တောက် ...ငါသိပ်ချစ်တဲ့မိန်းမကို အရိပ်နေနေ အခက်ချိုးချိုးကွာ၊ တွေ့ကြသေးတာပေါ့ လူရဲရယ်၊ သားရေပေါ်အိပ် သားရေနားစားတဲ့ကောင်၊ တောက် ...ဒီလောက်အသက် ကွာတာတောင် ကြံရက်ပါပေ့ ...ဟင်း"

ခဏအကြာတွင် အခန်းထဲသို့ ကျွဲပခုံး ဝင်လာ၏။

"ဆရာကြီး ကျွန်တော့်ကို ခေါ်တယ်ဆိုလို့"

"အေး"

မြပဝါက လမ်းလျှောက်ခြင်းကို ရပ်လိုက်ပြီး ကျွဲပခုံးအား ရှူးရှူးဝါးဝါးစိုက်ကြည့်လိုက်ရာ ဒေါသအရိပ်အယောင်များ လွှမ်းမိုး

လျက် မျက်နှာတစ်ပြင်လုံး ရဲရဲတွတ်နေသည့် သူ့ဆရာကြီးကို ကြည့်ရင်း ကျွဲပခုံးပင် ဘုမသိ ဘမသိဖြင့် ကျောချမ်းသွားမိတော့၏။

"ကျွဲပခုံး"

"ဗျာ"

"မြေအောက်ခန်းကို ဒီည ရှင်းထားလိုက်၊ (၁၀) နာရီ တိတိမှာ သစ္စာဖောက်တစ်ယောက်ကို သုတ်သင်စရာရှိတယ်"

"ဟုတ် ... ဟုတ်ကဲ့"

ကျွဲပခုံး ကျောချမ်းသွားမိပြန်သည်။ သစ္စာဖောက်ဆိုတော့ မိမိတို့အဖွဲ့ဝင်များထဲမှပဲပေါ့။ မည်သူများ ဖြစ်မည်နည်းဟု တွေးရင်း ကျောရိုးထဲမှ စိမ့်ခနဲဖြစ်သွားပါတော့သတည်း။

❀

နေသြဇာနှင့် လုမြာတို့ ကျောက်ဖြူစံအိမ်သို့ ပြန်ရောက်လာတော့ ညနေစောင်းနေပြီဖြစ်၏။

စံအိမ်ကြီးနံဘေးမှ ခြံဝင်းထဲတွင် ကြိမ်ကုလားထိုင်များချခင်းကာ မြပဝါက ခေါင်ရည်ပိုင်းဖြင့် ဧည့်သည်များကို ဣန္ဒြေရရဧည့်ခံလျက်ရှိသည်။





မြပဝါမှာ နေ့လယ်ခင်းက တစ်ရေးတစ်မောအိပ်ပြီး အိပ်ရာနိုးစတွင် နော်ဖောထံမှကြားရသည့် မဖွယ်မရာသတင်းစကားကြောင့် မထိန်းနိုင်မသိမ်းနိုင်အောင် ဒေါသအိုးပေါက်ကွဲခဲ့သော်လည်း နောက်ပိုင်းတွင် သူ့စိတ်သူထိန်းကာ ဟန်မပျက်နေခဲ့လေ၏။

"ဟော ... သားတို့တောင် ပြန်လာပြီပဲ၊ သမီးကို ဘယ်တွေ လိုက်ပို့လိုက်သလဲ"

မြပဝါက ဟန်မပျက်ပြုံးရယ်ကာ နေသြဇာကို လှမ်းမေးလိုက်လေသည်။

"မြို့ထဲပိုင်းဈေးရော၊ ရေတံခွန်ဘက်ရော လိုက်ပို့လိုက်တယ် မေမေ၊ ပြီးတော့ ဒီပါသိဗ္ဗိစေတီပါ သွားဖူးခဲ့သေးတယ်၊ မော်ပိုင်နဲ့အနီးအနားအနှံ့ပါပဲ"

"အေးအေး ... ကောင်းတယ်၊ ပြီးရင် ဒီမှာလာပိုင်းကြဦးလေကွာ"

"ဟုတ်ကဲ့"

အမြည်းအစုံအလင်နှင့် ခေါင်ရည်ပိုင်းတွင် လော်ပန်ကြီးချုန်းဝေတို့ရော နန်းမြာပါ ပါကာ ဦးပေါက်ရယ်မှာလည်း မြပဝါ၏နံဘေးတွင် ထိုင်နေ၏။

နေသြဇာနှင့်လုမြာတို့က စံအိမ်ကြီးထဲ တန်းဝင်ခဲ့ကြသည်။

အိမ်ပေါ်ထပ်သို့အရောက်တွင် လှမြာက အဝတ်အစားလဲရန် သူမ၏အခန်းဆီ ပျောက်သွားသော်လည်း နေညြာကမူ မိဘတို့၏အိပ်ခန်းထဲသို့ တန်းဝင်ခဲ့တော့၏။

ဒေါ်ယဉ်မွန်မှာ ခေါင်းမူးနေ၍ဟု အကြောင်းပြပြီး ခေါင်းရည်ဗိုင်းတွင်မထိုင်ဘဲ အိပ်ခန်းအောင်းနေကာ ခုတင်ပေါ်၌ ငူငူကြီးထိုင်လျက် တွေဝေငေးမောနေရာ နေညြာဝင်လာသည်ကိုပင် သတိမမူမိလိုက်ချေ။

"မေမေ"

နေညြာက ခပ်တိုးတိုးခေါ်ရင်း မိခင်၏နံဘေးခုတင်စွန်း၌ တင်ပလ္လင်ခွေထိုင်လိုက်လေသည်။

ထိုအခါမှ အတွေးနယ်လွန်နေဟန်ရှိသည့် ဒေါ်ယဉ်မွန်က သားဖြစ်သူကို ဖျတ်ခနဲလှည့်ကြည့်ကာ ...

"ဪ သားပါလား ... ပြန်လာပြီလား"

"ဟုတ်ကဲ့ မေမေ၊ သား မေမေ့ကိုမေးစရာရှိလို့"

သားဖြစ်သူ၏မျက်နှာနှင့် မျက်လုံးအကြည့်တို့က ထူးခြားနေသဖြင့် ဒေါ်ယဉ်မွန်၏ရင်မှာ ထိတ်ခနဲဖြစ်သွားရ၏။

"ဘာမေးစရာရှိလို့လဲ သား ... မေးလေ"

နေညြာက သက်ပြင်းရှိုက်လိုက်ပြီးမှ မိခင်ကြီးအား မမေးရက်စွာ မေးလိုက်သည်။

"မေမေ ... မေမေ့မှာ ဖေဖေ့အရင် ပထမအိမ် ...





အိမ်ထောင် ရှိခဲ့တယ်ဆို"

"အို"

ဒေါ်ယဉ်မွန်မှာ လွန်စွာအံ့ညြတုန်လှုပ်သွားရတော့၏။ ကိုစောမင်း (ခေါ်) မြပဝါနှင့် မိမိတို့က မိမိတို့၏သားလေးနေညြာအား အတိတ်မှအကြောင်းတို့ကို မပြောမိရန် ကတိစကား ထားခဲ့ကြသည်သာ။ ယင်းအကြောင်းများကို သိသူဆို၍လည်း ကိုစောမင်း၏မိတ်ဆွေဟောင်းနှင့်တပည့်နှစ်ဦးသုံးဦးခန့်သာ ရှိသည်။ ယခုဆို သူတို့အားလုံးလိုလို လူ့လောကဝယ် မရှိတော့ချေ။ သို့ဖြစ်ပါလျက် သားလေးနေညြာမှာ ယင်းအကြောင်းတွေကို မည်သို့သိသွားသည်မသိ။

"ဟုတ်လား မေမေ ... အဲဒီအိမ်ထောင်နဲ့သားတစ်ယောက် ရှိခဲ့တယ်ဆို၊ အဲဒါ ဘော်ဟိုရွာဘက်မှာဆို၊ ဖေဖေက မေမေ့ကို ပထမအိမ်ထောင်ရဲ့လက်ထဲကနေ အဓမ္မလုယူခဲ့တာဆို၊ ပြီးတော့ ... အဲဒီလူနဲ့ကလေးကို ဖောင်နဲ့တင်ပြီး သံလွင်မြစ်ကြောင်းအတိုင်း မျှောပစ်လိုက်တယ်ဆို"

ဖြစ်ကြောင်းကုန်စင်သိနေပုံရသော သားဖြစ်သူအား ဒေါ်ယဉ်မွန် မဖုံးကွယ်လိုတော့။

"ဟုတ် ... ဟုတ်ပါတယ် သားရယ်၊ မင်း ... မင်း အဲဒါတွေ ဘယ်လိုသိခဲ့တာလဲ၊ ဘယ်သူပြောလို့သိတာလဲ"

"လှမြာ ပြောပြလို့ မေမေ"

"အို . . . လု . . . လုမြာက ဘယ်လိုလုပ်သိနေတာလဲ"

"လုမြာရဲ့အဖေ ဦးပေါက်ရယ်ဟာ တစ်ချိန်က ဖေဖေနဲ့ မိုက်ဖော်မိုက်ဖက် ဆိုးဖော်ဆိုးဖက်ဆို"

"အဲဒါ ဟုတ်တယ်လေ၊ ဒါပေမဲ့ သူက အဲဒီအလုပ်တွေကို စွန့်လွှတ်ခဲ့တာ နှစ်တွေကြာလှပေါ့"

"ဟုတ်ပါတယ် မေမေ၊ ဘာပဲဖြစ်ဖြစ် ဦးပေါက်ရယ်ဟာ လူဆိုးလူမိုက်ဘဝမှာရှိတုန်း ဖေဖေနဲ့တွဲရာက ဖေဖေ့ရဲ့အကြောင်းတွေ သိခဲ့သလို၊ ဖေဖေ့ရဲ့တပည့်ရင်း ဦးမေန်းဆီကလည်း သိတာတွေ ရှိခဲ့တယ် မေမေ"

"အဲဒါတော့ ဟုတ်လောက်ပါတယ်"

"အဲဒီတော့ မေမေတို့ရဲ့အကြောင်းကို ဦးပေါက်ရယ်က သိပြီး သူ့မိန်းမကို ပြန်ပြောခဲ့တယ်၊ သူ့မိန်းမက ကွယ်လွန်ခါနီးမှာ သမီးဖြစ်သူ လုမြာကို ပြောခဲ့တယ်လေ"

"အင်းလေ . . . ဘူးတစ်ရာအပေါက်သာ ပိတ်လို့ရတာ ပါးစပ်တစ်ပေါက်ကို ပိတ်လို့ဘယ်ရပ့ါမလဲ၊ လုမြာက အဲဒီတော့ ဘာပြောလဲ"

"လုမြာသိလို့ ပြဿနာဘာမှမရှိပါဘူး မေမေ၊ ပြဿနာရှိတာက သားပါ"

"အို . . . ဘယ်လိုပြဿနာများလဲ သားရယ်"

"သားမှာ အဲဒီအကြောင်းတွေကို တစ်သက်လုံးမသိခဲ့





ရဘဲ ခုမှသိရတယ် မေမေရယ်၊ သားကို မေမေတို့ ဘာဖြစ်လို့ ဖုံးကွယ်ထားခဲ့ရတာလဲ"

"သားရယ် . . . သားသိလို့လဲ ဘာမှအကျိုးမထူးလို့ပါ"

"အကျိုးထူးတာပေါ့ မေမေ၊ သားမှာ ညီအစ်ကိုအရင်းအချာမရှိဘူးလေ၊ သားက မွေးချင်းပေါက်ဖော်မရှိတဲ့ တစ်ကောင်ကြွက်လေ၊ ခုဆို သားမှာ ညီအစ်ကိုရှိနေတာကို သိရပြီလေ၊ အမေရဲ့ပထမအိမ်ထောင်နဲ့ပါသွားတဲ့ ကလေးဆိုတာ မေမေ့ရဲ့ ရင်သွေးပဲ မဟုတ်လား"

"ဟုတ် . . . ဟုတ်တာပေါ့ သားရယ်"

"ဒါဆို . . . သူဟာ သားရဲ့အစ်ကိုပဲပေါ့ မေမေရဲ့၊ မအေတူ ဖအေကွဲအစ်ကိုပေါ့"

"ဟုတ်ပါတယ် သားရယ်"

"သားဟာ မွေးချင်းငတ်နေသူပါ မေမေ၊ မေမေတို့က လည်း သားကို တစ်ဦးတည်းသောသားအဖြစ် မွေးခဲ့လေတော့ သားဟာ မွေးချင်းငတ်နေခဲ့ရပါတယ်၊ ခုတော့ သားမှာ တစ်မအေထဲကမွေးတဲ့ အစ်ကိုရှိတယ်ဆိုတာ သိရပြီလေ၊ အဲဒီအစ်ကို ဘယ်မှာလဲ မေမေ၊ သား သူ့ကိုရှာချင်တယ်၊ သူ့ကို ဘယ်မှာရှာရမလဲ မေမေ"

ဒေါ်ယဉ်မွန်က တက်ကြွစွာပြောနေသည့်သားဖြစ်သူအား ငေးကြည့်နေရာမှ ပီတိဖြစ်စွာ ပြုံးလိုက်သည်။

"သား တကယ်ပဲ သားရဲ့အစ်ကိုကို တွေ့ချင်သလား"

"တွေ့ချင်တာပေါ့ မေမေရယ်၊ သားဟာ မွေးချင်းငတ်နေသူပါ"

"တွေ့ရမှာပေါ့ သားရယ်၊ သားရဲ့အစ်ကိုဟာ အခု ဒီစံအိမ်ကြီးထဲမှာ ရောက်နေပြီကွယ့်"

"ဗျာ"

နေညြဇာမှာ လွန်စွာအံ့သြသွားပြီး မိခင်ကြီးအား မယုံနိုင်စွာ ပါးစပ်အဟောင်းသားဖြင့် ကြည့်နေရှာ၏။

"မေ ... မေမေ တကယ်ပြောတာလားဟင်၊ ဘယ် ... ဘယ်သူလဲ မေမေ"

"လူရဲပေါ့ကွယ်၊ သားကြီးလူရဲဟာ သားလေးနေညြဇာရဲ့ အစ်ကိုပေါ့"

"ဗျာ"

နေညြဇာမှာ ကမ္ဘာကြီး ချာချာလည်သလို ခံစားလိုက်ရပြီး မယုံနိုင်အောင် ဖြစ်သွားရသည်။

"သားလေး ရှင်းအောင် သံသယမဝင်အောင် မေမေ ပြောပြမယ်၊ ဒီလိုကွယ့်"

ဒေါ်ယဉ်မွန်က သူမ၏ဘဝအတိတ်ဇာတ်ကြောင်းအား အတိုချုပ်လျက် ခပ်သွက်သွက် ခပ်တိုးတိုးပြောလိုက်၏။

နောက်ဆုံး လူရဲက ယနေ့နံနက်မှာပင် အသည်းပုံ





ဆွဲပြားလေးထုတ်ပြပုံကိုပြောပြကာ ယင်းဆွဲပြားလေးနှစ်ခုကိုပါ နေညြဇာအား ပြသလိုက်သည်။

"ဟောဒီ အသည်းပုံဆွဲပြားလေးထဲမှာ ကိုသက္ကရဲ့ဓာတ်ပုံလေး ပါတယ်သားရဲ့၊ အဲဒီဆွဲပြားလေးကို မေမေက အမှတ်တရ တမြတ်တနိုး အခုအချိန်အထိ သိမ်းထားခဲ့တယ်၊ မင်းရဲ့ဖေဖေ ဒေါသကူမှာရကြီး မသိအောင်ပေါ့ကွယ် ...၊

ဒီဆွဲပြားလေးထဲမှာတော့ မေမေ့ရဲ့ဓာတ်ပုံပါပြီး ကိုသက္ကရဲ့လည်ပင်းမှာဆွဲခဲ့တယ်၊ မေမေနဲ့ ကွဲကွာသွားပြီးတဲ့နောက် သားကြီးလူရဲ အရွယ်ရောက်စအချိန် သူကွယ်လွန်ခါနီးမှာမှ ကိုသက္ကက ဒီဆွဲပြားလေးကို သားကြီးလူရဲရဲ့လက်ထဲ ထည့်ခဲ့တာကွယ့်"

"ဒါ ... ဒါဆို လူရဲဟာ သားရဲ့အစ်ကို တကယ်ဟုတ်တယ်ပေါ့နော်"

"ဟုတ်တယ် သား၊ ဒီဆွဲပြားလေးရယ်၊ သူ့ရဲ့ကျောက မွဲ့စလွယ်လို့ခေါ်တဲ့ ကျောပြင်ကို လက်ယာဘက်ပခုံးစွန်းကနေ လက်ဝဲဘက်ခါးအထိ စလွယ်သိုင်းအနေအထားနဲ့ ပေါက်နေတဲ့ မွဲ့နက်လေးသုံးခုရယ်ဟာ အထင်ရှားအခိုင်လုံဆုံး သက်သေတွေပဲပေါ့"

"ဩော် ... ဒါကြောင့် သူက သားနဲ့မယှဉ်ပြိုင်လိုဘူးလို့ ငြင်းခဲ့တာကိုး"

"ဟုတ်တယ် သား၊ သားလေးကို သားကြီးက သူ့ရဲ့ ညီမှန်းသိလို့ မယှဉ်ပြိုင်ခဲ့ရှာတာပါ"

"သား ဝမ်းသာလိုက်တာ မေမေရယ်၊ သားမှာ အစ်ကို ရပြီပေါ့နော်"

"ဟုတ်ပါတယ် သားရယ်၊ ဒါပေမဲ့ အဲ့ဒီအကြောင်းတွေကို မင်းရဲ့ဖေဖေ ကိုအတ္တကြီး သိလို့မဖြစ်သေးဘူး သား၊ သူက လူရဲဟာ အစ်ကိုသက္ကာရဲ့သားဆိုတာ သိသွားရင် ရန်ရှာနိုင်တယ်"

"အို မေမေရယ် ... လူရဲဟာ သားရဲ့အစ်ကိုပဲ၊ သားရဲ့ အစ်ကိုကို ဒီလိုမတရားလုပ်ခွင့် မပြုနိုင်ပါဘူး။ အစ်ကိုလူရဲကို တစ်ခုခုလုပ်ရင် သားတားဆီးမှာပေါ့"

"ဘာပဲဖြစ်ဖြစ် သားရဲ့ဖေဖေကို မပြောပါနဲ့ဦးကွယ်၊ သူ့စိတ်က မှန်းရခက်တယ်ကွယ့်"

"ဟုတ်ကဲ့ပါ မေမေ"

❀ ❀ ❀





## မြေအောက်အကျဉ်းသား

နေသြဇာက ခေါင်ရည်ဝိုင်းသို့ ဟန်မပျက်ဝင်ရန် စံအိမ်ကြီးထဲမှ ထွက်လာစဉ် စံအိမ်တံခါးဝရှိ ကျောက်သားလှေကားထစ်တို့၌ တန်းစီရပ်နေကြသည့် သက်တော်စောင့်အဖွဲ့တွင် လူရဲကို တွေ့ရသည်။

နေသြဇာက လူရဲကိုလှည့်ကြည့်ရင်း ပြုံးပြလိုက်ရာ လူရဲမှာ လွန်စွာအံ့သြသွားတော့၏။ နေသြဇာသည် စတွေ့စကတည်းက မိမိကို ခပ်တန်းတန်းခပ်ထန်ထန်သာ ဆက်ဆံလေ့ရှိရာ ယခုလို ပြုံးပြသည်ကိုမြင်ရသည်တွင် လူရဲ မအံ့သြဘဲ မနေနိုင်ချေ။ ပို၍အံ့သြရသည်မှာ နေသြဇာ၏မျက်လုံးအကြည့်များထဲတွင် သူတစ်ခါမျှ မတွေ့မမြင်ဖူးသော နူးညံ့မှုတို့ကို တွေ့မြင်ရခြင်း

သည်။

ခေါင်ရည်ဝိုင်းသို့ နေညြဖာရောက်တော့ လုမြှာတစ်ယောက် ဦးစွာရောက်နှင့်နေကြောင်း တွေ့ရသည်။

"ကိုနေ ဒီမှာလာထိုင်"

လုမြှာက လှမ်းခေါ်သဖြင့် နေညြဖာမှာ လုမြှာအနီးမှ ခုံတွင် ထိုင်လိုက်ရသည်။

သူတို့စုံတွဲကိုကြည့်ပြီး ဦးပေါက်ရယ်က သဘောကျစွာ ရယ်လိုက်၏။

"ဟား ဟား ဟား ...ကိုစောရေ ကျူပ်သမီးနဲ့မောင်ရင့်သားကတော့ လူကြီးတွေ တိုက်တွန်းစရာမလိုဘဲ သူတို့ချင်းချစ်ကြည်မှုအပြည့် ရှိနေပါလားဗျ၊ ဖားဆောင်းပြန်ရောက်တာနဲ့ လက်ထပ်ဖို့ကိစ္စ မြန်မြန်အကောင်အထည်ဖော်မှနဲ့တူရဲ့ဗျို့"

"ဟုတ်ပါရဲ့ဗျာ၊ သူတို့အဖို့ မြန်လေကောင်းလေဖြစ်မှာပါပဲ၊ ကျူပ်တို့လူကြီးတွေလည်း မြန်မြန်ရင်အေးတာပေါ့ဗျာ မဟုတ်ဘူးလား"

ခေါင်ရည်ဝိုင်းက ညမှောင်လာသည်နှင့်အမျှ အရှိန်ပိုရလာကာ ရယ်သံမောသံများဖြင့် စည်ဝေလာတော့၏။

သူတို့ဝိုင်းအနီးတွင် မီးပုံကြီးဖိုပြီး မီးပုံပွဲပါ ပြုလုပ်ရာ ထိန်ထိန်သာသော လရောင်အောက်တွင် မီးရောင်ပါဟပ်လျက်ရှိတော့သည်။





ညဥ့်အတော်ရင့်လာပြီး ဝိုမှိုအေးစိမ့်လာသည်တွင် မြပဝါက ထိုင်ရာမှ ထလိုက်သည်။

"ဝိုအေးလာပြီဗျ ... ကုတ်အင်္ကျီထပ်ဝတ်လိုက်ဦးမယ်ဗျာ"

ဟုပြောကာ ဝိုင်းထဲမှထွက်လာပြီး စံအိမ်ကြီးထဲဝင်ရန် ကျောက်သားလှေကားထစ်များကို တက်လာစဉ် လှူရဲအနီးမှ အဖြတ် ...

"လှူရဲ ငါနဲ့လိုက်ခဲ့စမ်း"

ဟု ခေါ်လိုက်လေ၏။

လှူရဲလည်း မြပဝါနောက်သို့လိုက်ပါခဲ့ရာ မြပဝါက အိမ်ပေါ်ထပ်သို့မတက်ဘဲ စကြံလမ်းအတိုင်း စံအိမ်ကြီး၏နောက်ဝိုင်းသို့ လျှောက်သွားရင်းမှ တစ်နေရာအရောက်တွင် ရပ်လိုက်ကာ လှူရဲကို လှည့်ကြည့်သည်။

"လှူရဲ ...ဒီနေ့ည မြေအောက်ခန်းထဲမှာ သစ္စာဖောက်တစ်ယောက်ကို သုတ်သင်စရာရှိတယ်၊ မြေအောက်ခန်းကို ရှင်းလင်းပြီး အသင့်ပြင်ထားဖို့ ကျွဲပခုံးကို ငါ မှာထားပြီးပြီ၊ မင်းနဲ့ ကျွဲပခုံး မြေအောက်ခန်းထဲမှာ အသင့်စောင့်နေရမယ်"

လှူရဲ လွန်စွာအံ့သြသွားသည်။

"ဘယ်သူ့ကို သုတ်သင်မှာလဲ ဆရာကြီး"

"အချိန်တန်တော့ သိရမှာပေါ့ကွာ ...ကဲ ...သွား

သွား ရှေ့ကသွား"

သို့ဖြင့် လူရဲမှာ ရှေ့မှဦးဆောင်ကာ စတိုခန်းကြီးရှိရာသို့ လှမ်းခဲ့ရတော့၏။

ခပ်ဟဟပွင့်နေသော တံခါးဝမှ စတိုခန်းကြီးထဲ လှမ်းဝင်လိုက်ရာ နံရံမှ မီးအိမ်များကို ထွန်းညှိထားသဖြင့် စတိုခန်းကြီးမှာ လင်းထိန်လျက်ရှိလေသည်။

စတိုခန်းအလယ်၌ခင်းထားသည့် ကော်ဇောကြီးမှာ လန်လျက်ရှိပြီး မြေအောက်ခန်းသို့ဆင်းသည့် အပေါက်ပေါ်နေရာ ထိုအပေါက်ရှိ ကျောက်သားလှေကားထစ်များကိုနင်းကာ မြေအောက်ခန်းကြီးထဲ ဆင်းခဲ့ရလေ၏။

ကျယ်ပြန့်လှသော မြေအောက်ခန်းဆောင်ကြီးတစ်ခုလုံး၏နံရံတို့မှ ဖန်မီးအိမ်များကို ထွန်းညှိထားရာ လင်းကျင်းလျက် ရှိလေသည်။

"စင်္ကြံလမ်းအတိုင်း စီရင်ဆောင်ကိုသွား"

နောက်မှလိုက်ပါလာသည့် မြပဝါက ညွှန်ကြားသဖြင့် မှောင်နေသည့် အကျဉ်းခန်းများကြားရှိ စင်္ကြံလမ်းအတိုင်း ဆက်လျှောက်ခဲ့ရလေ၏။

စင်္ကြံလမ်းဆုံးသွားသည်တွင် သစ္စာဖောက်များ၊ ရန်သူများအား မြပဝါကိုယ်တိုင် အဆုံးစီရင်သတ်ဖြတ်လေ့ရှိရာ စီရင်ခန်းကြီးသို့ ရောက်ရှိသွားပါတော့သည်။





စီရင်ခန်း၏နံရံများတွင် ဖန်မီးအိမ်ကြီးများကို ချိတ်ဆွဲထွန်းညှိထားရာ တစ်ခန်းလုံး လင်းကျင်းလျက် ရှိလေသည်။

ပေနှစ်ဆယ်ပတ်လည်ခန့်ရှိသော အခန်းကြီး၏အလယ်တွင် ကုလားထိုင်တစ်လုံးကိုချထားပြီး ယင်းကုလားထိုင်အနီး၌ မတ်တတ်ရပ်နေသည့် ကျွဲပခုံးကို တွေ့ရလေ၏။

လူရဲက စီရင်ခန်း၏နံရံ၌ နီညိုရောင်သွေးကွက်များ၊ သွေးစက်များ ပေကျံနေသည်ကို မျက်လုံးဝေ့ကြည့်နေစဉ်မှာပင် သူ၏နောက်ကျောသို့ အေးစက်မာကျောသောအရာတစ်ခု လာရောက်ထိတွေ့လိုက်သည်ကို သတိပြုမိလိုက်ပြီး မြပဝါ၏တင်းမာခက်ထန်သော အမိန့်ပေးသံကိုပါ ကြားရလေသည်။

"မလှုပ်နဲ့လူရဲ ... မင်းလှုပ်လိုက်တာနဲ့ မင်းရဲ့ဦးနှောက်တွေ တစ်စစီဖြစ်သွားမယ်"

လူရဲမှာ မျှော်လင့်မထားသဖြင့် လွန်စွာအံ့ဩတုန်လှုပ်သွားတော့၏။

"ဒါ ... ဘာသဘောလဲ"

"ဟား ဟား ဟား ... ဘာသဘောရမလဲ၊ မင်းကို ဖမ်းလိုက်ဟဲ့သဘောပေါ့"

"ကျုပ်မှာ ဘာအပြစ်ရှိလို့လဲ"

"ဘာအပြစ်ရှိသလဲဆိုတာကို မင်း မကြာခင် သိရမယ်လေ"

"ကဲ . . . ဟိုအစွန်းထောင့်က ကြိုးခွေကိုယူပြီး ဒီကောင့်ကို လက်ပြန်ကြိုးတုပ်စမ်း ကျွဲပခုံး"

လူရဲမှာ ပစ္စတိုဖြင့် အနီးကပ် ချိန်ခြင်းခံရထားရသောကြောင့် မလှုပ်သာချေ။ ကျွဲပခုံးက လူရဲကို လက်ပြန်ကြိုးတုပ်လိုက်သည်။

"ကဲ . . . အဲဒီခုံပေါ်မှာ ထိုင်စမ်း"

လူရဲက မြပဝါ၏အမိန့်အတိုင်း ကုလားထိုင်တွင် ထိုင်လိုက်ရ၏။

"ကုလားထိုင်နဲ့ပူးပြီး ချည်ထားလိုက်"

ကျွဲပခုံးက လူရဲကို ကုလားထိုင်နှင့် တွဲချည်တုပ်နှောင်လိုက်သည်။ လူရဲမှာ မဟာရန်သူတော်မြပဝါ၏လက်အတွင်း မမျှော်လင့်ဘဲ ကျရောက်သွားရသဖြင့် လွန်စွာမခံချိမခံသာဖြစ်လျက်ရှိသော်လည်း ရန်သူက လက်ဦးသွားပြီမို့ မည်သို့မျှ မတတ်နိုင်တော့ချေ။

သူ့ကို မည်သည့်အကြောင်းကြောင့် ဖမ်းမှန်းမသိသောကြောင့်လည်း အံ့သြနေ၏။

"ရော့ . . . ဟောဒါနဲ့ ဒီကောင့်ပါးစပ်ကို စည်းထားလိုက်၊ ဒါမှ ဒီကောင် ဆင်ခြေဆင်လက်မပေးနိုင်မှာ"

မြပဝါက သူ့လည်ပင်းမှ မာဖလာကိုဖြုတ်ကာ လှမ်းပစ်ပေးလိုက်ရာ ကျွဲပခုံးက ဖမ်းယူပြီး လူရဲ၏ပါးစပ်ကို ပိတ်ဆီး





လျက် ဦးခေါင်းနောက်ဘက်တွင် ခပ်တင်းတင်းချည်ထားလိုက်လေသည်။

မြပဝါက နံရံတစ်ခုမှ သံချိတ်တွင် ချိတ်ထားသော ခေါင်းစွပ်နက်တစ်ခုကို ဖြုတ်ယူလိုက်ပြီး လူရဲ၏ခေါင်း၌ သူကိုယ်တိုင်စွပ်ပေးလိုက်တော့၏။

"ဟင်း ဟင်း . . . သစ္စာမဲ့တဲ့ကောင်၊ သားရေပေါ်အိပ် သားရေနားစားဖို့ ကြိုးစားတဲ့ကောင်၊ မင်းကို ဒီညတော့ ဟောဒီ သေနတ်နဲ့ တစ်ဖွဲ့ချင်း ဖွဲ့ခြွေပြီး သတ်မယ်မှတ်"

မြပဝါက အံကြိတ်ကာ ကြိမ်းဝါးလိုက်ပြီးနောက် . . .

"ကျွဲပခုံး . . . မင်း ဒီမှာ ဂရုစိုက်စောင့်နေ၊ (၁၀) နာရီတိတိမှာ ဒီကောင့်ကို အဆုံးစီရင်မယ် . . . ကြားလား"

"ဟုတ်ကဲ့ ဆရာကြီး"

ထို့နောက် မြပဝါက စီရင်ဆောင်ကြီးထဲမှ ခြေသံပြင်းပြင်းဖြင့် ထွက်သွားတော့၏။

လူရဲမှာ မြပဝါ၏ ရက်စက်စွာ တစ်ဖက်သတ်စီရင်ခြင်းကို လည်စင်းခံရန် သေဒဏ်ကျအကျဉ်းသားအဖြစ် ကျန်ရစ်ခဲ့ရချေပြီတည်း။

❀ ❀ ❀

## လွှတ်ရာလွှတ်ကြောင်း



မြပဝါသည့် ဆွယ်တာပေါ်မှ ကုတ်အင်္ကျီရှည်ကြီး ထပ်ဝတ်ကာ ခေါင်ရည်ဝိုင်း၌ ဟန်မပျက် ပြန်ထိုင်လိုက်သည်။

ညက နက်သည်ထက် နက်လာပြီး အအေးပိုလာသော်လည်း ရောမမီးပုံကြီး၏အပူငွေ့ကြောင့်လည်းကောင်း၊ ခေါင်ရည်၏တန်ခိုးကြောင့်လည်းကောင်း၊ ခေါင်သောက်သူလူသူတစ်စုမှာ ညဉ့်နက်လာသည်ကို ဂရုမပြုမိကြဘဲ ပျော်ရွှင်စွာ ရယ်မောစားသောက်လျက် ရှိလေ၏။

ခေါင်ရည်ဝိုင်းအရှိန် မြင့်သည်ထက် မြင့်လာသည်နှင့်အမျှ နေညြဇာမှာ အတော်မူးလာပြီး ...

"လုမြာ ကိုယ်သွားတော့မယ်"





ဟု လုမြာကို တိုးတိုးကပ်ပြောလိုက်၏။

"အိပ်တော့မလို့လား၊ သိပ်မူးနေရင်လည်း သွားလေ၊ လုမြာကတော့ ဖေဖေ့ကို စောင့်ဦးမယ်၊ ဖေဖေက အတော်ပျော်နေတာ"

ခေါင်အတော်မူးနေပြီဖြစ်သည့် ဦးပေါက်ရယ်မှာ ပျော်လွန်းသဖြင့် လက်ခုပ်လက်ဝါးတီးကာ ကယားသီချင်းများကိုပင် အော်ဆိုလျက်ရှိလေသည်။

နေညြဇာက လုမြာကို နှုတ်ဆက်ကာ ဝိုင်းမှ အသာထပြီး စံအိမ်ကြီးထဲ ဝင်လာခဲ့သည်။

"ကိုလူရဲရော"

လူရဲကို တခုတ်တရမေးသည့်အပြင် လူရဲဟု ခါတိုင်းခေါ်နေကျမှ ကိုလူရဲဟု နေညြဇာက ခေါ်လိုက်သဖြင့် မိုးကြီးရော ညိုလုံးပါ အံ့ညြသွားကြလေ၏။

"လူရဲကို အိမ်နောက်ဖက် ဆရာကြီးခေါ်သွားတာပဲ"

နေညြဇာက လူရဲအား တွေ့လိုစိတ်ဖြစ်ပေါ်လာသဖြင့် အိမ်နောက်ဖက်သို့ ဝင်လိုက်လာခဲ့သည်။

"ဟင်! ...သူ့အခန်းထဲမှာလည်း မရှိပါလား"

လူရဲ၏အခန်းတံခါးကို တွန်းဖွင့်ကြည့်လိုက်တော့လည်း အထဲမှာဟောင်းလောင်း။

နေညြဇာမှာ စဉ်းစားရကျပ်သွားပြီး စကြံလမ်းအတိုင်း

စံအိမ်ကြီး၏နောက်ပိုင်းသို့ လျှောက်လာရင်းမှ စတိုခန်းရှေ့သို့ ရောက်လာတော့၏။

"ဟင် ... စတိုခန်းထဲမှာ မီးရောင်တွေ့ရပါလား"

ခပ်ဟဟပွင့်နေသည့် စတိုခန်းတံခါးကို နေသြဇာက တွန်းဖွင့်လိုက်သည်။

"ဟာ ... မြေအောက်ခန်းဆင်းတဲ့အပေါက်ကြီးလည်း ပွင့်လို့၊ ညကြီးမင်းကြီး မြေအောက်ခန်းထဲ ဘယ်သူ ဘာဝင်လုပ်ပါလိမ့်"

နေသြဇာမှာ ခေါင်းတနိုးကြောင့် ခပ်မှေးမှေးဖြစ်နေခဲ့ကြသည့် မျက်လုံးများပင် ကျယ်သွားရတော့၏။

"မီးအိမ်တွေလည်း ထွန်းထားတယ်၊ ဘာအစီအစဉ်ရှိလို့လဲ၊ ငါလည်း ဘာမှမသိရပါလား"

သူက မကျေမနပ်ရေရွတ်လိုက်ရင်း ကျောက်သားလှေကားထစ်များအတိုင်း မြေအောက်ခန်းကြီးထဲသို့ ဆင်းလာတော့သည်။

စစ်ကြောရေးခန်းဆောင်နှင့် အကျဉ်းခန်းတွေကို လွန်ခဲ့သည်တွင် စီရင်ခန်းကြီး၏အဝသို့ ရောက်ရှိသွားတော့၏။

"ဟာ!"

စီရင်ခန်းထဲမှ မီးရောင်အောက်တွင် ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်လျက် လက်ပြန်ကြိုးတုပ်ခံထားရသည့် ခေါင်းစွပ်





နက်နှင့်အကျဉ်းသားကို မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် နေ့သြဇာ လွန်စွာအံ့အားသင့်သွားရာ မှုးနေသည်များပင် ကြက်ပျောက်ငှက်ပျောက် ပျောက်သွားရလေတော့သည်။

အခန်းထောင့်မှ ခွေးခြေတစ်လုံးတွင် ထိုင်နေသည့် ကျွဲပခုံးက နေသြဇာဝင်လာသည်ကိုမြင်လျှင် မတ်တတ်ထရပ်လိုက်၏။

"ကျွဲပခုံး သူက ဘယ်သူလဲ"

"လူရဲပါ"

"ဘာ"

နေသြဇာမှာ လွန်စွာအံ့သြတုန်လှုပ်သွားတော့၏။ သူက မယုံနိုင်သလိုဖြစ်ကာ ရှေ့သို့ ခပ်သွက်သွက်လှမ်းသွားပြီး ခေါင်းစွပ်နက်ကို ဆွဲချွတ်ကြည့်လိုက်လေသည်။

ပါးစပ်ကို ပိတ်စည်းထားခြင်းခံရသော လူရဲမှ လူရဲအစစ်။

"ဟာ ... ဘယ်လိုဖြစ်တာလဲ"

"ကျုပ်လည်း ကောင်းကောင်းမသိဘူး၊ ဆရာကြီးက ချုပ်ခိုင်းလို့ ချုပ်ထားရတာပဲ၊ ဆရာကြီးပြောတော့ သစ္စာမဲ့လို့တဲ့၊ သားရေပေါ်အိပ် သားရေနားစားလို့ ဆိုလားပဲ"

နေသြဇာက လူရဲ၏ပါးစပ်အား ဆီးပိတ်ထားသော မာဖလာကို ဖြည်ပေးလိုက်သည်။

"အစ်ကိုလူရဲ ... အဖေနဲ့ ဘာပြဿနာဖြစ်လို့လဲ"

"ကျုပ်လည်း မသိဘူး၊ သူက ဒီမြေအောက်ခန်းထဲ ခေါ်လာပြီး သေနတ်နဲ့ တေ့ဖမ်းတော့တာပဲ"

"ကျွဲပခုံး ...ဖေဖေက ဘယ်လိုလုပ်မှာတဲ့လဲ"

"ဒီည (၁၀) နာရီမှာ အဆုံးစီရင်မယ်လို့ ပြောတယ်"

နေသြဇာ ပခုံးတွန့်လိုက်မိသည်။ မိမိ၏ဖခင်ကြီး အကြောင်း မိမိကောင်းစွာသိသည်။ ဘူးဆို ဖရုံသီးတတ်သူမျိုး မဟုတ်။ ပြောလျှင် ပြောသည့်အတိုင်း တကယ်လုပ်သူဖြစ်သည်။ သူ့ဘက်က အကြောင်းတစ်စုံတစ်ရာ နိုင်နိုင်လုံလုံရှိလိမ့်မည်။ လူရဲအား ဦးသက္က၏သားမှန်း သိသွားပြီထင်သည်။

သည်အတိုင်းဆို လူရဲကို ယနေ့ည သတ်မှာ ကျိန်းသေ၏။

သူ မည်သို့လုပ်ရမည်နည်း။

နေသြဇာက ခေတ္တတွေဝေစဉ်းစားလိုက်ပြီးနောက် ယတိ ပြတ်ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။ သူက လူရဲ၏ကျော ဘက်သို့ ပတ်သွားလိုက်ပြီးမှ ...

"ရော့ ...သူ့ပါးစပ်ကို ပြန်ပိတ်စည်းလိုက်"

ဟုပြောကာ ကျွဲပခုံးထံသို့ မာဖလာကို ပစ်ပေးလိုက်၏။

ကျွဲပခုံးက နေသြဇာကို ကျောခိုင်းထားလျက်မှ မာဖလာ ဖြင့် လူရဲ၏ပါးစပ်အား ပတ်စည်းနေစဉ် နေသြဇာက သူ၏ကုတ် အကျီအောက်အိတ်ထဲမှ ပစ္စတိုသေနတ်ကိုထုတ်ကာ သေနတ်ဒင်





ဖြင့် ကျွဲပခုံး၏ဦးခေါင်းနောက်ပိုင်းအား ခပ်ဆတ်ဆတ်ထုချလိုက် တော့သည်။

'ဒုတ်'

"အ"

လက်ဆကောင်းလှသဖြင့် ကျွဲပခုံးမှာ ဒူးညွတ်ကာ သံမံ တလင်းပေါ် ခွေခနဲကျသွားတော့၏။

ပြီးနောက် ကျွဲပခုံး၏ချိုင်းနှစ်ဖက်မှမကာ စကြံလမ်းဆီ တရွတ်တိုက်ဆွဲခေါ်သွားလျက် အကျဉ်းခန်းတစ်ခုထဲသို့ ထည့် ထားလိုက်လေသည်။

ထို့နောက် နေသြဇာက လူရဲအား တုပ်နှောင်ထားသည့် ကြိုးတို့ကို ခပ်မြန်မြန်ဖြည်ပေးလိုက်၏။

"ဒီမှာအစ်ကို ...အစ်ကိုဟာ ကျွန်တော့်ရဲ့အစ်ကို အရင်းဖြစ်တာကို ကျွန်တော် သိပြီးပါပြီ"

"ဟင်!"

လူရဲက နေသြဇာ၏မျက်နှာအား အံ့သြစွာကြည့်လိုက် တော့သည်။

"မေမေပြောပြလို့ အစ်ကို့ရဲ့ဘဝဇာတ်ကြောင်းကို ကျွန် တော် သိပြီးပါပြီး အစ်ကို၊ ကျွန်တော်နဲ့အစ်ကိုက တစ်မအေထဲက ညီအစ်ကိုဆိုတာ သိပြီးပါပြီ"

"အို ...ဟုတ်လား၊ ညီ ...ညီလေး သိသွားပြီလား။

ဝမ်း ...ဝမ်းသာလိုက်တာ ညီလေးရာ"

လှုရဲက ညီဖြစ်သူကို ဝမ်းသာအားရဖက်လိုက်၏။ နေညြဇာကလည်း သူ့ကိုတင်းကျပ်စွာ ပြန်ဖက်သည်။

"ကျွန်တော်ဟာ မွေးချင်းပေါ်နေသူတစ်ကောင်ကြွက်ပါ အစ်ကို၊ ကျွန်တော့်မှာ အစ်ကိုရင်းရှိနေမှန်းသိတော့ သိပ်ကို ဝမ်းသာသွားတာပဲ၊ ဒါ ...ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်သလဲ ညီလေး"

"အဖေကတော့ အစ်ကို့ကို လက်ခံမှာမဟုတ်ဘူး၊ အစ်ကို့ကို ဦးသက္ကရဲ့သားမှန်း သိသွားပုံရတယ်၊ ဒါကြောင့် အစ်ကို့ကို အပြတ်ရှင်းဖို့ စီစဉ်တဲ့ပဲဖြစ်မယ်၊ ကျွန်တော့်ကိုတောင် ခါတိုင်းလို အသိမပေးဘူး"

"ဟုတ်မှာပေါ့၊ သူကတော့ ...ကျူပင်ခုတ် ကျူငုတ်မကျန် ရှင်းချင်မှာပါပဲ၊ ဘော်ဟိုရွာမှာတုန်းက အစ်ကိုတို့သားအဖကို တစ်ခါတည်း မသတ်ခဲ့တာကတော့ မေမေက သူ့ကို သိပ်နာကြည်းသွားမှာစိုးလို့ပဲဖြစ်မယ်"

"ဘာပဲဖြစ်ဖြစ် အဖေဟာ ဆုံးဖြတ်ပြီးရင် ပြင်လေ့မရှိဘူး၊ အစ်ကို ...ဒီညမှာ အစ်ကို့ကို ကျိန်းသေသတ်တော့မှာ၊ ဒီတော့ ဒီညပဲ လွတ်အောင်ပြေးတော့ အစ်ကို"

"ဒီစံအိမ်ကြီးထဲကထွက်ဖို့ လွယ်မှာမဟုတ်ဘူးနော်"

"အစ်ကိုထွက်နိုင်အောင် ကျွန်တော် စီစဉ်ပေးမယ်၊





အစ်ကို့နေရာမှာ ကျွန်တော့်ကိုထားခဲ့၊ ဒီမြေအောက်ခန်းထဲက အစ်ကိုပျောက်သွားတာကို အဖေ ချက်ချင်းသိသွားရင် သူ့လူတွေနဲ့ ချက်ချင်းဖြန့်ရှာမှာ၊ ဒါဆို အစ်ကို့ကို ပြန်မိသွားမှာပဲ၊ ဒီတော့ ကျွန်တော့်ကို အစ်ကို့နေရာမှာထားခဲ့၊ ဒါမှ အချိန်ဆွဲထားသလို ဖြစ်မှာ၊ ပြီးရင် ...မေမေ့ကို အစ်ကို ချက်ချင်းသွားတွေ့လိုက်ပါ၊ အစ်ကို လွတ်မြောက်အောင် မေမေ ကူညီပါလိမ့်မယ်၊ ကျွန်တော် ပြောတာ သဘောပေါက်တယ်နော် အစ်ကို"

"သဘော ...သဘောပေါက်ပါတယ်ကွာ၊ ဒါပေမဲ့ ငါ့ညီကို သူက လူမှားသတ်ရင် ဘယ်လိုလုပ်မလဲ၊ အစ်ကို အဲဒီလို အဖြစ်မခံနိုင်ဘူး"

"ဖေဖေက လူတစ်ယောက်ကို ချက်ချင်းသတ်လေ့မရှိဘူး အစ်ကို၊ ကြောက်က ကြွက်ကိုစားခါနီး ကစားသလို သူ့ရန်သူကို စိတ်ရော လူပါ တတိတိညှဉ်းဆဲပြီးမှ အရသာခံသတ်တတ်သူပါ၊ သူ ကျွန်တော့်ကို ရုတ်တရက်မသတ်ပါဘူး၊ ကျွန်တော့်အတွက် ဘာမှမပူပါနဲ့ အစ်ကို"

လှုရဲအတွက် ရွေးစရာလမ်း မရှိချေ။

"ကဲ ...ကျွန်တော့်ကို ကြိုးတုပ်ပြီး သွားတော့အစ်ကို၊ အချိန်မရှိဘူး"

ပြောပြောဆိုဆိုဖြင့် နေညြဇာက ကုလားထိုင်၌ ထိုင်လိုက်လေ၏။ လှုရဲက နေညြဇာကို လက်ပြန်ကြိုးတုပ်လိုက်ပြီး

ကုလားထိုင်နှင့်ပါ ပူးချည်လိုက်သည်။

"ခပ်တင်းတင်းသာချည် အစ်ကို၊ ဒါမှ ယုတ္တိရှိမှာ၊ ပါးစပ်ပါ ပိတ်ချည်ထားခဲ့၊ ခေါင်းစွပ်ပါ စွပ်၊ ပြီးရင် ကျွန်တော့် ပစ္စတိုကို ယူသွား"

လူရဲက မာဖလာဖြင့် နေသြဇာ၏ပါးစပ်ကိုပါ ပိတ်စည်းချည်လိုက်ကာ ညီဖြစ်သူ၏နဖူးအား ငုံနမ်းလိုက်ပြီးမှ ခေါင်းစွပ်နက်ကို စွပ်ပေးလိုက်၏။

"ကဲ ညီလေး ...အစ်ကို သွားတော့မယ်"

နေသြဇာက ခေါင်းညိတ်ပြလိုက်သည်။

လူရဲလည်း နေသြဇာ၏ပစ္စတိုကိုယူပြီး နောက်စီရင်ခန်းထဲမှ ခပ်သွက်သွက်လှမ်းထွက်ခဲ့တော့၏။

ခဏချင်းမှာပင် လူရဲသည် မြေအောက်ခန်းကြီးထဲမှ တက်ခဲ့ပြီး စတိုခန်းထဲမှထွက်ကာ စင်္ကြံလမ်းအတိုင်း ခပ်သွက်သွက် လျှောက်လာခဲ့သည်။

ကံအားလျော်စွာပင် ညှိခန်းမကြီးထဲ၌ မည်သူမျှရှိမနေဘဲ သက်တော်စောင့်အားလုံးမှာ ဆင့်ဝင်အောက်၌ရောက်နေကြပြီး ညှိခန်းမကြီးကို ကျောခိုင်းရပ်နေကြလေ၏။

လူရဲက ညှိခန်းမကြီးကို ခြေဖော့နင်းဖြတ်သန်းခဲ့ကာ ကျွန်းလှေကားကြီးအတိုင်း ခပ်သွက်သွက်တက်လာခဲ့စဉ် အိမ်အပြင်ဘက်ရှိ ခေါင်ရည်ဝိုင်းမှ သီချင်းဆိုသံများ၊ ရယ်သံများကို





ခပ်သဲ့သဲ့ကြားရလေသည်။

အိမ်ပေါ်ထပ်ရောက်သည်နှင့် လူရဲသည် မိခင်ကြီးတို့၏ အိပ်ခန်းကြီးထဲ ခပ်သွက်သွက်ဝင်သွားလိုက်တော့၏။

"မေမေ"

"ဟင်"

အိပ်ရာပေါ်ခွေလှဲနေသည့် ဒေါ်ယဉ်မွန်မှာ ချက်ချင်းလူးလဲထလိုက်ရှာသည်။

လူရဲက သူတို့ညီအစ်ကိုဖြစ်ပျက်နေသည်တို့ကို ခပ်တိုတို သွက်သွက်ပြောပြလိုက်၏။

"အို ...ဖြစ်ရလေ"

ဒေါ်ယဉ်မွန်မှာ အတော်တုန်လှုပ်သွားရှာသည်။

"ဟုတ်တယ် ...သူဟာ သားကြီးကို ကျိန်းသေသတ်မှာပဲ၊ ဒါပေမဲ့ ဘာမှမပူပါနဲ့၊ သားကြီး လွတ်မြောက်စေဖို့ မေမေ ကြိုးစားပေးပါ့မယ်၊ ကဲ ...လာ ...သား"

ဒေါ်ယဉ်မွန်က လူရဲ၏လက်ကို ဖျတ်ခနဲဆွဲကာ အိပ်ခန်းကြီးထဲမှ လျင်မြန်စွာ လှမ်းထွက်တော့၏။

"လာ ...သား အိမ်နောက်ဘက် ကြောင်လိမ်လှေကားကနေ ဆင်းကြမယ်"

သူမတို့သားအမိသည် အိမ်နောက်ဘက်သို့ လျှောက်လာခဲ့ကြပြီး နောက်ဖေးဘက်သို့ ထွက်သည့်တံခါးအား ချက်ဖြုတ်

ဖွင့်ကာ နောက်ဘက်ဝရန်တာသို့ ထွက်လိုက်ကြလေသည်။

အပြင်ဘက်တွင် တပို့တွဲလ၏လပြည့်လဝန်းက ထိန်ထိန်သာနေရာ ညမှာအေးစိမ့်လျက် ရှိ၏။

ဒေါ်ယဉ်မွန်နှင့်လူရဲတို့ သံကြောင်လိမ်လှေကားမှ ဆင်းလာကြစဉ် ခြံရှေ့ပိုင်းမှ မြပဝါ၏အော်ပြောသံကို ကြားလိုက်ရသည်။

"ကဲ ... ကိုးနာရီကျော်ပြီ ... မီးပုံပွဲကိုအောင်မြင်စွာသိမ်းစို့၊ ကျုပ်ရဲ့ရွှေညှော်သည်ကြီးတွေလည်း အိပ်ချင်ကြရော့မယ်၊ ညဉ့်နက်ပြီး တအားအေးလာပြီ ... သိမ်းစို့ ... သိမ်းစို့"

"သား သူတို့ သောက်ပွဲစားပွဲသိမ်းပြီး အိမ်ကြီးထဲ ဝင်သွားတာနဲ့ မေမေတို့ ရထားလုံးနဲ့ထွက်ကြမယ်၊ သား ဘာမှမပူနဲ့ မေမေ ကြည့်စီစဉ်မယ်"

ဒေါ်ယဉ်မွန်က ဦးဆောင်ကာ မြင်းဇောင်းဆီ လျှောက်သွားသည်။ မြပဝါတို့၏သောက်ပွဲစားပွဲမှာ စံအိမ်ကြီး၏တစ်ဖက်အခြမ်းမှာဖြစ်ရာ မြင်းဇောင်းရှိရာဘက်တွင် လူသူရှင်းလင်းတိတ်ဆိတ်လျက် ရှိပါ၏။

"စောလု ... စောလု"

ဒေါ်ယဉ်မွန်၏ခေါ်သံကြောင့် လက်စွဲတော်ရထားမောင်းသမားစောလုမှာ မြင်းဇောင်းအပေါ်ထပ်မှ ဆင်းလာသည်။

"ဟဲ့ ... စောလု ငါမြို့ထဲပိုင်းသွားစရာရှိလို့ ရထား





ကို ခပ်မြန်မြန်ပြင်စမ်း"

စောလုလည်း ခေါင်းရည်အတော်မူးနေဟန်ရှိသည့်တိုင် သူ့သခင်မကို လွန်စွာကြောက်ရသူမို့ မြင်းရွှေနီကို ဇောင်းထဲမှ ဆွဲထုတ်လာကာ မြင်းရထားတွင် တပ်တော့၏။

ဒေါ်ယဉ်မွန်နှင့်လူရဲတို့လည်း ရထားလုံးပေါ်တက်လိုက်ကြပြီးနောက် ခြံရှေ့ပိုင်းဆီမှ လူသံသူသံများ စဲသွားချိန်တွင် မြင်းရထားကို ခပ်ဖြည်းဖြည်း စထွက်စေတော့သည်။

## မာယာလှည့်ကွက်

ညှိသည်တော်ကြီးများအားလုံး အိပ်စက်ရန် အိမ်ပေါ်ထပ်သို့ တက်သွားကြသည်နှင့် မြပဝါက သက်တော်စောင့်များအားလုံးကိုခေါ်ကာ စတိုခန်းကြီးဆီသို့ လာခဲ့လေ၏။

သူက စတိုခန်းကြီးသို့ရောက်ရှိပြီး မြေအောက်ခန်းထဲမဆင်းမီမှာ သူ့လူများဘက်သို့လှည့်ပြောလိုက်သည်။

"ဒီနေ့ည သစ္စာဖောက်တစ်ယောက်ကို သုတ်သင်စရာရှိလို့ မင်းတို့ကို ခေါ်လာတာပဲ၊ ငါ့အပေါ် သစ္စာမဲ့တဲ့သူတွေကို ငါ ဘယ်လိုစီရင်တတ်သလဲဆိုတာ မင်းတို့ ကြည့်ထားကြ"

"ဪ . . . ဒါထက် ငါမေ့နေလိုက်တာ၊ မိုးကြီး ယဉ်မွန်ကို သွားခေါ်စမ်း၊ အခုချက်ချင်း မြေအောက်ခန်းထဲလိုက်ခဲ့လို့"





"ဟုတ် . . . ဟုတ်ကဲ့"

မိုးကြီးက စတိုခန်းကြီးထဲမှ ပြန်ထွက်သွားပြီး မြပဝါတို့လူစုမှာ မြေအောက်ခန်းထဲသို့ ဆင်းခဲ့ကြတော့၏။

ဖန်မီးအိမ်များ ထွန်းညှိထားသည့် စစ်ကြောရေးအခန်းကြီးကို ကျော်ဖြတ်ခဲ့ပြီးနောက် မှောင်ရိပ်ကျနေသော အကျဉ်းခန်းများကြားမှ စကြံကိုဖြတ်သန်းလာခဲ့ကြရာ စီရင်ခန်းမကြီးထဲရောက်ရှိသွားတော့သည်။

စီရင်ခန်းမကြီး၏အလယ်ရှိ ကုလားထိုင်ပေါ်တွင် ခေါင်းစွပ်အနက်ကြီးစွပ်ထားသည့် လူတစ်ဦးမှာ လက်ပြန်ကြိုးတုပ်ခံရလျက်သား ငြိမ်သက်စွာထိုင်နေ၏။

သက်တော်စောင့်အားလုံးမှာ ဖန်မီးအိမ်၏အလင်းရောင်အောက်မှ ထိုသေဒဏ်ချမှတ်ခြင်းခံရသူအားကြည့်ကာ သက်ပြင်းကိုယ်စီ ရှိုက်လိုက်မိကြသည်။

"တွေ့လား . . . ဟော့ကောင်တွေ ငါ့အပေါ် သစ္စာမဲ့တဲ့ကောင်ကို ကြည့်ထားကြ၊ သူ ဘယ်သူလဲ သိသလား"

သက်တော်စောင့်များမှာ တစ်ဦးကိုတစ်ဦး ကြည့်လိုက်ကြ၏။ ထိုအခါ သူတို့သက်တော်စောင့်အဖွဲ့ထဲမှ လူရဲနှင့်ကျွဲပခုံးတို့ လျော့နေသည်ကို သတိပြုမိကြသည်။ သို့သော် အနီးသစ္စာဖောက်သူမှာ လုံခြုံရေးအဖွဲ့ထဲမှလည်းဖြစ်နိုင်သည်ပင်။

"ဘယ်သူလဲသိသလား"

"မ ... မသိပါဘူး ဆရာကြီး"

"အေး ... ခု မကြာခင် သိရစေမှာပေါ့ကွာ၊ နေဦး ယဉ်မွန်လာမှ သူ့ရှေ့မှာ ဒီသစ္စာဖောက်ကောင့်ရဲ့ခေါင်းခွံကို ဖွင့်ပြမယ်"

"ဒါထက် ဒီအခန်းထဲမှာ ကျွဲပခုံးကို စောင့်ခိုင်းထားခဲ့တာ အဲဒီကောင် ဘယ်ရောက်သွားသလဲမသိဘူး"

"ကျွဲပခုံး ... ကျွဲပခုံး"

မြပဝါ၏အသံဝါဝါကြီးနှင့်အော်ခေါ်သံက မြေအောက်ခန်းကြီးထဲတွင် လိုက်သံဖြစ်ကာ ပွဲတင်ထပ်သွားတော့၏။

"တောက် ... တာဝန်ကို အတော်ပေါ့လျော့တဲ့ ကောင်ပါလား။ အကျဉ်းသားကို ဒီအတိုင်းထားခဲ့ပြီး ဘယ်ရောက်သွားသလဲ မသိဘူး။ ရှာစမ်း ... အဲဒီကောင်ကို ဒီမြေအောက်ခန်းထဲမှာရော အိမ်ပေါ်မှာပါ သွားရှာကြစမ်း"

"ဟုတ် ... ဟုတ်ကဲ့"

❀

ယင်းအချိန်တွင် ခြံဘေးမှပတ်ထွက်လာခဲ့သော ရထားလုံးမှာ ခြံရှေ့သို့ရောက်လာတော့၏။





ခြံရှေ့တံခါးပေါက်ကြီးတွင် တာဝန်ကျနေသော လုံခြုံရေးမှူး ဗျာလက ရထားလုံးကို တားလိုက်လေသည်။

ထိုစဉ် ရထားလုံး၏ပြူတင်းပေါက်ထဲမှ ဒေါ်ယဉ်မွန်၏ဦးခေါင်း ထွက်လာပြီး သူမက ဗျာလကို လှမ်းအော်ပြောလိုက်၏။

"ဟေ့ ဗျာလ ... ငါ ဆရာကြီးစောကြာခိုင်ဆီ အရေးပေါ် ဆေးကုသခံယူဖို့သွားမလို့ ခြံတံခါးဖွင့်စမ်း မြန်မြန် ... အား ... ကျွတ် ကျွတ်"

ဗျာလမှာ မျက်လုံးပြူးသွားပြီး ခြံတံခါးသော့ကို ကပျာကယာဖြင့် ဖွင့်ပေးလိုက်ရတော့သည်။

ခြံတံခါးပွင့်သွားသည်နှင့် မြင်းရထားက ခြံဝင်းကြီးထဲမှ တစ်ဟုန်ထိုးပြေးထွက်သွားတော့၏။

'ခွပ် .. ခွပ် .. ခွပ်'

ဗျာလက ခြံဝင်းတံခါးကို ပြန်ပိတ်ရင်း မြင်းလှည်းထွက်သွားရာသို့ လှမ်းမျှော်ကြည့်လိုက်သည်။ မြင်းရထားမှာ အတော်ဝေးဝေးရောက်သည်တွင် မြို့ဘက်သို့ ဦးတည်နေရာမှ လမ်းဖယ်သွားပြီး တောတန်းနှင့်ကျောက်တောင်များရှိရာဘက်သို့ ပြေးသွားသည်ကို လရောင်အောက်တွင် အတိုင်းသားတွေ့ရရာ ဗျာလမှာ အံ့သြနားမလည်နိုင်အောင် ဖြစ်သွားပါတော့သည်။

❀

ဒေါ်ယဉ်မွန်ကိုသွားခေါ်သည့် မိုးကြီးမှာ မြေအောက်ခန်းကြီးထဲသို့ ပြန်ဆင်းလာသည်။

"ဟော့ကောင် မိုးကြီး ဘယ်မှာလဲ ယဉ်မွန်"

"ဒေါ် ... ဒေါ်လေးအပြင်ထွက်သွားတယ် ဆရာကြီး"

"ဘာ ... မင်း ဘာပြောတယ်"

"ဒေါ်လေး နေမကောင်းလို့တဲ့၊ မြို့ထဲပိုင်းက ဆေးဆရာကြီးစောကြာခိုင်ဆီ ဆေးကုခံဖို့ မြင်းရထားနဲ့ စောစောကတင် ထွက်သွားတယ်တဲ့ ဆရာကြီး"

"ဟေ ... ငါ့လည်း ဘာမှမပြောသွားပါလား၊ ညကြီးမင်းကြီး ဘယ်လိုဖြစ်တာလဲ"

"ဗျာ ... ဗျာလကပြောတော့ ဒေါ်လေးက စုတ်တသပ်သပ်နဲ့ ညည်းညူသွားတယ်တဲ့ ဆရာကြီး၊ ဝေဒနာ တော်တော်ခံစားသွားရပုံပဲတဲ့"

"ဟုတ်လား ... ဘာပဲဖြစ်ဖြစ် ငါ့ကိုတော့ အသိပေးသင့်၊ ခွင့်တောင်းသင့်တာပေါ့၊ သူနဲ့ ဘယ်သူပါသွားသလဲ"

"ဘယ်သူမှပါသွားပုံမရဘူး ဆရာကြီး၊ ဟို ... နော်ဖောရော၊ ဝါနုနဲ့လုသာတို့ပါ အိမ်မှာရှိတယ်"

"ဟေ ... အဲဒါက ဘယ်လိုဖြစ်တာလဲ၊ ယဉ်မွန်က





အဖော်မပါဘဲ အပြင်ထွက်တတ်တာ မဟုတ်ဘူး၊ ငါကလည်း ထွက်ခွင့်မပြုခဲ့ဘူး၊ ပြီးတော့ ညကြီးမင်းကြီး"

"ဟုတ် ... ဟုတ်ကဲ့ ... ပြီးတော့ ..."

"ပြီးတော့ ဘာဖြစ်သလဲ ဟော့ကောင်"

"ဟို ... ဒေါ်လေးစီးသွားတဲ့ရထားလုံးက မြို့ထဲဘက်ဦးတည်သွားတာမဟုတ်ဘူးလို့ ဗျာလက ပြောတယ် ဆရာကြီး၊ ကျောက်တောင်တွေဘက် ဦးတည်သွားတာတဲ့"

"ဟေ!"

❀

"ဆရာကြီး ... ကျွဲပခုံးက ဒီအကျဉ်းခန်းထဲမှာ"

"တောက် ... အဲဒီကောင်က အကျဉ်းခန်းထဲ ဘာသွားလုပ်နေတာလဲ၊ သွားအိပ်နေတာလား၊ ခေါင်းမူးနေပြီထင်တယ်၊ ဒါကြောင့် မင်းတို့ သက်တော်စောင့်အကောင်တွေကို ပြောတာ ... ဒီည ခေါင်ချည်ကို မူးအောင်မသောက်ပါနဲ့လို့"

"ခေါင်မူးနေတာ မဟုတ်ဘူး ဆရာကြီး၊ ခေါင်းမှာဒဏ်ရာနဲ့ မေ့နေတာ"

"ဘာ"

ထိုစဉ် သက်တော်စောင့်သာရင်နှင့် ပြားဂေါင်းတို့က သတိလစ်နေသော ကျွဲပခုံးအား အကျဉ်းခန်းများဘက်မှ သယ်မလာကြ၏။

"ဟာ ... ဒီကောင် ဘယ်လိုဖြစ်တာလဲ"

"မသိဘူး ဆရာကြီး၊ နောက်ဖေးမှာ သွေးစို့ဒဏ်ရာတွေ့ရတယ်၊ တစ်ယောက်ယောက်က သူ့ကို နောက်ကနေ ရိုက်လိုက်ပုံပဲ"

"ဟေ ... ဒီမြေအောက်ခန်းကြီးထဲမှာ ဘယ်သူက သူ့ကို လာရိုက်မှာလဲ"

"အဲဒါတော့ မသိဘူးဆရာကြီး"

"တောက် ... ဘယ်လိုဖြစ်နေတာလဲ၊ ယဉ်မွန်ကလည်း မထွက်စဖူး ညကြီးမင်းကြီးမှာ မပြောမဆို ထွက်သွားလို့သွား၊ ကျွဲပခုံးကိုလည်း မြေအောက်ခန်းထဲမှာ ရိုက်သွားလို့သွားနဲ့၊ ဘာတွေဖြစ်ကုန်တာလည်း မသိဘူး"

မြပဝါမှာ ဒေါသဖြစ်စွာ ညည်းညူရင်း ကုလားထိုင်ပေါ်မှခေါင်းစွပ်နက်ကိုကြည့်ကာ စိတ်ထဲဝယ်မသင်္ကာသလိုဖြစ်လာသည်။ လူရဲနှင့် နေညြဗာမှာ လုံးတူရပ်တူဖြစ်ပြီး နှစ်ဦးစလုံးဤညတွင် ကုတ်အကျႌအနက်များဝတ်ထားကြသော်လည်း လူရဲက ဘောင်းဘီရှည်မီးခိုးရောင်ကို ဝတ်ထားပြီး နေညြဗာက သက္ကလတ်ဘောင်းဘီရှည်အနက်ဝတ်ထားသဖြင့် မြပဝါက





ဘောင်းဘီအရောင်ပြောင်းသွားသလိုလို စိတ်ထဲဝယ် ဇဝေဇဝါဖြစ်သွားတော့၏။

ထို့ကြောင့် သူက ခေါင်းစွပ်နက်ဆီ ခြေလှမ်းကျဲကြီးများနှင့် လျှောက်လှမ်းသွားပြီး ခေါင်းစွပ်နက်ကို ဆတ်ခနဲ ဆွဲချွတ်လိုက်တော့သည်။

"ဟိုက်!"

"ဟာ ... ဆရာနေညြဗာပါလား"

"ဟင်!"

မြပဝါရော ကျန်လူများပါ အံ့အားတသင့်ဖြစ်သွားကြရတော့၏။

"ဘယ် ... ဘယ်လိုဖြစ်တာလဲ၊ စောစောက ငါကိုယ်တိုင် ဖမ်းပြီးချုပ်ထားခဲ့တာက လူရဲပါ၊ လူရဲကနေ အခုတော့ ဘယ်လိုဖြစ်ပြီး ငါ့သားဖြစ်နေရတာလဲ"

မိုးကြီးနှင့်ညိုလုံးတို့က သူတို့ဆရာအား မာဖလာနှင့်ကြိုးတို့ကို လျင်မြန်စွာဖြည်ပေးလိုက်ကြ၏။

"သား ... နေညြဗာ ... ဒါက ဘယ်လိုဖြစ်တာလဲ"

"ကျွန်တော် စံအိမ်ကြီးထဲ လျှောက်စစ်ဆေးတုန်း စတိုခန်းထဲက မီးလင်းနေတာတွေ့လို့ ဝင်ကြည့်မိတုန်း နောက်ကနေ တစ်ယောက်ယောက်က ရိုက်လိုက်တာပဲ၊ အဲဒီနောက် မေ့သွားတယ်၊ စောစောကမှ သိရတော့ ကြိုးလည်းအတုပ်ခံထားရသလို

ပါးစပ်ပါ အစည်းခံထားရတယ်''

''တောက် ... လူ့ရဲ ... လူ့ရဲ ဒီကောင် လွတ်ထွက်သွားရာက ဒုက္ခပေးသွားတာပဲဖြစ်ရမယ်၊ ဒီလောက်တုပ်နှောင်ထားတာကို ဘယ်လိုရုန်းထွက်သလဲမသိဘူး''

''ဟုတ်တယ် ... လူ့ရဲလွတ်မြောက်သွားပြီး ယဉ်မွန်ရထားလုံးနဲ့ ထွက်သွားတယ်ဆိုတော့၊ ယဉ်မွန်ရဲ့ရထားလုံးထဲမှာ အဲဒီကောင် ပါသွားတာပဲဖြစ်ရမယ်၊ အဲဒါသေချာတယ်၊ ငါတို့ကို လှည့်စားသွားကြတာပဲ၊ တောက် ... တွေ့ကြသေးတာပေါ့ကွာ''

''ဟော့ကောင်တွေ ... မြင်းရထားတွေရော၊ မြင်းတွေပါ အကုန်ထုတ်၊ အားလုံး လူဖြန့်ပြီး သူတို့ကိုရှာကြ၊ လူ့ရဲကို တွေ့တဲ့နေရာမှာ သုတ်သင်ပစ်''

မြပဝါက ဒေါသတကြီးဖြင့် အော်ဟစ်အမိန့်ပေးလိုက်ရာ သူ၏အသံဝါကြီးက မြေအောက်ခန်းအနှံ့ ပဲ့တင်ထပ်မြည်ဟိန်းသွားပါတော့သတည်း။

❀ ❀ ❀





## ထာဝရ ရင်ခွင်ရိပ်

''မြင်းရထားကို ရပ်လိုက်တော့ စောလု''

ရထားပြတင်းပေါက်မှ ခေါင်းထွက်ကာ ဒေါ်ယဉ်မွန် အော်ဟစ်အမိန့်ပေးလိုက်သည်တွင် ရထားမောင်းသမား စောလုက မြင်းဇက်ကြိုးကို တုံ့ခနဲဆွဲကာ ရထားရပ်လိုက်တော့သည်။ ဒေါ်ယဉ်မွန်ရော လူ့ရဲပါ ရထားပေါ်မှ ဆင်းလိုက်ပြီး ...

''ကဲ ... သားရော့ ဒီငွေနဲ့ရတနာအထုပ်ကိုယူပြီး မင်းလွတ်ရာကို ပြေးပေတော့၊ မေမေ ဒီကပဲ လှည့်ပြန်တော့မယ်၊ မော်ပိုင်မြို့ဘက်တော့ မပြေးနဲ့၊ ဟိုးရှေ့က ကျောက်တောင်တွေကိုကျော်ရင် ရွှေကျင်ချောင်းဖျားဒေသဆီ ရောက်သွားလိမ့်မယ်၊ ရွှေကျင်ချောင်းအတိုင်း စုန်ဆင်းပြေးပေတော့၊ မြပဝါအဖွဲ့ရဲ့

ညြဇာဟာ အဲဒီဘက်အထိ မသက်ရောက်ဘူး။ သူတို့ အဲဒီအထိ မလိုက်ရဲဘူး''

ခေါ်ယဉ်မွန်က အနောက်တောင်ဘက်ရှိ ကျောက်တောင်တန်းများဆီသို့ လက်ညှိုးညွှန်လျက် ပြောသည်။

''မေမေ ... ကျွန်တော် ဒီဒေသဆီလာတာ မေမေ့ကို မိစ္ဆာကောင်ကြီး စောမင်းရဲ့လက်ထဲက ကယ်တင်ဖို့လာခဲ့တာပါ မေမေ၊ မချစ်မနှစ်သက်သူကို နှစ်ပေါင်းများစွာ ကြိတ်မှိတ်ပေါင်းသင်းနေရတဲ့ ဝဋ်ကနေ မေမေလွတ်အောင် ခေါ်ထုတ်ဖို့ ကျွန်တော် လာခဲ့တာပါ မေမေ၊ ကျွန်တော်နဲ့ လိုက်ခဲ့ပါ''

လူရဲက မိခင်၏လက်အား မလွှတ်စတမ်း ဆုပ်ကိုင်ထားရင်း ပြောသည်။

''သားရယ် ... သားပဲသွားပါ၊ သူတို့ရဲ့ရန်က လွတ်အောင် ရှုန်းပါကွယ်၊ သူတို့သားကို ဒီတစ်ခါမိသွားရင် လွယ်မှာမဟုတ်ဘူး။ ချက်ချင်း သတ်ပစ်ကြမှာ''

''ဟင့်အင်း မေမေ ... မေမေမပါဘဲ သား ဘယ်မှ မသွားဘူး။ သားနဲ့လိုက်ခဲ့ပါ မေမေ၊ သားမေမေနဲ့အတူ အေးအေးချမ်းချမ်းနေချင်လှပြီ၊ မိစ္ဆာကောင်ကြီး မြပဝါရဲ့လက်အောက်မှာ ဒုက္ခခံနေရတဲ့ဘဝကနေ ထွက်ခဲ့ပါ မေမေနော် သားနဲ့လိုက်ခဲ့ပါ''

''သား ... မေမေ မလိုက်ပါရစေနဲ့၊ မေမေလိုက်လို့ မဖြစ်ဘူး''





''ဘာ ... ဘာဖြစ်လို့လိုက်လို့ မဖြစ်တာလဲ မေမေ''

''သားလိုပဲ မေမေ့မှာ နောက်ထပ် သားတစ်ယောက်ရှိသေးတယ်လေ၊ သားငယ်ကိုပစ်ပြီး စွန့်ခွာထားရစ်ပြီး မေမေ ဘယ်လိုလိုက်လို့ ဖြစ်မှာလဲ သားကြီးရယ်''

''ဒါဆို မေမေက မိစ္ဆာကောင်ကြီးစောမင်းရဲ့လက်ထဲမှာပဲ ဘဝအဆုံးခံဖို့ ဆုံးဖြတ်ထားတယ်ပေါ့ ဟုတ်လား မေမေ၊ မရုန်းထွက်တော့ဘူးလား''

''သားရယ် ... မေမေ့ရဲ့ဘဝက ကံဇာတ်ဆရာရဲ့ ဇာတ်ရုပ်ချရာမှာ ကခဲ့ရတာပါ၊ မေမေ့ရဲ့ဘဝကို မေမေပိုင်ဘူး။ ကံကြမ္မာကပဲ ပိုင်ခဲ့ပါတယ်၊ မေမေ့ရဲ့ဆန္ဒတွေ၊ နှလုံးသားတွေ အားလုံးကို မေမေ အစိုးမရခဲ့ပါဘူး၊ အနတ္တဆိုတဲ့ အစိုးမရခြင်းတွေနဲ့ ဘဝကြမ္မာရဲ့အကျဉ်းချထားတာ ခံနေရသူက မေမေပါပဲကွယ်၊ အဲဒီလိုဖြစ်စေဖို့ နေညြဇာဆိုတဲ့ သားငယ်ရဲ့သံယောဇဉ်ကြိုးက မေမေ့ကို ရစ်ပတ်ထားခဲ့တယ်၊ ဒီ ... ဒီတော့ မေမေ့ကို ခေါ်ဖို့ မကြိုးစားပါနဲ့တော့ကွယ်၊ မေမေ့ကို အနတ္တအကျဉ်းသားအဖြစ်သာ ထားရစ်ခဲ့ပါတော့ကွယ်''

''မရဘူး မေမေ ... မေမေ သားနဲ့လိုက်ကိုလိုက်ရမယ်၊ မေမေ မလိုက်ဘဲ သား ဒီဒေသကနေ ဘယ်မှမသွားဘူး။ သားရဲ့အသက်ကိုပဲ အသေခံလိုက်မယ်''

''ဩော် .. ခက်ပါလား သားရယ်''

ထိုစဉ် မြင်းခွာသံများ ကြားရပြီး ဖုန်းဆိုးမြေမှ ချုံကြီးများကို ကွေ့ဖြတ်ပြေးလွှားလာနေကြသည့် မြင်းနှစ်စီးကို လရောင်ဖြင့် လှမ်းတွေ့ရလေ၏။

မြင်းတစ်စီးကို တစ်စုံတစ်ဦးက စိုင်းနှင်လာပြီး ကျန်မြင်းမှာ စီးနှင်းသူမပါသည့် မြင်းလွတ်ဖြစ်သည်။

"ဘယ်သူလိုက်လာတာလဲ မသိဘူး"

အနီးသို့ရောက်လာတော့ မိန်းကလေးတစ်ဦးက မြင်းကို စိုင်းနှင်လာပြီး သူမက မြင်းအလွတ်၏ဇက်ကြိုးကိုပါ ဆွဲကာခေါ်လာခြင်းဖြစ်ကြောင်း တွေ့ရလေ၏။

"ဟင် ... နန်းမြာပါလား"

"ကိုလူရဲ ... ကိုလူရဲတို့ကို မြပဝါအဖွဲ့ လူဖြန့်ပြီး ရှာနေပြီ၊ မကြာခင် ဒီဘက်ကိုရောက်လာကြတော့မယ်၊ ရှေ့မှာလည်း ကျောက်တောင်ကြားတွေကို ဖြတ်သန်းရမှာ မြင်းရထားနဲ့သွားရင် ခရီးဖင့်ပြီး မြပဝါအဖွဲ့ရဲ့အဖမ်းခံရလိမ့်မယ်၊ ဒါကြောင့် ဒီမြင်းကိုယူလာတာ၊ ဒီမြင်းစီးပြီး သွားပေတော့၊ နန်းမြာကို ကိုလူရဲ ညှာခဲ့လို့ ခုလို ပြန်ကူညီတာပါ"

"ကျေးဇူးပဲ နန်းမြာ"

လူရဲက ပြောပြောဆိုဆို မြင်းပေါ်သို့ သူ့မိခင်ကို ပွေ့တင်လိုက်၏။

"အို ... သား ... မေမေ ... မေမေ မလိုက်ဘူး။ မေမေ မလိုက်ပါရစေနဲ့ကွယ်"

"မလိုက်လို့မဖြစ်ဘူး မေမေ၊ မေမေ့ကို သား ဒီဒုက္ခတောထဲက ရအောင်ကယ်ထုတ်မယ်"

လူရဲက ပြတ်သားစွာ ပြောပြီးနောက် မြင်းပေါ်လွှားခနဲခုန်တက်လိုက်လျက် နန်းမြာကို လက်ပြကာ သူ့မိခင်ကို တင်ဆောင်စိုင်းနှင်သွားပါတော့သတည်း။

❀

လရောင်အောက်တွင် ကျောက်တောင်တန်းများအကြား ခရီးနှင်ရင်း လူရဲမျက်စေ့လည်သွားတော့၏။

"ဟင် ... ဒီ ... ကျောက်ချွန်းကြီးနေရာကို စောစောက တစ်ခေါက်ရောက်ပါသေးတယ်"

ထိုစဉ် နောက်ပိုင်းမှ မြင်းခွာသံများနှင့် သေနတ်သံများကိုပါ ကြားလာရသည်။

"သား ... မေမေ့ကိုထားရစ်ခဲ့ပြီး သားလွတ်အောင်ပြေးတော့၊ မေမေ ပါနေရင် သားခရီးဖင့်မယ်၊ ပြီးတော့ မေမေပါရင် သူ ... သူတို့က မိုးအဆုံး၊ မြေအဆုံး မရ,ရအောင် လိုက်ကြလိမ့်မယ်ကွယ့်၊ မေမေ့ကိုထားခဲ့ပါ သားရယ်"

"မထားခဲ့နိုင်ဘူး မေမေ၊ မေမေ့ကို သား မရ,ရအောင် ခေါ်မယ်"

"ခြော် ... ခက်ပါလားကွယ်"

'ဒိုင်း'

'ချွင်'

သေနတ်ကျည်များက သူတို့အနီးမှ ကျောက်တောင် ကျောက်ဆောင်တို့ကိုပင် ထိမှန်လာခဲ့ပြီ။

သည်ကြားထဲ မြင်းက ကျောက်တုံးများအကြား ခြေ ခေါက်လဲသွားတော့၏။

'ဝုန်း'

"မေမေ ... မေမေ"

လူရဲက ပိုးလိုးပက်လက်လဲကျသွားရှာသည့် မိခင်ကြီး အား ပြေးပွေ့ထူလိုက်သည်။ ထိုအခိုက် လှမ်းအော်လိုက်သည့် မြပဝါ၏အသံဝါကြီးကို ကြားရ၏။

"ဟေ့ လူရဲ ... ငါ့မိန်းမကို ထားခဲ့စမ်း"

'ဒိုင်း'

"မိစ္ဆာကောင်ကြီး မပေးခဲ့ဘူးကွ"

'ဒိုင်း'

'ဒိုင်း'

လူရဲကလည်း မြပဝါရှိရာသို့ လှမ်းပစ်ရင်း မိခင်အား





အတင်းလက်ဆွဲခေါ်သည်။

"မေမေ ... လာ ... လာ"

"သား ... သား ... မေမေ့ကို ထားခဲ့ပါကွယ်"

"မထားခဲ့ဘူး ... လာပါ မေမေ"

လူရဲမှာ မိခင်ကြီးအား အပါဆွဲခေါ်ကာ ကျောက်တောင် အကြိုအကြားကို ကျော်ဖြတ်ပြေးနေရသဖြင့် ခရီးမတွင်ဘဲ နောက်မှထက်ကြပ်လိုက်ပါလာသော မြပဝါတို့က နီးသည်ထက် နီးလာခဲ့ပြီ။

တစ်ချိဝယ် လူရဲမှာ မိခင်ကြီး၏လက်မောင်းကို မလွှတ် တမ်းဆုပ်ကိုင်ရင်း ကျောက်စွန်းကြီးတစ်ခု၏အကွယ်တွင် ခိုလိုက် ကာ မြပဝါတို့ရှေ့တက်လာသည်ကို စောင့်ကြည့်နေလိုက်လေ၏။

ကျောက်တောင်တစ်ခုအကွယ်မှ အခြားကျောက်တောင် ဆီ ပြေးလွှားသွားသည့် မြပဝါ၏လူရိပ်အား လရောင်ဖြင့် မြင် လိုက်ရာ လူရဲက လက်ထဲမှ ပစ္စတိုဖြင့် ပစ်ထည့်လိုက်လေသည်။

'ဒိုင်း'

"အား"

မြပဝါမှာ နာကျင်စွာအော်ရင်း ခွေခနဲလဲကျသွားလေ၏။

"အို ... အစ် ... အစ်ကိုစောကို ထိသွားပြီ"

ဒေါ်ယဉ်မွန်သည် လူရဲ၏လက်မှ ဆောင့်ရုန်းလိုက်ပြီး မြပဝါလဲကျရာသို့ ပြေးသွားတော့သည်။

"မေမေ ...မေမေ လာ ...လာပါ"

လူရဲက ကျောက်စွန်းအကွယ်မှထွက်ကာ မိခင်ဖြစ်သူအား အတင်းလိုက်ဆွဲရာ ကျည်ကွယ်မျက်ကွယ်မှ သတိလက်လွတ်ထွက်လိုက်မိချေပြီ။

ထိုအခိုက် လက်မောင်းကိုသာ ရှပ်မှန်သွားသည့်မြပဝါက လူရဲအား အပိုင်ပစ်ချလိုက်တော့၏။

'ဒိုင်း'

'ဒိုင်း'

"အား"

"အို ...သားကြီး"

ကျောက်တုံးများကြားသို့ တစ်ပတ်လည်ကာ ပစ်ကျသွားသော လူရဲအား ဒေါ်ယဉ်မွှန်က ချောက်ချားတုန်လှုပ်စွာ လှည့်ကြည့်ပြီးနောက် နောက်ကြောင်းပြန်လှည့်လာကာ ပြေးပွေ့လိုက်လေသည်။

"သား ...သားကြီး ဖြစ်ရလေသားကြီးရယ်"

မြပဝါပစ်လိုက်သည့် ကျည်ဆန်နှစ်တောင့်စလုံးက လူရဲ၏ရင်ကို ထွင်းဖောက်သွားချေပြီ။

လူရဲ၏မျက်လုံးများ ပြာဝေသွား၏။ သို့သော် အံကြိတ်ပြီး မျက်လုံးကို အတင်းဖွင့်ကြည့်သည်။ သူ့ကိုပွေ့ပိုက်လျက်သီးမိုးကြည့်နေသော မိခင်ကြီး၏မျက်နှာကို ထိန်ထိန်သာနေသည့်





လရောင်ဖြင့် မြင်နေရသည်။

"မေ ...မေမေ"

"သား ...သားကြီးရယ်"

"သား ...သားမေမေ့ကို မခေါ်နိုင်တော့ဘူး။ သားကို ခွင့်လွှတ်ပါ"

"အို ...သားကြီးရယ်"

ဒေါ်ယဉ်မွှန်မှာ သားဖြစ်သူကို ပွေ့ပိုက်ထားရင်း မျက်ရည်တို့ ဒလဟောစီးကျလျက်ရှိစဉ် အနီးသို့ မြပဝါရောက်ရှိလာ၏။

"ဟဲ့ ကောင်မ ...နင်က နင့်လင်ငယ်ကိုများ ဖက်ငိုနေသေးတယ်ပေါ့ ဟုတ်လား။ နင့်ကိုပါ ငါသတ်မှအေးမယ်"

ဒေါ်ယဉ်မွှန်မှာ ဒေါသထောင်းခနဲဖြစ်ကာ ဆတ်ခနဲလှည့်ကြည့်လိုက်သည်။

"ရှင် ...ခွေးစကားမပြောနဲ့ ဒါ ...ကျွန်မရဲ့သား။ ကျွန်မရဲ့သား သိရဲ့လား။ ကိုသက္ကနဲ့ကျွန်မနဲ့ရခဲ့တဲ့ သားကြီး သိရဲ့လား"

"ဘာ"

မြပဝါမှာ အံ့အားသင့်ကြီးသင့်ကာ တုန်လှုပ်သွားလျက် ငေးငူကြီးရပ်နေမိစဉ် လူရဲက လက်ထဲတွင် ဆုပ်ကိုင်ထားဆဲဖြစ်သော ပစ္စတိုဖြင့် မြပဝါအား အားယူချိန်လိုက်၏။ ခန္ဓာကိုယ်

နံဘေး၌ကပ်နေသည့် သူ့သေနတ်ကိုင်လက်ကို လရိပ်ကွယ်နေသဖြင့် မြပဝါရော၊ ဒေါ်ယဉ်မွန်ပါ သတိမပြုမိချေ။

လူရဲက မြပဝါအား မုန်းတီးနာကြည်းစွာ စူးစူးဝါးဝါး မော့ကြည့်ရင်းမှ ပစ္စတိုဈ်မောင်းခလုတ်ကို အားတင်းကာ ဆွဲညှစ်ချလိုက်တော့သည်။

'ဒိုင်း'

''အ''

လူရဲ၏သေနတ်ကျည်က အပေါ်မှဆီးမိုးကြည့်နေသော မြပဝါ၏ရင်ညွန့်တည့်တည့်သို့ ဖောက်ဝင်သွားခဲ့ပြီ။

''အို ... အစ်ကိုစော''

''ဘုံး''

မြပဝါမှာ ကျောက်တုံးကျောက်ခက်များအကြားသို့ အရုပ်ကြိုးပြတ်ပဲစ်ကျသွားတော့၏။

ဒေါ်ယဉ်မွန်မှာ လူရဲကို ကျောက်တုံးများကြား အသာချပြီး မြပဝါအား ပြေးပွေ့လိုက်ရာ မြပဝါမှာ အသက်မရှိတော့ချေ။

''လူဆိုး ... လူမိုက်ကြီး ... ခုတော့ ဓာတ်သိမ်းမလှ ဖြစ်ရပြီပေါ့ရှင်''

ပဏ္ဍာမြေလူးဖြစ်နေရှာသည့် ဒေါ်ယဉ်မွန်မှာ အသက်ပျောက်နေပြီဖြစ်သည့် မြပဝါအား ကျောက်တုံးများအကြား





အသာပြန်ချပြီး သားဖြစ်သူ လူရဲအား ပြန်ပြေးပွေ့လိုက်ရှာသည်။

''မေ ... မေမေ''

''သား ... သားကြီး''

''သားရဲ့ရည်မှန်းချက်နှစ်ခုထဲက တစ်ခုပဲ အောင် ... အောင်မြင်တယ်နော်၊ မေ ... မေ့ကို မိစ္ဆာကြီးရဲ့လောင်းရိပ်အောက်က ဆွဲထုတ် ... နိုင်ပေမယ့် ... နောက်ရည်မှန်း ... ချက် ... ဖြစ်တဲ့ ... သားနဲ့အတူနေဖို့တော့ ... သား ... သား မတတ်နိုင်တော့ဘူး မေ ... မေ ... မေရယ်''

''အို ... သားကြီးရယ်''

''သား ... သားကိုဖက်ထားပါ မေမေ၊ သား ... သား တစ်သက်လုံး နိုလို့ခွင့် ... မ ... ရ တဲ့ မေမေ့ရဲ့ရင်ခွင်မှာ အခု နိုလို့ပါရစေ''

ဒေါ်ယဉ်မွန်မှာ ရှိုက်ငိုရင်းမှ သားဖြစ်သူကို တင်းတင်းကြီး ထွေးပွေ့ထားလိုက်၏။

''သား ... သား ... မေမေရဲ့ရင်ခွင်မှာ အကြာ ... အကြာကြီးအိပ် ... ပါ ... ရစေ ... မေ ... မေရယ်''

''အို ... သားကြီးရယ်''

ဒေါ်ယဉ်မွန်မှာ လူရဲအား အတင်းထွေးဖက်ရင်း ပါးချင်းကပ်ထားလိုက်ရာ သူမ၏မျက်ရည်များနှင့် သားဖြစ်သူ၏မျက်ရည်များ ရောထွေးသွားတော့သည်။

"သား အရမ်း ဝမ်း သာ . . . သာ"

စကားမဆုံးမီမှာပင် လူရဲ၏ကိုယ်မှာ ဆတ်ခနဲ တုံ့ပြီး ငြိမ်ကျသွားတော့၏။

"သား . . . သားကြီး . . . ဖြစ်ရလေ သားကြီးရယ် , . . . ဟင့် ဟင့် ဟင့်"

လူရဲမှာ လုံးဝငြိမ်သက်သွားပြီဖြစ်သော်လည်း မိခင်၏ ရင်ခွင်ထဲတွင် ပြုံးနေဆဲ . . .

❀

ဖော်ပြပါ အဖြစ်အပျက်များဖြစ်ပျက်ပြီး သုံးလခန့်အကြာ တစ်ခုသော ညနေရီ၌ ဖားဆောင်းမြို့တောင်ဘက်ရှိ ဆုတောင်းပြည့်စေတီလေးတွင် နေဩဇာနှင့်လုမြာတို့မှာ ပန်းရေချမ်းဆီမီးတို့ဖြင့် ဘုရားရှင်အား ရိုသေစွာပူဇော်ဆက်ကပ်ပြီးလျှင် ကွယ်လွန်ပြီးသူအားလုံးနှင့်တကွ ဦးသက္က၊ ဦးစောမင်း (ခေါ်) ဦးမြပဝါ နှင့် လူရဲတို့အား အမျှပေးဝေခြင်းပြုကြလေ၏။

ပြီးလျှင် သူတို့ဇနီးမောင်နှံသည် စေတီဝင်းထဲမှ ကြေးခေါင်းလောင်းကြီးအားထိုးကာ ပြုသမျှကုသိုလ်အဖို့ဘာဂတို့အား လောကအနှံ့ရှိ (၃၁) ဘုံသားတို့အား အမျှဝေခြင်းပြုလေသည်။





ယခုဆို မော်ပိုင်မှ ကျောက်ဖြူစံအိမ်ကြီးအား စွန့်ခွာထားရစ်ခဲ့ကာ နေဩဇာမှာ ဒုစရိုက်လောကကို ကျောခိုင်းပြီး သစ်ကုန်သည်လေးအဖြစ် ဖားဆောင်းမြို့လေးဝယ် လူသစ်၊ စိတ်သစ်ဖြင့် ရပ်တည်ခဲ့ပြီ။

"ကိုနေရယ် . . . ကိုနေနဲ့ ဒေါ်လေး ဒေါ်ယဉ်မွန်တို့ရဲ့ ဘဝဟာ ခုမှအေးချမ်းသွားတော့တယ်နော်"

"ဟုတ်တယ် လုမြာ၊ မေမေဆိုရင် အခု ဖွဲကပင်တောင်က သီလရှင်ဇရပ်မှာ သီလရှင် အပြီးအပိုင်ဝတ်ပြီး လောဘ၊ ဒေါသ၊ မောဟနဲ့ ထုံမွမ်းတဲ့ လောကီလူ့ဘဝကို စွန့်လွှတ်ကျောခိုင်းလို့ တရားဓမ္မနဲ့မွေ့လျော်နေပြီလေ"

"ကိုနေနဲ့ဒေါ်လေးတို့လိုပဲ အမှောင်ရဲ့အရိပ်အောက်မှာ ရောက်နေသူအားလုံး အလင်းကိုရောက်လာနိုင်ကြပါစေလို့ လုမြာတို့ ထာဝရဆန္ဒပြုဆုတောင်းကြရအောင်နော်"

"ဟုတ်တယ် လုမြာ . . . အနတ္တအကျဉ်းသားဘဝမှာ ရှိနေကြတဲ့ လူသားအားလုံး, သတ္တဝါအားလုံး လှပအေးချမ်းတဲ့ ဘဝကြမ္မာတွေနဲ့သာ တွေ့ဆုံနိုင်ကြပါစေလို့ ကိုယ်တို့ ထာဝရ ဆန္ဒပြုကြရအောင် လုမြာ"

ထိုစဉ် စေတီတည်ရာကုန်းမြင့်လေးပေါ်သို့ သံလွင်မြစ်နဒီဘက်မှ လေနုအေးအေးလေး ဝှေ့တိုက်လို့လာသည်။

ဖြူစင်သော စေတနာ၊ နက်ရှိုင်းသောချစ်ခြင်းမေတ္တာ

တို့ဖြင့် ချမ်းမြေ့ကြည်နူးနေကြသည့် ချစ်သူနှစ်ဦးအား လတ်ဆတ်သော လေနုအေးလေးက ကလူ၏သို့ မြှူ၏သို့ ...

အစဉ်ထာဝရ ကြိုးစားနေမည့်

စိတြဲအငွ

ခုနစ်စဉ်ကြယ်စာပေ

# စိတြအငွ၏ ရေးသားထုတ်ဝေပြီးသော လုံးချင်းဝတ္ထုများ

| | |
|---|---|
| ၁။ ကိုနဲ့ဖြိုးကိုးတံခါး | ( စိတြကွ ကလောင်အမည်ဖြင့် ) |
| ၂။ သေမင်းပုရပိုက်မြို့ | ( ၊ ) |
| ၃။ မရဏာရှင်းတမ်း | ( ၊ ) |
| ၄။ ရွှေဘုံနန်းရှင် | ( ၊ ) |
| ၅။ ဂငယ်သုံးလုံးမောင်သုံးပုံ | ( စိတြအငွ ကလောင်အမည်ဖြင့် ) |
| ၆။ မိကျောင်းစေတမန် | ( ၊ ) |
| ၇။ ခုနှစ်ဒီကျိန်စာ | ( ၊ ) |
| ၈။ ရွှယ်နက်ရှင် | ( ၊ ) |
| ၉။ ဗီနပ်(စ်)ပုလဲ | ( ၊ ) |
| ၁၀။ ပင်လယ်မြွေပေါက် | ( ၊ ) |
| ၁၁။ အင်းဘီလူး | ( ၊ ) |
| ၁၂။ သစင်ဖြိုင်မောင်နှမ | ( ၊ ) |
| ၁၃။ အရိုင်းမေတ္တာ | ( ၊ ) |
| ၁၄။ နံ့သာအိမ်ကြီး ရှေ့ကဆီး | ( ၊ ) |
| ၁၅။ ငှက်ဂဠုန်မြွေနဂါး | ( ၊ ) |
| ၁၆။ သမုဒယကောရီ | ( ၊ ) |
| ၁၇။ ကျောက်စိမ်းယက္ခ | ( ၊ ) |
| ၁၈။ လေးပွင့်သစ္စာ | ( ၊ ) |
| ၁၉။ ကိုနဲ့ဖြိုး ကိုးတံခါး ကိုးဖလား | ( ၊ ) |
| ၂၀။ ဘီလူးတောင်ကျိန်စာ | ( ၊ ) |
| ၂၁။ သွေးနှင်းဆီ | ( ၊ ) |
| ၂၂။ ရေသူမလေး မဠုရီ | ( ၊ ) |

၂၃။ မဟာရွှေတံခါး ရှမ်ဘဲလား ( စိုးဩအဝွ ကလောင်အမည်ဖြင့် )
၂၄။ မဟာမြိုင်ဂူမှတ်တမ်း ( ။ )
၂၅။ ဂန္ဓီရကျောင်းနက်ကြီး ( ။ )
၂၆။ ဘာမထိသစ္စာ ( ။ )
၂၇။ ပဝါနီနီ ( ။ )
၂၈။ ဝှက်ထွန်းလုံးသား ( ။ )
၂၉။ ခုနစ်စဥ်ကြယ်ပြောင်အမြီးတောင် ( ။ )
၃၀။ မောဟာဒေဝီ ( ။ )
၃၁။ ဒေါင်းဘာယက်ခွက်နှင့်သွေးကျိန်စာ ( ။ )

---

ယခုလ - ၃၂။ အနတ္တအကျဉ်းသား

---